
www.burmeseclassic.com

# တင်မြိုင်

## ဒေါင်းယောင်ဆောင်သော ဒေါင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်တင်မြင့်

**ဒေါင်းယောင်ဆောင်သောဒေါင်း**

၂၀၁၃ ခုနှစ်ဇူလိုင်လ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်တင်မြင့်　　　　၈၉၅- ၈၃

ဒေါင်းယောင်ဆောင်သောဒေါင်း ၊ တက္ကသိုလ်တင်မြင့်၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၃


၃၂၀-စာ၊ ၅×၇

(၁) ဒေါင်းယောင်ဆောင်သောဒေါင်း

BURMESE CLASSIC .com



# တက္ကသိုလ်
# တင်မြင့်



# ဒေါင်းယောင်ဆောင်သောဒေါင်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





# ၁၉၈၀ ပြည့်နှစ် ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com







## ၁

နောက်ဆုံးတော့လည်း နွယ်သည် ကသစ်မြိုင်သို့ ပြန်ရောက်ခဲ့သည်သာ။'

လေဟုန်စီးပြီး အတောင်ဖြန့်ကာ စိတ်ကူးတည့်ရာသို့ ပျံသန်းလေသည့် ငှက်ငယ်သည် နောက်ဆုံး မိမိအသိုက်ရှိရာသို့ ပြန်ရောက်လာသကဲ့သို့ပင် နွယ်သည် နောက်ဆုံးတော့ ကသစ်မြိုင်သို့ ပြန်လာခဲ့သည်ပင်။

"ဟော ... နွယ် ပြန်လာပြီ၊ ပြန်ရောက်မယ့်ရောက်တော့လည်း ဆိုင်းမဆင့်ဗုံမဆင့်ပါလား၊ လာမယ်ဆို ကြိုတင်ဖုန်းဆက်လိုက်ပေါ့ကွယ်၊ ဒါဆို လေဆိပ်ဖြစ်ဖြစ် ဘူတာဖြစ်ဖြစ် ဒေါ်ဒေါ်အေး လာကြိုနိုင်တာပေါ့"

နွယ် ပြန်ရောက်လာသည့်မှာ အငှားကားဖြင့် ပြန်ရောက်လာခြင်းဖြစ်သည်။

ဒေါ်ဒေါ်အေးက နွယ်၏ ဆွဲအိတ်နှင့်ခြင်းများကို အငှားကားပေါ်မှချရင်း နွယ့်ကို ဝမ်းသာအားရဆီးကြိုစကားပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်အေးက နွယ့်ကို လာကြိုရအောင် ကားမှမမောင်းတတ်တာ၊ လေဆိပ်ကနေပြီး ဖုန်းဆက်ဖို့တော့ စိတ်အကူးမိသား"

"ဒေါ်ဒေါ်အေးကတော့ ဘယ်မောင်းတတ်မှာလဲကွယ်၊ ဒါပေမဲ့ မောင်မောင်တာကို မောင်းပေးပါဆိုရင် မောင်မောင်တာက မောင်းပေးမှာပေါ့"

"မောင်မောင်တာ ... ဟုတ်လား၊ ဘယ်က မောင်မောင်တာလဲ၊ နွယ်တို့အသိမိတ်ဆွေထဲမှာ မောင်မောင်တာဆိုတာ ရှိလို့လား ဒေါ်ဒေါ်အေး"

"အရင်ကတော့ မရှိဘူးပေါ့ နွယ်၊ ဒါပေမဲ့ နွယ် ကသစ်မြို့က ထွက်သွားပြီး ဆယ့်လေးငါးရက်အကြာမှာ လမ်းထိပ်က ဆောင်းရိပ်သာကို မောင်မောင်တာတို့ ပြောင်းလာတယ်၊ မောင်မောင်တာနဲ့ ဒေါ်ဒေါ်အေး အသိမိတ်ဆွေဖြစ်သွားတယ်လေ၊ ကောင်လေးက လူတော်လူကောင်း လူရည်သန့်လေးပါ"

"သြော် ... သြော်"

နွယ်က သြော် ... သြော် ဟုသာ ပြောလိုက်ပြီး အငှားကားခကို ကားဆရာအား ရှင်းပေးလိုက်ပြီး အိမ်ထဲသို့ဝင်လာခဲ့သည်။

ဒေါ်ဒေါ်အေးက နွယ်၏ပစ္စည်းများကို သယ်ရင်း နောက်မှ လိုက်လာသည်။

နွယ်၏တိုက်အိမ်လေးမှာ နွယ်ခရီးထွက်သွားသည့် သုံးလအတွင်း ဘာမှ ထူးထူးခြားခြား ပြောင်းလဲမှုမရှိပေ။ နွယ်



ရှိမနေသည့်ကာလအတွင်း ဒေါ်ဒေါ်အေးသည် တိုက်အိမ်လေးကို နွယ်ရှိနေစဉ်ကအတိုင်း အမြဲ သန့်ပြန့်ထားသည်။

နွယ်သည် ဧည့်ခန်းဆိုဖာပုလေးတွင် ထိုင်ချလိုက်သည်။ နွယ်၏ပစ္စည်းများကို ဒေါ်ဒေါ်အေးက နွယ်၏အိပ်ခန်းထဲ အရောက်ပို့ပြီး ပြန်ထွက်လာသည်။

"နွယ် သံပရာရည်လေး သောက်လိုက်ပါလား၊ ခရီးပန်းအမောပြေပေါ့"

"နေပလေ့စေ ဒေါ်ဒေါ်အေး၊ နွယ် ဘာမှ မသောက်တော့ပါဘူး၊ သြော် ... ဒါထက် နွယ် ခရီးသွားနေတုန်း ဒီကို ဘယ်သူတွေလာသေးလဲ၊ ဖုန်းကော ဘယ်သူတွေ ဆက်သလဲ ဒေါ်ဒေါ်အေး"

"နွယ် ထွက်သွားပြီး နှစ်လလောက်အထိတော့ ဘယ်သူမှလည်း ဖုန်းမဆက်ဘူး၊ ဘယ်သူမှလည်း မလာကြဘူး နွယ်၊ အဲ ... အခုလထဲမှာတော့ အိမ်ကို ဦးငြိမ်းမောင်လာတာ နှစ်ခါရှိပြီး ဦးဖေမောင်တို့ ဦးသန့်ဇင်တို့လည်း တစ်ခေါက်စီ လာတယ်၊ နွယ် ဘယ်မြို့ ဘယ်ဒေသရောက်နေသလဲတဲ့၊ နွယ့်ကို ဘယ်လိုဆက်သွယ်ရမလဲတဲ့၊ နွယ်နဲ့ ရိုက်လက်စဇာတ်ကားတွေ ပြန်ရိုက်ဖို့ကောင်းပါပြီတဲ့၊ ခုလောက်ဆို နွယ်လည်း စိတ်ပြေသလောက်ပါပြီလို့ ပြောတယ်၊ နွယ် ဘယ်ရောက်နေမှန်း ဒေါ်ဒေါ်အေး မသိဘူးလို့ပဲ ဖြေလိုက်ပါတယ်၊ နွယ်က ဘယ်သူမေးမေး မသိဘူးလို့ ဖြေရမယ်လို့ မှာထားခဲ့တယ်မဟုတ်လား"

နွယ်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နွယ်သည် သူရောက်ရှိရာ နေရာဒေသမှနေ၍ ကသစ်မြိုင်ရှိ ဒေါ်ဒေါ်အေးထံသို့ ဖုန်းဆက်ပါ၏။ ဒေါ်ဒေါ်အေးနှင့် အဆက်အသွယ် မပြတ်ခဲ့ပေ။

"ဒီပြင်ကော ဘယ်သူလာသေးလဲ"

"ရဲအုပ်ဦးမင်းနောင် လွန်ခဲ့တဲ့နှစ်ပတ်က လမ်းကြုံလို့ဆိုပြီး ဝင်လာတယ်၊ နွယ် ပြန်မရောက်သေးဘူးလား မေးတယ်"

နွယ်သည် ရဲအုပ်ဦးမင်းနောင် လာသည်ဟု ကြားရသည်နှင့် မျက်မှောင်လေးကြုတ်လိုက်သည်။

"ဦးမင်းနောင်က ဘာကိစ္စလာတာလဲ၊ သူ့ပဲ အမှုက အခြေအနေကောင်းပါတယ်၊ နွယ် ခရီးသွားလိုလျှင် သွားပါလို့ ခွင့်ပြုလို့ပဲ နွယ် ခရီးထွက်သွားတာပဲဟာ"

"ဒါတော့ ဒေါ်ဒေါ်အေးလည်း မပြောတတ်ဘူး နွယ်၊ သူ့အပြောတော့ လမ်းကြုံလို့ ဝင်လာတာလို့ပဲ ပြောတယ်"

"ကိုမြင့်ခိုင်ရဲ့အမှုနဲ့ပတ်သက်ပြီး ဒေါ်ဒေါ်အေးကို အမေးအမြန်းတွေ လုပ်သေးလား"

"ဟင့်အင်း ... မောင်မြင့်ခိုင် အမှုနဲ့ပတ်သက်ပြီး ဘာတစ်ခွန်းမှ မမေးဘူး၊ အဲ ... ပြီးခဲ့ါအပတ်ကတော့ ဦးမင်းနောင် အိမ်ကို ဖုန်းဆက်သေးတယ်"

"ဘာတဲ့လဲ"

"နွယ် ပြန်ရောက်ပြီလားတဲ့၊ ဒေါ်ဒေါ်အေးက မရောက်သေးဘူးလို့ ပြန်ပြောတော့ နွယ် ပြန်ရောက်လာရင် သူ့ဆီဖုန်းဆက်ပါလို့ ပြောပေးပါတဲ့၊ ဒါပဲပြောတယ်"



"အင်းပေါ့လေ၊ သူတို့က အကြောင်းကြားပါဆိုလည်း အကြောင်းကြားရုံပေါ့"

"ဖြည်းဖြည်းပေါ့ နွယ်၊ အိမ်ပြန်ရောက်တဲ့တစ်ရက်နှစ်ရက်မှာတော့ နားဦးပေါ့"

"ဟုတ်တယ်၊ နွယ် နားချင်တယ်၊ နွယ် ခရီးလည်းပန်းလာတယ်၊ ဒါထက် နွယ်ရဲ့အိပ်ခန်းက မွေ့ရာတွေ ဘာတွေ လိပ်ထားသိမ်းထားလား ဒေါ်ဒေါ်အေး၊ နွယ် ခဏလောက်လှဲချင်လို့"

"အဆင်သင့်ပဲ နွယ်၊ နွယ် ခရီးရှည်ထွက်သွားပေမယ့် ဒေါ်ဒေါ်အေး နွယ် အိမ်မှာရှိနေတဲ့အတိုင်း နွယ့်အိပ်ခန်းရော နွယ့်အိပ်ရာတွေရော နေ့စဉ်သန့်စင်ထားတယ်၊ အနားယူချင်ယူလေ၊ နွယ် ညနေစာထမင်းစားဖို့ ဒေါ်ဒေါ်အေး ကမ္ဘာအေးဘက်က ညနေဈေးကို ပြေးလိုက်မယ်လေ၊ ဘာစားမလဲ၊ အိမ်မှာ နွယ်မရှိတုန်း ဒေါ်ဒေါ်အေးကတော့ ဖြစ်သလိုစားနေတာ"

"ရတယ် ဒေါ်ဒေါ်အေး၊ မသာကာ ကနေ့ညနေစာတော့ ငါးသေတ္တာဖောက်ပြီး စားတာပေါ့၊ ကဲ ... နွယ် ခဏဝင်လှဲမယ်"

နွယ်သည် သူ့အိပ်ခန်းထဲသို့ဝင်ခဲ့သည်။ တစ်ယောက်အိပ်ခုတင်၊ တစ်ယောက်အိပ်မွေ့ရာ၊ မှန်တင်ခုံ၊ အဝတ်ဗီရို၊ စာကြည့်စားပွဲ စသည်တို့သည် နဂိုအတိုင်း သန့်သန့်ပြန့်ပြန့်ရှိနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နွယ်သည် သူမ၏အိပ်ခန်းထဲမဝင်မီ ဟိုဘက်ခန်းတံခါးဆီသို့ ကြည့်လိုက်သေးသည်။ ဟိုဘက်ခန်းသည် နွယ်၏ယခု အိပ်ခန်းထက်ပို၍ ကျယ်ဝန်းသည်။ ဟိုဘက်ခန်းတွင် နှစ်ယောက်အိပ်ခုတင်ရှိသည်။ ပြီး ခမ်းနား၍ တန်ဖိုးကြီးမားသော ပရိဘောဂတွေရှိသည်။

အင်း ... ထိုအခန်းကျယ်ကြီးသည် ကိုမြင့်နိုင်နှင့် လက်ထပ်ပြီး တစ်နှစ်လောက် နှစ်ယောက်အတူအိပ်ခဲ့သော အိပ်ခန်းကြီးဖြစ်ပါ၏။

ကိုမြင့်နိုင်သည် နောက်ဆုံးနေ့အထိ ဤနှစ်ယောက်အိပ်ခန်းကြီးတွင် အိပ်စက်သွားခဲ့သည်။

ယခုမူ ဒေါ်ဒေါ်အေး သန့်ရှင်းရေးလုပ်ရန် သော့ဖွင့်ဝင်ပြီး အမြဲတစေ သော့ပိတ်ထားသော အိပ်ခန်းကြီးဖြစ်ပါ၏။

နွယ်သည် သူမ၏အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ တစ်ယောက်အိပ်ခုတင်ထက်တွင် လှဲလျောင်းလိုက်သည်။

စိတ်ထဲတွင် အေးမြကြည်လင်သွားပါ၏။

နွယ်သည် သုံးလလုံးလုံး အဝတ်အစားဆွဲအိတ်တစ်လုံးဖြင့် ငွေစက္ကူအထပ်လိုက်ထည့်ကာ မြန်မာပြည်အနှံ့ သွားခဲ့သည်။

တောင်ကြီး၊ ကလော၊ အောင်ပန်း၊ အင်းလေး၊ ရွှေညောင်သို့ သွားသည်။ ထိုဒေသများတွင် ပျော်သလောက် တည်းခိုပြီး လည်ပတ်သည်။

မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာသို့လည်း သွားသည်။ ထိပ်တန်းဟိုတယ်ကြီးများတွင် တည်းခိုးပြီး ပျော်သလောက်နေခဲ့သည်။



ပုဂံ ညောင်ဦးသို့လည်း သွားသည်။ တည်းခိုသည်။ ပျော်သလောက်နေသည်။

မည်သို့ပင် ငွေနှင့်ဆက်ပြီး စိတ်သာယာမှုကို ရှာသော်လည်း ဟက်ဟက်ပက်ပက်ကြီး စိတ်သက်သာခြင်းမရှိပါလေခဲ့။

နှစ်လကျော်ကျော် စိတ်လွင့်ရာ လျှောက်သွားပြီးနောက် သတင်းစာများတွင် ...

"နွယ် ပြန်လာပါတော့"

"နွယ် အမြန်ပြန်လာပါ"

"နွယ်နှင့်ဆက်၍ လုပ်ငန်းစရန် အားလုံးအဆင်သင့်ဖြစ်ပါပြီ"

"နွယ် လုပ်ငန်းပြန်ဝင်သင့်ပါပြီ"

စသည်ဖြင့် ရုပ်ရှင်ပရိုဂျူဆာတွေ ထပ်ပြန်ဝ လဲလဲ ခေါ်သံတွေဖတ်ပြီး အကြွေးကျန်အလုပ်လေးတွေကို ဆက်လုပ်ပေးသင့်ပြီဟု ယူဆပြီး မိမိ၏ကသစ်မြိုင်သို့ ပြန်လာခဲ့ခြင်းဖြစ်ပါ၏။

ယခု မိမိ၏ကသစ်မြိုင် တိုက်အိမ်လေး ပြန်ရောက်ပြီး မိမိ၏ ရေမြှုပ်ပါးပါးမွေ့ရာလေးထက်တွင် လဲလျောင်းလိုက်ရသည်မှာ အမြို့မြို့တွင် ထိပ်တန်းဟိုတယ်ကြီးများ၌ ထောင်ချီပေးရသော အိပ်ခန်းတွေတွင် လဲလျောင်းရသည်ထက် အစပေါင်းများစွာသာသည်။ စိတ်အေးချမ်းမြေ့ရသည်ဟု ထင်မိသည်။

နွယ်သည် ဟိုစဉ်းစား သည်စဉ်းစားဖြင့်ပင် မိုးခန့်အိပ်ပျော်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှကြာအောင် အိပ်ပျော်သွားမိသည်မသိ။ နွယ်၏နားထဲတွင် ဗွမ်းခနဲ ဗွမ်းခနဲ အသံတွေ ကြားရသဖြင့် လန့်နိုးသည်မျိုး နိုးလာပါ၏။

ဆက်၍ နွယ် နားထောင်သည်။

"ဗွမ်း"

ထပ်မံကြားရပြန်သည်။ အိပ်မက်မဟုတ်သည်မှာ သေချာသွားသည်။

ရေကန်ထဲသို့ လေးပင်သော အရာဝတ္ထုတစ်ခု ကျသွားသည့် အသံဖြစ်မှန်း သေချာသည်။

ကသစ်မြိုင်၏ ရေကူးကန်းထဲသို့ အဘယ်သူသည် လာရောက် ဒိုင်ပင်ထိုးနေလေသနည်း။

ကသစ်မြိုင်တွင် ကိုမြင့်ခိုင် ကွယ်လွန်ဆုံးပါးပြီးနောက် ယောကျ်ားသားဟူ၍ တစ်ယောက်မျှမရှိ။ ဒေါ်ဒေါ်အေးနှင့် နွယ်သာ မိန်းမသားနှစ်ယောက်တည်းနေခဲ့သည်။ ဒရိုင်ဘာပင် မထားတော့။

မာလီစွတ်ပယား တစ်ယောက်သာ ထားရှိသည်။ စွတ်ပယားကို နံနက် (၇) နာရီ လာပြီး ညနေ (၉)နာရီ ပြန်စေသည်။

နွယ်သည် လက်တွင်ပတ်ထားသော နာရီကို လှဲလျောင်းလျက်ကပင် ကွေး၍ ကြည့်လိုက်သည်။ မွန်းလွဲ (၃) နာရီနှင့် (၂၀)မိနစ် ရှိသွားပြီ။

မာလီစွတ်ပယား ပြန်ချိန်တော့ မဟုတ်သေး။



သို့တစေ မာလီစွတ်ပယားသည် အိမ်၏အနောက်ဘက်ရှိ ရေကူးကန်တွင် ဒိုင်ဗင်ထိုးနေသည်တော့ မဟုတ်တန်ရာ။

နွယ် လဲလျောင်းရာမှ ထရပ်ပြီး ရေကူးကန်ဘက်ရှိရာသို့ မြင်နိုင်သည့် ပြတင်းပေါက်ကိုဖွင့်ကာ ကြည့်လိုက်သည်။

"ဘုရား ... ဘုရား ... ကိုမြင့်ခိုင်"

ရေကူးကန်တွင် စင်မြင့်ဒိုင်ဗင်ဘုတ် ထားရှိသည်။ ဒိုင်ဗင်ဘုတ်၏ အစွန်းထွက် ပျဉ်ချပ်ပေါ်တွင် ယောကျ်ားသားတစ်ဦးသည် မားမားကြီးရပ်နေပါ၏။

ကိုယ်အထက်ပိုင်း ဗလာဖြင့် ပေါင်ရင်းကပ် ရေကူးဘောင်းဘီနီနီကလေး ဝတ်ထားသည်။

ကိုမြင့်ခိုင်ကဲ့သို့ပင် အရပ်အမောင်းရှိသည်။ လက်တံခြေတံရှိသည်။ အသားဖြူဝင်းသည်။ ကိုမြင့်ခိုင်ကဲ့သို့ပင် ပခုံးတန်းကျယ်ကျယ် ရင်အုံမို့မို့၊ လက်မောင်းသားတွေ ဖုထ ွ ားစ်၊ ဝမ်းဗိုက်သား ရှပ်ရှပ်ဟပ်ဟပ်ရှိသည်။

နွယ်ရှိရာဘက်သို့ စင်မြင့်တွင် နောက်ကျောပေးပြီး ရပ်နေသောကြောင့် သူ၏မျက်နှာကိုတော့ မမြင်သာ။

သူသည် စင်မြင့်ဒိုင်ပင်ဘုတ် ပျဉ်ပြားအစွန်းတွင် ငြိမ်သက်စွာ မလှုပ်မယှက်ကြီးရပ်နေသည်။

"ဗုဒ္ဓေါ"

နေ့ခင်းကြောင်တောင် ကိုမြင့်ခိုင် မကျွတ်သေးဘဲ နွယ့်အား ခြောက်လှန့်ပြနေလေသလား။

ကိုမြင့်ခိုင် ကွယ်လွန်သေဆုံးသည်မှာလည်း ဤရေကူးကန်ထဲမှာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်ရှိရာဘက်သို့ စင်မြင့်တွင် နောက်ကျောပေးပြီး ရပ်နေသောကြောင့် သူ၏မျက်နှာကိုတော့ မမြင်သာ။

သူသည် စင်မြင့် ဒိုင်ဗင်ဘုတ် ပျဉ်ပြားအစွန်းတွင် ငြိမ်သက်စွာ မလှုပ်မယှက်ကြီး ရပ်နေသည်။

"ဗုဒ္ဓေါ"

နေ့ခင်းကြောင်တောင် ကိုမြင့်ခိုင်သည် မကျွတ်သေးဘဲ နွယ့်အား ခြောက်လှန့်ပြနေလေသလား။

ကိုမြင့်ခိုင် ကွယ်လွန်သေဆုံးသည်မှာလည်း ဤရေကူးကန်ထဲမှာပင်ဖြစ်သည်။

ပြီး ကိုမြင့်ခိုင်သည် နွယ့်အား မကျေမနပ်စိတ်ဖြင့်ပင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ကိုမြင့်ခိုင်ရှိစဉ်က ဤရေကူးကန်တွင် ရေကူးလေ့လည်းရှိခဲ့သည်။

သို့သော် ကိုမြင့်ခိုင် ရေကူးတတ်သော်လည်း ဒိုင်ဗင်မထိုးတတ်။ ယခု ဒိုင်ပင်ထိုးသံကြားနေရသည်။ ယခုလည်း စင်မြင့်ပေါ်တွင် မလှုပ်မယှက်ကြီး မိမိဘက် မျက်နှာမပြ ကျောပေးပြီး ရပ်နေသည်။

"ဒေါ်ဒေါ်အေး ... ဒေါ်ဒေါ်အေး"

နွယ် ကုန်းအော်မိသည်။

နွယ်၏ အော်သံစူးစူးရှရှ အထိတ်တလန့်မို့ ဒေါ်ဒေါ်အေး ပျာပျာသလဲ ပြေးဝင်လာသည်။

"ဘာလဲ နွယ်၊ ဘာလဲ အလန့်တကြား"



"ဟို ... ဟိုမှာ တွေ့လား၊ ကိုမြင့်ခိုင် ကိုမြင့်ခိုင် ရေကူးကန်စင်မြင့်ကြီးပေါ်မှာ မတ်တတ်ရပ်နေတယ်"

လက်ညှိုးထိုးပြီး နွယ်ကပြသည်။ နွယ်၏လက်ကလေးများ တုန်နေပါ၏။

"ဟော ... ဟော"

ဟိုစင်မြင့်ပေါ်မှာ နာနာဘာဝ ကိုမြင့်ခိုင်သည် ပျဉ်စွန်းတွင် တစ်ချက်ခုန်ပြီး ရှေ့လက်နှစ်ဖက် အောက်စိုက်ကာ ကိုယ်ထည်နှင့်ပေါင်တံ ခြေသလုံးနောက်သို့ ဆန့်တန်းပစ်ပြီး ဒိုင်ဗင်ထိုးချလိုက်သည်။ ရေထဲသို့ မြားဦးစိုက်သဏ္ဍာန် လှလှပပလေး ဗွမ်းခနဲ ကျသွားသည်။

"ဩော် ... ဒါလား၊ အဲဒါ မောင်မောင်တာလေ နွယ်ရဲ့၊ မောင်မြင့်ခိုင်လာပြီး ခြောက်လှန့်နေတာ မဟုတ်ပါဘူး၊ မောင်မောင်တာ ရေကူးနေတာပါ၊ သူ မနက်ပိုင်းတစ်ခါ အခုလို ညနေစောင်းတစ်ခါ ရေလာကူးလေ့ရှိတယ်နွယ်"

"သူ့ကို နွယ်မှမသိတာ"

"ဟုတ်တယ်လေ ဒေါ်ဒေါ်အေးပြောသားပဲ၊ လမ်းထိပ်က ဆောင်းရိပ်သာကို ရောက်လာတဲ့ လူသစ်ပါလို့၊ သူရောက်လာပြီး သူဟာ ကျန်းမာရေးအရ ရေကူးလေ့ရှိပါတယ်တဲ့ ဒီအနီးအနားမှာ ဘယ်အိမ်မှာမှ ရေကူးကန်မရှိပါဘူးတဲ့၊ ဒီကသစ်မြိုင်မှာပဲ ရေကူးကန်ရှိတယ်ကြားလို့ သူ ကူးပါရစေဆိုပြီး ဒေါ်ဒေါ်အေးကို ခွင့်တောင်းတယ်၊ ရေကူးကန်ရဲ့ကုန်ကျစရိတ်ကို သူပေးဆိုလည်းပေးပါမယ်တဲ့ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေကူးကန်ရဲ့ သန့်ရှင်းရေးရော ရေလည်းရေပြောင်းရော သူ့ဟာသူပဲ လုပ်သွားတယ်၊ နွယ်လည်း မရှိတဲ့အချိန်မို့ ဒေါ်ဒေါ်အေး ခွင့်ပြုထားတယ်၊ ဒါပေမဲ့ ခြွင်းချက်နဲ့ ခွင့်ပြုတာပါ၊ အိမ်ရှင် နွယ်ရောက်လာရင် နွယ့်ဆီမှာခွင့်ပန်လို့ ခွင့်ပြုချက်ရရင် ဆက်ကူး၊ နွယ်က ခွင့်မပြုရင်တော့ မလာနဲ့လို့ ပြောထားပြီးသားပါ"

"အို ... ရှုပ်ရှုပ်ယှက်ယှက်၊ ဒေါ်ဒေါ်အေးက ဘာလို့ လက်ခံတာလဲ၊ နဂိုကတည်းက နွယ့်မှာ နာမည်ပျက်နေရတဲ့ အထဲ၊ ဒီလူ ရေကူးကန်မှာ တစ်ခုခုဖြစ်သွားရင် နွယ်အဖို့ တော့ ပြီးရောပဲ၊ အခုထက်ထိ ရဲအုပ်ဦးမင်းနောင်က ကိုမြင့်နိုင် ဒီရေကူးကန်မှာ သေဆုံးသွားတာကို ဘဝင်ကျသေးတာမဟုတ်ဘူး၊ နောက်ပြီး နွယ်က အရွယ်ရှိသေးတဲ့ မုဆိုးမ၊ တော်ကြာ ဒီလူ ဒီခြံထဲ အဝင်အထွက်ရှိတာကို သွားပုပ်လေလွင့် အပြောခံရဦးမယ်"

"အင်းလေ ... ဒါဆိုလည်း အခုပဲ ဒေါ်ဒေါ်အေး သွားပြောမယ်၊ နောက်မလာနဲ့တော့၊ နွယ် ပြန်ရောက်လာပြီ၊ နွယ်က လက်မခံဘူးလို့"

"နေဦး သွားပြောတာက ဟုတ်ပါပြီ၊ ဒေါ်ဒေါ်အေးရဲ့လူ ဒိုင်ဗင်ထိုးချပြီး ရေထဲမြုပ်သွားတာ ခုထက်ထိ ပေါ်မလာသေးဘူး၊ နစ်ပြီးသေနေပြီလားပဲ၊ ဒီကန်က လူစားထားတဲ့ကန်"

"ဒီလောက်လည်း အစွဲအလမ်းမကြီးပါနဲ့ နွယ်"



"မောင်မောင်တာ "ဒီကို ရေလာကူးတိုင်း ဒီလိုပဲ ဒိုင်ပင်ထိုးချပြီး ရေထဲက ပြန်မတက်လာဘဲ ကန်ပေါင်ဟိုဘက်ကို ရေငုပ်သွားပြီး အပေါ်ပြန်တက်တယ်၊ သစ်ပင်အောက်မှာ နားနေတတ်တယ်"

"ကဲ ... ဒါဆိုလည်း နွယ်ပဲသွားမယ်၊ နွယ်ကိုယ်တိုင် သွားပြီး မောင်းထုတ်လိုက်မယ်"

နွယ်သည် အိမ်ရှေ့ပေါက်မှပင်ဆင်းကာ ခြေသုတ်ဖိနပ်စီးပြီး တိုက်အိမ်ကိုကွေ့ပတ်ကာ ရေကူးကန်ရှိရာ နောက်ဘက်သို့ လာခဲ့သည်။

✤ ✪ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၂

"မမနွယ် ကျွန်တော်က ဒီမှာလေ"

အသံမှာ မြေပြင်မှလာသောအသံမဟုတ်ဘဲ ကောင်းကင်မှလာသောအသံဖြစ်နေပါ၏။

နွယ်က ဒေါ်မန်လေးနှင့် နှင်ထုတ်လိုက်မည်ဟု ဆန္ဒစောလျှောက်လာရာ ရေကူးကန်အရှေ့ကတွင် မောင်မောင်တာဆိုသူကို ရှာမတွေ့ပါလေတော့။

ဒေါ်ဒေါ်အေးပြောလိုက်သည်က သည်ဘက်က ဒိုင်ဗင်ထိုးပြီး ရေထဲအရောက်၌ ရေငုပ်သွားကာ ဟိုဘက်ကန်ပေါင်ပေါ်ပြန်တက်ပြီး သစ်ပင်တစ်ပင်အောက်တွင် နားနေတတ်သည်ဟု ပြောလိုက်သည်။

ဒါကြောင့် နွယ်က ဟိုဘက်ကန်ပေါင်ဘက်သို့ပင် တန်းတန်းမတ်မတ်လာကာ ကန်ဘေးရှိ သရက်ပင်၊ မရန်းပင်၊ ပိန္နဲပင်၊ မာလကာပင်အောက်များတွင် သေချာလိုက်ကြည့်သည်။

သို့သော် ဘသားချောလေးကို လုံးဝမတွေ့။



မောင်မောင်တာ ရေထဲသို့ ထိုးချသော ရေကန်နေရာကို လှမ်းကြည့်မိသည်။ ကန်ထဲကရေသည် ယေဘုယျအားဖြင့် (၁၀)ပေအနက်သာထားရှိသည်။ အပေါ်မှ ဒိုင်ဗင်ထိုးချသည့်အရှိန်နှင့်ကန်အောက်အင်္ဂတေပြင်နှင့် ဦးခေါင်းရိုက်မိပြီး မောင်မောင်တာ ရေထဲတွင် သတိလစ်ကာ ပြန်ပေါ်မလာခြင်းများဖြစ်နေမလား။

နွယ့်တွင် အထိတ်တလန့်လေး ခံစားရပြန်သည်။ သည်တစ်ခါ သည်ကန်ထဲတွင် အမျိုးသားတစ်ဦး ဒုတိယအကြိမ်တစ်ခုခုဖြစ်ပါက အရှင်းရခက်တော့မည်။

နွယ့်အတွက်လည်း မိအေးနှစ်ခါနာဖြစ်တော့မည်။ ရဲအုပ်ဦးမင်းနောင်၏ မကျေနပ်သော မျက်နှာတွင် သံသယတွေအပြည့်ပါသော အကြည့်မျိုးတွေ ခံရဦးမည်။

ထိုစဉ်မှာပင်၊

"မမနွယ် ကျွန်တော်က ဒီမှာလေ"ဟု ကောင်းကင်မှ ဆင်းသက်လာသော အသံကြီးကြောင့် ကပျာကယာ အပေါ်သို့ မော့ကြည့်လိုက်သည်။

မောင်မောင်တာပါပေ။ မာလကာပင်ပေါ်တက်ပြီး ကိုင်းတစ်ခုကို ခြေနင်းထားသည်။ အခြားကိုင်းတစ်ခုကို ကျောမှီထားပြီး မာလကာသီး ကိုက်စားနေသည်ကို တွေ့ရပါ၏။

နွယ် တော်တော် စိတ်တိုသွားသည်။

နွယ် လက်နှစ်ဖက်စလုံး ခါးထောက်လိုက်သည်။

မာလကာပင်ဆိုသည်က သရက်ပင်၊ မရန်းပင်ကဲ့သို့ အမြင့်အမားကြီးမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တာကို ထင်းခနဲ ကွဲကွဲပြားပြား မော့ကြည့်ပြီး မြင်နေရသည်။

မောင်မောင်တာ၏ ကိုယ်လုံးကိုယ်ထည် အရုပ်အမောင်းက ကိုမြင့်နိုင်လောက် ရှိစေကာမူ သူ၏မျက်နှာလေးက တကယ့်နုနုဖပ်ဖပ်လေး ရှိနေသည်ကို တွေ့ရသည်။

ရှိလှပါမှ သည်ကောင်လေး (၂၂)နှစ် (၂၁)နှစ်မျှသာ။ ကျွန်ုပ်က (၂၆)နှစ်ရှိပြီမို့ မောင်မောင်တာသည် မိမိထက် သုံးလေးနှစ်ခန့် ငယ်အံ့သည်။

"မင်း ဆင်းခဲ့ပါ၊ မင်းဟာက တစ်ပါးသူရဲ့ ပိုင်နက်ထဲကို ကျူးကျော်လွန်းနေပြီ"

"အဲဗျ အဟောက်ခံရပြီ၊ တွေ့တွေ့ချင်းကို ဝေါက်တော့တာပါလား"

မောင်မောင်တာသည် ညည်းညူသံနှင့်ပြောသည်။ ပြီး သူလုပ်ပုံကို ကြည့်ဦး။

စားလက်စ မာလကာသီးကို ပါးစပ်တွင်ကိုက်ထားသည်။ ခူးထားပြီးသော နောက်တစ်လုံးကို မေးစေ့နှင့်လည်ပင်းကြားသွင်းကာ မေးစေ့ကိုငုံ့ပြီး မာလကာသီးကို ညှပ်ထားသည်။

ပြီး ထိုင်ချသည်။ ခြေနင်းထားသော မာလကာကိုင်းကို လက်နှစ်ဖက်ဖြင့်ဆုပ်ကာ သူ့ကိုယ်ကို တစ်ပတ်ကျွမ်းဖြင့် တွဲလောင်းဆွဲချလိုက်သည်။

တန်းဘားကစားသူကဲ့သို့ပင်။

မောင်မောင်တာသည် တန်းဘားကစားရာတွင် ကျွမ်းကျင်သူဖြစ်ဟန်တူပါ၏။



တွဲလောင်းအဆွဲတွင် သစ်ကိုင်းကို ဆုပ်ကိုင်ထားသော လက်နှစ်ဖက်မှ လက်မောင်းမာဆယ်ကြွယ်သားများ ဖုထစ်တက်နေသည်။ ရင်အုပ်ကားကြီးမှ ချိုင်းအောက်ရှိ ကြွက်သားကြီးများ မြွေဟောက်ပါးပျဉ်းလို ဘေးကားထွက်လာသည်။ ဝမ်းဗိုက်သားတွင် အံစာတုံးလေးများ စီထားသလို လေးမြှောင့်တုံးလေးတွေ ဟိုဘက်သည်ဘက် ရှစ်တုံးပေါ်လွင်နေသည်။

ရေကူးဘောင်းဘီ၏ အောက်ဘက်သို့ ဆင်းကျလာသော ပေါင်တံနှင့် ခြေသလုံးမှာ အရင်းတုတ်ခိုင်ပြီး အဖျားသို့ သွယ်ဆင်းလာသည့် ဆင်စွယ်ချောင်းနှင့်တူနေသည်။

မောင်မောင်တာ တွဲလောင်းဆွဲအထားတွင် သူ၏ခြေဖျားသည် မြေပြင်နှင့် ခြောက်ပေခန့်အကွာ ရှိနေသည်။

ဖုတ်ခနဲ အပေါ်ကိုင်းကိုလွှတ်ပြီး မြေပြင်သို့ ညင်သာစွာ ကျဆင်းလာပါ၏။

ကျမည့်ကျတော့လည်း နွယ်နှင့် မျက်နှာချင်းဆိုင်နီးစပ်စွာကျလာသည်။

မေးစေ့ဖြင့် ညှပ်ထားသော မာလကာသီးကို ပြန်မကိုင်သေး။ ပါးစပ်တွင် ကိုက်ထားသော မာလကာသီးကိုလည်း ပြန်မထုတ်သေးဘဲ နွယ်၏မျက်နှာလေးကို ခေါင်းငုံ့ မျက်ခွံပင့် အကြည့်မျိုးဖြင့် ကြည့်နေသည်။ သူ့လုပ်ပုံလေးတွေက ရယ်စရာပင်ကောင်းနေပါ၏။

နွယ်က ခါးထောက်မပျက်သေးဘဲ မောင်မောင်တာကို မျက်နှာထားတင်းတင်းနှင့်ပင် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး ကြည့်ရသည်မှာ တကယ့် ဘာမထီပုံစံလေးရှိနေသည်။

လည်ပင်းတွင် ညှပ်ထားသော မာလကာသီးကို ပထမကိုင်ယူလိုက်သည်။ ပါးစပ်တွင် ကိုက်ထားသော မာလကာသီးကို နောက်လက်တစ်ဖက်ဖြင့် ကိုင်ကာ ဂျွတ်ခနဲ တစ်ကိုက်ကိုက်လိုက်ပြီး မာလကာသီး ဝါးရင်း သူ၏ နှုတ်ခမ်းစုံဖွင့်ကာ ရယ်မောပြသည်။

"တကယ်ဗျာ မမနွယ်က ချောတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖလှားပဲ၊ ရုပ်ရှင်ထဲမှာ ချောတာက မိတ်ကပ်တွေလိမ်း၊ နိုင်ငံခြားအဝတ်တွေဝတ်ပြီး ချောတာ၊ အခုချောတာက တကယ့်ပင်ကိုသဘာဝပဲ၊ အကဲဖြတ်ပေးစတမ်းဆိုရင် အပြင်ဘက်မှာက ပိုပြီးချော ပိုပြီး ပြေပြစ်သေးတယ်"

"မင်းကို ဘယ်သူက အကဲဖြတ်ခိုင်းနေလို့လဲ၊ မင်း ဘယ်သူလဲ ဘယ်ကလဲ၊ ဒီကသစ်မြိုင်ခြံထဲကို မင်း ဘာဖြစ်လို့ ကျူးကျော်ရောက်လာပြီး ရေကူးတာလဲ၊ မင်းက ငါ့ကိုသိနေသလား"

"ဟာဗျာ ... မမနွယ်ရဲ့ မေးခွန်းတွေက နံပါတ်စဉ်တွေများလိုက်တာ၊ ရှေ့နေစားပွဲက မေးခွန်းတွေကျနေတာပဲ၊ ဒါပေမဲ့ ကျွန်တော် ဖြေပါမယ်၊ အဲ ... မဖြေခင် ထိုင်လိုက်ဦးမယ်နော်၊ ဒိုင်ဗင်ထိုးဆော့ထားတာရယ်၊ ရေကူးထားတာရယ်၊ မာလကာပင်ပေါ်တက်တာရယ် တော်တော်ခြေညောင်းသွားတယ်"



ဘာမပြောညာမပြော မြေကြီးပေါ်တွင်ထိုင်ချသည်။ ဒူးနှစ်ဖက်ထောင်ကွေးပြီး ထိုင်ခြင်းဖြစ်ပါ၏။ ရေကူးဘောင်းဘီလေးနှင့် ထိုင်နေခြင်းဖြစ်သောကြောင့် မောင်ရွေးပွဲတွင် ကာယအလှပြိုင်ပွဲဝင်သူ ကိုယ်ဟန်ပြနေသည်နှင့်ပင် တူသေးတော့။

ယခု မောင်မောင်တာ ထိုင်ပုံမျိုးအတိုင်း ကိုမြင့်ခိုင်လည်း ရေကူးဘောင်းဘီနှင့် ထိုင်သည်ကို နွယ် တွေ့ဖူးခဲ့ပါ၏။

ကိုမြင့်ခိုင်ကျတော့ သည်လိုထိုင်လျှင် ဗိုက်ခေါက်ထွက်နေသည်ကို နွယ် သတိထားမိသည်။

မောင်မောင်တာ၏ ဆံပင်တို့သည် လည်ကုပ်ကိုအုပ်အောင် ခုခေတ်လူငယ်တွေ အလှထားသလို ရှည်တော့ရှည်သည်။ သို့သော် ရုပ်ဆိုး ပုံဆိုးရှည်သည်မျိုး မဟုတ်။ ကြည့်ကောင်းသော အရှည်မျိုးလောက်သာဖြစ်သည်။

ဆံပင်သည် အုံကောင်းရုံမက မည်းနက်တောက်ပနေသည်။ အတွန့်အခွေလေးများရှိပုံရသည်။ ရေစိုထားသောကြောင့် အတွန့်အခွေလေးများရှိပုံရသည်။ ရေစိုထားသောကြောင့် အတွန့်အတွေးနှင့် လှိုင်းကလေးများ မပီပြင်သော်လည်း ခြောက်ခြောက်သွေ့သွေ့ဖြီးထားလျှင် လှိုင်းထကွေးကောက်နေပေမည်ဟု ခန့်မှန်းရသည်။

နဖူးပြင်တွင် လှုပ်ရှားမှုများထားသောကြောင့် ဆံစများ ခွေနွယ်ကျဆင်းနေသည်။

ဆံပင်ကောင်းသူသည် မျက်ခုံးမွေး၊ မျက်တောင်မွေးလည်းကောင်းလေသလား မပြောတတ်။ မောင်မောင်တာ၏ မျက်ခုံးနှစ်ဖက်သည် ထူထဲမည်းနက်ပြီး နှာတံထိပ်နဖူးအလယ်တွင် မျက်ခုံးမွေးအချင်းချင်းဆက်တော့မလားထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်ရှိရုပ်ပဲ ဖြစ်ဖြစ်၊ သက်မဲ့ရုပ်ပဲဖြစ်ဖြစ် ကြည့်ရမြင်ရသည်မှာ ပသာဒဖြစ်လျှင် ခဏတစ်ဖြုတ်တော့ ငေးကြည့်မိကြစမြဲဖြစ်သည်။

နွယ်သည် မောင်မောင်တာကို ခါးထောက်မပျက် ငုံ့ကြည့်ငေးကြည့်နေမိသည်။

'နေဦး၊ မမနွယ်မေးတာကို ကျွန်တော်ဖြေဖို့ ဘယ်ကစပြီး ဖြေရမလဲဆိုတာ စဉ်းစားလိုက်ဦးမယ်"

သူက ဝါးထားသော မာလကာသီးကို မျိုချလိုက်ပါသေး၏။

"မင်းကို ဘယ်သူက အကဲဖြတ်ခိုင်းနေလို့လဲ ဆိုတာကို စဖြေမယ်၊ ကျွန်တော့်ကို ဘယ်သူကမှ အကဲဖြတ်ခိုင်းတာ မဟုတ်ဘူး၊ မျက်စိက သူမြင်တဲ့အတိုင်း ဦးနှောက်ဆီကို လှမ်းသတင်းပို့တယ်၊ ဦးနှောက်က မျက်စိရဲ့သတင်းပို့ချက်တွေအရ အကဲဖြတ်ပေးလိုက်တာပဲ၊ ဒါ ပထမမေးခွန်းကို ဖြေတာ ...

ဒုတိယမေးခွန်းက မင်းဘယ်သူလဲ ဆိုတော့ ကျွန်တော် မောင်မောင်တာလေ ...

တတိယမေးခွန်းက မင်း ဘယ်ကလဲ ဆိုရင် ကျွန်တော်ဟာ ဟောဒီ မမနွယ်တို့ရဲ့ မာလာမြိုင်လမ်းသွယ်ရဲ့ လမ်းထိပ်က ဆောင်းရိပ်သာကပဲ၊ ဒါပေမဲ့ ကျွန်တော် ဒီကိုရောက်တာ မကြာသေးဘူး၊ နှစ်လကျော်လောက်ပဲရှိဦးမယ်"



စတုတ္ထမေးခွန်းက ကသစ်မြိုင်ခြံထဲကို ဘာဖြစ်လို့ ကျူးကျော်ရောက်လာပြီး ရေကူးတာလဲဆိုတော့ ကျွန်တော်ဟာ လူကောင်က သန်မာကျစ်လျစ်ပေမယ့် ကျွန်တော့်မှာ ရောဂါရှိတယ်လို့ ဆရာဝန်ကပြောတယ်၊ ကျွန်တော့်ရောဂါကို ကုသတဲ့နည်းထဲမှာ ရေကူးခြင်း၊ ဒိုင်ဗင်ထိုးခြင်း၊ ရေငုပ်ခြင်းစတဲ့ လေ့ကျင့်ခန်းမှန်မှန်ယူရမယ်လို့ ညွှန်ကြားထားတယ်၊ ကျွန်တော် အခုရောက်နေတဲ့ ဆောင်းရိပ်သာ အိမ်မှာ ရေကူးကန်မရှိဘူး၊ မာလာမြိုင်လမ်းထဲမှာ စုံစမ်းကြည့်တော့ ကသစ်မြိုင်အိမ်မှာ ရေကူးကန်ရှိတယ်လို့သိရတယ်၊ ဒေါ်ဒေါ်အေးဆီမှာ ခွင့်တောင်းတယ်၊ ဒေါ်ဒေါ်အေးက မမနွယ်ပြန်မလာခင်ကူးတဲ့၊ မမနွယ်ပြန်လာရင်တော့ မမနွယ်ဆီမှာ ခွင့်တောင်းတဲ့၊ ဒါဆို ကျွန်တော် ကျူးကျော်တာမဟုတ်ပါဘူးနော် ...

အဲ ... ပဉ္စမအချက်၊ မင်းက ငါ့ကို သိနေသလားဆိုတဲ့အချက်ပဲ၊ ဟောဒီ မြန်မာပြည်ရဲ့ ရှိသလောက်လူဦးရေမှာ အရွယ်ရှစ်ဆယ်ကျော်ကြီးတွေရယ်၊ နို့စို့ကလေးတွေရယ်ကလွဲရင် မမနွယ်ကို မသိတဲ့လူရှိမလား၊ ရုပ်ရှင်မှာရော၊ ဗီဒီယိုမှာရော မမနွယ်ကို လူတိုင်းမြင် လူတိုင်းသဘောကျ လူတိုင်းချစ်နေတာပဲဟာ"

"ကဲ ... မိနွယ် နင် ဘာဆက်ပြောမလဲ"ဟု နွယ်သည် သူ့ကိုယ်သူ ပြန်၍ မေးခွန်းထုတ်ရတော့သည်။

မောင်မောင်တာ ရှင်းပြဖြေပြသွားသော စကားအားလုံးမှာ လက်မခံနိုင်သော စကားတစ်လုံးမျှမပါရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုယ်တိုင်က ရုပ်၏ချောမောခြင်း၊ ကိုယ်၏ပြေပြစ်ခြင်းတို့ကို အခြေခံကာ သရုပ်ဆောင်ကောင်းသောကြောင့် ပြည်သူချစ်သူမင်းသမီး ဖြစ်ခဲ့သည်။

ဘာပဲပြောပြော လူလူချင်းဆက်ဆံရာတွင် ရုပ်သည် အရေးပါလှသည်။ ဥပမာ ရုပ်ချောသူငိုလျှင် ရယ်လျှင် ပြုံးလျှင် ကြည့်ကောင်းပြီး မြင်သူကို ဆွဲဆောင်နိုင်စွမ်းအားရှိသည်။

ရုပ်ဆိုးသူငိုလျှင်၊ ရယ်လျှင်၊ ပြုံးလျှင် သဘာဝမှန်သည့်တိုင်အောင် အမြင်မှာ ကြည့်မကောင်းတတ်။

ယခု မောင်မောင်တာသည် တော်တော်လေး ရုပ်ရောကိုယ်ရော ကြည့်ကောင်းနေသူဖြစ်သည်။ လှုပ်ရှားမှုလေးတွေ မျက်နှာအမူအရာသက်ရောက်မှုလေးတွေကလည်း မချင့်မရဲ ဖြစ်စရာနှင့် နှစ်လိုဖွယ်ရာလေးတွေ နွယ် တွေ့မြင်နေပါ၏။

ဒါကြောင့်လည်း ဒေါ်ဒေါ်အေးက မောင်မောင်တာကို တွေ့ပြီး ရုပ်၊ ခန္ဓာ၊ အပြုအမူ အပြောအဆိုလေးတွေကို နှစ်သက်ပြီး ကသစ်မြိုင်တွင် ရေကူးခွင့်ပေးထားသည်ပဲဖြစ်မည်။

ဒေါ်နှင့်မောနှင့်ဆင်းလာသူ နွယ်ပင်လျှင် ယခု မောင်မောင်တာကို အနီးကပ်တွေ့ပြီး ပြောဆိုပြီးနောက် ဒေါသစိတ် လုံးဝကင်းသွားသည်။

သို့သော် မဖြစ်ရေးချမဖြစ်။

မောင်မောင်တာကို ကသစ်မြိုင်တွင် မိမိရောက်လာပြီးနောက် အဝင်အထွက်ပြုစေခြင်းငှာ လုံးဝမဖြစ်ပါလေ။

"အေး ..."

အေးဟု စကားကို ပဏာမခံလိုက်သည်။



"ငါပြန်မရောက်ခင်က ဒေါ်ဒေါ်အေးက စိတ်ကောင်းသဘောကောင်းနဲ့ မင်းကို လက်ခံခွင့်ပြုပေမယ့် ငါ အခုရောက်လာပြီးတဲ့နောက် မင်းကို ကသစ်မြိုင်ခြံထဲဝင်ဖို့ ထွက်ဖို့ လုံးဝ လက်မခံဘူး မောင်မောင်တာ၊ ဒီတော့ ဒီနေ့ မင်း ဒီကိုလာတာ နောက်ဆုံးဖြစ်ပါစေ၊ နောက်ကို လုံးဝ မလာပါနဲ့"

"ဟာဗျာ ... မမနွယ်ကလဲ"

"ဟာဗျာမနေနဲ့၊ ငါ မင်းကို လုံးဝ လက်မခံဘူး မောင်မောင်တာ၊ ဒါပဲ"

"အဲဗျာ ... မမနွယ်ရဲ့ရေကူးကန်မှာ ကျွန်တော် လာကူးလို့ ရေကူးကန်ကြီး ပဲ့မသွားပါဘူးဗျာ၊ တစ်ခုခုချို့ယွင်းသွားတယ်ဆိုတောင် ကျွန်တော်ကိုယ်တိုင် ကျွန်တော့်စရိတ်နဲ့ ပြန်ပြင်ပေးမှာပါ"

"နောက်ထပ်မလာနဲ့ မောင်မောင်တာ"

"အားပါး၊ သိအိုရီနဲ့လက်တွေ့ဟာ တခြားစီပါလားဗျာ"

"ဘာကွယ့်"

"ဒေါ်ဒေါ်အေးက ပြောဖူးတယ်၊ မမနွယ်ဟာ သိပ်သဘောကောင်းတယ်တဲ့၊ ဘာမဆို လိုက်လျောတတ်တယ်တဲ့၊ နောက်ပြီး မမနွယ်ဟာ သိပ်သနားစရာကောင်းတယ်တဲ့၊ ဒေါ်ဒေါ်အေးက ပြောပြဖူးတာလေ"

"မယုံနဲ့ ဒေါ်ဒေါ်အေးက ကိုယ်ထင်ခုတင်ရွှေနန်းပြောတာ၊ ငါ့ကို ဒေါ်ဒေါ်အေးက သိပ်ခင်မင်လို့အကောင်းပြောတာ၊ တကယ်တော့ ငါဟာ သဘောထားသိပ်ဆိုးတယ်၊ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရက်စက်ကြမ်းကြုတ်တယ်၊ မင်း ငါ့အကြောင်း စာစောင်တွေ လစဉ်ထုတ်မဂ္ဂဇင်းတွေမှာ ပါတာတွေကို ဖတ်မကြည့်မိဘူးလား”

“ဟင့်အင်း … ကျွန်တော် မဖတ်မိဘူး၊ ကျွန်တော် နိုင်ငံခြားမှာ ဆေးသွားကုနေတာ၊ ပြန်ရောက်တာ သုံးလတောင် မပြည့်တတ်သေးဘူး၊ နောက်ပြီး ရုပ်ရှင်ကြည့်တာတို့၊ ဝတ္ထုမဂ္ဂဇင်းဖတ်တာတို့ ဝါသနာမပါဘူး၊ ဒီပြန်ရောက်မှ ဒေါ်ဒေါ်အေးက ဘယ်ရုပ်ရှင်ရုံမှာ မမနွယ်သရုပ်ဆောင်တဲ့ကား ပြနေတယ်ဆိုလို့ မမနွယ်ကို မြင်ဖူးတဲ့တာနဲ့ သွားကြည့်တာ၊ နှစ်ခါပဲကြည့်ဖူးသေးတယ်၊ တစ်ခါတည်း မမနွယ်ကို ကြိုက်သွားတာပဲ”

“ဘာကွယ့်”

“အဲဗျာ … ကျွန်တော့်ပြောတာ တလွဲမထင်ပါနဲ့၊ မမနွယ် သရုပ်ဆောင်ကောင်းတာရော၊ ရုပ်ချောတာရော ပွဲကြည့်ပရိသတ်အနေနဲ့ နှစ်ခြိုက်သွားတာကို ပြောတာပါ”

“ဒါဆို ငါကပဲပြောမယ်၊ ဟောဒီရေကူးကန်ထဲမှာ လွန်ခဲ့တဲ့ သုံးလကျော်ကျော်က ကိုမြင့်ခိုင်ဆိုတဲ့ ငါ့ယောက်ျားဟာ သေဆုံးသွားခဲ့တယ်၊ အေး … ကိုမြင့်ခိုင်ရဲ့ချမ်းသာကြွယ်ဝသမျှ ပစ္စည်းတွေနဲ့ အာမခံလျော်ငွေကို ငါက လိုချင်လို့ ငါကပဲ ကိုမြင့်ခိုင်ကိုသတ်သလို စာစောင်တွေ မဂ္ဂဇင်းတွေက ရေးကြတယ်”

“အိုး … မမနွယ်သတ်ရင် မမနွယ်ကို ရဲတွေက လူသတ်မှုနဲ့ ဖမ်းမှာပေါ့၊ အခု မမနွယ်ကို ဖမ်းမှမဖမ်းတာ”



“ငါက သိပ်ဉာဏ်ကောင်းတယ်တဲ့၊ ဥပဒေကို လက်တစ်လုံးခြား လှည့်စားနိုင်တယ်တဲ့၊ ကိုမြင့်ခိုင်ကို ငါက သတ်ပေမယ့် ကိုမြင့်ခိုင်ဟာ သူ့ကိုယ်သူ သတ်သေသွားတယ်လို့ ရဲက ယူဆနိုင်အောင် ဖန်တီးသွားတယ်တဲ့၊ ငါ့ရဲ့ဖန်တီးချက်တွေ ပိရိကောင်းမွန်လို့ ငါ့ကို ရဲက လူသတ်မှုနဲ့ ဖမ်းလို့မရဘူးတဲ့၊ အဲဒီလို ရေးကြပြန်တယ်လေ”

“အမှုဖြစ်တယ်ဆိုရင် အပြစ်ရှိတဲ့လူကို ရဲကအရေးယူတာပဲ၊ မမနွယ်မှာ အပြစ်မရှိလို့ ရဲက အရေးမယူတာပေါ့၊ အဲဒါတွေက ထားလိုက်ပါ မမနွယ်ရာ၊ အဲဒီလိုဖြစ်ခဲ့တာနဲ့ အခု ကျွန်တော် ဒီမှာရေလာကူးတာ ဘာဆိုင်လဲ၊ ဘာပတ်သက်လို့ မမနွယ်က ကျွန်တော့်ကို မလာနဲ့တော့လို့ ပိတ်ပင်ရတာလဲ”

“မင်း ငါ့ကို မကြောက်ဘူးလား”

ဟီဟိဟုပင် မောင်မောင်တာက ရယ်လိုက်သေးသည်။

“မမနွယ် ဘာတွေပြောနေတာလဲ၊ မမနွယ် ရုပ်ကကြောက်စရာမှမဟုတ်တာ၊ ကြောက်စရာမကောင်းတဲ့အပြင် ကြည့်ပြီးရင် နောက်ထပ်တောင် ကြည့်ချင်နေသေးတယ်၊ အဲဒါ ကျွန်တော်က မမနွယ်ကို ဘယ်နေရာမှာ သွားကြောက်ရမှာလဲ”

နွယ် သက်ပြင်းချမိတော့သည်။ သည်လုလင်ငယ်လေးသည် ပြောလို့ဆိုလို့ မလွယ်ပါလားဟု ရင်ထဲတွင် မှတ်ချက်ပြုရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ကျန်းမာရေးအတွက် ဆရာဝန်၏ညွှန်ကြားချက်အရ ရေကူးရပါသည်ဟုဆိုသည်။ ဤမာလာမြိုင်လမ်းသွယ်ထဲတွင် ကသစ်မြိုင်၌သာ ရေကူးကန်ရှိသည်ဟုလည်းပြောသည်။ နွယ်ကိုယ်တိုင်ကတော့ ဤလမ်းသွယ်ထဲရှိ အခြားခြံကျယ်ရိပ်ငြိမ် ဂေဟာကြီးများတွင် ကိုယ်ပိုင်ရေကူးကန်ရှိမှန်း မရှိမှန်း မသိ။

ဤကသစ်မြိုင် ခြံနှင့်အိမ်ကြီးသည် နဂိုရင်း မိမိ၏ခြံနှင့် တိုက်အိမ်လည်းမဟုတ်။ ကိုမြင့်ခိုင် ပိုင်ဆိုင်ခဲ့သော ခြံနှင့်အိမ်ဖြစ်သည်။ ဤနေရာ ဤပတ်ဝန်းကျင်သည် ဟိုခြံ သည်ခြံကူးလူးဆက်ဆံခြင်းလည်းမရှိ။ ကိုယ့်ဟာကိုယ်နေ၊ သူ့ဟာသူနေသူတွေချည်း ဖြစ်ကြသည်။

"အေးပေါ့ကွာ ... ဘာကြီးပဲ ဖြစ်ဖြစ်ပေါ့၊ ဒီခြံနဲ့ ဒီအိမ်ကိုတော့ မင်း ထပ်မလာနဲ့တော့၊ ဒီအိမ်ဟာ မကြာသေးခင်က လူသေထားတဲ့အိမ်၊ ဒီရေကူးကန်ဟာ မကြာသေးခင်က လူသေထားတဲ့ရေကူးကန်၊ ကိုမြင့်ခိုင်ဟာ ဒီရေကူးကန်ထဲမှာပဲ ရေနစ်သေခဲ့တာ၊ မင်း မကြောက်ဘူးလား"

"ဘာလို့ကြောက်ရမှာလဲ မမနွယ်၊ လောကကြီးမှာ လူမသေဖူးတဲ့အိမ်ရှိသလား၊ လူဆိုတာ သေမျိုးပဲ၊ လူနေတဲ့နေရာမှာ လူသေတာဆန်းမှတ်လို့"

နွယ် ခေါင်းကုတ်မိပြန်သည်။

"မင်းနာမည် မောင်မောင်တာနော်"

"ဟုတ်ပါတယ်၊ သိပ်ရင်းနှီးတဲ့လူတွေကတော့ ဖိုးတာလို့လည်းခေါ်တယ်၊ ကိုတာလို့လည်းခေါ်တယ်"



"ငါကတော့ မောင်မောင်တာကို မောင်မောင်တာလို့ပဲခေါ်မှာပါ၊ ကဲ ... မောင်မောင်တာ၊ ငါ နောက်ဆုံးစကားပြောမယ်၊ မင်း ဒီကိုလာတာ ငါ လုံးဝ မကြိုက်ဘူး၊ ငါ လုံးဝလက်မခံဘူး၊ အထူးသဖြင့် မင်းလို ရုပ်ချောချော ယောကျ်ားပျိုတွေလာတာကို လုံးဝ လက်မခံဘူး၊ မင်း လုံးဝ နောက်ထပ်မလာပါနဲ့တော့"

"နောက်ထပ်လာမှာပဲဆိုရင်ကော မမနွယ်က ကျွန်တော့်ကို ပါးရိုက်မှာလား၊ ဓားနဲ့ထိုးမှာလား၊ သေနတ်နဲ့ပစ်မှာလား မမနွယ်"

"အဲဒါတွေ ငါ ဘာမှမလုပ်တတ်ဘူး၊ နောက်တစ်ခါ မင်းလာရင် ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားပြီး ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်၊ ဒါပဲ"

နွယ်သည် ပြောပြောဆိုဆို ထိုနေရာမှ ချာခနဲလှည့်ထွက်ခဲ့သည်။

အိမ်ပေါ်သို့ပင် တန်းတက်လာခဲ့ပါ၏။

အိမ်ပေါ်ရောက်ပြီးမှ ရေကူးကန်ကို လှမ်းမြင်ရသော ပြတင်းပေါက်ဆီ ပြေးလာကာ မောင်မောင်တာဆိုသည့် ဂျစ်ကန်ကန်ကောင်လေးကို ချောင်းကြည့်ပုံစံဖြင့် ကြည့်လိုက်သည်။

မောင်မောင်တာသည် ချွတ်ထားသော ဝေါကင်းရှူးကိုပြန်စီးနေသည်။ ဖိနပ်ကြိုးကို နှစ်ဖက်စလုံး သေချာချည်နှောင်ပြီးမှ ထကာ မွေးပွမျက်နှာသုတ်ပဝါကြီးကို ပခုံးမှာ လွှမ်းခြုံလိုက်သည်။

ပြီး ကသစ်မြိုင် တိုက်အိမ်လေးကိုပတ်ကာ ခြံတံခါးဆီသို့ လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်တာ လှုပ်ရှားသမျှကို နွယ်က လိုက်ကြည့်နေသည်။ ခြံတံခါးပေါက်ကို မြင်နိုင်သော ပြတင်းပေါက်သို့ ပြောင်းကာ လိုက်ကြည့်ပါ၏။

ခြံအပြင်တွင် ပါဗလစ်ကာ ပစ်ကပ်ကားဖြူလေးတစ်စီး ရပ်ထားရာသို့ မောင်မောင်တာ လျှောက်သွားပြီး ကားဖြူလေးရှေ့ခန်းတံခါးကို သော့ဖွင့်ဝင်လိုက်သည်။ ပြီး မာလာမြိုင်လမ်းထိပ်သို့ မောင်းထွက်သွားပေတော့သည်။

မာလာမြိုင်လမ်းထိပ် ဆောင်းရိပ်သာနှင့် မိမိ ကသစ်မြိုင်၏ကြားတွင် ခြံသုံးခြံသာခြားသည်။ တစ်လမ်းတည်းအတူရှိသုံးခြံကြား ကသစ်မြိုင်သို့ မောင်မောင်တာသည် မော်တော်ကားနှင့် လာသတဲ့လား။

အင်းလေ ... ခြံသုံးခြံဆိုသော်လည်း ကျယ်ဝန်းသောခြံကြီးတွေမို့ အတော်အတန်လေး ကွာလှမ်းသည်။ သူက အိမ်ကလာကတည်းက ရေကူးဘောင်းဘီတိုလေးသာ ဝတ်လာသည်မို့ ရေကူးဘောင်းဘီလေးနှင့် လမ်းလျှောက်ရန် မသင့်တော်သောကြောင့် ကားနှင့်လာပြီး ကားနှင့်ပြန်ခြင်းဖြစ်နိုင်သည်။ နောက်တစ်ချက် ယနေ့ခေတ်လူငယ်လေးတွေသည် ကိုယ့်ဟာကိုယ် ခြေကျင်သက်သက်၊ တောင်တက်သက်သက်၊ လမ်းလျှောက်သက်သက် လေ့ကျင့်ခန်းသဘောဖြင့် ပြုချင်သာပြုသည်။ သာမန်နေတိုင်ပြီဆိုလျှင် ဘယ်နေရာမဆို ကိုယ်ပိုင်မော်တော်ကားလေး သို့မဟုတ် ကိုယ်ပိုင်မော်တော်ဆိုင်ကယ်လေး သို့မဟုတ် ကိုယ်ပိုင်စက်ဘီးလေးနှင့်မှ သွားချင်တတ်သည်။



မောင်မောင်တာသည် မျက်နှာသုတ်ပဝါ ပခုံးလွှားပြီး ပြန်သွားသည်ကိုထောက်၍ အဝတ်အစား အပိုယူမလာခဲ့သည်ကတော့ ထင်ရှားသည်။

နေရင်းထိုင်ရင်း ဤမောင်မောင်တာဆိုသည့် ချာတိတ်သည် နွယ်၏ပဟေဠိဖြစ်လာသည်။

နွယ်သည် ဒေါ်ဒေါ်လေးရှိရာ မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။

“အဲ ... နွယ်ပါလား၊ မီးဖိုထဲက ဘာလိုချင်လို့လဲ၊ ဒေါ်ဒေါ်အေးကို လှမ်းအော်ပြောလိုက်ရင် ဒေါ်ဒေါ်အေး ယူလာခဲ့မှာပေါ့”/

“ဘာမှ မလိုချင်ပါဘူး၊ ဒေါ်ဒေါ်အေးကို မေးချင်စရာလေး ရှိလို့ပါ”

“ဒီကောင့်လေး ဒီမှာ ရေလာကူးတာ နွယ် မကျေနပ်လို့ ဆင်းသွားပြီး ပြောလိုက်ပြီ မဟုတ်လား”

“နွယ် သူ့ကို မလာနဲ့လို့ ပြောလိုက်ပါတယ်”

“ဒါဆို ပြီးရောပေါ့ နွယ်”

“ဒါဆို ပြီးမှ ပြီးပါ့မလားလို့ နွယ်တွေးမိလို့ပါ”

“ဘာလို့ မပြီးရမှာလဲ”

“ဒီကောင်လေးကြည့်ရတာ ဂျစ်ကန်ကန်လေး ဒေါ်ဒေါ်အေးရဲ့၊ နွယ်က မလာနဲ့လို့ပြောတဲ့ကြားက သူက နောက်ထပ်ဖွတ်လာမယ်ဆိုရင် နွယ်က သူ့ကို ဘာလုပ်မှာလဲလို့ ပြန်မေးနေတယ်”

“အံမယ် ... သူက ...”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါ်ဒေါ်အေး၊ သူက အဲဒီလို ပြန်မေးပုံက သူ ထပ်လာချင်လာမယ်ဆိုတဲ့သဘော ရှိနေတယ်၊ ပြီး ... မောင်မောင့်တာဟာ သူလုပ်ချင်လုပ်မယ်ဆိုတဲ့ ဇွတ်တရွတ် သဘောလေးလည်းရှိပုံရတယ်၊ ခုခေတ် ကောင်မလေးတွေ ပုံစံပေါ့လေ"

"နွယ်က သူကြောက်သွားပြီး မလာရဲအောင် တစ်ခုခု မပြောလိုက်ဘူးလား"

"ပြောလိုက်ပါတယ်၊ နောက်ထပ် မင်း ကသစ်မြိုင်ထဲ ဝင်လာရင် ရဲစခန်းကို တယ်လီဖုန်းဆက်ခေါ်ပြီး ပိုင်နက်ကျူးလွန်မှုအနေနဲ့ အမှုဖွင့်မယ်လို့"

"ဒီတစ်ခါထပ်လာရင် ဒေါ်ဒေါ်ကိုယ်တိုင် ဆင်းပြောမယ် နွယ်၊ သူ့ကို ခွင့်ပေးတုန်းက ဒေါ်ဒေါ်အေးက ပေးမိခဲ့တာ မဟုတ်လား"

"ပထမ အဲဒီလို ဒေါ်ဒေါ်အေး ပြောကြည့်ပေါ့၊ ဒါမှ ဇွတ်လုပ်ရင်တော့ ရဲစခန်းကို ဖုန်းဆက်ပြီး ခေါ်ရမှာပဲ၊ တကယ်တမ်းကျတော့ နွယ် ရဲတွေနဲ့ မပတ်သက်ချင်ဘူး၊ ရဲတွေနဲ့ ပတ်သက်လေ စာစောင်မဂ္ဂဇင်းတွေထဲ နွယ့်အကြောင်း ရေးလေဖြစ်လာမယ်၊ သူတို့ရေးလေ နွယ် နာမည်ကျလေဖြစ်မယ် ဒေါ်ဒေါ်အေး၊ ကိုမြင့်ခိုင်တုန်းက တစ်ခါ ရေရေလည်လည် ခံရပြီးပြီ၊ အခု ဒီမောင်မောင်တာ ကြည့်ရတာလည်း ဥစ္စာပစ္စည်း ကြွယ်ဝတဲ့ မိဘက ဆင်းသက်လာတဲ့ပုံစံတွေ ရှိနေတယ်၊ တော်ကြာ နွယ်ဟာ ပစ္စည်းချမ်းသာတဲ့ ရုပ်ချောချော ယောကျ်ားတွေကို ထောင်ဖမ်းပြီး သိုက်တူးနေတယ်ဆိုတာမျိုးတွေ အစွပ်စွဲခံရဦးမယ်"



"ကွယ် ... ဒေါ်ဒေါ်အေး မှားသွားတယ်၊ မောင်မောင်တာကို နွယ်မရှိတုန်းဘဲလေဆိုပြီး ဒေါ်ဒေါ်အေး လက်ခံမိလိုက်တာကိုး"

"ဒေါ်ဒေါ်အေး မှားတယ်လို့လည်း မဆိုနိုင်ပါဘူးလေ၊ သူဟာ ကျန်းမာရေးအတွက် ဆရာဝန်ညွှန်ကြားချက်အရ ရေကူးရတာပါဆိုတော့ လူမှုရေးအရ ဒေါ်ဒေါ်အေး ခွင့်ပြုတာ မမှားပါဘူး၊ ပြီး ဒီရေကူးကန်ဟာ ကိုမြင့်ခိုင်ဆုံးသွားပြီးတဲ့နောက် နွယ်လည်း ကူးမှမကူးတော့တာ၊ ကိုမြင့်ခိုင်နဲ့ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေသာမရှိရင် မောင်မောင်တာ ရေလာကူးတာ နွယ် ကန့်ကွက်စရာမရှိပါဘူး"

"အင်းပေါ့လေ နွယ်က ပင်ကိုစိတ်ဓာတ်ကိုက ကောင်းတဲ့ မိန်းကလေးပဲ"

ဒေါ်ဒေါ်အေးက စကားပြောရင်း မီးဖိုထက်တွင် တင်ထားသော ဟင်းအိုးဖုံးကို ဖွင့်ကြည့်သည်။

"မောင်မောင်တာဟာ မာလာမြိုင်လမ်းထိပ်က ဆောင်းရိပ်သာမှာ နေတယ်လို့ပြောတယ်"

"ဒေါ်ဒေါ်အေးကိုလည်း သူ ဒီလိုပဲပြောတာပဲ"

"အဲဒီဆောင်းရိပ်သာရဲ့ခြံစည်းရိုးက ပုဏ္ဏရိုက်ပင်တွေ လူတစ်ရပ်ကျော် ပိတ်နေအောင်ရှိတော့ နွယ် တစ်ခါမှ အထဲက အိမ်ကို သေချာမမြင်မိဘူး၊ တစ်ထပ်တိုက်လေးမှန်းတော့သိတယ်၊ ဒါပေမဲ့ အပြင်ကကြည့်ရင် ခေါင်မိုးအုပ်ကြွပ်နီနီကိုပဲ တွေ့ရတယ်၊ အိမ်ထဲကို မမြင်ရဘူး၊ ပုဏ္ဏရိုက်ပင်တွေက ပိန်းပိတ်ကွယ်နေတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နွယ်၊ ဆောင်းရိပ်သာက မာလာမြိုင်လမ်း သွယ်ထဲကို ဘေးတိုက်ပါဝင်နေပေမယ့် လမ်းထိပ်အိမ်ဆို တော့ လမ်းမတန်းကြီးကို မျက်နှာစာပြုထားတယ်၊ လမ်းမ တန်းရဲ့ ကုန်းအမြင့်ပိုင်းမှာရှိနေလို့ လမ်းမတန်းက လှမ်း ကြည့်လည်း တော်တော်လှမ်းပြီး သံပန်းတံခါး ပိတ်ထား တာကိုပဲ မြင်ရတယ်"

"ခု မောင်မောင်တာ ပြန်ရောက်လာတယ်ဆိုတဲ့ အချိန်တွေ မှာကော ဆောင်းရိပ်သာခြံက တံခါးပိတ်ထားတာပဲလား"

"သေချာသတိမထားမိဘူး နွယ်၊ ဒီကောင်လေးကို နွယ် ဘယ်လိုထင်လို့လဲ"

"တစ်မျိုးပဲ ဒေါ်ဒေါ်အေး၊ ဘယ်လိုထင်ရမှန်း မသိဘူး၊ သူ ရေကူးကန်က ဒိုင်ဗင်ဘုတ်ပေါ်မှာ မတ်တတ်ရပ်နေ တုန်းက သူ့ပုံပန်းက ကိုမြင့်ခိုင်နဲ့ မတူဘူးလား၊ နွယ် တောင် ကိုမြင့်ခိုင် သရဲလာခြောက်တယ်လို့ ထင်လိုက်မိ တယ်"

"အင်း ... တူသလိုလိုတော့ အရှိသား၊ ဒါပေမဲ့ မောင်မြင့် ခိုင် သေသွားတဲ့အပေါ်မှာ နွယ် စိတ်စွဲလမ်းလို့ဖြစ်မှာပါ၊ မောင်မောင်တာက မောင်မြင့်ခိုင်ထက် အများကြီး အသက် ငယ်တယ်၊ ကိုယ်ထည်ချင်း တူသလိုလိုရှိပေမယ့် မောင် မောင်တာက ကျစ်ကျစ်နဲ့ ကိုယ်ထည်ကြံ့ခိုင်တယ်၊ မောင် မြင့်ခိုင်ကတော့ ပွယောင်းယောင်း ကိုယ်ထည်မျိုး ရှိတာပါ"

"ပြောတတ်ပါဘူး ဒေါ်ဒေါ်အေးရာ၊ မောင်မောင်တာရဲ့ ကြည့်တဲ့မျက်လုံး၊ ရယ်တဲ့နှုတ်ခမ်းတွေဟာ တချို့နေရာ



တွေမှာ ကိုမြင့်ခိုင်နဲ့ တူနေသလားလို့၊ ဒါကြောင့် သူ့ အကြောင်း နွယ်သိချင်တာ၊ နွယ် မရှိတုန်း ဒီကသစ်မြိုင် မှာ သူ ရေလာကူးတာ အချိန်အကြာကြီးပဲ၊ သူ့အကြောင်း ဒေါ်ဒေါ်အေးကို ပြောမပြဘူးလား"

"သူ ပြောပြသလောက် ဒေါ်ဒေါ်အေးက နွယ့်ကို ပြန်ပြော ပြပြီးပြီလေ"

"သူ့ဆောင်းရိပ်သာ အိမ်နီးချင်းတွေဆီမှာတော့ ဒေါ်ဒေါ် အေး သူ့အကြောင်း စုံစမ်းကြည့်သေးလား"

"အဲ ... ဟုတ်ပါ့။ အဲဒါ အခု နွယ်က မစုံစမ်းဘူးလား မေးမှ သတိရတယ်၊ နွယ် မရှိတုန်း သူ ကသစ်မြိုင်မှာ ရေလာကူးပြီး တစ်ပတ်လောက်မှာ ဒေါ်ဒေါ်အေး လှည်း တန်းဈေးကအပြန် ဦးလူဝဆိုတဲ့ လူကြီးနဲ့တွေ့တယ်၊ ဘတ်စ်ကားပေါ်ကအဆင်း ဒေါ်ဒေါ်အေး လိမ့်ကျမလိုဖြစ် တာကို အဲဒီ ဦးလူဝက ဆီးပြီးထိန်းထားပေလို့ ဒေါ်ဒေါ် အေး လဲပြိုမသွားတာ"

"ဦးလူဝ ဆိုတာက ဘယ်သူလဲ"

"ဦးလူဝက ဆောင်းရိပ်သာနဲ့ ခြံချင်းကပ်လျက် ချမ်းမြေ့ ဂေဟာက အစောင့်ဒရဝမ်တဲ့၊ ဦးလူဝကို တမင်မေးတာ တော့ မဟုတ်ပါဘူး၊ ဒေါ်ဒေါ်အေးနဲ့ မှတ်တိုင်မှာ အတူ ဆင်းရင်း ဒေါ်ဒေါ်အေး လိမ့်ကျတာကို ကူညီတာနဲ့မှတ် တိုင်ကနေပြီး မာလာမြိုင်လမ်းကို အတူလျှောက်ပြန်ရင်း မိတ်ဖွဲ့မိပြီး ဒါဆို ခြံချင်းကပ်လျက် ဆောင်းရိပ်သာက မောင်မောင်တာကို သိသလားလို့ မေးမိတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဦးလူဝက သိသတဲ့လား"

"ဦးလူဝက ဆောင်းရိပ်သာက လူတွေနဲ့ အကျွမ်းတဝင်ကြီးတော့ မသိဘူးတဲ့၊ ဒါပေမဲ့ မောင်မောင်တာကိုတော့ သူသိတယ်တဲ့၊ ဘာလို့သိသလဲဆိုတော့ မောင်မောင်တာက ဆောင်းရိပ်သာမှာ ထူးထူးခြားခြား ကိစ္စတစ်ခု ဖြစ်ခဲ့ဖူးလို့ သိတာတဲ့"

"ဆိုပါဦး ... ဘယ်လို ထူးထူးခြားခြားကိစ္စတဲ့လဲ"

"အဲ ... မောင်မောင်တာရဲ့ဇနီး ဥမ္မာဆိုတဲ့ ကောင်မလေး အင်းလျားကန်မှာ ရေနစ်သေတာဆိုပဲ နွယ်"

"ဟင် ... ဟုတ်ပါ့မလား ဒေါ်ဒေါ်အေး၊ မောင်မောင်တာ ဟာ ဒီလောက်အသက်အရွယ်နဲ့ ဇနီးတွေ ဘာတွေ ရခဲ့တယ်ဆိုတာ ဟုတ်ပါ့မလား"

"ဟုတ်လို့ပြောတာ နေမှာပေါ့ နွယ်၊ ဘာပဲပြောပြော မောင်မောင်တာဟာ အသက်နှစ်ဆယ်ကျော်လောက်တော့ ရှိပြီပဲ၊ ဒီခေတ်မှာ ဆယ့်ရှစ်ဆယ့်ကိုးနဲ့တောင် လင်ယူမယားယူတွေ ရှိနေတာပဲ မဟုတ်လား"

"အင်း ... ဖြစ်နိုင်ပါတယ်၊ ဆက်ပြောပါဦး"

"ဆောင်းရိပ်သာကို မောင်မောင်တာ လက်ထပ်ပြီးနေဖို့ အတွက် မောင်မောင်တာရဲ့မိဘတွေက ဝယ်ပေးတာပဲ"

"ဒါဆို မောင်မောင်တာရဲ့မိဘတွေ အရမ်းချမ်းသာမယ် ထင်တယ်၊ ဆောင်းရိပ်သာဟာ ဒီကနေ့ တန်ကြေးဆိုရင် နည်းမှာမဟုတ်ဘူး"



"ဟုတ်မှာပေါ့၊ မောင်မောင်တာနဲ့ ဥမ္မာကို လက်ထပ်ပေးပြီး ဆောင်းရိပ်သာမှာ သူတို့လင်မယားနှစ်ယောက်တည်း လာနေကြတယ်တဲ့၊ မောင်မောင်တာက သူ့ဇနီးလေး ဥမ္မာကို သိပ်ချစ်တယ်ဆိုပဲ၊ လူငယ်လက်ထပ်စ လင်မယား အနေနဲ့ အတူသွား အတူစား တပူးတွဲတွဲပဲတဲ့၊ တစ်နေ့မှာ လင်မယားနှစ်ယောက် အင်းလျားသွားပြီး အပျော်တမ်း လှေစီးတယ်တဲ့၊ ရေလယ်ကောင်မှာ လှေမှောက်ပြီး ဥမ္မာ က ရေနစ်ရောတဲ့၊ ဥမ္မာက လုံးဝရေမကူးတတ်ဘူးတဲ့၊ မောင်မောင်တာက ဥမ္မာ့ကို အတင်းရေငုပ်ပြီး ဆယ်ဖို့ရှာ ဖွေတယ်တဲ့၊ ဒါပေမဲ့ ဥမ္မာ့ကို ရှာမတွေ့တော့ဘူးတဲ့၊ အဲဒီ အချိန်မှာ လှမ်းမြင်တဲ့လူတွေက လှေတွေနဲ့ အတင်းလိုက် လာပြီး ရေကူးလိုက် ရေငုပ်လိုက်နဲ့ ဖြစ်နေတဲ့ မောင်မောင် တာကို အတင်းဖွတ်ဆွဲတင်ခဲ့ရတယ်တဲ့၊ ဆွဲတင်လို့ လှေ ပေါ်လည်းရောက်ရော မောင်မောင်တာလည်း သတိလစ် သွားရောတဲ့၊ ဥမ္မာရဲ့အလောင်းကိုတော့ သက်ဆိုင်ရာတွေ၊ မီးသတ်အဖွဲ့တွေက ရေငုပ်ရှာဖွေတာ ရေအောက်က သစ် ပင်တွေကို ဆုပ်ထားပြီး သေဆုံးနေတဲ့ ဥမ္မာရဲ့အလောင်း ပြန်ရတယ်တဲ့၊ အဲဒီအချိန်ကစပြီး မောင်မောင်တာဟာ ရောဂါရတော့တာပဲတဲ့၊ ဆောင်းရိပ်သာကို ချော့ခတ်ပိတ် ပြီး မောင်မောင်တာကို သူ့မိဘတွေက ဆေးကုဖို့ ခေါ် သွားတယ်လို့ ပြောတာပဲ"

"မောင်မောင်တာမှာ ဘာရောဂါ ရသွားတာလဲ ဒေါ်ဒေါ် အေး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မပြောတတ်ဘူး နွယ်၊ စိတ်ရောဂါပဲဖြစ်မှာပေါ့၊ သူ့ဇနီးဥမ္မာ သူ့ရှေ့မှာ ရေနစ်သေသွားတာ စိတ်ထိခိုက်မှာပေါ့"

"အင်း ... အဲဒါ ဖြစ်နိုင်တယ်၊ မောင်မောင်တာ ဒီကန်မှာ ရေငုပ်တာဟာ သူ့ဇနီးကို ရှာဖွေတဲ့ အစွဲအလမ်း ဖြစ်မလားဘဲ၊ နောက်ပြီး သူ နွယ့်ကိုကြည့်ပုံက သူ့မျက်လုံးတွေက တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲ၊ ဒေါ်ဒေါ်အေးနဲ့ စကားပြောတဲ့အခါတော့ သူ့ပြောပုံဆိုပုံတွေ ကြည့်ပုံတွေဟာ လူကောင်းတစ်ယောက်အတိုင်းပဲ"

"နွယ့်စိတ်ထဲတော့ သူကြည့်တာ တစ်မျိုးကြီးလို့ ထင်တာပဲ။ ဘယ်လိုတစ်မျိုးမှန်းတော့ မသိဘူး။ နွယ့်ကို မလိုလားတဲ့ အကြည့်မျိုးလို့ ဆိုရမလားပဲ။ ဒါမှမဟုတ် သိပ်လိုလားတဲ့ အကြည့်မျိုးလို့ ဆိုရမလားပဲ"

"ဒေါ်ဒေါ်အေး စိတ်အထင် ပြောရမလား"

"ပြောပါ ဒေါ်ဒေါ်အေး"

"ဦးလူဝ ပြောပုံအရဆိုရင်တော့ မောင်မောင်တာရဲ့ဇနီးလေး ဥမ္မာဟာ တော်တော်ချော တော်တော်လှတယ်တဲ့၊ ဒါကြောင့် နွယ့်ကိုမြင်တော့ နွယ်ကလည်း တော်တော်ချော တော်တော်လှတာပဲ မဟုတ်လား၊ အဲဒါ သူ့ဇနီးနဲ့ယှဉ်ပြီး ကြည့်တဲ့အကြည့်မျိုးများ ဖြစ်နေမလား နွယ်"

ဒါလည်း စဉ်းစားစရာပင်။ နွယ့်ကို မြင်သည်နှင့် မောင်မောင်တာက ...



"တကယ်ဗျာ ... မမနွယ်က ချောတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖလားပဲ၊ ရုပ်ရှင်ထဲမှာ ချောတာက မိတ်ကပ်တွေလိမ်း၊ နိုင်ငံခြားအဝတ်တွေဝတ်ပြီး ချောတာ၊ အခု ချောတာက ပင်ကိုသဘာဝပဲ၊ အကဲဖြတ်ပေးစတမ်းဆိုရင် အပြင်ဘက်မှာက ပိုပြီးချော ပိုပြီးပြေပြစ်သေးတယ်"

ဟု ပြောခဲ့သည်ကို နွယ် ပြန်တွေးမိသည်။

"ထားပါတော့ နွယ် ချောလို့ကြည့်တာဆိုတာ၊ ဒါပေမဲ့ သူ့အကြည့်ထဲမှာ နွယ့်ကို မလိုလားတဲ့ အရိပ်အရောင်လေးတွေ ပေါ်နေတာကကော"

"ဒါကတော့ နွယ်က သူ့ကို ဒီကသစ်မြိုင်ခြံထဲ နောက်ထပ်မလာနဲ့တော့လို့ ပြောလိုက်တာကို သူ မလိုလားလို့ ဖြစ်မှာပေါ့ နွယ်ရယ်၊ ကဲ ... ဒေါ်ဒေါ်အေး ချက်စရာ ပြုတ်စရာလေးတွေ ဆက်လုပ်လိုက်ဦးမယ်၊ နွယ်လည်း အနားယူပြီးပြီပဲ၊ ရေမိုးချိုး အဝတ်အစားလေး ဘာလေး လဲလိုက်ဦးလေ၊ ညနေဘက် သိပ်စောင်းသွားရင် ရေချိုးရတာ အေးတယ်"

နွယ်သည် သူ့အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

ကိုမြင့်ခိုင်နှင့် လက်ထပ်သည့်နေ့မှစ၍ ကိုမြင့်ခိုင် သေဆုံးသည့်နေ့အထိ တစ်နှစ်ခွဲ ပေါင်းသင်းခဲ့သည်။

သို့သော် နောက်ပိုင်း (၆)လလုံးလုံး ကိုမြင့်ခိုင်နှင့် အိပ်ခန်းတစ်ခန်းတည်း အတူမအိပ်ဘဲ သီးခြားအခန်းဖြင့် ခွဲအိပ်ခဲ့သည်။ မိမိက စတင်ပြီး ခွဲအိပ်ခဲ့ခြင်းမဟုတ်။ ကိုမြင့်ခိုင် ကိုယ်တိုင်က သူ့တွင်ရရှိသော ရောဂါကြောင့် ခွဲအိပ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခွဲအိပ်သည့် ကာလအတွင်း ကိုမြင့်ခိုင်သည် သူ့ရောဂါကို ဒေါက်တာမြသွေးနှင့် နေ့စဉ်မပြတ် ကုသနေသည်။

ကိုမြင့်ခိုင်နှင့် လက်ထပ်ပြီးခါစလောက်ကသာ လင်မယား ရင်းရင်းနှီးနှီး နေခဲ့သည်။ ထို့နောက်ပိုင်းတွင် နွယ်က နယ်သို့ ကားရိုက်ထွက်သည့်ရက်တွေ များခဲ့သည်။

ထို့ထက်မှာမူ ...

နွယ်၏ခန္ဓာကိုယ်ပိုင်းက ချွတ်ယွင်းလေသလား၊ ကိုမြင့်ခိုင်၏ ခန္ဓာကိုယ်ပိုင်းကပဲ ချွတ်ယွင်းလေသလားတော့မသိ။ နွယ်သည် ကိုမြင့်ခိုင်နှင့် သန္ဓေသား မရခဲ့ပေ။

ကိုမြင့်ခိုင်နှင့် လက်ထပ်စေခဲ့ကာမှ ပေါင်းသင်းသည့်ရက်ပိုင်းသည် နည်းပါးခဲ့သည်။ သန္ဓေသားလည်း မရခဲ့။ ထို့ကြောင့် နွယ်၏ ပင်ကိုအလှတွေသည် ယိုယွင်းမသွားခဲ့ပေ။

ယခု မှန်ထဲတွင်လည်း နွယ်သည် မျက်နှာအလှသာမက ကိုယ်ထည်အလှလေး နဂိုပကတိအတိုင်း ရှိနေသည်ကို တွေ့ရသည်။

နွယ်သည် သူ့အလှကို သူကြည့်ရင်းပင် သက်ပြင်းလေးချကာ ရေချိုးခန်းသို့ ဝင်ခဲ့ပါ၏။

✣ ❂ ✣



နွယ် သူ့အိမ်ဦးသို့ ဒေါ်ဒေါ်အေးနှင့် မောင်မောင်တာ၏အကြောင်း ပြောနေစဉ်မှာပင် မောင်မောင်တာသည် ကသစ်မြိုင်မှ မောင်းထွက်လာသော သူ့ကားဖြူလေးကို မာလာမြိုင်လမ်း ထိပ်ရှိ ဆောင်းရိပ်သာ၏ ကုန်းအမြင့်လေးကို တက်သည်။

ခြံတံခါးကို ဆင်းဖွင့်ပြီး ခြံထဲသို့ မောင်းဝင်ခဲ့သည်။ တစ်ထပ်တိုက်ကလေး၏ ဆင်ဝင်အောက်တွင် ကားကိုရပ်ကာ အိမ်တံခါးသော့ ဖွင့်ဝင်ခဲ့သည်။

ဧည့်ခန်းထဲမှာပင် ထားရှိသော သားရေဆွဲအိတ်မှ ဇစ်ကိုဆွဲဖွင့်ကာ ရေကူးဘောင်းဘီချွတ်ပြီး အဝတ်အစား အသစ်များ လဲလှယ်သည်။

ထို့နောက် တယ်လီဖုန်းရှိရာသို့သွားပြီး ကောက်ကိုင်ကာ ဂဏန်းငါးကွက် လှည့်လိုက်သည်။

တစ်ဖက်မှ ပြန်ထူးသံ ထွက်လာသည်နှင့် မောင်မောင်တာက ပြောသည်။

"ဟုတ်ကဲ့ ... မောင်မောင်တာပါ၊ ဆောင်းရိပ်သာက ဆက် နေတာပါ၊ ကသစ်မြိုင်က နွယ်နွယ်အောင် ဒီနေ့ မွန်းလွဲပိုင်းမှာပဲ ကသစ်မြိုင်ကို ပြန်ရောက်လာပါပြီ၊ ကျွန်တော်နဲ့ စကားပြောခဲ့ရပါတယ်၊ တော်တော်ကြာအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ရပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို လိုလားလက်ခံတဲ့ သဘော မရှိပါဘူး၊ သူ့ခြံထဲက မောင်းထုတ်ပြီး နောက် ထပ်မလာနဲ့လို့ ပြောပါတယ်၊ နောက်ထပ် ဖွတ်ကိုလာရင် ရဲစခန်းကို ပိုင်နက်ကျူးလွန်မှုနဲ့ အမှုဖွင့်တိုင်ကြားမယ်တဲ့”

တစ်ဖက်မှ ပြန်ပြောသံကို ငါးမိနစ်ခန့် မောင်မောင်တာ ဆက်၍ နားထောင်သည်။ ပြီး ... ဖုန်းပြန်ချလိုက်သည်။

ဧည့်ခန်းတွင် တုံးလုံးပက်လက် ဖြစ်နေသော ဆွဲအိတ်ထဲသို့ ရေစိုဘောင်းဘီနီလေးကို ပြန်ထည့်၊ ဇစ်ပိတ်လိုက်သည်။

အိမ်တံခါးပိတ် သော့ပြန်ခတ်ပြီး ဆောင်းရိပ်သာမှ မောင်မောင်တာသည် သူ၏ပါဘလစ်ကာ ကားဖြူလေးကို ပြန်မောင်းထွက်ခဲ့သည်။

✤ ✪ ✤



၇

ဘာကြောင့်မှန်းတော့မသိ။

နေ့စဉ် ရေလာကူးသည်ဆိုသော မောင်မောင်တာကို ယနေ့လာ,မလာ နွယ်သည် မကြာခဏ ခြံပေါက်သို့လှမ်းကြည့်မိသည်။

လာစေချင်၍ စောင့်မျှော်သည့်မျိုးတော့ မဟုတ်ဟု နွယ်က ကိုယ့်ဟာကိုယ် ထင်မိသည်။

မနေ့က မင်း ငါ့ခြံထဲကို နောက်ထပ် လုံးဝမလာနဲ့ဟု ပြောလွှတ်လိုက်သဖြင့် သည်နေ့ သည်သူငယ် လာရဲမလာရဲကို စောင့်ကြည့်လိုခြင်းသာ ဖြစ်သည်ဟု နွယ် ကိုယ့်ဟာကိုယ် ထင်မိသည်။

“ဟော ... ကြည့်၊ လာတာပါပဲလား”

ကားဖြူလေးကို အိမ်ရှေ့မှာပင်ရပ်ခဲ့ပြီး မောင်မောင်တာသည် ခြံထဲသို့ သူ့ဟာသူ ဝင်လာသည်။ မျက်နှာသုတ်ပုဝါအဝါကြီးကိုခြုံပြီး ယနေ့ ရေကူးဘောင်းဘီအပြာကို ဝတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်သည် မောင်မောင်တာကို တွေ့သည်နှင့် ရင်ကလေး တဆတ်ဆတ် ခုန်သွားပါ၏။

ဘာကြောင့် နွယ်က သူ့ကို တွေ့သည်နှင့် ရင်ခုန်သွားလေသနည်း။

မခံချင်စိတ်ကြောင့် ရင်ခုန်သွားသည်ပဲလား။ မိမိက လုံးဝမလာပါနှင့်ဟု တစ်ချက်လွှတ်ပြောထားပါလျက်နှင့် သူက ဘာမထီ ထပ်မံလာသည်ကို ခံပြင်းစိတ်ဖြင့် ရင်ခုန်သည်ပဲလား။

"ဒါဆို လွယ်လွယ်လေး၊ ခြံတံခါးအတွင်းက သော့ခတ်ထားလိုက်ပါလား"

ဟု မေးချင်စရာ ဖြစ်လာသည်။

ခြံတံခါး သော့ခတ်ထား၍လည်း မဖြစ်။ နွယ်၏ လုပ်ငန်းနှင့် ပတ်သက်ပြီး သွားလာဝင်ထွက်နေသူများရှိသည်။ မိမိ ပြန်ရောက်သည်ဟု ကြားသည်နှင့် ရုပ်ရှင်ထုတ်လုပ်သူတွေ၊ ရုပ်ရှင်ဝိုင်းတော်သားတွေ မိမိထံ လာကြမည်မှာမလွဲ။ ညက နွယ်သည် မိမိပြန်ရောက်ပြီဖြစ်ကြောင်း ရုပ်ရှင်ထုပ်လုပ်သူတွေထံ ဖုန်းဆက်ခဲ့သည်။ ရင်းနှီးသော ဝိုင်းတော်သား အပေါင်းအသင်းတွေထံလည်း ဖုန်းဆက်ထားသည်။

"ဒါဆို သူတို့လာပြီး ကားဟွန်းတီးလျှင်လည်းကောင်း၊ ခြံအုတ်ခုံပေါ်တွင် တပ်ဆင်ထားသော လျှပ်စစ်လူခေါ်ခေါင်းလောင်းသံကို ကြားလျှင်လည်းကောင်း သွားဖွင့်ပေးရုံပေါ့"

ဟု ပြောချင်တော့ ပြောနိုင်သည်။

ဒါကလည်း မလွယ်ရေးချမလွယ်။



ကသစ်မြိုင်အိမ်တွင် လောလောဆယ် မိမိနှင့် ဒေါ်ဒေါ်အေးသာရှိသည်။ အပြင်မှ ညှိသည်ခေါ်လေတိုင်း ဒေါ်ဒေါ်အေးကို သွားဖွင့်ခိုင်းစေရန်မှာ မသင့်တော်။ ဒေါ်ဒေါ်အေးက လူကြီးပိုင်း ဖြစ်နေပြီ။

ဒါကြောင့်ပင် မိုးလင်းသည်နှင့် ဒေါ်ဒေါ်အေး ဈေးသွားရင်း ခြံတံခါးသော့ကို ဖွင့်ထားခိုင်းသည်ပဲ ဆိုပါတော့။

မောင်မောင်တာ ဝင်လာသည်ကို နွယ်က ပြောင်ပြောင်တင်းတင်း ကြည့်သည်မဟုတ်။ ပြတင်းပေါက်မှ ချောင်းကြည့်ခြင်းဖြစ်သည်။

ခုန်နေသောရင်ကို လက်ဝါးလေးဖြင့်ဖိရင်း မောင်မောင်တာကို ဆက်ကြည့်နေသည်။

တိုက်ခန်းအနီးသို့ ရောက်သောအခါတွင် မောင်မောင်တာသည် အိမ်ဆီသို့ လှမ်းကြည့်သည်။

ဒေါ်ဒေါ်အေးက ဈေးသွားနေရာမှ ပြန်မလာသေး။ မိမိကလည်း အမြင်အထင် မဟုတ်ဘဲ ကွယ်ပုန်းချောင်းကြည့်သည်မို့ မိမိကို မောင်မောင်တာ ဘယ်နည်းနှင့်မှ မမြင်နိုင်။

သို့စဉ်လျက် မောင်မောင်တာသည် အိမ်ကြီးကို ကြည့်ကာ စစ်သားအလေးပြုသလို လက်ဝါးစောင်း နဖူးကပ်ခြောက် လုပ်ပြပြီး ရေကူးကန်ဆီသို့ ထွက်သွားသည်။

နွယ် ဘာလုပ်ရမည်နည်း။

ရှုတ်ထပ်လာသော မောင်မောင်တာအား ထပ်မံဆင်းတွေ့ပြီး နှင်ထုတ်လည်း အကြောင်းထူးမည်မထင်။ သည်ကောင်လေးက တကယ့် ဖွတ်တစ္စတ် ဂျစ်ကန်ကန်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က သူ့ကို ခြိမ်းခြောက်ထားသည့်အတိုင်း ရဲစခန်းသို့ ဖုန်းဆက်ပြီး အကြောင်းကြားမည်။ ရဲတွေလာလျှင် ပိုင်နက်ကျူးလွန်မှုနှင့် အမှုဖွင့်တိုင်ကြားမည်။ နွယ် တယ်လီဖုန်း ရှိရာသို့ ခြေလှမ်းလိုက်သည်။

"အဲဗျာ ... မမနွယ်ရဲ့ ရေကူးကန်မှာ ကျွန်တော် လာကူးလို့ ရေကူးကန်ကြီး ပွဲမသွားပါဘူးဗျာ"

"နောက်ထပ် လာမှာပဲ ဆိုရင်ကော မမနွယ်က ကျွန်တော့်ကို ပါးရိုက်မှာလား၊ ဓားနဲ့ထိုးမှာလား၊ သေနတ်နဲ့ပစ်မှာလား မမနွယ်"

"ကျွန်တော့်ရောဂါကို ကုသတဲ့နည်းထဲမှာ ရေကူး ဒိုင်ဗင်ထိုး ရေငုပ် စတဲ့ လေ့ကျင့်ခန်း မှန်မှန်ယူရမယ်လို့ ဆရာဝန်က ညွှန်ကြားထားလို့ပါ"

မနေ့က မောင်မောင်တာ ပြောခဲ့သော စကားလေးတွေ နွယ်၏နားထဲသို့ စီကာပတ်ကုံး ဝင်လာသဖြင့် နွယ်သည် ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

တကယ်တမ်း စဉ်းစားကြည့်လျှင် ရေကူးကန်ဆိုသည်မှာ တမင်တကာ ရေကူးရန်အတွက် ဆောက်လုပ်ထားခြင်းဖြစ်ပါ၏။ ကိုမြင့်ခိုင် သေဆုံးသွားသည်မှစ၍ ယနေ့ထိ မိမိသည် ရေကူးကန်သို့ လုံးဝမသွားခဲ့။

ဒေါ်ဒေါ်အေးကဆို ရေကူးဖို့ နေနေသာသာ ရေကို သိပ်ကြောက်သည်။ ဒေါ်ဒေါ်အေး လုံးဝရေမကူးတတ်။

ကိုမြင့်ခိုင် ရေနစ်စဉ်ကလည်း ဒေါ်ဒေါ်အေးသာ ရေကိုကျွမ်းကျွမ်းကျင်ကျင် ကူးတတ်လျှင် ကိုမြင့်ခိုင်သည် တခြား



အကြောင်းကြောင့်သာ သေလျှင်သေရမည်။ ရေနစ် သေနိုင်စရာမရှိ။ ကိုမြင့်ခိုင် ရေနစ်စဉ်က ဒေါ်ဒေါ်အေး ကယ်တင်နိုင်ဖို့ အချိန်တွေ ရခဲ့သည်။ သို့သော် ဒေါ်ဒေါ်အေး ရေတွင်လုံးဝမကျွမ်းကျင်ဘဲ အကြောက်လွန်ပြီး အကူအညီတွေ လိုက်တောင်းနေသောကြောင့် အချိန်ကြာကြာ ရေနစ်ပြီး ကိုမြင့်ခိုင် သေဆုံးခြင်းဖြစ်သည်ဟု ဆိုနိုင်လောက်သည်။ ထားပါတော့ ဒါတွေ။

ယခုလောလောဆယ် ရေကူးကန်သည် အားလပ်နေသည်။ ကူးမည့်သူမရှိဘဲလျက်တောင် တစ်လတစ်ကြိမ်လောက် ရေဟောင်းထုတ် ရေသစ်လဲအတွက် တတ်ကျွမ်းသူကို ပိုက်ဆံပေး ခေါ်လုပ်ခိုင်းရသည်။

သည်တော့ သည်မောင်မောင်တာ ရေလာကူးနေသည်ကို မိမိက ဘာတွန့်တိုစရာ ရှိသနည်း။ နွယ်၏ပင်ကိုစိတ်ဓာတ်အရင်းခံသည် ဤသို့ တွန့်တိုစိတ်ရှိဖို့ဝေးလို့ ဘာမဆို တစ်ပါးသူကို ကူညီချင်သော စိတ်ဓာတ်အတွင်းခံ ရှိထားသည်။

သို့သော် နွယ့်အတွက် ခက်လှသည်။

လက်ထပ်ယောကျ်ား ကိုမြင့်ခိုင် သေဆုံးခြင်းအတွက် မိမိအပေါ် ရဲကအစ လူတွေအားလုံး သံသယဖြစ်ခဲ့ဖူးပြီ။ ကွယ်ရာတွင် အတင်းပြောခံရရုံမက စာနယ် မဂ္ဂဇင်းစာစောင်များကပင် မိမိအား တိုင်းသိပြည်သိ သို့လော သို့လော အထင်မှားခံရအောင် ရေးခဲ့ဖူးပြီ။

အကယ်၍သာ ယခု ရေကူးကန်တွင် အမျိုးသမီးတစ်ဦးမက ဆယ်ဦးဖြစ်ပါစေ ရေကူးခွင့်တောင်းခံလာလျှင် ကျေကျေနပ်နပ် ခွင့်ပြုမည်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် (၁၅) (၁၆)နှစ်အရွယ် ကျောင်းသားလေးဆိုပါကလည်း နွယ် ကန့်ကွက်စရာမရှိ။

ယခုမူ မောင်မောင်တာက မိမိထက် သုံးလေးနှစ်ခန့် ပို၍ငယ်ပါသည် ဆိုဦးတော့ လူကောင်ထွားကျိုင်းပြီး ဥပဓိရုပ် ချောမောပြေပြစ်သည်ရော၊ ပုံစံအားဖြင့် ချမ်းသာကြွယ်ဝသောအမျိုးအနွယ်မှ ဆင်းသက်လာသည့် ပုံစံရောတွေကြောင့် မောင်မောင်တာကို နွယ် လက်ခံဖို့ခက်လှသည်။

မိမိစကားအတိုင်း ဖုန်းဖြင့် ရဲစခန်းတိုင်သင့် မတိုင်သင့် နွယ် ပြန်စဉ်းစားရပါ၏။

လောလောဆယ် နေပါစေဦး၊ တစ်ရက် နှစ်ရက်ကြာမှ တစ်ခုခု စီစဉ်တော့မည်ဟု စိတ်ပိုင်းဖြတ်သည်။

အဓိက အရေးကြီးသည်မှာ မောင်မောင်တာအား မိမိက နောက်ထပ် မျက်နှာချင်းမဆိုင်ဘဲ ရှောင်နေဖို့သာဖြစ်ပါ၏။

ရဲစခန်းသို့ နွယ် တယ်လီဖုန်းမဆက်ဖြစ်တော့ဘဲ ဧည့်ခန်းထောင့်တွင်ရှိသော ဒရင်း(မ်(ဘက်(ဒ်)ခြေဆန့်လဲလျောင်းပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည်။

အေးအေးဆေးဆေး စိတ်ကိုလျှော့ပြီး ဒရင်း(မ်)ဘက်(ဒ်)တွင် ခြေဆန့် ကိုယ်စောင်းလေး ထိုင်မိပြီးနောက် နွယ်သည် ကိုမြင့်ခိုင်နှင့် ဖြစ်ပျက်ခဲ့သမျှတို့ကို ပြန်တွေးမိသည်။

✣ ✪ ✣



၄

ကိုမြင့်ခိုင်နှင့် နွယ်တို့ စတင်တွေ့ဆုံကြပုံမှာ ဆန်းဆန်းပြားပြား တွေ့ဆုံကြပုံမျိုးလည်း မဟုတ်ပါလေ။

ရုပ်ရှင်ထုတ်လုပ်သူ ဦးဖေခင်၏ ဇာတ်ကားတစ်ကားရိုက်ရန် နွယ်က လက်ခံလိုက်သည်။ ရွှေတောင်ကြားလမ်းထဲရှိ ဦးဖေခင်၏ ခြံကျယ်တိုက်အိမ်ကြီးမှာပင် လက်ခံပြီး ရုပ်ရှင်အတွက် ကန်တော့ပွဲပေးသည်။

ကန်တော့ပွဲပေးသည့်နေ့တွင် ပရိုဂျူဆာက မင်းသားမင်းသမီးနှင့် အရေးကြီးသော ဇာတ်ဆောင်ဇာတ်ပို့များကို စရန်ငွေထက်ဝက်ပေးသည့် အလေ့လည်းရှိသည်။

ရှင်းရှင်းပြောရသော် စရန်ငွေလက်ခံမည့် သရုပ်ဆောင်များ ထိုကန်တော့ပွဲသို့ မတက်မနေ တက်ကြသည့်ပွဲဖြစ်ပါ၏။

ထိုဇာတ်ကားတွင် ခေါင်းဆောင်မင်းသားက ကိုဧယျာလွင် ဖြစ်ပါ၏။

ခေါင်းဆောင်မင်းသမီးက နွယ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကန်တော့ပွဲတွင် မင်းသား ကိုဇေယျာလွင်နှင့် အတူ ကိုမြင့်ခိုင် လိုက်လာခြင်းဖြစ်ပါ၏။

ကိုဇေယျာလွင်နှင့် နွယ်တို့မှာ အတူတွဲပြီး ရုပ်ရှင်ဇာတ်ကား တော်တော်များများ ရိုက်ကူးခဲ့ခြင်းဖြင့် ရုပ်ရှင်မိသားစု ခင်မင်ပုံအတိုင်း ခင်မင်ရင်းစွဲ ရှိနေကြသည်။

ပုံပန်းအားဖြင့်တော့ နွယ့်ကို မြင်လိုက်သည်နှင့် ကိုမြတ်ခိုင်သည် တန်းတန်းစွဲ ဖြစ်သွားပုံရသည်။ ထိုပွဲမှာပင် နွယ်နှင့် မိတ်ဆက်ပေးရန် သူငယ်ချင်းဇာတ်လိုက် ကိုဇေယျာလွင်ကို အပူကပ်ပေးသည်။

"ကဲ ... နွယ်၊ ကိုယ့်ချစ်ချစ်က ဂျပန်ကနေပြီး မကြာခင် ကားသစ်တစ်စီး ပို့ပေးမယ်ဆိုလို့ ကိုယ့်ဒီမှာရှိနေတဲ့ကားကို ရောင်းပစ်လိုက်တယ်လေ၊ အခု ကန်တော့ပွဲလာဖို့ ကားမရှိတာနဲ့ ဟောဒီကောင် မြင့်ခိုင်ကို လိုက်ပို့နိုင်းရတယ်၊ ဒီကောင် မြင့်ခိုင်က လိုက်ပို့ဖို့ ခေါ်တုန်းကတော့ အိုက်တင်ခံပြီး အင်တင်တင်နဲ့၊ ဒီရောက်လို့ တို့မင်းသမီး နွယ်ကို တွေ့တာနဲ့ သူနဲ့မိတ်ဖွဲ့ပေးပါလို့ အတင်းပူဆာနေတယ် နွယ်"

"ဟာ ... ဒီကောင် ဇေယျာလွင်၊ မင်းဟာက မိတ်ဆက်ပေးတာတော့ ဟုတ်ပါရဲ့၊ ငါ့ကို မင်း မိတ်ဆက်ပေးပုံက ပေါ်တောတော ဖြစ်သွားတာပဲ"

နွယ် ရယ်လိုက်သည်။ အားလုံးလည်း ရယ်ကြသည်။

သည်လောကတွင် သည်လိုမိတ်ဆက်တာမျိုး နာမည်ကြီး ရုပ်မင်းသမီးတွေအဖို့ အဆန်းမဟုတ်တော့ပြီ။ စကားလုံး



လှလှနှင့် မိတ်ဆက်ဆက်၊ စကားလုံးကြမ်းကြမ်းနှင့် မိတ်ဆက်ဆက် မဆန်းတော့ပြီ။

မင်းသားကိုဇေယျာလွင်၌ ဇနီးချော ချယ်ရီရှိသည်။ ချယ်ရီက ပညာတတ် ထက်မြက်သော မိန်းကလေးဖြစ်သည်။ သူမ၏မိဘများ အဆက်အသွယ်ဖြင့် ဂျပန်သို့သွားရောက်ကာ ကုမ္ပဏီကြီးတစ်ခုတွင် ထိုက်ထိုက်တန်တန် ရာထူးအဆင့်နှင့် အလုပ်ဝင်နေသူဖြစ်သည်။

တိုတိုပဲ ပြောကြပါစို့ဆိုလျှင် ထိုကန်တော့ပွဲပေးသောနေ့မှစပြီး ကိုမြင့်ခိုင်သည် နွယ့်ထံသို့ အဝင်အထွက်တွေ အဖိုးတန်လက်ဆောင်ပစ္စည်းတွေ များပြားလာတော့သည်။

မယုံမရှိပါလေနှင့်။

နွယ်သည် သူမ၏ပင်ကိုအရည်အချင်း၊ သူမ၏ဝါသနာ၊ သူမ၏ကြိုးစားမှုဖြင့် ရုပ်မင်းသမီးတစ်လက် ဖြစ်ခဲ့ခြင်းဖြစ်သော်လည်း သူမ၏ကာယဗြဲကို အတတ်နိုင်ဆုံး ထိန်းသိမ်းသည်။ ရင်ထဲက ချစ်သူဟူ၍ မရှိစဖူးသေး။ ကိုမြင့်ခိုင်နှင့် တွေ့စဉ်ကာလဝယ် နွယ်သည် ဗီဒီယိုဇာတ်ကားတစ်ကားလျှင် တစ်သိန်းအထက်တွင် ရရှိနေသော မင်းသမီး ဖြစ်နေပေပြီ။

နွယ်ကိုယ်တိုင် မိမိအနုပညာဖြင့် စုဆောင်းရရှိငွေသည် သိန်းနှစ်ဆယ်ကျော်လေပြီ။

ဝါသနာကလည်းကြီး၊ ဇွဲလုံ့လရှိသော နွယ်သည် လသာတုန်း ဗိုင်းငင်၊ မိုးရွာတုန်း ရေခံဆိုသလို နောင်တစ်နေ့သော အနာဂတ်အချိန်တွင် ရုပ်ရှင်မင်းသမီးဘဝမှ အနားယူလေသည့်အခါ ကိုယ်ပိုင်ထုတ်လုပ်သူ၊ ဒါရိုက်တာလုပ်ချင်လုပ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် အခြားလုပ်ငန်းတစ်ခုလုပ်လျှင် ငွေရင်း စိုက်ထုတ်လုပ်ကိုင်မည်။

နွယ့်တွင် ကိုယ်ပိုင်ကားတစ်စီး ရှိပါသည်။ သိပ်အံ့ဖိုးတန်ကားတော့ မဟုတ်။ တိုယိုတာဆလွန်းကား ဖြစ်ပါ၏။

နွယ်သည် မင်းသမီးမို့ သူများနည်းတူ ကားဝယ်ထားသော်လည်း ကားရိုက်ထွက်သည့်အခါ ထုတ်လုပ်သူ လာကြိုလိုက်ပို့သော ကားကိုသာ အစီးများခဲ့သည်။

နွယ် ကားမောင်းတတ်ပါသည်။ ယာဉ်မောင်းလိုင်စင်လည်း ရရှိပြီး ဖြစ်ပါသည်။ သို့သော် ရန်ကုန်မြို့တွင် ကားတွေများလွန်းပြီး ယာဉ်ကျောစည်းကမ်းတွေက များလွန်းသဖြင့် ကားမမောင်းချင်။ မလွဲသာလွန်းမှ နွယ် မောင်းတတ်သည်။

ဒရိုင်ဘာလည်း နွယ် မထားလို။

တခြား သွေးသားရင်းရင်းချာချာထဲကလည်း မောင်းပေးမည့်သူ မရှိ။ ရန်ကုန်သို့ မင်းသမီးအဖြစ်လုပ်ရန် ဆင်းလာကတည်းက ဒေါ်ဒေါ်အေးသာလျှင် အဖော်ပါလာသည်။

ဤပျော့ကွက်ကို ကိုမြင့်ခိုင်က အပိုင်ကိုင်သွားနိုင်ခြင်း ဖြစ်ပါ၏။ နွယ် ကားရိုက်သွားမည့်နေရာကို ကိုမြင့်ခိုင်က တင်ကြိုသိသည်။ ထုတ်လုပ်သူထံမှ ကြိုကား ရောက်မလာမီ ကိုမြင့်ခိုင်က အရင်ရောက်လာသည်။ အတင်းလိုက်ပို့သည်။

ပထမတော့ ကားရိုက်ပြီးချိန် မတိုင်မီ ကိုမြင့်ခိုင် ရောက်လာပြီး အိမ်ကိုပို့ပေးရန်ကြိုသည်။

နွယ်က စမ်းချောင်း မအူပင်လမ်းထဲတွင် နှစ်ချုပ်ငှားနေသည်။ တစ်ထပ်တိုက်လေး ဖြစ်ပါ၏။ သူမ၏စုဆောင်း



ထားသောငွေ လျော့ပါးသွားမည်စိုး၍ နွယ်သည် ကိုယ်ပိုင်အိမ်မဝယ်သေး။ ရသမျှကို ဆက်လက်စုဆောင်းနေသည်။

ကိုမြင့်ခိုင်၏ကားက ဆလွန်းကားကြီး ဖြစ်ပါ၏။ လေအေးစက် လေပူစက် ကားထဲတွင်ပါသည်။ မှန်တံခါးများမှာ ခလုတ်နှိပ်ရုံဖြင့် အလိုလိုဖွင့်ဖြစ်သည်။ အားလုံးသည် အော်တိုတွေ ပါဝါတွေနှင့်ဖြစ်သည်။ စီးရသည်မှာ ညက်ညောငြိမ့်ညောင်းလှပါ၏။

တဖြည်းဖြည်းနှင့် ကိုမြင့်ခိုင်နှင့် နွယ်တို့သည် ရင်းနှီးသော အပေါင်းအသင်း ဖြစ်လာသည်။

ရင်းနှီးလာသောအခါ ကိုမြင့်ခိုင်က နွယ် ကားရိုက်သည်ကို ပြီးသည်အထိစောင့်သည်။

ကားရိုက်ပြီးလျှင် အမောပြေဆိုပြီး အင်းလျားကန်ဟိုတယ်၊ ကရဝိတ်ဟိုတယ်၊ ကန်တော်ကြီးဟိုတယ် စသည်များတွင် ကျွေးမွေးသည်။

သည်နောက် ကိုမြင့်ခိုင်က မာလာမြိုင်လမ်းသွယ်ရှိ သူ၏ခြံနှင့် တိုက်အိမ်ဖြစ်သော ကသစ်မြိုင်သို့ ခေါ်သွားတတ်သည်။

ကိုမြင့်ခိုင်သည် မိမိအပေါ်တွင် သာမန်ထက်ပိုနေပြီမှန်း နွယ် သိသည်။

သို့သော် ကိုမြင့်ခိုင်သည် လူကြီးလူကောင်းအသွင်ရှိသည်။ နွယ့်အား ဖွင့်မပြောသေးပေ။

အကယ်၍ ကိုမြင့်ခိုင်က ဖွင့်ပြောလာပါလျှင်လည်း နွယ်က လက်ခံမည်မဟုတ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမူ နွယ်သည် ယခုလို နာမည်အလွန်တက်ပြီး ဝင်ငွေကောင်းနေချိန်တွင် အပျိုမင်းသမီးဘဝနှင့်ပင် ဆက်လက် နေလိုသေးသည်။

ဟုတ်ရင်လည်း မှန်မည်။

မဟုတ်ပါကလည်း မှားမည်။

နွယ်၏ရင်တွင်းအယူအဆမှာ မိမိကို အားပေးနေသော ပရိသတ်ထုကြီးသည် အပျိုမလေး နွယ် ဖြစ်နေသည်ကိုသာ သဘောကျ အားပေးနေခြင်းဖြစ်သည်။

အိမ်ထောင်သည်မလေး နွယ် ဖြစ်သွားလျှင် အားပေးနေသော ပရိသတ်လျော့နည်းသွားလိမ့်မည်ဟု နွယ် ယူဆထားသောကြောင့် ဖြစ်ပါ၏။

ထိုစဉ်က နွယ်၏အသက်သည် (၂၃)နှစ်သာသာလေးသာ ရှိသေးသည်။ အရှိန်အဟုန် အလွန်ကောင်းနေသော အရွယ်လေး ဖြစ်ပါ၏။ အိမ်ထောင်ပြုပါက မျက်နှာအလှမပျက်သော်လည်း ခန္ဓာကိုယ်အလှ ပျက်သွားမည်ကိုလည်း နွယ် စိုးရိမ်သည်။

သည်ထက်ပို၍ အဓိကျသည်မှာ ...

နွယ်သည် ကိုမြင့်ခိုင်အား ရင်ထဲ နှလုံးထဲက ဆန်းပြားသောအချစ်နှင့် လုံးဝမချစ်ခြင်းပင် ဖြစ်ပါ၏။

ယခင်က ပုံစံအမျိုးမျိုးဖြင့် ချဉ်းကပ်ခဲ့သူများကို ဒါဇင်ပေါင်း မြောက်မြားစွာထဲမှ တစ်ယောက်တလေကိုမျှလည်း နွယ်၏ရင်ထဲ နှလုံးထဲက ပြန်မချစ်မိ။



ယခု ကိုမြင့်ခိုင်ကိုလည်း နွယ်သည် လုံးဝရင်ထဲက ချစ်သည့်စိတ် မပေါ်လာပေ။

သို့သော် ...

တစ်နေ့တွင် ကိုမြင့်ခိုင်သည် နွယ့်အား အပိုင်ထုလေတော့သည်။

ကြောင်သူတော်သည် ဥပုသ်စောင့်သလို ငြိမ်နေပြီး တစ်ဖက်သား ယုံကြည်လေမှ အပိုင်ဖမ်းခုတ်လိုက်သလို နွယ်ခံလိုက်ရသည်။

ဇာတ်ကွက်လေးက ရိုးရိုးလေးပင်။ ဇာတ်ကားထိုက်အပြီး ကသစ်မြိုင်တွင် အေးအေးဆေးဆေး အအေးသောက်မည်ဟု လာကြသည်။

သည့်အရင်ကလည်း (၁၀)ခေါက်ထက်မနည်း နွယ်သည် ကိုမြင့်ခိုင်၏ သိက္ခာသမာဓိကို ယုံကြည်ပြီး လိုက်ခဲ့သည်။ အအေးသောက် အနားယူပြီး နွယ့်ကို စမ်းချောင်းအိမ်သို့ပင် ပြန်ပို့ပေးသည်ချည်း ဖြစ်ပါ၏။

နွယ့်ရင်ထဲတွင် တနုံ့နုံ့ ခံစားနေရသည်။

ဟန်ဆောင်ကောင်းသော လူပုဂ္ဂိုလ်တစ်ဦး၏ သိက္ခာသမာဓိကို ယုံကြည်လိုက်မိခြင်းသည် မိမိအမှားဟု ယူကျုံးမရ ဖြစ်ခဲ့သည်။

လေးမြားလောက်စာလုံးတွေ၏ ပစ်ချက်ကို လိမ္မာပါးနပ်စွာ အကြိမ်ကြိမ် ရှောင်တိမ်းနိုင်ခဲ့သော ငှက်ငယ်သည် ပိုးဖဲကတ္တီပါဖြင့် ဖန်ဆင်းထားသော ထောင်ချောက်ထဲတွင်မှ ဝင်မိလေခြင်းဟု ကြီးစွာသောနောင်တ ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိပါ၏။

ကိုမြင့်ခိုင်သည် နွယ့်အား အိုင်တွေ့ခြေဆေး ပုံစံမဟုတ်။ အစာဝလို့ ဒွာနပြန်သည့် အသွင်မျိုးမရှိ။

နွယ်၏စမ်းချောင်း မအူပင်အိမ်သို့ လာမြဲလာသည်။ နွယ်က သူ့ကားနှင့်မလိုက်တော့ဘဲ ပရိဂျူဆာ၏အကြိုအပို့ဖြင့်သွားသည်။ အဆင်မပြေလျှင် ကိုယ့်ကားနှင့်ကိုယ်သွားသည်။

နွယ် ကားရိုက်ရာသို့ ကိုမြင့်ခိုင် လိုက်လာသည်။ တစ်နေ့လုံး ထိုင်နေသည်။ နွယ်က စကားမပြောလည်း နွယ့်ကို သူက ကြည့်နေသည်။ နွယ်က အခြားကားဖြင့် ကားရိုက်ပြီးပြန်မှ ကိုမြင့်ခိုင် ပြန်သည်။

နွယ်၏ ရုပ်ရှင်အသိုက်အဝန်းများက နွယ့်အား သမီးရည်းစား စိတ်ကောက်နေသည်ဟုပင် ထင်ကြသည်။

ရေးမဆွက ကိုမြင့်ခိုင် ကားဖြင့် အတူသွား အတူလာ ရှိခဲ့သည်မို့ နွယ်နှင့် ကိုမြင့်ခိုင် မေတ္တာမျှနေကြပြီဟုလည်း စွပ်စွဲကြသည်။

နောက်ဆုံး အခြေအနေအရ မတတ်နိုင်တော့ပြီ။ မချစ်သော်လည်း အောင့်ကာ နမ်းတော့မည်။

ကိုမြင့်ခိုင်ကို ပြန်၍အကပ်ခံကာ နွယ်ကပင် အကျဉ်းရုံး လက်ထပ်လိုက်သည်။

ခင်မင်ရာတရားသူကြီး အိမ်ဖိတ်ခေါ်ပြီး ကသစ်မြိုင် အိမ်ကြီးမှာပင် ကိတ်မုန့်၊ ကော်ဖီ၊ ရေခဲမုန့်ကျွေးပြီး လူသိရှင်ကြား တရားဝင် လက်ထပ်စာချုပ်ဖြင့် လက်ထပ်လိုက်သည်။



ကိုမြင့်ခိုင်ကတော့ ဝမ်းမြောက်စွာ ကြိုဆိုပါ၏ပေါ့လေ။ မှိုရသောမျက်နှာ၊ ထီပေါက်သောမျက်နှာမျိုးဖြင့် ကိုမြင့်ခိုင်မျက်နှာတွင် တွေ့ရပါ၏။

နွယ်သည် ကိုမြင့်ခိုင်ဆို၍ ကိုမြင့်ခိုင် တစ်ယောက်တည်းကိုသာ သိသည်။ ကိုမြင့်ခိုင်၏ မိဘတွေသည် မည်သူမည်ဝါတွေမှန်း မသိ။ မသိ၍ မေးသလားဆိုတော့လည်း လုံးဝမမေးမိ။

ကိုမြင့်ခိုင်တွင် ညီအစ်ကိုမောင်နှမ အရင်းအချာတွေ ရှိ၊မရှိ နွယ် မသိ။ မေးသလား ဆိုတော့လည်း နွယ် လုံးဝမမေး။

တည်မိလေမှတော့ သည်ဘုရား လင်းတနားနားပေါ့ ဟုသာ နွယ်သည် အရှုံးပေးစိတ် ထားလိုက်ပေတော့သည်။

ကိုယ်ချစ်မဟုတ်ဘဲ သူချစ်ဘဝဖြင့် ဖြစ်မြောက်သွားသော အိမ်ထောင်ကို နွယ်သည် သိက္ခာရှိရှိ၊ သမာဓိရှိရှိဖြင့် တည်တည်ငြိမ်ငြိမ်လေး တည်ထောင်ပေးသည်။

ကိုမြင့်ခိုင်နှင့် လက်ထပ်ပြီး ပထမတစ်နှစ်လောက်တော့ အဟုတ်လေသား။

ကိုမြင့်ခိုင်ကလည်း နွယ့်ကိုချစ်ကြောင်း ပေါ်လွင်လှသည်။ သူက အရမ်းချစ်သောကြောင့် နွယ့်ထံမှ ရောင်ပြန်ဟပ်သူ့အပေါ်တွင် တစ်နေ့နေ့၌ ပြန်ချစ်လာလိမ့်မည်ဟုလည်း မျှော်လင့်ထားပုံရသည်။

ကိုမြင့်ခိုင် မျှော်လင့်သလို တစ်နေ့နေ့ဆိုသည်များကတော့ နွယ်၏ရင်ထဲက နှလုံးသားတွင် ပေါ်မလာသေး။ လက်ထပ်ခဲ့သည့်နေ့မှစပြီး ယနေ့အထိ ကိုမြင့်ခိုင်နှင့်အတူ အိပ်စက်သော်လည်း နွယ်၏နှလုံးသားသည် အချစ်ကြောင့် ရင်ခုန်သည်မျိုး တစ်ခါမှ မဖြစ်ဘူးသေး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ မတတ်နိုင်။ နှလုံးသားထဲမှ ချစ်ခြင်းမေတ္တာသည် နွားကို နဖားကြိုးသွင်းပြီးလည်းကောင်း၊ မြင်းကို ပါးစပ်ထဲ ပါးချပ်သွင်းပြီးလည်းကောင်း ကိုယ်လိုရာ ကြိုးဆွဲပြီး ဘယ်ကွေ့၊ ညာကွေ့ လုပ်ခိုင်း၍ ရကောင်းသည်မျိုးလည်းမဟုတ်။ သူ့အလိုအလျောက် ယိုစီးစိမ့်ထွက်လာခြင်းမျိုးသာ ဖြစ်ပါ၏။

ဒုတိယနှစ်ဦးပိုင်းမှစ၍ ဖောက်ပြန်လာသူမှာ ကိုမြင့်ခိုင်ပင် ဖြစ်တော့သည်။

ကိုမြင့်ခိုင်သည် အာရုံကြောအထူးကုသမားတော် ဒေါက်တာအောင်ဘန်းဖြင့် စတင်ဆေးကုသည်။

ဒေါက်တာအောင်ဘန်း၏ ညွှန်ကြားချက်အရ နွယ့်အား ကိုမြင့်ခိုင်နှင့်အတူ မအိပ်စေဘဲ အိပ်ခန်းခွဲကာ အိပ်ရသည်။

ကိုမြင့်ခိုင်တွင် အင်ပိုတင်စီရောဂါရှိနေပြီ။ ယောက်ျားသားတစ်ဦး အနေဖြင့် စွမ်းဆောင်မှုအင်အား မရှိတော့ခြင်း၊ ယောက်ျားအဖြစ် ဘဝဆုံးရှုံးခြင်းရောဂါဟု သိရပေသည်။

ထိုအချိန်မှစ၍ နွယ်နှင့် ကိုမြင့်ခိုင်သည် လင်မယားစကားများခြင်းတွေ ဖြစ်လာရသည်။

နွယ့်ကို အရမ်းချစ်လွန်းသော ကိုမြင့်ခိုင်သည် ခပ်ရိုင်းရိုင်းလေး ပုံခိုင်းရလျှင် ကောက်ရိုးပုံဆောမှ ခွေးအသွင်ဖြစ်လာသည်။ ကိုယ်လည်း ရောက်ရိုးမစားနိုင်၊ ကောက်ရိုးပုံအနီးသို့ ချဉ်းကပ်လာသူကိုလည်း ဟောင်သည့်သဘာမျိုးတွေ သက်ဝင်လာသည်။

နွယ့်အား အမျိုးမျိုး စွပ်စွဲလာသည်။

ဘယ်ကောင့်ကို နွယ် အရေးပေးလွန်းသည်။ သည်ကောင့်ကို နွယ်ကြည့်ပုံက မရိုးသားသောအကြည့်ဖြင့် ကြည့်သည်။



ဘယ်ဓာတ်ကားတွင် မင်းသား မင်းသမီး ချစ်ကြိုက်ခန်း တင်ပြရာတွင် နွယ်သည် စိတ်ရောကိုယ်ပါ ရှိလွန်းသည်။ ဟိုလူကြမ်းက နွယ့်ကို အတင်းဖမ်းရာတွင် အကိုင်အတွယ် ကြမ်းလွန်းသည် စသည်ဖြင့် နွယ့်ကို စွပ်စွဲချင်သောစကားတွေ ပြောလာသည်။

နွယ်က ရုပ်ရှင်၏သဘောသဘာဝနှင့် အသိုက်အဝန်းဆက်ဆံရေးတို့တွင် ဖင်ပုတ် ခေါင်းပုတ်လေးတွေ ရှိတတ်ကြောင်း၊ ကားရိုက်ရာတွင်လည်း ပရိသတ် စွဲမက်ခံစားရအောင် သရုပ်ဆောင်ရသဖြင့် အချို့ရိုက်ကွက်များတွင် အထင်မှားစရာရှိနိုင်ကြောင်းတွေ ရှင်းပြသည်။

ဩော် ... သူ့ခမျာ ငါ့ကိုချစ်လွန်းပြီး သူ့မှာရောဂါနှင့်ဆိုတော့ စိုးရိမ်ပူပန်မှု လွန်ကဲပြီး ပြောရှာတာပါလားဟု ကိုမြင့်ခိုင် စွပ်စွဲသမျှကို သည်းခံခွင့်လွှတ်ပေသည်။

သို့သော် မရပါလေ။

ကိုမြင့်ခိုင်သည် ဘယ်လောက်ရှင်းပြပြ တစ်နေ့တခြား "ကျားကျားမီးယပ်"ဖြစ်လာသည်။

ဖွတ်ဆန်သော စိတ်ဓာတ်လေးတွေ တစ်စထက်တစ်စ ပိုဝင်လာသည်။

တကယ်တမ်းမှ သူ ယခုလိုရောဂါမျိုး ရရှိခြင်းမှာ လူပျိုဘဝက မိန်းမကိစ္စတွင် အပျော်အပါး လွန်ကဲမှုတို့ကြောင့်ဟု ဒေါက်တာအောင်ဘန်း ပြောသံကို နွယ် ကြားခဲ့သည်။

သည်လိုနှင့်ပင် ဒုတိယနှစ်ဦးပိုင်းမှစ၍ ကိုမြင့်ခိုင်နှင့် နွယ်တို့ လင်မယားသည် တကျက်ကျက်လေးတွေ တစ်စထက်တစ်စ ပိုဖြစ်လာသည်။

✤ ✪ ✤

www.burmeseclassic.com

www.burmeseclassic.com



"ကလင် ... ကလင် ... ကလင်"

နွယ်သည် ခရင်း(မ်)ဘက်(ဒ်)ကို ကျောမှီခြေဆန့် ခေါင်းမှေးပြီး အတိတ်အကြောင်းတွေ ပြန်တွေးနေစဉ်မှာပင် တယ်လီဖုန်းခေါင်းလောင်းသံ ဝင်လာသဖြင့် ထိုင်ရာမှထကာ တယ်လီဖုန်းဆီ သွားရောက်ကောက်ယူ နားထောင်လိုက်သည်။

"အမိန့်ရှိပါ၊ ကသစ်မြိုင်က နွယ် ပြောနေတာပါ"

"ဟုတ်ပြီ ... မနွယ် ပြန်ရောက်နေပြီလား၊ ကျုပ်က ရဲစကန်းက ရဲအုပ်ဦးမင်းနောင်ပါ"

"ဟုတ်ကဲ့ ... မနေ့ညနေစောင်းက နွယ် ပြန်ရောက်ပါတယ် ဦးမင်းနောင်"

"ဒါနဲ့တောင် မမနွယ်က ကျုပ်ဆီ ဖုန်းမဆက်ဘူးလား။ ဒေါ်အေးကို ကျုပ်မှာထားပါတယ်၊ မနွယ် ပြန်ရောက်လာရင် ကျွန်တော့်ဆီကို မနွယ် ဖုန်းဆက်ပါလို့"

"ဒေါ်ဒေါ်အေးက မနေ့က နွယ် ပြန်ရောက်လာချင်း ဦးမင်းနောင် ဖုန်းဆက်တယ်၊ ဦးမင်းနောင်ဆီ နွယ်က ပြန်ဆက်ပါလို့ ပြောပါတယ်၊ နွယ်က အရေးမကြီးတန် ကောင်းပါဘူး၊ ဖြည်းဖြည်းမှ ပြန်ဆက်မယ်လို့ ဒီအတိုင်း နေလိုက်တာပါ"



"အရေးမကြီးတန်ကောင်းပါဘူးလို့ မနွယ်က ဘာလို့ပြော နိုင်တာလဲ"

"ဟင် ... ဦးမင်းနောင်ကပဲ နွယ့်ကို စိတ်ပြေလက်ပျောက် ခရီးသွားချင်ရင် သွားနိုင်ပါပြီလို့ ပြောလို့ နွယ် ခရီးသွား ရာက ပြန်တောင်လာခဲ့ပြီ၊ သုံးလလောက် နွယ် ခရီးသွား နေတာပဲ၊ ဒီလို သွားခွင့်ပြုထားတာဟာ ဦးမင်းနောင်အနေ နဲ့ အမှုပိတ်လိုက်တာမို့ သွားခွင့်ပေးတာလို့ နွယ် နားလည် ထားတယ်လေ"

"ဒါဆို မနွယ် နားလည်တာ မှားနေပြီ၊ အမှုကို ကျုပ်တို့ က မပိတ်သေးပါဘူး၊ လတ်တလောမှာ စုံစမ်းစစ်ဆေးနေ ဆဲအမှုလို့ပဲ ထားရှိထားတာပါ၊ ဒီလိုအမှုမျိုးတွေ ကျုပ်တို့ လက်ထဲမှာ အများကြီးပါ၊ အဲ ... အမှုနဲ့ပတ်သက်ပြီး အကြောင်းတစ်ခုခု တိုက်ဆိုင်လာရင် ဆက်လက်စုံစမ်းတာ ပြုလုပ်ရပါတယ်"

"သြော် ... သြော် ... ဒါဆိုရင် ကိုမြင့်ခိုင် သေဆုံးမှုဟာ မပြီးပြတ်သေးဘဲ အခုတစ်ခါ အကြောင်းတိုက်ဆိုင်မှုတစ်ခု ဦးမင်းနောင်တို့လက်ထဲ ရောက်လာလို့ ပြန်လည်စုံစမ်းစစ် ဆေးရာယ် ဆိုပါတော့"

"အင်း ... ဆိုပါတော့"

"ကောင်းပြီလေ ... ဒါဆို နွယ် ရဲစခန်းကို လာခဲ့ရမလား"

"ကိစ္စမရှိဘူး၊ မလာပါနဲ့၊ လူမှုရေးအရပေါ့ဗျာ၊ မနွယ် ရဲစခန်းကို လာတာနဲ့ စာဆောင် ဂျာနယ် မဂ္ဂဇင်းတွေက ကိုယ်တော်ချောတွေ အနံ့ခံပြီး လိုက်လာဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဒဏ်ကို နွယ် အလူးအလဲခံရပြီးပါပြီ ဦးမင်းနောင်"

"အေးဗျာ ... စိတ်မကောင်းပါဘူး၊ တာဝန်နဲ့ဝတ္တရားအရ ဆိုတော့ ကျုပ်တို့လည်း မတတ်နိုင်ဘူးလေ၊ ကျုပ် မနွယ်ရဲ့ကသစ်မြိုင်ကို မနက်စာစားပြီး မွန်းလွဲတစ်နာရီလောက် လာခဲ့မယ်၊ မနွယ် စောင့်နေပေါ့ဗျာ၊ ဒါပါပဲ"

နွယ်က တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး ဒရင်း(မ်)ဘက်(ဒ်)ပေါ်တွင် ပြန်ထိုင်လိုက်သည်။

ထိုစဉ်မှာပင် ...

ဒေါ်ဒေါ်အေး ဈေးမှပြန်လာသည်။ သံဆွဲဘာဂျာတံခါးကို နွယ်ကပင် ဖွင့်ပေးပါ၏။

"ဟိုကောင်လေး မောင်မောင်တာ ရေကူးကန်မှာ ဒေါ်ဒေါ်အေး လှမ်းတွေ့တယ်၊ နွယ် ရဲစခန်းအကြောင်းကြားဘူးလား"

"မကြားပါဘူး ဒေါ်ဒေါ်အေးရယ်"

"ဘာလဲ ... ရဲတွေနဲ့ စကားပြောရမှာ ဝန်လေးနေလို့လား၊ ဒါဆို ဒေါ်ဒေါ်အေးပဲ ဖုန်းဆက်ပြီး တိုင်ပေးလိုက်မယ်လေ"

"နေပါစေ ဒေါ်ဒေါ်အေးရယ်၊ တစ်ရက် နှစ်ရက် စောင့်ကြည့်သေးတာပေါ့၊ ကဲ ... ရဲတွေနဲ့ စကားပြောရမှာ ဝန်လေးနေသလားလို့ ဒေါ်ဒေါ်အေးက မေးတယ်၊ ဒီနေ့ မွန်းလွဲတစ်နာရီမှာပဲ ဦးမင်းနောင်က ကသစ်မြိုင်ကို လာခဲ့မယ်တဲ့၊ ကိုမြင့်ခိုင် သေဆုံးမှုကို မပိတ်သေးပါဘူးတဲ့၊ အဲဒါ ဦးမင်းနောင် လာရင် အိမ်သည်ဝတ္တရားအတိုင်း ဘာလေးညာလေး ဧည့်ခံဖို့ ဒေါ်ဒေါ်အေး စီစဉ်ထားဖို့ပါ"



"ဒါက ရပါတယ်၊ လိမ္မော်ရည်တိုက်တိုက် ကော်ဖီတိုက်တိုက် လွယ်ပါတယ်၊ ဒေါ်ဒေါ်အေး စိတ်ထဲမှာ တစ်မျိုးပဲ၊ သုံးလလုံးလုံး အေးနေပြီးမှ အခု ဘာကိစ္စ ဒီအမှုကိုထကိုင်ရလဲဆိုတာ ..."

"အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပေါ့ ဒေါ်ဒေါ်အေးရယ်"

"ကဲ ... ဒါဆို နွယ့်အနေနဲ့ မောင်မြင့်ခိုင် ဆုံးပါးစဉ်က ဦးမင်းနောင်ကို ထွက်ချက်ပေးခဲ့တာတွေ သူ စစ်ဆေးတာတွေကို ဖြေခဲ့တာတွေ ပြန်စဉ်းစားထားနော်၊ ဟိုတုန်းက ပြောခဲ့တာတွေနဲ့ အခုထပ်ပြီးပြောတာတွေ မကိုက်ညီရင် တစ်မျိုးထင်ဦးမယ်၊ သူတို့က ကိုယ်ပြောခဲ့သမျှ စာရွက်ပေါ်ရေးမှတ်ထားတာ၊ ဒေါ်ဒေါ်အေးလည်း ဦးမင်းနောင်ကို ပြောဆိုခဲ့သမျှ ပြန်စဉ်းစားထားမယ်"

နွယ်က ခေါင်းညိတ်ပြလိုက်သည်။

ဒေါ်ဒေါ်အေး မီးဖိုဘက်သို့ ထွက်သွားသည်။

နွယ်က ဒရင်း(မ်)ဘက်(ဒ်)တွင် ပြန်ထိုင်ကာ ကိုမြင့်ခိုင် သေဆုံးမှုကို ပြန်စဉ်းစားကြည့်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅

ကိုမြင့်ခိုင်၊ မကွယ်လွန်မီ တစ်နေ့ညပိုင်းက ဖြစ်သည်။ ည ၇ နာရီ အချိန်မီ အိမ်ပြန်မည်ဟု ကိုမြင့်ခိုင်ကိုပြောခဲ့သည်။

ကိုမြင့်ခိုင်သည် ဒေါက်တာအောင်ဘန်းနှင့် စတင်ဆေးကုသည့်နေ့၊ နွယ်နှင့် အိပ်ခန်းခွဲပြီး အိပ်သည့်နေ့မှစ၍ နွယ်ကားရိုက်ရာသို့ လိုက်ပါခြင်း မရှိတော့ဘဲ အိမ်တွင်အနားယူအားမွေးစ ပြုတော့သည်။ ဒေါက်တာအောင်ဘန်းက ကိုမြင့်ခိုင်အား ပင်ပန်းသောအလုပ် အညောင်းကြီးသောအလုပ်နှင့် တစူးစိုက်စိုက် အာရုံစိုက်ရသော အလုပ်မျိုးကိုရှောင်ပြီး စိတ်ကိုလွတ်လပ်စွာ ပေါ့ပါးစွာ ထားရမည်ဟု ဆိုထားသောကြောင့် ကားရိုက်မလိုက်တော့ခြင်းဖြစ်သည်။

နွယ်ကလည်း ဦးဖေခင်၏ ဇာတ်ကားကိုရိုက်ပြီး ၇ နာရီတွင် အိမ်ပြန်ဖို့ပင် ဖြစ်ပါ၏။

သို့သော် ဦးဖေခင်၏ကားရိုက်ကွင်းသို့ ညနေ ၅ နာရီကတည်းက ဦးသန့်ဇင်က လာစောင့်နေသည်။ ဦးသန့်ဇင်နှင့် လက်ခံထားသော ဇာတ်ကားထဲတွင် ညဦးပိုင်း ညှော်ခံပွဲတစ်ခု၌ နွယ်က သီချင်းဆိုပေးရသော အခန်းတစ်ခန်း ပါနေသည်။



ဦးသန့်ဇင်က ကိုယ့်သမီး တူမအရွယ် နွယ့်ကို လက်အုပ်ချီ တောင်းပန်သည်အထိ ဖြစ်နေသည်။

"လုပ်ပါ မင်းသမီးရာ၊ ဒီနေ့ အန်ကယ့်ကို ပေးထားတဲ့ ရိုက်ရက်မဟုတ်မှန်း သိပါတယ်၊ ဒါပေမဲ့ ဒီကဲ ဦးဖေခင် အပြီးနဲ့ တိုက်ဆိုင်တာကိုတွက်ပြီး ဟိုမှာ ညှော်ခံပွဲပရိသတ်ရော ဒီဇိုင်းတွေရော တီးဝိုင်းကိုရော အသင့်ချိန်းထားပြီး အဆင်သင့် ရှိနေလို့ပါ"

"အိမ်မှာ ကိုမြင့်ခိုင် မျှော်နေမယ် ဦးသန့်ဇင်၊ ညခုနစ်နာရီ အရောက် ပြန်ခဲ့မယ်လို့ ကိုမြင့်ခိုင်ကို ပြောထားမိလို့ပါ၊ ခုတလော နွယ်တို့လင်မယား အဆင်မပြေလှဘူး ဦးသန့်ဇင်၊ နွယ့်ကို ကိုမြင့်ခိုင် အပြစ်တင်စရာမဖြစ်အောင် သိပ်သတိထားနေရတယ်၊ နက်ဖြန်မှ လုပ်ပါနော်၊ နက်ဖြန်ကျရင် ကိုမြင့်ခိုင်ကို အိမ်ပြန်နောက်ကျမယ်လို့ ပြောခဲ့ပြီး ဦးသန့်ဇင်ကို အချိန်ပို နွယ် ရိုက်ပေးပါ့မယ်"

"မလုပ်လိုက်ပါနဲ့ မင်းသမီးရယ်၊ အန်ကယ် ရှိခိုးတောင်းပန်ဆိုလည်း တောင်းပန်ပါ့မယ်၊ ပြီး အန်ကယ်ကိုယ်တိုင် ကိုမြင့်ခိုင်ကို ဖုန်းဆက်ပြီး ပြောပါ့မယ်၊ ဟိုမှာ စီစဉ်ထားတဲ့ ကုန်ကျစရိတ်တွေ တစ်သောင်းဖိုးလောက် ရှိတယ် မင်းသမီး၊ ဒါပျက်သွားရင် အန်ကယ် ဒိုင်လျော်ကိုဆိုက်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ၊ အင်းလေ ... ကိုမြင့်ခိုင်ဆီ ဦးသန့်ဇင် ရှေ့လည်အောင် ဖုန်းဆက်ပြောနော်၊ ယောကျ်ားကြောက်လို့တော့ မဟုတ်ဘူး၊ ကိုယ့်ဘက်က အလွန်ဖြစ်မှာစိုးလို့"

စိတ်ရင်းကောင်းသော နွယ်သည် အားနာမှု ကိုယ်ချင်းစာမှုဖြင့် ဦးသန့်ဇင်၏ရိုက်ကွင်းသို့ ကူးရပြန်သည်။

ဦးသန့်ဇင်ကလည်း ကိုမြင့်ခိုင်ထံ ဖုန်းဆက်ပေးပြီး တောင်းပန်သည်ကို နွယ် နားနှင့်ဆတ်ဆတ် ကြားရသည်။

ထိုညက ၉ နာရီထိုးပြီးမှ ဦးသန့်ဇင်၏ရိုက်ချက်များ ပြီးသွားသည်။

ဦးသန့်ဇင်က သူ၏ဆန်နီဆလွန်းကားဖြင့် နွယ့်ကို ပို့ပေးပါ၏။

နွယ့်ကိုသာမက ဇာတ်ဆောင်မင်းသား ကိုသူရကိုလည်း ဦးသန့်ဇင် သူ့ကားဖြင့် လိုက်ပို့စေသည်။

ဦးသန့်ဇင်က သူ့ကားတွင် ဒရိုင်ဘာဦးဖိုးကို ထည့်ပေးလိုက်ပေသည်။

"ကဲ ... ဦးဖိုး နောက်ကထိုင်၊ ကျွန်တော် မောင်းမယ်၊ ကဲ ... ရှေ့ကတက် နွယ်"

နွယ်သည် အမှတ်တမဲ့ပင် အိမ်ပြန်ချင်စောဖြင့် ရှေ့ကထိုင်ပြီး လိုက်ခဲ့သည်။ နွယ်၏ ကသစ်မြိုင်ခြံထဲ ပေါ်တီကိုရှေ့အထိ ကိုသူရက မောင်းဝင်ပို့ပေးပေသည်။ ပြီး ထုံးစံအတိုင်း နွယ်က ကားပေါ်မှဆင်းပြီး အိမ်ထဲမဝင်သေးဘဲ ကိုသူရကို လက်ပြနှုတ်ဆက်လိုက်သည်။



ပြီးမှ အိမ်ထဲသို့ ဝင်ခဲ့သည်။

ဧည့်ခန်းဆိုဖာတွင် ကိုမြင့်ခိုင်သည် အရက်ပုလင်းရှေ့ချပြီး ထိုင်နေသည်ကို တွေ့ရပါ၏။ မူးနေပြီ ထင်ပါ၏။

"ဟော ... ကိုမြင့်ခိုင်၊ နွယ့်ကို စောင့်နေသလား"

"စောင့်နေတာကတော့ တစ်နေ့လုံးပေါ့ နွယ်၊ ဒါပေမဲ့ နွယ့်ကတိအတိုင်း ခုနစ်နာရီထိုးတဲ့အထိတော့ ကိုယ်စိတ်ရှည်ရှည်ထားပါတယ်"

"ဦးသန့်ဇင်ပေါ့ ကိုမြင့်ခိုင်၊ သူ့ပေးထားတဲ့ ရိုက်ရက်လည်း မဟုတ်ဘဲနဲ့ ဇာတ်ဝင်ဧည့်ခံပွဲ ရှုတင်ကို အားလုံးအဆင်သင့်ပြင်ထားပြီး နွယ့်ကို နှစ်ကတ်လောက်တော့ ရိုက်ပေးခဲ့ပါလို့ ဇွတ်ခေါ်တယ်လေ"

"ဦးသန့်ဇင်ရဲ့ရှုတင်က မင်းသား ကိုသူရနဲ့မဟုတ်လား"

"ဟုတ်တယ်လေ၊ နွယ် ဇွတ်ငြင်းပါသေးတယ်၊ ဦးသန့်ဇင်က ကိုမြင့်ခိုင်ဆီကို ဖုန်းဆက်ပြီး တောင်းပန်ပေးပါ့မယ်၊ ဒီနှစ်ကတ်တော့ ရိုက်ပေးပါ၊ နောက်နေ့ကျရင် မင်းသားက ညပိုင်းမအားလို့ပါ၊ အခု မင်းသား အဆင်သင့်ရှိနေတုန်း ရိုက်ပေးပါလို့ လက်အုပ်ချီပြီး နွယ့်ကို တောင်းပန်တယ်၊ ဒါကြောင့် အားနာတာရော သူ့ခမျာ ဒိုင်လျော်ရင် မသက်သာဘူးလို့ ကိုယ်ချင်းစာစိတ်နဲ့ရော လိုက်ရိုက်ပေးလိုက်တယ်၊ ကိုမြင့်ခိုင်ဆီ သူ ဖုန်းဆက်သားပဲ ကိုမြင့်ခိုင်"

"ဟဲ ... ဟဲ ... ဦးသန့်ဇင်က ဖုန်းဆက်ပြောတာပေါ့ ကိုယ်က ကောင်းပါပြီခင်ဗျာ၊ မင်းသားကိုသူရနဲ့ဆိုရင် နွယ်က

www.burmeseclassic.com

www.burmeseclassic.com



လည်း သန်းခေါင်ကျော်သွားပါစေ ရိုက်ပေးမှာပါ ခင်ဗျ လို့ ပြန်ပြောလိုက်တယ်"

နွယ်သည် မျက်မှောင်ကြုတ်ပြီး ကိုမြင့်ခိုင်ကို ကြည့်လိုက်သည်။

ပြီး ... ကိုမြင့်ခိုင်နှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်သည်။

"ကိုမြင့်ခိုင် ပြောပုံက တစ်မျိုးကြီးပဲ၊ နွယ်ဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်ပါ ကိုမြင့်ခိုင်၊ ဇာတ်ကားတစ်ကားကို မင်းသားမင်းသမီးငှားတာ ပိုက်ဆံပေးတာက ပရိုဂျူဆာပါ၊ သူ ဘယ်မင်းသားကိုငှားငှား နွယ်က တွဲရိုက်ရမှာပဲ"

"အဲဒီလောက်အထိတော့ ကိုယ်ကလည်း မင်းသမီးရဲ့လင်တစ်ယောက်အနေနဲ့ နားလည်ပါတယ် နွယ်၊ ပရိုဂျူဆာငှားတဲ့ မင်းသားနဲ့ ရိုက်ရမှာပေါ့၊ အဲဒါက ရိုက်ကွင်းမှာသာ မင်းသားနဲ့တွဲပြီး ရိုက်ရမှာပေါ့၊ ရိုက်ကွင်းပြီးလို့ အိမ်ပြန်တဲ့ ညအချိန်မျိုးမှာ မင်းသားက ကားမောင်းပြီး မင်းသမီးနဲ့အတူ လျှောက်သွားနေတာကတော့ ဇာတ်ကားရိုက်တာနဲ့ မဆိုင်တော့ဘူးထင်တယ် နွယ်၊ မုန့်ဟင်းခါးတစ်ပွဲစားပြီး နောက်ထပ် ဟင်းရည်အဆစ်တောင်းတာနဲ့ တူမနေဘူးလား"

"နွယ်တို့ ကားရိုက်ပြီးတာနဲ့ အိမ်ကို တန်းပြန်တာပဲ၊ ဦးသန့်ဇင်က တာဝန်အရ မင်းသမီးကို ပြန်ပို့ပေးသလို



မင်းသားကို ပြန်ပို့ပေးတာပဲ၊ တခြား ဘယ်ကိုမှ လျှောက်မမောင်းဘူး၊ ကိုသူရက ကားကို သူမောင်းမယ် ဒရိုင်ဘာဦးတိုး နောက်မှာထိုင်ဆိုလို့ ဦးတိုးက နောက်မှာထိုင်တယ်၊ နွယ်က ရှေ့မှာထိုင်တယ်၊ ဘာလဲ ... နွယ်က နောက်မှာ ဒရိုင်ဘာဦးတိုးနဲ့အတူ ထိုင်ရမှာလား ကိုမြင့်ခိုင်"

"နွယ့်ကို နောက်မှာ ဒရိုင်ဘာဦးတိုးနဲ့ ထိုင်ရမယ်လို့ ကိုယ်မဆိုပါဘူး၊ ရိုးရိုးသားသားဆိုရင် ဒီပြဿနာက လွယ်လွယ်လေးပါ၊ ဦးတိုးကို မောင်းခိုင်း၊ နွယ်က နောက်မှာထိုင်၊ ကိုသူရက ရှေ့မှာ ဦးတိုးနဲ့အတူ ထိုင်ရုံပေါ့"

"အိုး ... ကိုမြင့်ခိုင် ကိုယ်တိုင် ရိုက်ကွင်းတွေကို လိုက်ခဲ့ဖူးတာပါ၊ ပရိုဂျူဆာတွေဟာ မင်းသားကို ဘယ်လိုအရေးပေးတယ်ဆိုတာ ကိုမြင့်ခိုင် မျက်မြင်ကိုယ်တွေ့ပါ၊ ဦးတိုးကို ကျုပ်မောင်းမယ်လို့ ကိုသူရက ပြောတာကို ဦးတိုးက မင်းမမောင်းနဲ့ ငါပဲမောင်းမယ်လို့ ပြောရဲပါ့မလား၊ သူ့ဆရာ ဦးသန့်ဇင်ကိုယ်တိုင်က မင်းသားကိုသူရကို ချော့နေရတာ"

"ဒါဆို ဦးတိုး ရှေ့မှာသွားထိုင်၊ နွယ် နောက်မှာတစ်ယောက်တည်း ထိုင်မယ်လို့ နွယ်က ပြောပါလား"

"ပြောပါလား ... ဟုတ်လား၊ အဲဒီလို ပြောလို့ကောကောင်းပါ့မလား၊ သင့်တော်ပါ့မလား ဆိုတာကို ကိုမြင့်ခိုင် ထည့်စဉ်းစားဦးလေ၊ ဦးတိုးက နောက်မှာထိုင်ပြီးနေပြီ၊ နွယ်က ဦးတိုး ရှေ့မှာသွားထိုင်လို့ ပြောလိုက်ရင် လူမှု

www.burmeseclassic.com

www.burmeseclassic.com



ရေးအရ အဆင့်အတန်းခွဲရာ ရောက်တယ်၊ ဦးတိုးက ဒီ မင်းသမီး အဆင့်အတန်း ခွဲလိုက်တာ ပြောမယ်၊ ကိုသူရ အနေနဲ့လည်း ဒီမင်းသမီးက ဘာကောင်မမို့ ရှေ့က ငါနဲ့ အတူ မထိုင်ချင်တာလဲလို့ ထင်မယ်”

“သူများထင်မှာကိုတော့ စိုးရိမ်တယ်၊ ကိုယ်က နွယ့်ကို ကိုသူရနဲ့ အထင်လွဲမယ် ဆိုတာတော့ ထည့်မတွက်ဘူး လား နွယ်”

“ဘာတွက်စရာရှိလဲ၊ ကိုသူရနဲ့ နွယ် ဘာမှဖြစ်တာမှ မဟုတ်တာ”

“ဟဲ ... ဟဲ ... ဟဲ ... ရယ်စရာတော့ ကောင်းနေပြီ၊ ကိုယ်ကလည်း နွယ့်ကိုစပြီးသိတာ ဇာတ်လိုက်မင်းသား ဇေယျာလွင်က မိတ်ဆက်ပေးလို့ သိခဲ့တာ နွယ် မှတ်မိမှာ ပေါ့၊ ဇေယျာလွင်ဆိုတာက ကိုယ်နဲ့သိပ်ခင်တဲ့ သူငယ်ချင်း၊ ပွေဖော်ပွေဖက် တေဖော်တေဖက်တွေလေ၊ တစ်ခါတလေ သူ အပျင်းပြေပြေတာလေးတွေ နားထောင်ဖူးတယ်၊ သူတို့ ရုပ်ရှင်မင်းသားတွေဟာ သိပ်စွံတယ်တဲ့၊ မိန်းကလေးတွေ က တွေ့တာနဲ့ ပစ်ကြိုက်တာပဲ၊ အေး ... ကိုသူရကကော ဘာသားနဲ့ ထုထားတာလဲ၊ သံမဏိနဲ့ ထုထားတဲ့ လူလား၊ အခွင့်အရေးရရင် ရသလို သုံးသွားမှာပဲ”

“ကိုသူရရဲ့ရာဇဝင်တစ်လျှောက်မှာ ခုချိန်ထိ အခွင့်အရေး ရရင် ရသလို သုံးသွားတယ် ဆိုတာ နွယ့်တော့ မကြားဖူး သေးဘူး”



“အခွင့်အရေး မသုံးတဲ့လူလားကွာ၊ ဟိုတလောက ရုံတင် သွားတဲ့ကားမှာ နွယ်က မင်းသမီး၊ သူက မင်းသားလေ၊ ချစ်ခန်း ကြိုက်ခန်း အဖွင့်မှာ ကိုသူရက နွယ့်ကိုဖက်ထား တာများ နင့်နေတာပဲ၊ ကြည့်ရသူတောင် အသည်းယား တယ်၊ နွယ်ကလည်း ကိုသူရအဖက်ခံရတာကို မျက်တောင် လေးစင်းနေအောင် ခံစားနေတယ်၊ အဲဒါလား အခွင့်အရေး ကို မသုံးတဲ့လူ”

“မင်းသားက ဖက်တယ်၊ မင်းသမီးက အဖက်ခံရတယ်၊ ဒါ ဆန်းလား၊ သရုပ်ဆောင်ကြတာပဲ ကိုမြင့်နိုင်၊ ဒါတွေကို လိုက်သဘောထားသေးနေလို့ ဖြစ်မလား၊ ကိုယ့်ယောကျ်ား ဒီပြင်မိန်းမကိုဖက်တာ မမြင်ချင်ရင် ရုပ်ရှင်မင်းသားကို မယူနဲ့၊ ကိုယ့်မိန်းမကို တခြားယောကျ်ားဖက်တာ မမြင်ချင် ရင် ရုပ်ရှင်မင်းသမီးကို မယူနဲ့၊ ဒါတွေဟာ နွယ်တို့ရုပ်ရှင် သမားတွေအဖို့တော့ သရုပ်ဆောင်မှုသက်သက်ပဲ၊ ကာယကံ နဲ့ ဝစီကံပဲ လုပ်ဆောင်တယ်၊ မနောကံ လုံးဝမပါဘူး၊ ဇာတ်ကွက်ပြီးရင် ရုပ်ရှင်မောင်နှမတွေလိုပဲ နေကြတယ်၊ သန့်ရှင်းကြတယ်”

“အေး ... ကိုယ် သိတယ် နွယ်၊ ကိုယ့်ကို နွယ်ဟာ လုံးဝ မချစ်ဘဲ လက်ထပ်လိုက်တာမှန်း ကိုယ်သိတယ်၊ ဒါပေမဲ့ ကိုယ်ဟာ နွယ့်ဆီကအချစ် တုံ့ပြန်နိုးနဲ့ မျှော်လင့်ချက် ကြီး ထားခဲ့တယ်၊ ဒီလို မျှော်လင့်ချက်ထားတုန်းမှာပဲ ယောကျ်ားတစ်ယောက်အဖို့ မလိုလားအပ်ဆုံး ရောဂါမျိုး ကိုယ်ရရှိလာတယ်၊ ကိုယ့်အနေနဲ့ နွယ့်ရဲ့အချစ်ကိုရဖို့ ဝေးသထက် ဝေးသွားစေနိုင်တဲ့ ရောဂါလေ”

www.burmeseclassic.com

www.burmeseclassic.com



"နွယ် ဒီလိုမိန်းမစား မဟုတ်ဘူး ကိုမြင့်နိုင်၊ ဒီလောက်အထိလည်း ရမ္မက်ဆန္ဒနောက်လိုက်တဲ့မိန်းမ မဟုတ်ဘူး၊ သေးနုပ်တဲ့ အတွေးအခေါ် နွယ့်မှာ မရှိစေရဘူး၊ သေးနုပ်တဲ့အကျင့်အကြံ နွယ့်မှာမရှိစေရဘူး၊ နောက်တစ်ချက်က နွယ့်အနေနဲ့ ကိုမြင့်နိုင်ကို မုန်းမှမမုန်းတာ"

"နွယ်"

ကိုမြင့်နိုင်၏ မျက်နှာသည် တစ်မုဟုတ်ချင်း ဝင်းလက်လာပါ၏။

"ဒါဆို နွယ် ကိုယ့်ကိုချစ်တယ်ပေါ့နော် ... ဟုတ်လားဟင် နွယ်၊ ကိုယ့်ကို ချစ်တယ်ပေါ့"

"မမုန်းတာကို ချစ်တယ်လို့ အဓိပ္ပာယ်တော့ မကောက်နဲ့ ကိုမြင့်နိုင်၊ မမုန်းတာဟာ မမုန်းတာတခြား၊ ချစ်တာဟာ ချစ်တာတခြားပဲ၊ နှလုံးသားထဲက ထွက်လာတဲ့ ချစ်ခြင်းမေတ္တာဆိုတာက ကျောက်တောင် ကျောက်ခဲထဲက ထွက်လာတဲ့ ရေကြည်လိုပဲ၊ ညှစ်ချင်သလိုညှစ် ထွက်မလာဘူး၊ အဲ ... မညှစ်ဘဲ သူ့အလိုလို စိမ့်ထွက်လာမှ အဲဒါက နှလုံးသားထဲက စစ်မှန်တဲ့မေတ္တာပါ၊ အဲဒီတော့ ကိုမြင့်နိုင်ကို နွယ်ပြောမယ်၊ ကိုမြင့်နိုင်ရဲ့ရောဂါကို သမားတော်ဒေါက်တာအောင်ဘန်းနဲ့ ဆက်ကုပါ၊ နွယ်ဟာ ကိုမြင့်နိုင်ရောဂါ ပြန်ကောင်းလာတဲ့အထိ မယားဝတ္တရားငါးပါးနဲ့အညီ ကိုမြင့်နိုင် နားမှာပဲနေမယ်၊ တခြားအကျင့်ပျက်တစ်ခုမှ မရှိစေရဘူး"



"ဒါဆိုလည်း နွယ်ရယ်၊ ရုပ်ရှင်မင်းသမီးဘဝက တစ်ခါတည်း စွန့်လွှတ်လိုက်ပါလားဟင်၊ ကိုမြင့်နိုင်မှာ ငွေကြေးအလုံအလောက် ရှိပါတယ်၊ နွယ် ဘာမှမလုပ်ဘဲ ကိုယ်တို့တစ်သက်တော့ စားလောက်အောင်ရှိတယ် နွယ်၊ ဘဏ်မှာလည်း သိန်းသုံးဆယ်ထက်မနည်းရှိတယ်၊ ကိုယ့်မီးခံသေတ္တာထဲမှာ လက်ဝတ်လက်စားဆိုလည်း အဖိုးတန်တွေချည်းပဲ၊ ဂိုလ်ဒင်းပတ်(ဖ်)မုန့်သေတ္တာဘူးနဲ့အပြည့်ပါ နွယ်၊ ဟောဒီ ကသစ်မြိုင်ခြံနဲ့တိုက်ဟာ ဘယ်လောက် တန်ကြေးရှိတယ် ဆိုတာလည်း နွယ် အသိပါ၊ ခက်တာက နွယ်ဟာ လက်ထပ်တဲ့နေ့စကပြီး ကနေ့ထိ ကိုယ့်မီးခံသေတ္တာကို ကိုယ်တိုင်လည်း လက်ဖျားနဲ့မတို့ဘူး၊ ကိုယ်ကပြတော့လည်း ကြည့်တောင်မကြည့်ဘူး၊ မျက်နှာလွှဲနေတယ်"

"အဲဒါတွေကို နွယ် မက်မက်မောမောကြီး ရှိမှမရှိဟာပဲ ကိုမြင့်နိုင်၊ နောက်တစ်ခုက နွယ် ရုပ်ရှင်မင်းသမီးလုပ်နေတာ ငွေရဖို့က ဒုတိယပါ၊ ပထမက နွယ့်ရဲ့ပင်ကိုစိတ်ရင်းမာတ်ခံ ဝါသနာကြောင့် လုပ်နေတာ ကိုမြင့်နိုင်၊ ရုပ်ရှင်မင်းသမီးဘဝကို စွန့်လွှတ်ဖို့ဆိုတာတော့ ကိုမြင့်နိုင်လုံးဝမတိုက်တွန်းပါနဲ့"

"ဒီမယ် ... နွယ်၊ ဒီနေ့ နေ့လယ်ကပဲ ကိုယ် ဒေါက်တာအောင်ဘန်းနဲ့ တစ်နာရီလောက်ထိုင်ပြီး ဆွေးနွေးတယ်၊ ကိုယ့်ရောဂါကို သူ ကုပေးရင် ပြန်ပြီးကောင်းလာနိုင်တဲ့အလားအလာတော့ ရှိတယ်တဲ့၊ ဒါပေမဲ့ ကာလအပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အခြားအရ ဘယ်တော့မှ ဘယ်လောက်ကြာကြာကုမှ ပျောက်ကင်းသွားမယ်ဆိုတာတော့ သူ မပြောနိုင်ဘူးတဲ့၊ အဲ ... နိုင်ငံခြားသွားပြီး တကယ့်ထိတ်တန်းစပယ်ရှယ်လစ်တွေနဲ့ ကုသရင်တော့ ရနိုင်ဖို့ အခွင့်အရေး ရာခိုင်နှုန်း တော်တော်များများ ရှိတယ်တဲ့၊ ဟိုမှာကတော့ လိုအပ်တဲ့ ဆေးဝါး ချက်ချင်းဝယ်ရတာရယ်၊ ပြင်ပရောင်းချတဲ့ဆေးဝါးနဲ့ မလုံလောက်ရင် စပယ်ရှစ်လစ်တွေ ကိုယ်တိုင် လိုအပ်ချက်ကို ဖော်စပ်နိုင်တာရယ်၊ စက်ကိရိယာစုံစုံလင်လင်နဲ့ စမ်းသပ်နိုင်တာရယ်၊ အဲဒီအခွင့်အရေးတွေက ဒီမှာထက် အများကြီးသာတယ်တဲ့၊ တကယ်လို့ ကိုယ်သွားမယ်ဆိုရင် အသင့်တော်ဆုံးနဲ့ အကောင်းဆုံး တိုင်းပြည်က စပယ်ရှယ်လစ်တွေဆီ သူ ဆက်သွယ်ပေးမယ်တဲ့၊ ဒီကနေပြီး သွားရောက်ဆေးကုသခွင့်အတွက် သက်ဆိုင်ရာကို သူ ထောက်ခံပေးရင် ပတ်(စ်)ပို့တို့ ဗီဇာတို့ မြန်မြန်ရနိုင်ပါလိမ့်မယ်တဲ့၊ အဲဒါပဲ နွယ်၊ ကိုယ် ဘယ်လောက်ကုန်ကုန် သွားကုသချင်တယ်”

“ကုသပေါ့ ကိုမြင့်ခိုင်”

“နွယ်ပါ လိုက်ခဲ့မှဖြစ်မှာပေါ့၊ ဒါကြောင့် နွယ့်ရဲ့ရုပ်ရှင်မင်းသမီးအလုပ်ကို စွန့်လွှတ်ပါလို့ ကိုယ် ပြောတာပါ”

“အဲဒါခက်တယ် ကိုမြင့်ခိုင်၊ ကိုမြင့်ခိုင် သေချာစဉ်းစားကြည့်နော်၊ နွယ်က ကိုမြင့်ခိုင်နဲ့ နိုင်ငံခြားလိုက်ခဲ့တော့ကော ကိုမြင့်ခိုင်အတွက် ဘာပိုထူးမှာလဲ၊ နွယ်က သူနာပြုဆရာမတစ်ယောက်လို ပြုစုတတ်ကျွမ်းတာမှ မဟုတ်တာ၊ ဟိုမှာက ကိုမြင့်ခိုင်ကို ကုသနေခိုက် ပြုစုစွမ်းရှိတဲ့ သူနာပြုရှိနေတာပဲ”



“ကိုယ့်မှာ အနီးကပ်အဖော်လိုတယ် နွယ်”

“ကိုမြင့်ခိုင်ရဲ့ ညီအစ်ကိုမောင်နှမ အရင်းအချာထဲက တစ်ယောက်ယောက်ကို ခေါ်သွားပေါ့”

“တော်စမ်းပါ၊ ဒီညီအစ်ကိုမောင်နှမတွေကို ထည့်ပြောမနေပါနဲ့”

ကိုမြင့်ခိုင်သည် ဝေါက်ဝေါက်ဇမ်းငမ်းပင် ထအော်လိုက်ပေသည်။

“နွယ်ဟာ ကိုယ့်ဘုရားဝင် လက်ထပ်ဇနီးပါ၊ ကိုယ် ဆေးသွားကုရာကို လိုက်သင့်ပါတယ်”

“လိုက်လည်း အပိုမို့ ပြောနေတာ ကိုမြင့်ခိုင်၊ တကယ်တော့ နွယ့်ကို ကိုမြင့်ခိုင် ဘာလို့ ဖွတ်ခေါ်နေတယ်ဆိုတာ နွယ် ရိပ်မိပါတယ်၊ ကိုမြင့်ခိုင်ရဲ့ငွေကြေး အပြည့်အဝနဲ့ ဟိုမှာ ဆေးသွားကုရင် ဘာမှ လိုလေသေးမရှိနိုင်မှန်း ကိုမြင့်ခိုင် နားလည်ပြီးသားပါ၊ နွယ့်ကို ကိုမြင့်ခိုင်ရဲ့ မျက်ကွယ်မှာ ထားခဲ့ရမှာ စိတ်မချလို့၊ မထားခဲ့ချင်တာ အဓိမဟုတ်လား၊ ဒါဆို ဘုရားမှာ နွယ် သစ္စာရေသောက်ပြပါ့မယ်၊ ကိုမြင့်ခိုင်ကလွဲပြီး နွယ်ဟာ ဘယ်ယောက်ျားတစ်ယောက်ကိုမှ ကာယကံမြောက် မကျူးလွန်စေရဘူးဆိုတာလေ”

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာရေသောက်ပြီးမှ ဖောက်ပြားရင် ဘုရားစူးတောင် နောက်မှ စူးမှာပါ နွယ်၊ ကဲ ... နွယ် ပြောသလိုပဲ ထားပါတော့၊ နွယ့်ကို ကိုယ့်မျက်ကွယ်ရာမှာ မထားခဲ့ချင်လို့ ခေါ်တာပဲ၊ ကိုယ်က ဒီလောက်ချစ်ပြီး ဒီလောက် စိတ်မချ နောက်ဆံတင်းနေတာကို ဇနီးတစ်ယောက်အနေနဲ့ နွယ် လိုက်လျောသင့်ပါတယ်၊ ဟိုမှာ ရောဂါကုတာ ကြာလှရင် တစ်နှစ်ပေါ့ နွယ်ရယ်၊ နွယ် လိုက်သင့်ပါတယ်"

နွယ် စဉ်းစားရတော့သည်။ ကိုယ့်ရင်ထဲက မချစ်ပါဆိုသော်လည်း သူ့အဖြစ်က ငဲ့ညှာစရာတွေ ရှိနေသည်။

"ကောင်းပြီလေ၊ ဒါဆိုလည်း ဒီလိုလုပ်၊ အခုချိန်ကစပြီး နွယ့်အနေနဲ့ နောက်တပ် ကားသစ်ကို လက်မခံတော့ဘူး၊ အဲ ... ရိုက်လက်စကားတွေကိုတော့ နွယ် ရိုက်ပေးရမှာပဲ၊ စရန်ငွေ ယူပြီးသားကားတွေ ဖြစ်နေတယ်"

"အဲဒီစရန်ငွေတွေ ပြန်လျော်လိုက်ပါ နွယ်၊ နှစ်ဆပဲလျော်လျော်၊ သုံးဆလျော်လျော် လျော်ပစ်လိုက်ပါ၊ လိုသလောက် ငွေ ကိုယ် ဘဏ်က ထုတ်ပေးပါ့မယ်"

"ဟာ ... ဒါတော့ ဘယ်ဖြစ်မလဲ ကိုမြင့်ခိုင်၊ ဒီလောက် ရိုက်ထားပြီးမှ ကြားဖြတ် မင်းသမီး အစားထိုးလို့ မရနိုင်တဲ့ အခြေအနေတွေချည်းပဲ၊ ကားတစ်ကားကို ရင်းနှီးမြှုပ်နှံရတဲ့ငွေတွေ နည်းတာမှ မဟုတ်တာ၊ သိန်းနဲ့ချီပြီး ရင်းထားတာတွေ၊ နောက်ပြီး ကိုယ်နဲ့အတူ ရွေးရိုက်ထားတဲ့ ဇာတ်ပို့ဇာတ်ရံတွေအတွက် အာ-လုံးဒုက္ခရောက်ကုန်မယ်၊ ထမင်းအိုး ထိခိုက်ကုန်မယ်"



"အိုး ... ဒါက ပရိုဂျူဆာရဲ့အလုပ်ပဲ၊ သူ့ဟာသူ ဖြစ်သလို ဆက်လုပ်ပေါ့၊ ကိုယ်က ဥပဒေနဲ့အညီ စရန်ငွေ သုံးဆ ပြန်လျော်လိုက်ရင် ပြီးတာပဲ နွယ်၊ ကဲပါ ... နွယ်၊ ထပ်လည်းရှည်ဝေးမနေနဲ့တော့၊ နက်ဖြန်ခါကစပြီး နွယ် ကားရိုက်လုံးဝမထွက်နဲ့တော့၊ နွယ်ပေးလျော်ရမယ့် ကုမ္ပဏီနဲ့ ပရိုဂျူဆာစာရင်းရယ်၊ ပေးလျော်ရမယ့် ငွေကြေးကိုသာ စာရင်းလုပ်ပေးပါ၊ သုံးဆလျော်နဲ့စာရင်းလုပ်ပါ၊ ကိုယ် ဘဏ်က ငွေထုတ်ပြီး ကိုယ့်ကားနဲ့ တစ်အိမ်တက်ဆင်း လျော်လိုက်မယ်"

"အဲဒါ လုံးဝမဖြစ်နိုင်ဘူး ကိုမြင့်ခိုင်"

"လုံးဝ ဖြစ်ကိုဖြစ်ရမယ် နွယ်၊ ဒါ ကိုယ့်ရဲ့နောက်ဆုံး စကားပဲ"

ပြောပြောဆိုဆို ကိုမြင့်ခိုင်သည် ခြေသံပြင်းပြင်းနှင့် သူ့အိပ်ခန်းထဲသို့ဝင်ကာ တံခါးပိတ်ပြီး အထဲမှ သော့ချက်ချထားလိုက်တော့သည်။

ဤသည်ပင်လျှင် နွယ့်အနေနှင့် နောက်ဆုံး ကိုမြင့်ခိုင်ကို အသက်ရှင်လျက် တွေ့လိုက်ရခြင်းဖြစ်သည်။

နောက်တစ်နေ့နံနက် (၇)နာရီလောက်တွင် နွယ်က ကားရိုက်ရက်ပေးထားသော ဦးသန့်ဇင်ကိုယ်တိုင် သူ၏ဆန်နီ ဆလွန်းကားဖြင့် လာခေါ်သဖြင့် နွယ် လိုက်ခဲ့သည်။

ကာသစ်မြိုင်မှ နွယ် ထွက်လာသော အချိန်တွင် ကိုမြင့်ခိုင် အိပ်ခန်းတံခါး ပိတ်လျက်သားပင် ရှိနေသည်ကို နွယ် သတိထားမိခဲ့သည်။ မနေ့ညက နွယ် ပြန်မလာခင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ခိုင် အရက်သောက်သည်။ နွယ်နှင့် အချေအတင်စကားတွေပြောရင်းလည်း ကိုမြင့်ခိုင် တဖွတ်ဖွတ်သောက်သည်။ ညက အမူးလွန်ပြီး အိပ်ရာမှ မထသေးခြင်း ဖြစ်ပေမည်ဟု နွယ် တွက်သည်။

သည့်နောက် ကသစ်မြိုင်တွင် ဖြစ်သမျှကိစ္စကိုတော့ နွယ်၏မျက်မြင် မဟုတ်တော့ပေ။ နွယ်က ကားရိုက်ထွက်နေသည်ကိုး။

နွယ့်အား အိမ်၌ကျန်ခဲ့သော ဒေါ်ဒေါ်အေး ပြန်ပြောသမျှသာ နွယ် သိရတော့သည်။

နွယ် ထွက်သွားပြီး ရှစ်နာရီခွဲ ကိုးနာရီကျမှ ကိုမြင့်ခိုင် နိုးသည်။

ဒေါ်ဒေါ်အေးပင် ဈေးက ပြန်ရောက်ပြီးပေပြီ။

ကိုမြင့်ခိုင်သည် ရေချိုးခန်းဝင် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ပြန်ထွက်လာစဉ် ထမင်းစားခန်း၌ ဒေါ်ဒေါ်အေးနှင့်ဆုံသည်။

ဒေါ်ဒေါ်အေးက ကိုမြင့်ခိုင် ကော်ဖီသောက် မုန့်စားဖို့ စီစဉ်နေခြင်းဖြစ်သည်။

ကိုမြင့်ခိုင်က နွယ်၏ သီးသန့်အိပ်ခန်းကို လှမ်းကြည့်သည်။

တံခါးပွင့်နေသည်ကို တွေ့ရသည်။

"နွယ်ကော ဒေါ်ဒေါ်အေး၊ သူ့အိပ်ခန်းလည်း ပွင့်နေတယ်၊ ထမင်းစားခန်းမှာ ကော်ဖီသောက်ဖို့လည်း မလာဘူး၊ ပန်းခြံထဲသွားသလား၊ ရေကူးကန်သွားသလားဟင်"



"နွယ့်ကို စောစောကပဲ ဦးသန့်ဇင် လာခေါ်လို့ လိုက်သွားတယ် မောင်မြင့်ခိုင်၊ ဒီနေ့ ဦးသန့်ဇင်ကို ကားရိုက်ရက် ပေးထားလို့ ဆိုလားပဲ"

"ဩော် ... ဩော် ... သွားဖြစ်အောင် သွားသေးသကိုး"

ကိုမြင့်ခိုင်သည် ခဏငူငူငိုင်ငိုင် ရပ်နေသေးသည်။

"နွယ်က ကျွန်တော့်ကို ဘာမှာသွားသေးလဲ ဒေါ်ဒေါ်အေး"

"ဘာမှ မှာချိန်မရပါဘူး မောင်မြင့်ခိုင်၊ ဦးသန့်ဇင်တို့ ရောက်လာတော့ နွယ်က အိပ်ရာကတောင် မထသေးဘူး၊ ဒေါ်ဒေါ်အေးပဲ နှိုးပေးလိုက်ရတယ်၊ နွယ် ကမန်းကတန်း ကိုယ်လက်သန့်စင်ပြီး ကမန်းကတန်း ထွက်သွားတာမို့ အိမ်ကကော်ဖီတောင် သောက်ချိန်မရသွားပါဘူး မောင်မြင့်ခိုင်"

ကိုမြင့်ခိုင်သည် ပြတင်းပေါက်များမှ ကားဂိုဒေါင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ကားဂိုဒေါင်မှာ သော့ခတ်ပိတ်လျက်သား လှမ်းတွေ့ရသည်။

"အိမ်ကကားကို နွယ် ယူမသွားဘူးလား"

"ယူမသွားဘူး မောင်မြင့်ခိုင်၊ ဦးသန့်ဇင်က လာနေတယ်ထင်ပါရဲ့၊ ကားဂိုဒေါင်ဖွင့်ချိန်တောင် မရတော့လို့ သူတို့ကားနဲ့ပဲ လိုက်သွားပုံပဲ"

"သူတို့ ... ဟုတ်လား၊ ဦးသန့်ဇင် ကားပေါ်မှာ လူဘယ်နှယောက်ပါလို့လဲ"

"သေချာတော့ ဒေါ်ဒေါ်အေးလည်း မကြည့်မိဘူး၊ ရှေ့မှာ နှစ်ယောက်တော့ တွေ့တာပဲ၊ နောက်မှာ ဘယ်သူပါမှန်း

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒေါ်ဒေါ် လှမ်းမမြင်နိုင်ဘူး၊ ဘေးမှန်တွေကအရောင်နဲ့မှန်တွေပဲဟာ"

"ရှေ့ကနှစ်ယောက်ကကော ဘယ်သူတွေလဲ"

"အင်း ... ဦးတိုးကမောင်းလို့၊ ဦးသန့်ဇင်က ဘေးကထိုင်နေတာတွေ့တယ်"

"တောက် ..."

ကိုမြင့်ခိုင်သည် ပြင်းထန်သော တောက်တစ်ချက်ကို ခေါက်လိုက်သည်။

ဘယ်နည်းနဲ့မဆို ဦးသန့်ဇင်သည် မင်းသမီးကိုလာကြိုသလို၊ မင်းသားကိုသူရကိုလည်း ကြိုရပေမည်။ ရှေ့တွင်ဒရိုင်ဘာဦးတိုးနှင့် ဦးသန့်ဇင် ထိုင်သည်ဆိုလျှင် နောက်ခန်း၌နွယ်နှင့် ကိုသူရ ထိုင်ရမည်မှာ မုချ။

အပြင်မှ လှမ်းကြည့်မမြင်နိုင်သော အရောင်ရှိ ကားမှန်ပြတင်းကိုလည်း ပိတ်ထားသည်။

"ဘာဖြစ်လို့လဲ မောင်မြင့်ခိုင်"

"ဘာဖြစ်ရမှာလဲ၊ နွယ့်ကို ညက ကျွန်တော် သေချာပြောထားတယ်၊ ဒီနေ့မနက်ကစပြီး ဓာတ်ကားမရိုက်ပါနဲ့တော့လို့"

"နွယ်ဟာ ဆင်ခြင်တတ်တဲ့ မိန်းကလေးပဲကွယ်၊ မလွှဲသာမရှောင်သာမို့ ဆက်ပြီးရိုက်ပေးရတာ နေမှာပါ"

"တော်စမ်းပါ၊ တကယ်လို့ မလွှဲသာလို့ ရိုက်ပေးရမယ်ဆိုလည်း အိမ်ကကား ယူသွားပေါ့၊ အိမ်ကကားမယူချင်တာ နွယ့်မှာ အကြောင်းရှိနေတယ်"



"မောင်မြင့်ခိုင် သုံးနိုင်ဖို့အတွက် ကားကိုထားခဲ့တာ ဖြစ်မှာပေါ့ကွယ်"

"ဗျာ ... ဟုတ်ပါ့မလား ဒေါ်ဒေါ်အေး၊ နွယ်က ကျွန်တော့်ကို အဲဒီလောက်ထိ ငဲ့ညှာပါ့မလား၊ ကဲပါဗျာ၊ ဒေါ်ဒေါ်အေးနဲ့ ဆက်ပြောနေလဲ အပိုပါပဲ၊ ဒေါ်ဒေါ်အေး ကိုယ်တိုင်က နွယ်နဲ့အတူ လိုက်ပါလာတဲ့ နွယ့်ရဲ့လူပဲ၊ ဘာမဆို နွယ့်ဘက်က ကာကွယ်ပြောမှာပေါ့၊ နွယ်ဟာ ကျွန်တော့်ကို မချစ်ဘူး သိလား၊ မချစ်တဲ့လူအပေါ်မှာ ငဲ့ညှာတယ်ဆိုတာ ရှိနိုင်ပါ့မလား၊ မငဲ့ညှာလို့ပဲ အခု ကားရိုက်ထွက်သွားတာပေါ့"

"သူ ကားရိုက်ထွက်သွားပေမယ့် အိမ်ကို စောစောပဲပြန်ရောက်ရောက် နောက်ကျမှ ပြန်ရောက်ရောက် အိမ်ရောက်တာနဲ့ မောင်မြင့်ခိုင်ကို မယားတစ်ယောက်အနေနဲ့ ပြုစုယုယနေသားပဲ မောင်မြင့်ခိုင်၊ ဒေါ်ဒေါ်အေးဟာ နွယ့်ရဲ့မိဘတွေလက်ထက်ကတည်းက နွယ်တို့ရဲ့အိမ်ဖော်ပါ၊ နွယ်ငယ်ငယ်လေးတည်းက အတူနေခဲ့သူပါ၊ နွယ့်ရဲ့စိတ်ရင်းစေတနာဟာ ဘယ်လောက်နူးညံ့ သိမ်မွေ့တယ်ဆိုတာ ဒေါ်ဒေါ်အေး အသိဆုံးပါ"

"ကဲ ... ခင်ဗျားဘာသာ လုပ်စရာရှိတာ လုပ်တော့ဗျာ၊ ရှေ့နေလိုက်မနေနဲ့၊ အပြင်ဘက် ကျွန်တော့်ကွယ်ရာမှာ နေချင်သလိုနေ သွားချင်သလိုသွားပြီးလို့ အားရမှ အိမ်ကျတော့ ကျွန်တော့်ကို မျက်နှာချိုသွေး ယုယပြုစုတာဟာ ကျွန်တော့်ကို ငဲ့ညှာတာလားဟင်၊ ဆင်သေကို ဆိတ်ရေနဲ့ဖုံးတဲ့ အပြုအမူတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မောင်မြင့်ခိုင် ယူဆချင်သလိုသာ ယူဆပေတော့၊ ဒေါ်ဒေါ်အေးကတော့ လင်မယား ကျေကျေအေးအေးဖြစ်စေချင်တဲ့ စေတနာရယ်၊ နွယ်ဟာ မောင်မြင့်ခိုင် အထင်မှားနေသလို လုံးဝမဟုတ်တဲ့ မိန်းကလေးမှန်း ဓာတ်သိအစင်းသိ ဖြစ်နေတာရောကြောင့် အေးရာအေးကြောင်း ပြောနေတာ၊ ဒေါ်ဒေါ်အေးကို ဒီလောက်ကြီးတောင် မငေါက်ပါနဲ့ မောင်မြင့်ခိုင်၊ နွယ်ရဲ့သံယောဇဉ်ကြောင့် ဒေါ်ဒေါ်အေး လိုက်နေပေးတာပါ၊ တစ်ယောက်တည်းသားများ ဒေါ်ဒေါ်အေး အတွက် အငေါက်မခံ အပြောမခံရဘဲ ထမင်းတစ်ဝမ်းရှာစားနိုင်သူပါ မောင်မြင့်ခိုင်"

ထို့နောက်တော့ ဒေါ်ဒေါ်အေးသည် မီးဖိုထဲဝင်သွားသည်။ ပြန်၍မထွက်လာတော့။

ကိုမြင့်ခိုင် အပြင်ဘက်တွင် ဘာတွေလုပ်နေသည်ကိုတော့ မီးဖိုထဲမှ မြင်နိုင်သမျှ တစေ့တစောင်း လှမ်းကြည့်နေသည်။

ကိုမြင့်ခိုင်သည် ဒေါ်ဒေါ်အေး ပြင်ပေးထားသော ကော်ဖီဝိုင်းတွင်လည်း မထိုင်ပေ။ ဘာမှစားသောက်ခြင်းလည်း မပြုပေ။ ရေခဲသေတ္တာထဲမှ အရက်ပုလင်း ထုတ်ပြန်သည်။

မီးဖိုနှင့်ကပ်နေသော ထမင်းစားခန်းတွင် မသောက်ဘဲ ဧည့်ခန်းစားပွဲတွင် ထိုင်သောက်သည်။ နာရီဝက်ခန့်ကြာသော အခါ သူ အိပ်ခန်းထဲသို့ ဝင်သွားသည်။

အိပ်ခန်းထဲတွင်လည်း နာရီဝက်ခန့်ကြာသည်။ ထို့နောက် ကိုမြင့်ခိုင်သည် အပေါ်ပိုင်းအကျႌဖလာ ကိုယ်တုံးလုံးကို



မျက်နှာသုတ်ပဝါ ခြုံလွှမ်းပြီး ရေကူးဘောင်းဘီအနီဝတ်ကာ ထွက်လာသည်။ အရက်ပုလင်းကိုယူပြီး ဖန်ခွက်ထဲပင် မငှဲ့တော့ဘဲ သည်အတိုင်း မော့သောက်သည်။

ပြီး ... စီးကရက်ဘူး မီးခြစ်ကို တစ်ဖက်ကကိုင်၊ ကျန်တစ်ဖက်က အရက်ပုလင်းကိုင်ပြီး အိမ်ရှေ့ပေါက်မှ ဆင်းသွားသည်။ ရေကူးကန်ဘက်သို့ ထွက်သွားသည်။

ဒေါ်ဒေါ်အေးသည် ဈေးမှဝယ်လာသော ကြက်သားကို ကိုင်သည်။

ငရုတ်သီး၊ ကြက်သွန်၊ ချင်းတို့ကို ထောင်းသည်။ ကြက်သားဟင်းအိုးကို မီးဖိုတွင်တင်ကာ ရေကူးကန်ကို လှမ်းမြင်ရသော ပြတင်းပေါက်မှ ဒေါ်ဒေါ်အေး လှမ်းကြည့်သည်။

ကိုမြင့်ခိုင်အား တွေ့ရသည်။

လေသွင်း ရာဘာမွေ့ရာကြီးထက်ဝယ် ကိုမြင့်ခိုင် ပက်လက်လှန်နေသည်။ သူ၏လက်ချောင်းကြားတွင် ညှပ်ကိုင်ထားသော စီးကရက်က မီးခိုးတလူလူ ထွက်နေသည်ကို မြင်ရသည်။

ကိုမြင့်ခိုင် တစ်ခါတလေ ပက်လက်အနေအထား ဖြင့်ပင် စီးကရက် ဖွာသည်ကိုလည်း ဒေါ်ဒေါ်အေး တွေ့ရသည်။

ဒေါ်ဒေါ်အေးသည် နံနက်စာအတွက် ကြက်သားဟင်းအပြင် အခြားပဲပင်ပေါက်ပဲပြားကြော်ရန် ပြင်ဆင်ပြန်သည်။

တိတိကျကျတော့ မသိ။ ခန့်မှန်းခြေ ဆယ်မိနစ်လောက်တွင် ဖောင်းခနဲ ရေကူးကန်ဆီမှ ပေါက်ကွဲသံ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြားလျှင်ကြားချင်း ဒေါ်ဒေါ်အေးသည် မီးဖိုပြတင်းပေါက်မှ ရေကူးကန်သို့ လှမ်းကြည့်သည်။

"ဟဲ့ ..."

ဒေါ်ဒေါ်အေး ဟဲ့ဟု အာမေဋိတ်သံပြုရင်း အံ့သြစွာဆက်ကြည့်နေသည်။

လေသွင်းရာဘာမွေ့ရာသည် ဖောင်းခနဲအသံဖြင့်ကွဲသွားပြီး ကိုမြင့်ခိုင်သည် ရာဘာမွေ့ရာနှင့်အတူ ရေထဲနစ်သွားသည်။

ကိုမြင့်ခိုင်သည် ရေကောင်းကောင်းကူးတတ်သူမို့ရေကူးပြီး ပြန်ပေါ်လာမည်ဟု ဒေါ်ဒေါ်အေး ထင်မိသည်။

သို့သော် ...

ကွဲသွားသော ရာဘာမွေ့ရာအစိတ်အပိုင်းက ရေပေါ်သို့ ပြန်ပေါ်လာသော်လည်း ကိုမြင့်ခိုင်သည် ပြန်၍ပေါ်မလာပေ။

ဘုရား ... ဘုရား။

ဒေါ်ဒေါ်အေး ဘုရားတပြီး ချက်ချင်း မီးဖိုပေါက်မှရေကူးကန်သို့ ပြေးသွားသည်။ ကိုမြင့်ခိုင် အရက်မူးမူးနှင့်ရေမကူးနိုင် ဖြစ်လေသလားဟု ဒေါ်ဒေါ်အေး စိတ်ပူမိသည်။

ဒေါ်ဒေါ်အေး ကိုယ်တိုင် လုံးဝရေမကူးတတ်သည့်ပြင် ရေကို သိပ်ကြောက်တတ်သည်။ ခါးလောက်ရှိ နက်သောရေထဲသို့ပင် ဒေါ်ဒေါ်အေး မဆင်းရဲ။

ဒေါ်ဒေါ်အေး ခြံပြင်သို့ ပြေးထွက်လာခဲ့သည်။ ခြံပေါက်ဝတွင်ရပ်ကာ ဟိုဘက်ခြံ သည်ဘက်ခြံနှင့် လမ်းသွားလမ်း



လာများ ကြားလောက်အောင် ကယ်ပါယူပါ အော်ဟစ် အကူအညီတောင်းသည်။

လူတွေ ဝိုင်းလာပါ၏။

ဒေါ်ဒေါ်အေးက လူတွေကို အကျိုးအကြောင်းပြောရသေးသည်မှာလည်း ကြာသွားသည်။

လူတွေလိုက်ပါလာပြီး ရေကျွမ်းကျင်သော လူလေးဦး ဆင်းငုပ်ပြီးရှာသည်။ ကိုမြင့်ခိုင်ကို ရေအောက်ကြမ်းခင်းတွင်တွေ့ရှိပြီး ဆွဲတင်လာခဲ့သည်။

ကန်ပေါင်ပေါ်သို့ရောက်သောအခါ တတ်သလောက်မှတ်သလောက် ပြုစုကြသည်။

သို့သော် ခြေရင်းခြံမှ ဦးဒေဝက စမ်းသပ်ကြည့်ရှုပြီး ကိုမြင့်ခိုင် အသက်မရှိတော့ပြီဟုပြောကာ ရဲစခန်းသို့ တယ်လီဖုန်းဆက် အကြောင်းကြားပေးသည်။

နာရီဝက်အတွင်း ရဲအုပ်ဦးမင်းနောင် ခေါင်းဆောင်သော ရဲအဖွဲ့ ရောက်လာသည်။

အလောင်းနေရာကို မြေဖြူခြစ်သည်။ အလောင်းကိုဓာတ်ပုံရိုက်သည်။

ဆောင်ရွက်ဖွယ်များ ပြီးစီးသောအခါ ကိုမြင့်ခိုင်၏အလောင်းကို ဆေးရုံမှ ဆေးရုံကား ဖုန်းဆက်ခေါ်ယူပြီး ပို့လိုက်သည်။

ရေနစ်သေခြင်းသည် ရဲအရေးပိုင်သော ရာဇဝတ်ကြောင်းတွင် အကျုံးဝင်နေသဖြင့် ဆေးရုံမှအလောင်းကို ခွဲစိတ်စမ်းသပ်မည် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထွက်ဆိုချက်ဟူ၍ မည်မည်ရရ မယူသေးဘဲ အမှုဖွင့်နိုင်ရုံ ရေနစ်သေဆုံးပုံ အကျိုးအကြောင်းကို ဒေါ်ဒေါ်အေးအား မေးမြန်းသည်။

ခြေရင်းခြံမှ ဦးဒေဝကို မေးမြန်းသည်။

ထို့နောက် နွယ် ကားရိုက်ရာနေရာကို စုံစမ်းပြီး ဦးမင်းနောင် လိုက်သွားကာ နွယ့်ကို အကျိုးအကြောင်း ပြောပြသည်။

နွယ်သည် ချက်ချင်း ဆေးရုံကြီးရှိ အလောင်းထားရာ ကိုမြင့်နိုင်ကို ဝင်ကြည့်သည်။

သေသူသည် နွယ်၏တရားဝင်ခင်ပွန်း ကိုမြင့်နိုင်မှန်ကန်ကြောင်း ဦးမင်းနောင်ထံတွင် အိုင်ဒင်တီဖိုင်း လုပ်ပေးရသည်။

အသုဘရက် ခုနစ်ရက်လုံးလုံး ဦးမင်းနောင်သည် လူမှုရေးအရ နွယ်တို့အား စစ်ဆေးမေးမြန်းခြင်း ထွက်ဆိုချက်ရယူခြင်း မပြုပါလေ။

ယင်း ခုနစ်ရက်အတွင်းမှာပင် လဆန်းရက်ထုတ်ဝေသော စာစောင် ဂျာနယ် မဂ္ဂဇင်းတို့တွင် နာမည်ကျော် ရုပ်ရှင်မင်းသမီးနွယ်၏ ခင်ပွန်း ရေနစ်သေဆုံးခြင်းကို ထင်မြင်ချက် ဝေဖန်ချက်လေးများဖြင့် ဖြည့်စွက်ရေးသားကြသည်။

ပြီး ... ရုပ်ရှင် ဗီဒီယို အသိုက်အဝန်းတွင်လည်းကောင်း၊ နွယ်၏ပရိသတ်များ အသိုက်အဝန်း၏ ဟိုတစ်စု သည်တစ်စုတွင်လည်းကောင်း နွယ့်ကို ထင်မြင်ချက် အမျိုးမျိုးတွေ ပေးကြသည်။



မကောင်းသော ကောလာဟလသတင်းဆိုးတို့သည် ပျံ့လွင့်စ ပြုလေပြီ။

ကိုမြင့်နိုင် သေဆုံးသွားခြင်းအတွက် နွယ်က တရားဝင်ဇနီးအနေနှင့် ကသစ်မြိုင်ခြံနှင့် တိုက်အိမ်ကြီးကိုလည်းကောင်း၊ ကိုးသိန်းတန် မော်တော်ကားကိုလည်းကောင်း၊ ကိုမြင့်နိုင်၏ဘဏ် အပ်ငွေများကိုလည်းကောင်း၊ ကိုမြင့်နိုင် ထားရှိခဲ့သော အသက်အာမခံငွေကြေးကို ဆက်ခံရမည်ဟုလည်းကောင်း၊ ဆက်ခံရသည့် သတင်းတွေ ပေါ်ထွက်လာခြင်း ဖြစ်ပါ၏။

နွယ်၏ရုပ်ရှင်လောကတွင် အောင်မြင်မှုကို မနာလိုဝန်တိုသူတချို့ကဆိုလျှင် နွယ်ကပင် ကိုမြင့်နိုင် ရေနစ်သေဆုံးရန် ဖန်တီးသလိုလို သတင်းလွှင့်ကြသေးသည်။

ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်နေ့မှာပင် အမှုလိုက်အိုင်အိုရဲအုပ် ဦးမင်းနောင်သည် ကသစ်မြိုင်သို့ ရောက်ရှိလာတော့သည်။

ရဲကြပ်ကြီးတစ်ဦးလည်း ပါလာပါ၏။

ရဲကြပ်ကြီးက ဦးမင်းနောင် စစ်ဆေးသမျှနှင့် ထွက်ဆိုချက်များကို လက်ရေးတို့ဖြင့် အားလုံးလိုက်ရေးပါ၏။

"အင်မတန် အားနာပါတယ် မနွယ်၊ တကယ်တမ်း စစ်ဆေးရမှာ ထွက်ဆိုချက်ရယူရမှာက ကိုမြင့်နိုင် သေဆုံးသွားတဲ့နေ့ကတည်းကပါ၊ ဒါပေမဲ့ လူမှုရေးအရ ရက်လည်ဆွမ်းကျွေးပြီးမှ ကျုပ် လာခဲ့တာပါ"

"အဲဒီအတွက် ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောရတာ အားတော့နာစရာပဲ၊ ကိုမြင့်ခိုင် သေဆုံးမှုနဲ့ပတ်သက်ပြီး ကောလာဟလသတင်းတွေကတော့ ကြောက်ခမန်းလိလိပဲ မနွယ်"

"ဟုတ်ပါတယ်၊ နွယ်လည်း ကြားပါတယ်၊ အဲဒီကောလာဟလသတင်းတွေအရပဲ ဦးမင်းနောင်က နွယ့်ကိုဖမ်းမှာလား ဦးမင်းနောင်"

"ကျုပ်က မနွယ်ကို ဖမ်းဆီးတော့မှာပဲလို့ မနွယ်ရဲ့စိတ်ထဲက ခံယူထားလို့လား"

"နွယ် ဘာမှခံယူချက် မထားဘူး ဦးမင်းနောင်၊ သူတို့ဘေးကစွပ်စွဲပုံက ကိုမြင့်ခိုင်ရဲ့အမွေတွေကို နွယ်က ဆက်ခံချင်တာနဲ့ ကိုမြင့်ခိုင်ကို တစ်နည်းတစ်ဖုံ သေစေဖို့ နွယ်ကပဲ ဖန်တီးသလိုလိုပြောတယ်၊ အများက ပြောဆိုထင်မြင်သလို ဦးမင်းနောင်က လက်ခံယူဆတယ်ဆိုလည်း နွယ့်ကိုဖမ်းပြီး သေဒဏ်သာပေးလိုက်ပါတော့၊ နွယ့်ဘဝက ခန္ဓာကိုယ်အသက်ရှင်လျက်နဲ့ ဘဝကသေပြီပဲ၊ ရုပ်ရှင်မင်းသမီးတစ်ယောက်အတွက် နာမည်ဆိုးတွေနဲ့ ပရိသတ်နာသွားပြီလေ၊ နာလန်မထူနိုင်တော့ဘူး မဟုတ်လား"

"ဟဲ ဟဲ ဟဲ ... သတ္တဝါတွေအားလုံးထဲမှာ လူသတ္တဝါတစ်မျိုးပဲ စကားပြောတတ်တယ် မနွယ်၊ ဒီတော့လည်း လူတွေဟာ စကားသိပ်ပြောကြတာပေါ့၊ သူတို့ပြောတဲ့အတိုင်းသာ ရဲအဖွဲ့က လိုက်ဖမ်းရမယ်ဆိုရင် ကမ္ဘာကုန်းမြေပေါ်မှာ အချုပ်တွေ ထောင်တွေ တည်ဆောက်ဖို့ မလောက်တာနဲ့ ပင်လယ်သမုဒ္ဒရာထဲ သွားဆောက်ရဦး



မယ်၊ အခု ကိုမြင့်ခိုင်ကိစ္စမှာ အမျိုးမျိုးတွေ ပြောကြတာပေါ့လေ၊ ဒါပေမဲ့ ခုချိန်ထိ ကျုပ် ဘယ်သူ့ကိုမှ မဖမ်းသေးဘူး၊ ဘာလို့လဲဆိုတော့ ကိုမြင့်ခိုင် သေဆုံးမှုဟာ လူသတ်မှုဆီကိုညွှန်းပြချက် အင်မတန် အားနည်းနေလို့ပဲ၊ ဒါဟာ လူသတ်မှုဖြစ်သလား ဆိုတာကိုတော့ အချက်အလက်တွေ ကျုပ် ရှာဖွေစူးစမ်းတုန်းပဲ မနွယ်၊ အခု မနွယ်ကို စစ်မေးမယ်၊ ထွက်ဆိုချက်ယူမယ်၊ ကျွန်တော် ကိုမြင့်ခိုင်ရဲ့ အသုဘ ခုနစ်ရက်အတွင်းမှာ ကိုမြင့်ခိုင် သေဆုံးမှုနဲ့ ပတ်သက်သမျှ ပုဂ္ဂိုလ်တွေကို လိုက်ပြီးစစ်ဆေးပြီးပြီ၊ သဲလွန်စတွေနဲ့ အထောက်အထားတွေလည်း ရသမျှ စုဆောင်းထားပြီးပြီ၊ အခု မနွယ်ရယ်၊ ဒေါ်အေးရယ်ဆီက ထွက်ဆိုချက်ယူမယ်၊ အဲဒီထွက်ဆိုချက်နဲ့ ကျုပ် ရရှိထားပြီးသား၊ အချက်အလက်တွေနဲ့ ကိုက်ညီမှုရှိမရှိ၊ တစ်ခုနဲ့ တစ်ခု ကွင်းဆက်မိ,မမိ ကျုပ်ထပ်ပြီး ဆန်ခါချကြည့်မယ်၊ ဒါဆိုရင် အခု မနွယ်ကပဲဖြစ်ဖြစ်၊ ဒေါ်အေးကပဲဖြစ်ဖြစ် မှားယွင်းတဲ့ ထွက်ဆိုချက်ပေးပြီဆိုရင် ကျုပ်က အင်း ... မနွယ်တို့ရဲ့ထွက်ဆိုချက်ကတော့ ကာလာခြယ်ထားပြီး၊ အရောင်ဆိုးထားပြီး၊ ဆန်ထဲမှာ ဆန်ကွဲတွေ ရောထားပြီ ဆိုတာ သိနိုင်တာပေါ့"

နွယ်က ပြုံးလိုက်ပါ၏။

ဦးမင်းနောင်သည် နွယ်နှင့် ဒေါ်ဒေါ်အေး လိမ်မပြောရဲအောင် တင်ကြို၍ချုပ်ကိုင်ပြောသည့် အပြောမျိုး ပြောထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနွယ်က ကျုပ်ပြောတာကို ပြုံးတယ်၊ ဘာလို့ပြုံးတာလဲ"

"ဦးမင်းနောင်ရဲ့ တင်ကြိုလှန့်လိုက်တဲ့ စကားတွေကို ပြုံးမိတာပါ၊ နွယ့်အနေနဲ့ကတော့ ဦးမင်းနောင် ကြိုက်သလိုမေး၊ မှန်တာတွေချည်း ပြောမှာပဲ၊ အဲ ... မှန်တာပြောပါလျက်နဲ့မှ ဦးမင်းနောင်ရဲ့အမြင်မှာ ကာလာခြယ်တယ်၊ အရောင်ရောတယ် ထင်ချင်ထင်၊ မထင်ချင်နေ၊ ဆန်ခါချကြည့်လို့ ဆန်ကွဲတွေကျချင်ကျ မကျချင်နေ၊ နွယ် အမှန်အတိုင်းပဲ ဖြေမယ်၊ ဒါမှ အရောင်တွေတွေ့တယ်၊ ဆန်ကွဲတွေကျတယ်ဆိုလည်း ကြိုက်သလို အရေးယူ၊ ကိုမြင့်နိုင်ကို နွယ်သတ်ပါတယ်လို့ အထောက်အထားတွေတွေ့လည်း တစ်ချီတည်း သေဒဏ်သာ ပေးလိုက်ပါ၊ မထူးတော့ဘူးလေ၊ နွယ် အင်မတန် စုံမက်ခင်မင်တဲ့ ရုပ်ရှင်လောကမှာ ဘဝသေသွားပြီပဲ"

"ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ မနွယ်၊ ကျုပ်စစ်ဆေးတွေ့ရှိလို့ အမှန်အတိုင်းတွေ ပေါ်လာတဲ့အထဲမှာ မနွယ်ဟာ ကင်းကင်းရှင်းရှင်း ဖြစ်နေတယ်ဆိုရင် ကျုပ်နည်းကျုပ်ဟန်နဲ့ မနွယ် ကင်းရှင်းကြောင်း ပရိသတ်ကို ကြေညာပေးပါ့မယ်၊ ဒါဆို မနွယ်ကိုချစ်တဲ့ ပရိသတ်က မနွယ်ကို ပြန်ချစ်လာကြမှာပါ"

"နေပါဦး ဦးမင်းနောင်၊ မနွယ်ကို အခု ဦးမင်းနောင် မစစ်ဆေးရသေးပါဘူး၊ မနွယ်ရဲ့ထွက်ဆိုချက် မရယူသေးပါဘူး၊ ဘာမှမမေးရ မမြန်းရခင်ကတည်းက မနွယ်ဟာ ကင်းကင်းရှင်းရှင်း ဖြစ်နေတယ်ဆိုရင် ဆိုတဲ့စကား ဦးမင်းနောင် သုံးလိုက်တယ်၊ ဘာတဲ့ မနွယ်ဟာ ကိုမြင့်နိုင် သေဆုံးမှုမှာ မကင်းမရှင်း ရှိနေတယ်ဆိုတဲ့သံသယ ဦးမင်းနောင် ဝင်ထားပြီလား"



"ကျုပ် ဘာမှကိုလဲ ယတိပြတ် မဆုံးဖြတ်သေးဘူး၊ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှလဲ သံသယစိတ်မထားသေးဘူး၊ အခု ကျုပ်စစ်ဆေးထားပြီးသမျှ အပေါ်မှာ အကျိုးအကြောင်း ဆက်နွယ်မှုတွေ ရှာတုန်းပဲ"

"ဒါဆို နွယ့်ကို ဦးမင်းနောင်က မဖမ်းသေး။ မချုပ်သေးဘူးပေါ့"

"ဘာလို့ ဖမ်းရချုပ်ရမှာလဲ"

"ပြောတတ်ဘူးလေ၊ ဘေးကလောလာဟာလတွေ၊ စာစောင်ဂျာနယ် မဂ္ဂဇင်းတွေရဲ့ အာဘော်တွေက ကိုမြင့်နိုင်ရဲ့ ကြွယ်ဝချမ်းသာမှုကို နွယ်က လက်ခံရနိုင်ရေးအတွက် ကိုမြင့်နိုင်ကိုပဲ နွယ် သတ်သလို ရေးကြ၊ ပြောကြတာတွေကို ဦးမင်းနောင်က ထပ်တူထပ်မျှ ယူဆသွားပြီလားလို့ပါ"

"ရဲဆိုတာ ဘေးစကားတွေ ပြောရာနောက်ကိုသာ လိုက်နေရင် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ကစားသလို ချာချာလည်နေမှာပဲ၊ နေရာမှန်ကို ရောက်မှာမဟုတ်ဘူး၊ ကျုပ်ပြောမယ် မနွယ်"

"ပေါက်ပင် ဘာလို့ကိုင်းရလဲ"

"ဖျိုင်းနားလို့ကိုင်းရတယ်ဆိုရင် ဖျိုင်းကို ဖမ်းဆီးရမှာလား၊ ဖျိုင်းဘာလို့နားရလဲ၊ ငါးဘာလို့ပေါ်ရလဲ၊ ကျွဲဘာလို့လူး

www.burmeseclassic.com

www.burmeseclassic.com



ရလဲ၊ ဖြုတ်ဘာလို့ကိုက်ရလဲ၊ မိုးဘာလို့ရွာရလဲ၊ ဖားဘာလို့အော်ရလဲ၊ မြွေဘာလို့ ကိုက်ရလဲဆိုတဲ့ ဆက်နွယ်မှုတွေကို တစ်ဆင့်ပြီးတစ်ဆင့် စုံစမ်းရမယ်၊ အခု ကိုမြင့်ခိုင်ကို ခွဲစိတ်တဲ့ ဆရာဝန်ဆီက စစ်ဆေးတွေ့ရှိချက် ရပြီးပြီ၊ ကိုမြင့်ခိုင်ဟာ အိမ်ဆေးကြောင့်လည်း သေရတယ်၊ ရေနစ်လို့လည်း သေရတယ်လို့ ဆရာဝန်မှတ်ချက်ပေးထားတယ်"

"ရှင် ... လူတစ်ယောက်ဟာ နှစ်ခါသေသတဲ့လား ဦးမင်းနောင်"

"ဟဲ ဟဲ ဟဲ ... ကျုပ် စကားပြော လောသွားတယ်"

တကယ်တော့ ဦးမင်းနောင်သည် သူ၏အမှုစစ်အတတ်ပညာကို သုံးနေခြင်းဖြစ်၏။

ကိုမြင့်ခိုင်ဟာ အိပ်ဆေးကြောင့် သေရတယ်ဟု ပြောရာတွင် နွယ်၏မျက်နှာရိပ် မျက်နှာကဲကို စိုက်ခနဲ စူးခနဲ အကဲခတ်သည်။

ရေနစ်လို့ သေရတယ်ဟု ထပ်အပြောတွင်လည်း နွယ်၏မျက်နှာကို စိုက်ခနဲ စူးခနဲ ထပ်၍အကဲခတ်ပြန်သည်။

"ကျုပ် ပြောချင်တဲ့ အဓိပ္ပာယ်က ကိုမြင့်ခိုင်ဟာ ရေနစ်ပြီးမသေလည်း သူသောက်ထားတဲ့ အိပ်ဆေးရဲ့ အတိုင်းအဆက များလွန်းနေလို့ သေမှာပဲလို့ ပြောတာ၊ ကိုမြင့်ခိုင်ဟာ စီးကရက်မီးညှိထားတာကိုကိုင်ရင်း ရာဘာမွေ့ရာပေါ်မှာ အိပ်ပျော်သွားပြီလေ၊ ပြန်နိုးဖို့ မလွယ်တော့ဘူး၊ အိပ်ပျော်နေတဲ့လူ ဆိုတာက အသက်ရှူတုန်းပဲ မဟုတ်လား၊ အဲဒီအချိန်မှာ စီးကရက်မီးက လေသွင်းရာဘာ



မွေ့ရာကို ထိုးမိတယ်၊ ပူစီဖောင်းများ အပ်နဲ့ထိုးသလို ဖောင်းခနဲ ကွဲသွားတယ်၊ ကိုမြင့်ခိုင် ရေထဲကျသွားတယ်၊ အိပ်မောကျနေတဲ့ ကိုမြင့်ခိုင် ရေမကူးနိုင်ဘူး၊ ဒါကြောင့် အဆုတ်ထဲရေဝင်ပြီး ရေနစ်သေသွားတာလို့ ကျုပ်ပြောတာပါ"

နွယ်ကပင် ပြန်၍ထောက်သော မေးခွန်းကို ပြန်မေးလိုက်သည်။

"ကိုမြင့်ခိုင် လေသွင်းမွေ့ရာပေါ်မှာ စီးကရက်ကိုင်ထားတာကို တွေ့တယ်ဆိုတာက ဒေါ်ဒေါ်အေး တစ်ယောက်ပဲ တွေ့တာပါ၊ ဦးမင်းနောင် ဒေါ်ဒေါ်အေးကို မစစ်ဆေးရသေးဘူး၊ ထွက်ဆိုချက် ယူရသေးဘူးဆိုရင် ကိုမြင့်ခိုင် လက်ထဲက စီးကရက်ကိုင်ထားတယ် ဆိုတာရယ်၊ စီးကရက်မီးက လေသွင်းရာဘာမွေ့ရာကို ပေါက်ကွဲစေတယ် ဆိုတာ ဘယ်လိုလုပ် သိသလဲ"

"ဩော် ... ဩော် ... မနွယ်ကတောင် ဒီလိုပြန်မေးသကိုး၊ အခင်းဖြစ်ပွားတဲ့နေ့ကပဲ ဆိုပါတော့၊ ဟောဒီခြံရဲ့ခြေရင်းခြံက ဦးဒေဝက ဖုန်းဆက်ခေါ်လို့ ကျုပ်တို့ ရောက်လာတယ်၊ ရောက်တာနဲ့ ဘယ်လိုဖြစ်တာလဲလို့ မေးတော့ ဒေါ်အေးကပဲ ဒီလိုဖြစ်တာပါလို့ ပြောပြလို့ သိတာပါ၊ အဲဒီလို ဒေါ်အေးပြောပြတာက သူသူငါငါ အကျိုးအကြောင်းပြောပြတဲ့ သဘောလောက် ရှိတာပဲ မနွယ်၊ အဲဒါ ထွက်ဆိုချက် မဟုတ်သေးဘူး၊ ထွက်ဆိုချက်ယူတယ် ဆိုတာက ဟောဒီမှာ ရဲကြပ်ကြီးက တရားဝင် ကျုပ်နဲ့မနွယ် ပြော

www.burmeseclassic.com

www.burmeseclassic.com



သမ္ဗျတွေကို လက်ရေးတိုနဲ့ လိုက်ကူးတာဟာ ထွက်ဆိုချက်ယူတာပဲ၊ နောက်တစ်ချက်က လေသွင်းရာဘာမွေ့ရာကို ကျုပ် စစ်ဆေးတယ်၊ မီးကျွမ်းတဲ့နေရာကို တွေ့တယ်၊ အဲဒီရာဘာမွေ့ရာ အပိုင်းအပြတ်ထဲမှာပဲ ရောထွေးတင်ရှိနေတဲ့ စီးကရက်တိုကို တွေ့တယ်၊ အဲဒီ စီးကရက်တိုရဲ့အမျိုးအစားဟာ ကိုမြင့်ခိုင်ရဲ့လက်ကျန်စီးကရက်ဘူးအမျိုးအစားနဲ့ တူညီနေတယ်၊ ရေကူးကန်ရဲ့ပေါင်ပေါ်မှာ လက်ကျန်စီးကရက်ဘူးရော၊ လက်ကျန်အရက်ပုလင်းပါ တွေ့ရတယ်၊ လက်ဗွေပုံစံရုံးမှာ တရားဝင်စစ်ဆေးတော့ စီးကရက်ဘူးပေါ်နဲ့ အရက်ပုလင်းပေါ်က လက်ဗွေပုံစံတွေဟာ ကိုမြင့်ခိုင်ရဲ့လက်ဗွေပုံစံနဲ့ တူညီနေပြန်တယ်"

ဦးမင်းနောင်သည် သူ၏အကျႌအိတ်ထဲမှ ဒူးယားအိတ်စ်ပို့ဘူးဝါကိုထုတ်ကာ တစ်လိပ်မီးညှိရှူဖွာသည်။ ပြီးမှဆက်ပြောသည်။

"နောက်တစ်ချက်က သမားတော် ဒေါက်တာဦးအောင်ဘန်းဆီကို ကျုပ် သွားပြီး ထွက်ဆိုချက်ယူသေးတယ်၊ ကိုမြင့်ခိုင်ဟာ ဒေါက်တာဦးအောင်ဘန်းနဲ့ ကုသနေတယ်ဆိုတာ ကျုပ် စုံစမ်းရလို့ပါ၊ ဒေါက်တာဦးအောင်ဘန်းက ကိုမြင့်ခိုင်ကို ဘာရောဂါအတွက် ကုသနေတယ်ဆိုတာလည်း ပြောပြတယ်၊ နောက်တစ်ချက်က ကိုမြင့်ခိုင်ဟာ ညကျရင် မျက်စိကြောင်ပြီး အိပ်မပျော်ဘူးဆိုလို့ တစ်ခါသောက် တစ်ပြား၊ သို့မဟုတ် နှစ်ပြားထိ သောက်နိုင်တဲ့ အိပ်ဆေးတစ်ပုလင်း ပေးထားတယ်လို့ ပြောပါတယ်၊ ကိုမြင့်ခိုင်ရဲ့



အလောင်းကို တာဝန်ကျ ခွဲစိတ်တဲ့ ဆရာဝန်က ခန္ဓာကိုယ်သွေးကြောထဲမှာ တွေ့ရှိတဲ့အိပ်ဆေးနဲ့ ဒေါက်တာဦးအောင်ဘန်း ကိုမြင့်ခိုင်ကို ပေးထားတဲ့အိပ်ဆေးဟာ တစ်မျိုးတစ်စားတည်းပါလို့ ပြောပါတယ်"

"ဒါဆို ဒီအထောက်အထား အမျိုးမျိုးအရ ကိုမြင့်ခိုင်ဟာ သူ့ကိုယ်သူ သတ်သေတာလို့ မယူဆနိုင်ဘူးလား ဦးမင်းနောင်"

"ဟုတ်ကဲ့ ... ယူဆနိုင်ပါတယ်၊ ဒါပေမဲ့ လူတစ်ယောက် အိမ်ပေါ်ကလိမ့်ကျလို့ သေတယ်၊ လမ်းဖြတ်ကူးရင်း မော်တော်ကားတိုက်လို့သေတယ်၊ သာမန်ရေကူးရင်း ကြွက်တက်လို့ ရေနစ်သေတယ်၊ ရေထဲက အဆိပ်ရှိသတ္တဝါတစ်ကောင်ကောင်ကကိုက်လို့ ရေမကူးနိုင်တော့ဘဲ နစ်သေတယ် စသဖြင့်ပေါ့လေ၊ အဲဒီလို သေသွားတာမျိုးကျတော့ စစ်ဆေးပြီး သေမှုသေခင်းပဲဆိုပြီး မှတ်တမ်းတင်ထားလိုက်ရုံပါပဲ၊ ဒါပေမဲ့ အခု ကိုမြင့်ခိုင် သေဆုံးတာက အိပ်ဆေးတွေ လွန်ကဲစွာသောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေမှုထဲမှာ အကျုံးဝင်နေတယ် မနွယ်၊ အဲ ... ကျွန်တော်တို့ရဲ့ဥပဒေအရ လူတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေတာ သေမှုသေခင်း ဆိုတာလောက်နဲ့ မပြီးပါပြီး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာကို ဥပဒေတစ်ခုအနေနဲ့ ခွင့်လွှတ်ချက် မရှိပါဘူး"

ဦးမင်းနောင်က စီးကရက်ဖွာပြန်သည်။ နွယ့်ကိုလည်း စူးစိုက်ကြည့်ပြီး ဆက်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြင့်ခိုင်ဟာ သူ့ကိုယ်သူ ဘာဖြစ်လို့ သတ်သေတာလဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်တဲ့ အကြောင်းကိစ္စ မိုးတစ်(ဗ်) ဘာတွေရှိသလဲဆိုတာ စုံစမ်းရပါတယ် မနွယ်၊ အဲ ... ကိုမြင့်ခိုင် မသေမီ ညဦးပိုင်းက မနွယ်နဲ့ ကိုမြင့်ခိုင်တို့ လင်မယား ရန်ဖြစ်ကြသေးတယ်ဆို၊ အဲဒါ ဟုတ်သလား"

"အဲဒါ ကိုမင်းနောင် ဘယ်လိုသိသလဲ"

"ကျွန်တော် ပြောခဲ့ပြီးပါပြီ မနွယ်၊ ဒေါ်အေးကို တရားဝင် ထွက်ဆိုချက်သာ မရယူသေးပေမယ့် ကိုမြင့်ခိုင် ရေနစ်လို့ ကျုပ် ရောက်လာတဲ့အချိန် ဖြစ်ပျက်ပုံကိုမေးရင် ညက ကိုမြင့်ခိုင်နဲ့ မနွယ် ရန်ဖြစ်တယ်ဆိုတာ ဒေါ်အေးက စကားကြုံပြီး အမှတ်မထင် ပြောလိုက်တာကို ကျုပ်မှတ်ထားတာပါ"

"ကိုမြင့်ခိုင်နဲ့ နွယ် ရန်ဖြစ်တယ် ဆိုတာ တစ်ယောက်နဲ့ တစ်ယောက်ဒေါသတကြီး ထသတ်တာမျိုးကို ဦးမင်းနောင် ဆိုလိုချင်တာလား"

"ဘယ်ဟုတ်ပါ့မလဲ မနွယ်၊ ကိုမြင့်ခိုင်နဲ့ မနွယ်တို့ရောက် ရှိနေတဲ့ အဆင့်အတန်းက လင်မယား လူချင်းပူးသတ်တဲ့ အဆင့်မျိုးမှ မဟုတ်တာ"

"ဒါဆို မှန်ပါတယ် ဦးမင်းနောင်၊ နွယ်နဲ့ ကိုမြင့်ခိုင် အဲဒီညက စကားများကြတယ်"

"ဘာကြောင့် များကြတာလဲ မနွယ်"



"တိုတိုပြောရရင် တစ်ယောက်နဲ့တစ်ယောက် စိတ်သဘော ထားချင်း မတိုက်ဆိုင်လို့ပဲ ဆိုပါတော့"

"ဘယ်လိုအကြောင်းအချက်ပေါ်မှာ စိတ်သဘောထားမ တိုက်ဆိုင်ကြတာလဲ မနွယ်၊ စီးပွားရေးကိစ္စမှာလား"

"ဘာမှမဆိုင်ဘူး၊ ကိုမြင့်ခိုင်နဲ့ လက်ထပ်တဲ့နေ့ကစပြီး နောက်ဆုံးနေ့အထိ စီးပွားရေးအရ စကားများတာ တစ်ခါမှမရှိပါဘူး"

"ယုံကြည်ပါတယ်၊ စကားအဖြစ်သာ မေးလိုက်တာပါ၊ နှစ်ယောက်စလုံးက ငွေကြေးပြည့်စုံနေတော့ စီးပွားရေး အရ စကားများစရာ မရှိနိုင်ပါဘူး၊ ကဲ ... ဒါဖြင့် ဘာလို့ စကားများကြလဲ ပြောပါ၊ မနွယ် ပြောတာဟာ တရားဝင် ထွက်ဆိုချက်ပါနော်"

"ကဲ အမှန်ဆုံးနဲ့ အတိုဆုံးပဲ ပြောပြမယ်၊ နွယ် ရုပ်ရှင် မင်းသမီးအလုပ်က ချက်ချင်းစွန့်လွှတ်ပါတဲ့၊ နွယ်က ဝါသနာအရင်းခံထားတဲ့ အလုပ်မို့ မစွန့်ပစ်နိုင်ဘူးပြော တယ်၊ နောက် ကိုမြင့်ခိုင်က သူ့ရောဂါကို သမားတော် ဦးအောင်ဘန်းရဲ့ ဆက်သွယ်ပေးမှုကတစ်ဆင့် နိုင်ငံခြား သွားကုမယ်၊ သူနဲ့အတူ နွယ် လိုက်ခဲ့ပါတဲ့၊ ပထမ နွယ် ငြင်းသေးတယ်၊ နောက်တော့ သူ့ကို သနားကြင်နာစိတ် နဲ့ နိုင်ငံခြားဆေးကုသွားတာကို လိုက်ခဲ့ပေးပါ့မယ်၊ ဒါပေမဲ့ အခု စရန်ငွေယူထားပြီးသား ရိုက်လက်စဇာတ်ကားတွေ ကိုတော့ လူမှုရေးနဲ့ တစ်ပါးသူရဲ့စီးပွားရေး မထိခိုက်စေ ချင်လို့ ပြီးပြတ်အောင် ရိုက်ပေးပြီးမှ လိုက်နိုင်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကားသစ်ကို လက်မခံတော့ပါဘူးလို့၊ အဲဒါကိုလည်း ကိုမြင့်ခိုင်က မကျေနပ်ဘူး၊ စရန်ငွေယူထားတဲ့ ဇာတ်ကားတွေကို ဥပဒေနည်းလမ်းအတိုင်း စရန်ငွေသုံးဆ သူ့ဘဏ်ငွေထဲကထုတ်ပြီး လျော်ပေးမယ်တဲ့၊ အဲဒီကိစ္စတွေမှာ စကားများတာပဲ၊ သဘောထားချင်း မတိုက်ဆိုင်တာပဲ ဦးမင်းနောင်၊ မနက်ကျတော့ သူ့အိပ်ရာက မထခင် ဦးသန့်ဇင် ကားရိုက်ဖို့ လာခေါ်တယ်၊ နွယ် လိုက်သွားတယ်၊ ခါတိုင်းလည်း ရုပ်ရှင်မင်းသမီးမလုပ်ဘဲ စွန့်လွှတ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး မကြာခဏ စကားများဖူးတယ်၊ ပြီးတော့လည်း ပြီးသွားတာပဲ၊ အခုနောက်ဆုံး စကားများပြီး နံနက်လင်းပြီးမှ သူ ဒီလိုလုပ်ပစ်လိုက်တာ နွယ်လုံးဝမထင်ဘူး၊ ဦးမင်းနောင် ကားရိုက်တဲ့ဆီကို လိုက်လာပြီးပြောမှ အံ့သြစွာနဲ့ သိရတာပဲ၊ ကဲ ... နွယ် သိသလောက်ကတော့ ဒီအထိပဲ ဦးမင်းနောင်၊ အိမ်မှာကျန်ခဲ့တဲ့ ကိုမြင့်ခိုင် ဘာတွေ ပြောတယ် ဘာတွေ လုပ်တယ်ဆိုတာတော့ ဒေါ်ဒေါ်အေးကိုသာ စစ်ဆေးကြည့်ပေတော့”

“အင်း ... ဒေါ်အေးကို စစ်ဆေးရဦးမှာပေါ့လေ၊ ဒါထက် ဒေါ်အေးဟာ မနွယ်ရဲ့လူလုံးလုံးပါနော်”

နွယ် မျက်မှောင်ကြုတ်၍ ဦးမင်းနောင်ကို ကြည့်မိသည်။ ဦးမင်းနောင်၏ မေးခွန်းသည် မိမိနှင့် ဒေါ်ဒေါ်အေး တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်မှာပေါ့ဆိုသည့် အဓိပ္ပာယ်များ ဆောင်ချင်နေသလားမသိ။



“ဒေါ်ဒေါ်အေးဟာ နွယ် ငယ်ငယ်တည်းက နွယ့်မိဘတွေအိမ်မှာနေခဲ့ပြီး နွယ့်ကို ထိန်းကျောင်းခဲ့တာပဲ၊ မိဘတွေဆုံးသွားတော့လည်း ဒေါ်ဒေါ်အေးက နွယ်နဲ့အတူတူနေခဲ့တာ ကနေ့အထိပဲ၊ ဒေါ်ဒေါ်အေးက အပျိုကြီး၊ တခြားအားကိုးအားထားလည်း မရှိဘူး၊ အဲဒါ ဒေါ်ဒေါ်အေးဟာ နွယ့်ရဲ့လူ လုံးလုံးလား ပြားပြားလားတော့ ဦးမင်းနောင်ရဲ့ ဇယားကွက်ထဲမှာ ဒေါ်ဒေါ်အေးကို လိုအပ်တဲ့အကွက်ထဲမှာ ထားပါတော့”

“ဟဲ ဟဲ ... မနွယ် ကျုပ်ကို သိပ်စိတ်မရှည်ချင်တော့ဘူးထင်တယ်၊ သည်းခံပါ မနွယ်၊ ကျုပ်တို့ရဲ့ အမှုစစ်လုပ်ငန်းမှာ တစ်ခါတလေ အဖြူတွေထဲက အဖြူကိုရွေးတယ်၊ အမည်းထဲက အမည်းကို ရွေးရတာမျိုးတွေ ရှိပါတယ်၊ အဲဒီအခါမျိုးမှာ ကျုပ်ဟာ အဖြူနဲ့အမည်းနှစ်ခုကို ရောပစ်လိုက်တယ်၊ အဲဒီလို အဖြူအမည်းနှစ်ခု ရောလိုက်မှ အဖြူကို ရွေးရတာလည်း လွယ်တယ်၊ အမည်းကို ရွေးရတာလည်း လွယ်တယ်၊ အဲဒီသဘောပဲ၊ ကျုပ်စစ်ဆေးမေးမြန်း ပြောဆိုနေတာတွေဟာ အဲဒီသဘောပါ မနွယ်၊ နောက်တစ်ခု ကျုပ်ကြားတာက မနွယ်ဟာ ရုပ်ရှင်မင်းသမီးလုပ်နေပေမယ့် ဒီအရွယ်အထိ ချစ်သူလည်း မထားခဲ့ဘူး၊ လက်ထပ်ဖို့ဆိုလည်း ငြင်းပယ်ခဲ့တာချည်းပဲတဲ့၊ အဲဒါ မနွယ်ရဲ့ရင်းနှီးတဲ့သူတွေဆီက ကျုပ်စုံစမ်းသိရှိတာပေါ့၊ ဒါပေမဲ့ ကိုမြင့်ခိုင်နဲ့ မနွယ် တွေ့ဆုံကြပြီး မမျှော်လင့်နိုင်အောင် တိုတောင်းတဲ့ အချိန်ကာလအတွင်းမှာပဲ မနွယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ခိုင် လက်ထပ်လိုက်ကြတယ်တဲ့၊ လက်ထပ်တာ သိပ်မြန်တာပဲတဲ့၊ မနွယ်ရဲ့ပင်ရင်းသဘောထားက ယောကျ်ား မယူသေးဘဲ အပျိုဘဝနဲ့ ဓာတ်ကားတွေ ဆက်ရိုက်ချင်သေး တာတဲ့၊ အဲဒါကော ဟုတ်ရဲ့လား မနွယ်"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ မြန်မြန်လက်ထပ်လိုက်တာလဲ မနွယ်"

"အဲဒါကိုဖြေဖို့က သိပ်ကို အတွင်းကျတဲ့ နွယ့်ရဲ့ကိုယ်ရေး ကိုယ်တာအပိုင်းပါ ဦးမင်းနောင်"

"လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာအပိုင်းကို မေးမြန်း တာဟာ လူမှုရေးအရ ရိုင်းရာရောက်တယ်၊ မမေးသင့်ဘူး ဆိုတာ ကျုပ်ကိုယ်တိုင် ခံယူသားပဲ၊ ဒါပေမဲ့ အဲဒါက သာမန်မိတ်ဆွေ ဆက်ဆံရေးမှာသာ ထိန်းသိမ်းရတာပါ၊ အဲ ... မှုခင်းနဲ့ပတ်သက်လာလို့ မေးရတာမျိုး ဆိုရင်တော့ လူမှုရေးစည်းကမ်းတွေ ယဉ်ကျေးမှုထိန်းသိမ်းတာတွေ မရှိ ရပါဘူး၊ မေးသင့်မေးထိုက်လို့ တာဝန်ဝတ္တရားအရ မေး မြန်းတာပဲလို့ ယူဆရမယ် မနွယ်၊ အဲ ... မဖြေချင်လည်း ရတယ်နော်၊ မနွယ်က မဖြေပါဘူးဆိုရင် ကျုပ်က မနွယ် ရဲ့ထွက်ဆိုချက်ထဲမှာ ကြယ်ပွင့်အမှတ်အသားပြုပြီး(အဖြေ မပေး၊ တခြားနည်းနည်းနှင့် ဆက်လက်စုံစမ်းရန်)လို့ မှတ်သားထားလိုက်မှာပဲ၊ အင်း ... တခြားမှာ စုံစမ်းလို့ ရတဲ့အဖြေဟာ မနွယ် နှစ်သက်တဲ့အဖြေ ဖြစ်ချင်မှဖြစ်နိုင် တယ်၊ အမှုသွား အမှုလာဟာ တိမ်းစောင်းသွားနိုင်တယ်"

နွယ် သက်ပြင်းချရပါ၏။



"ကဲ ... နွယ် ဖြေမယ် ဦးမင်းနောင်၊ ရှက်နေလို့မှ မရ တာ၊ ဖြေရုံပေါ့၊ မိန်းမသားတစ်ဦးအနေနဲ့ ယောကျ်ားသား တစ်ဦးကို လက်ထပ်သင့်ပြီလို့ ယူဆတဲ့အခြေအနေမှာမို့ မြန်မြန်လက်ထပ်ဖြစ်သွားတာပဲ၊ ကဲ ... ကျေနပ်ပလား"

"ဒီလိုဖြေတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နောက် ကျုပ် မေးချင်တာတစ်ခုက ဟောဒီ မာလာမြိုင်လမ်းက ဒီကသစ် မြိုင်ခြံကြီးနဲ့ အိမ်မှာ ကိုမြင့်ခိုင် ပိုင်ဆိုင်တယ် မဟုတ်လား"

"ကိုမြင့်ခိုင် ပိုင်ဆိုင်တယ်လို့ ကိုမြင့်ခိုင် ကိုယ်တိုင်က နွယ့်ကို ပြောဖူးတယ်၊ နောက်ပြီး သူ့ရဲ့ပိုင်ဆိုင်ခွင့်တွေ အားလုံးနဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းတွေအားလုံး ကိုမြင့် ခိုင် အိပ်တဲ့ အိပ်ခန်းထဲက မီးခံသေတ္တာထဲမှာ ရှိတယ်လို့ လည်း ပြောဖူးတယ်၊ သူ့မီးခံသေတ္တာသော့ကို သူအိပ်တဲ့ ခေါင်းအုံးအောက်မှာ အမြဲထားရှိတယ်တဲ့၊ ယုံချင်မှယုံပါ ဦးမင်းနောင်၊ နွယ်ဟာ ကိုမြင့်ခိုင်ရဲ့မီးခံသေတ္တာကို သူ မသေဆုံးခင် ပေါင်းသင်းနေတုန်းကလည်း တစ်ခါမှဖွင့်မ ကြည့်မိဘူး၊ နောက် လူချင်းအခန်းခွဲအိပ်တော့ သာပြီးမ ကြည့်ဖြစ်သွားတာပေါ့၊ နောက်ပြီး ကိုမြင့်ခိုင် ဆုံးသွားပြီ ဆိုတဲ့ နေ့ကတည်း ကိုမြင့်ခိုင်ရဲ့အခန်းတံခါးကို နွယ် သော့ခတ်ပိတ်လိုက်တယ်၊ ဒီနေ့ ရှစ်ရက်မြောက်နေ့အထိ သော့ဖွင့်မကြည့်သေးဘူး၊ ဟောဒီမှာ ... ဟောဒီသော့ပဲ ဦးမင်းနောင်"

နွယ်က ပြောပြောဆိုဆို သူမ၏ပိုက်ဆံအိတ်ထဲမှ သီးခြားတစ်ချောင်းတည်းရှိသော သော့ကို ဦးမင်းနောင်ကို လှမ်း ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ချင်ရင် ဝင်ကြည့်ပါ ဦးမင်းနောင်၊ မီးခံသေတ္တာ သော့တွဲကလည်း သူ့ခေါင်းအုံးအောက်မှာပဲ ရှိနေမှာပါ"

ဦးမင်းနောင်က လှမ်းပေးသောသော့ကို မယူသည့်အပြင် ခေါင်းခါပြလိုက်သည်။

"အိမ်ရှင်တစ်ဦးရဲ့အတွင်းခန်းတွေ ဘာတွေ ဝင်ကြည့်စစ်ဆေးတယ်ဆိုတာ အထက်ကအမိန့်ရမှ ကြည့်ရပါတယ်။ ကြည့်ပြီဆိုဦးတော့ ရပ်ကွက်လူကြီးများ၊ ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်မှာ သက်သေပြုပြီး ကြည့်ရပါတယ်၊ ငါ့ရဲ့အရာရှိဆိုပြီး ကြည့်ချင်တိုင်း ဖွင့်ကြည့်နိုင်ခွင့် မရှိပါဘူး၊ နောက်တစ်ချက်က အခု ကျွန်တော်စုံစမ်းနေတဲ့အပိုင်းအထိ ဘာပစ္စည်းကိုမှ စုံစမ်းဖို့မလိုသေးဘူး၊ နောက်ထပ်တစ်ခု ရှိသေးတာက တရားဥပဒေအရ လင်သေလျှင် မယားဆက်ခံ၊ မိဘသေလျှင် သားသမီးဆက်ခံခွင့်တွေ ရှိပါတယ်၊ အခု ကိုမြင့်နိုင် ကျန်ခဲ့သရွေ့ဟာ အကယ်၍ အခြားတစ်ဦးတစ်ယောက်က အမွေဆက်ခံမှုမှာ သူလည်း အကျုံးဝင်ပါတယ်လို့ တရားဥပဒေအတိုင်း အရေးဆိုလာမှ ပစ္စည်းတွေကို စစ်ဆေးဖို့တာဝန်က ကျုပ်တို့ဆီ သက်ရောက်လာမှာပါ၊ ဒါထက် အခုလက်ရှိ မော်တော်ကားကရော ကိုမြင့်နိုင်ရဲ့ကားပဲလား"

"ဟုတ်ပါတယ်"

"မနွယ်မှာ နဂိုက ကားမရှိဘူးလား"

"ရှိသားပဲ၊ ကိုမြင့်နိုင်နဲ့ လက်ထပ်တဲ့အချိန်ထိ နွယ့်မှာ ကားရှိတယ်၊ အဲဒါ သူတစ်စီး ကိုယ်တစ်စီးဆိုတာ လင်မ



ယားအချင်းချင်း ခွဲခြားရာ ရောက်ပါတယ်၊ နွယ်ရဲ့ကားကို ရောင်းပစ်ပါဆိုလို့ နွယ်ရဲ့ကားကိုပဲ ရောင်းလိုက်ပါတယ်"

"ဘယ်လောက်ရသလဲ၊ မနွယ်မှာ နဂိုက ကားမရှိဘူးလား"

"ရှိသားပဲ ... ကိုမြင့်နိုင်နဲ့ လက်ထပ်တဲ့အချိန်ထိ နွယ့်မှာ ကားရှိတယ်၊ အဲဒါ သူတစ်စီး ကိုယ်တစ်စီးဆိုတာ လင်မယားအချင်းချင်း ခွဲခြားရာ ရောက်ပါတယ်၊ နွယ်ရဲ့ကားကို ရောင်းပစ်ပါဆိုလို့ နွယ်ရဲ့ကားကိုပဲ ရောင်းလိုက်ပါတယ်"

"ဘယ်လောက်ရသလဲ"

"သုံးသိန်း"

"အဲဒီ ရောင်းလို့ရတဲ့ငွေကော"

"နွယ်ရဲ့ဘဏ်စာရင်းထဲမှာပဲ ပြန်ထည့်ထားတယ်"

"ကိုမြင့်နိုင်က အသက်အာမခံထားသေးတယ်နော်၊ ဘယ်လောက်နဲ့ထားလဲ"

"ငါးသိန်းတဲ့"

"သူ့အသက်အာမခံငွေကို ဘယ်သူ့နာမည်နဲ့ ဆက်ခံခွင့်ထားသလဲ"

"အစကတော့ ဘယ်သူ့နာမည်နဲ့ထားမှန်း နွယ် မသိဘူး၊ နွယ်နဲ့လက်ထပ်ပြီး တစ်လ နှစ်လအကြာမှာ နွယ့်နာမည်နဲ့ ဆက်ခံခွင့် ပြောင်းထားလိုက်တယ်လို့ ကိုမြင့်နိုင်က ပြောဖူးတာပဲ"

"မနွယ်ကကော အသက်အာမခံ မထားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မထားဘူး၊ စိတ်တောင်မကူးဘူး"

"ဘာလို့လဲ၊ တချို့နိုင်ငံမှာဆိုရင် နာမည်ကျော်မင်းသမီးတွေဟာ သူတို့ရဲ့လက်ကိုဖြစ်စေ ခြေထောက်ကိုဖြစ်စေကိုတောင် အာမခံထားတယ်လို့ ကျုပ် ကြားဖူးတယ်"

"ဘာမလုပ်မဲ ဦးမင်းနောင်၊ အသက်အာမခံထားတယ်ဆိုတာ လောင်းကစားနည်းတစ်မျိုးလို့ပဲ နွယ် ယူဆတယ်၊ သေမှ လျော်ကြေးငွေ အနိုင်ရတာမျိုးပဲဟာ"

"အင်း ... အင်း"

ဦးမင်းနောင်က သူ့ဟာသူ စိတ်ထဲက ဘာတွေတွေးမိ ဆက်စပ်မိသလဲတော့မသိ။ အင်း ... အင်း ... ဟု ညည်းသံကဲ့သို့ပြုရင်း ဦးခေါင်းတညိတ်ညိတ် ဖြစ်နေပေသည်။

"ကျုပ် ... တွေးကြည့်တာပါ၊ ကိုမြင့်ခိုင်ဟာ ဘာလို့သူ့ကိုယ်သူ သတ်သေရတာလဲလို့လေ၊ ဒေါက်တာဦးအောင်ဘန်းက သူ့ရောဂါဟာ နိုင်ငံခြားမှာကုသရင် ပျောက်သွားနိုင်တဲ့ အလားအလာရှိကြောင်းလည်း သူ့ကိုပြောထားတယ်၊ သူ့မှာလည်း ဘဏ်အပ်ငွေချည်းပဲ သိန်းသုံးဆယ်အထက်မှာရှိတယ်၊ ကသစ်မြိုင်ရဲ့တန်ဖိုးဟာလည်း ခုခေတ်ကာလတန်ကြေးနဲ့ ပစ်စလက်ခတ်ရောင်းဦး သိန်းငါးဆယ်လောက် ရနိုင်တယ်၊ သူစီးတဲ့ မော်တော်ကားကလည်းကိုးသိန်းလောက် တန်ဖိုးရှိတယ်၊ အဲ ... လက်ဝတ်လက်စားတွေက ဘယ်လောက်တန်ဦးမယ် မပြောတတ်ဘူး၊ ထားပါတော့လေ၊ လက်ဝတ်လက်စားတွေ မပါဘဲနဲ့တောင်အားလုံး သူ့မှာ သိန်းကိုးဆယ်လောက်ရှိနေပြီ၊ ဒီလောက်



ပြည့်စုံကဲ့လူဟာ ဘာလို့များ သူ့ကိုယ်သူ သတ်သေချင်ရတာလဲ၊ အဲဒါ မနွယ်ကော ဘယ်လိုသဘောရလဲဟင်"

"မပြောတတ်ဘူး ဦးမင်းနောင်၊ နိုင်ငံခြားက သန်းကြွယ်သူဌေးကြီးတွေ သူဌေးမကြီးတွေတောင် သူတို့ကိုယ်သူတို့သတ်သေတယ်လို့ နွယ် ကြားဖူးတယ်၊ အထုံအဆက်ရှိလို့နေမှာပေါ့"

"အေးပေါ့လေ ... အနန္တသူရိယရဲ့ သူတည်းတစ်ယောက်ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း ဆိုသလိုပေါ့၊ ကိုမြင့်ခိုင် သေသွားတဲ့အတွက်မနွယ်က သိန်းပေါင်းမြောက်မြားစွာ ခံစားခွင့်ရသွားတာပေါ့"

"ဦးမင်းနောင်ရဲ့စကားက တစ်မျိုးကြီးပဲ၊ ဦးမင်းနောင်ရဲ့စကားထဲမှာ သံသယတွေ ပါနေသလားလို့၊ နွယ့်ကို စာစောင်တွေကရော၊ လူတချို့ကရော သံသယဖြစ်တာမျိုးဦးမင်းနောင် ဖြစ်နေသလား"

ဦးမင်းနောင်က ပခုံးတွန့်ပြသည်။

"ကျုပ်တို့ အမှုလိုက်ရဲဆိုတာကိုက သံသယတွေကို တမင်လိုက်ရှာရတဲ့ လူတွေပဲ မနွယ်၊ အဲ ... ဘယ်လိုမှ သံသယကို ရှာမတွေ့တော့လည်း ပြီးသွားတာပေါ့ဗျာ၊ ကဲ ... မနွယ်ကို ကျွန်တော် အခုလတ်တလော ဒါလောက်ပဲမေးစရာရှိပါတယ်၊ မနွယ်လည်း အနားယူတော့ပေါ့၊ ကျုပ်မေးသမျှ စိတ်ရှည်လက်ရှည် ဖြေတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အခု ဒေါ်အေးကို ခေါ်ပေးပါ၊ ဒေါ်အေးကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တရားဝင်စစ်ချက်နဲ့ ထွက်ဆိုချက် ရယူမလို့ပါ”

ထိုနေ့က ဦးမင်းနောင်သည် ဒေါ်ဒေါ်အေးအား ဆက်၍ စစ်ဆေးခဲ့သည်။

နွယ်ကတော့ အတော်လေး ပင်ပန်းသွားပြီမို့ သူမ၏သီးသန့်အိပ်ခန်းမှာပင် ဝင်အိပ်ပစ်လိုက်သည်။

နွယ် နိုးလာသောအခါ ညနေ(၅)နာရီခန့် ရှိပေပြီ။ ဦးမင်းနောင်တို့လည်း ကသစ်မြိုင်တွင် မရှိတော့ပြီ။

နွယ်သည် နောက်နှစ်ရက်ကြာပြီးနောက် ဦးမင်းနောင်ထံ ဖုန်းဆက်သည်။

နွယ် စိတ်ပြေလက်ပျောက် ခရီးထွက်လိုသည်။ လေးငါးလ ကြာချင်ကြာမည်။ ဦးမင်းနောင် အနေနှင့် ကန့်ကွက်စရာ ရှိပါသလားဟု မေးသည်။

ဦးမင်းနောင်က ကန့်ကွက်စရာမရှိပါ။ နွယ် သွားနိုင်ပါသည်ဟု ပြန်ကြားသဖြင့် နွယ်သည် ငွေစက္ကူအထပ်လိုက်ထည့်ကာ မြန်မာပြည်တစ်ဝန်း စိတ်ကူးပေါက်ရာသို့ ခရီးထွက်ခဲ့သည်။

(၃)လကြာပြီးမှ ပရိဂျူဆာတွေ၏ အော်သံ ခေါ်သံကြောင့်ရော နွယ်ကိုယ်တိုင် ခရီးသွားရသည်ကို ငြီးငွေ့လာသည်ကြောင့်ရော ရန်ကုန်သို့ ပြန်လာခဲ့သည်။

ရန်ကုန်ရောက်ပြီးနောက် မိမိ၏ ကသစ်မြိုင်မှာ မောင်မောင်တာဆိုသည့် လူငယ်တစ်ယောက် ရေလာကူးသည်ဆိုခြင်းမှအပ ဘာမျှထူးခြားချက်မရှိပေ။



အဲ ... တစ်ခုပဲရှိသည်။

မိမိ ရန်ကုန် ပြန်ရောက်ပါက ဦးမင်းနောင်က တွေ့ချင်သည်ဟုဆိုသည့် အကြောင်းတစ်ခုသာ ရှိပါ၏။

မွန်းလွဲတစ်နာရီတွင် ဦးမင်းနောင်နှင့် တွေ့ရဦးမည်။

နွယ်သည် ဒရင်းမ်ဘက်ဒ်တွင်ထိုင်ပြီး တွေးချင်ရာတွေးသဖြင့် ညောင်းသွားပေပြီ။

ဒရင်းမ်ဘက်ဒ်မှထကာ လမ်းလျှောက်သည်။ နွယ်၏ခြေထောက်များက ရေကူးကန်ရှိရာ ပြတင်းပေါက်ဆီသို့ အလိုလိုရောက်သွားသည်။

ပြတင်းပေါက်မှတစ်ဆင့် ရေကူးကန်သို့ လှမ်းကြည့်မိသည်။

ရေကူးကန်ဝယ် မောင်မောင်တာ မရှိတော့ပြီ။

ခြံရှေ့သို့ နွယ် လှမ်းကြည့်မိပြန်သည်။

မောင်မောင်တာ၏ ပါဇလစ်ကာကားဖြူလေး ရပ်ထားသည်လည်း မရှိတော့ပြီ။

ဘယ်အချိန်က မောင်မောင်တာ ပြန်သွားမှန်းပင် နွယ် သတိမထားလိုက်မိပါပေ။

✤ ✪ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၆

မွန်းလွဲ(၁)နာရီတွင် ကသစ်မြိုင်သို့ လာခဲ့မည်ဆိုသော ဦးမင်းနောင်သည် လူကိုယ်တိုင်မလာဖြစ်ဘဲ တယ်လီဖုန်းလှမ်းဆက်သည်။

"ကျုပ် ချိန်းထားတဲ့အတိုင်း မလာနိုင်တော့ဘူး မနွယ်၊ ရုတ်တရက် အရေးကြီးတဲ့ကိစ္စ ပေါ်လာပြီး နယ်ဘက်သွားရမယ်၊ ပြန်လာမှ မနွယ်ဆီကို လာခဲ့မယ်"

နွယ် တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

ဦးမင်းနောင်နှင့် ပတ်သက်ပြီး နွယ် စိတ်လှုပ်လှုပ်ရှားရှား သိပ်မဖြစ်မိ။ လာလိုကလာ၊ မလာလိုက မလာလေနဲ့ဟုသာ သဘောထားလိုက်သည်။

နွယ် တယ်လီဖုန်း ပြန်ကိုင်ပြီး ဦးဖေခင်၊ ဦးငြိမ်းမောင်နှင့် ဦးသန့်ဇင်တို့ထံ တစ်ဦးပြီးတစ်ဦး ဖုန်းဆက်ကာ မိမိကသစ်မြိုင်သို့ ပြန်ရောက်ပြီဖြစ်ကြောင်း အကြောင်းကြားလိုက်သည်။



"မင်းသမီးရေ ... တစ်ပတ်လောက်တော့ အရှိန်ပြန်ယူမှရမယ်၊ မင်းသမီး ခရီးထွက်သွားတော့ ဇာတ်ပို့ဇာတ်ရန်တွေကလည်း ဒိပြင်မှာ သွားရိုက်နေကြတယ်၊ အားလုံးတစ်ဦးချင်း ပြန်စုစည်းရဦးမယ်နော်"

ဟု သုံးဦးစလုံးထံမှ ထိုသို့သော အဓိပ္ပာယ်သက်ရောက်သည့် ပြန်ကြားချက်ပြုသည်။

ဒါဆို နွယ့်အဖို့ သီတင်းတစ်ပတ်လောက် အားနေပေဦးမည်။

နွယ်သည် အိပ်ခန်းဆီသို့ ထွက်ခဲ့သည်။

အိပ်ရာဘေးစားပွဲပေါ်တွင် လစဉ်ထုတ်မဂ္ဂဇင်းတွေအထပ်လိုက်ရှိနေသည်။

မိမိခရီးထွက်သွားသော်လည်း ဒေါ်ဒေါ်အေးက ဝယ်ဖတ်နေကျ လစဉ်ထုတ်မဂ္ဂဇင်းတွေကို လစဉ်ထွက်တိုင်း မိမိယူထားပြီး စားပွဲပေါ် တင်ပေးထားသည်။ အားလုံး သုံးလအတွက်ဖြစ်သည်။

နွယ်မဂ္ဂဇင်းတွေကို ဖတ်ဖို့ကြောက်နေသည်။

ကိုမြင့်ခိုင် ဆုံးပြီးစက ရေးသားချက်များမှာ မိမိကိုအချုပ်ထဲ တွန်းပို့သလို ရှိခဲ့သည်။ ဦးမင်းနောင်က အလွန်စေ့စပ်သေချာသော ရဲအရာရှိမို့ မိမိကို မဖမ်းမချုပ်ဘဲ ထားခြင်းဖြစ်၏။ ဒါတောင် ကိုမြင့်ခိုင် အမှုက ပြီးပြတ်သလိုလို မပြီးပြတ်သလိုလိုရှိနေသည်။

ပထမဆုံးလထုတ် မဂ္ဂဇင်းကို နွယ် မကိုင်ရဲ၊ မဖတ်ရဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလလထုတ်မဂ္ဂဇင်းကို နွယ် ယူဖတ်သည်။ ရုပ်ရှင်ကဏ္ဍကို စာမျက်နှာရှာ၍ ဖတ်သည်။

"မီးလောင်ရာ လေမပင့်နဲ့"ဟု ခေါင်းစီးဖြင့် ရွှေဥဩအမည်ခံ ကလောင်က နွယ့်အကြောင်းကိုပင် ရေးထားသည်။

နွယ့်တွင် လင်သေပြီး ပရိဒေဝမီး တောက်လောင်နေစဉ်မှာပင် ဘေးက ထင်မြင်ချက်တွေရေး၊ ဝေဖန်ချက်တွေရေးခြင်းသည် မီးလောင်ရာ လေပင့်သည်နှင့်သာ တူသည်။ ရာဇဝတ်ကြောင်း နွယ်လာလျှင် စနစ်တကျ စုံစမ်းသော ရဲအဖွဲ့ရှိသည်။ တရားတွင် နတ်စောင့်သည်။ အမှန်တရားကို စုံစမ်းစစ်ဆေးရာတွင် သီးသန့်ကျွမ်းကျင်သော ရဲအဖွဲ့က စစ်ဆေးပေလိမ့်မည်။ ရဲအဖွဲ့က တရားဥပဒေလမ်းကြောင်းအတိုင်း ဆောင်ရွက်လိမ့်မည်။ မိမိ၏ ဆောင်းပါးခတစ်ရာ နှစ်ရာ ရရုံမျှနှင့် ကလောင်တစ်ချက်ယမ်းခြင်းသည် ကာယကံရှင်အတွက် ဘဝတစ်ခုလုံး နစ်နာသွားနိုင်သည် စသည်ဖြင့် ရေးထားသည်။

နောက်တစ်ပုဒ်မှာ "ဆွမ်းခံရင်းငှက်သင့်"ဟူသော ခေါင်းစီးဖြင့် ဆောင်းပါးရှင်"ဗေလု"ကလောင်အမည်ဖြင့် ရေးထားသည်။ နွယ်၏အမည်ကို မဖော်ဘဲ ရွှေမင်းသမီးဟု နာမ်စားဖြင့် ရေးသွားသည်။ ကလောင်ရှင် ဗေလုသည် ကိုမြင့်ခိုင်နှင့် နွယ်တို့၏ အတွင်းရေးကို တော်တော်သိထားပုံရသည်။ ကလောင်ရှင် ဗေလုကိုတော့ နွယ်က ဘယ်သူဘယ်ဝါမှန်းမသိ။

ရွှေမင်းသမီးသည် အလွန်ကျဉ်းကျပ်သော အခြေအနေကြားတွင် သူ့ရွှေလေး ကိုရောဂါကို လက်ထပ်လိုက်ရသည်။ အနှစ်မပါ အကာသက်သက် လက်ထပ်ပွဲဖြစ်သည်။ သူ့ရွှေလေး



၏ ဥစ္စာပစ္စည်းငွေကြေးကို ရွှေမင်းသမီး မက်မော၍မဟုတ်။ ဆွမ်းခံရင်း ငှက်သင့်ခြင်းကို ကာကွယ်ရန်သက်သက်သာလျှင် ရွှေမင်းသမီးလေးက သူ့ရွှေလေး ကိုရောဂါကို လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှာပင် သူ့ရွှေကိုရောဂါ ဖြုန်းခနဲ သေဆုံးသွားခြင်းသည် ရွှေမင်းသမီးလေးအား မုန်တိုင်းထဲမှ ငှက်ငယ်ပမာ လေပြင်းတိုက်ခတ်ဒဏ်ကို အလူးအလဲ ခံရသည်။ သနားစရာရွှေမင်းသမီးပါပေဟု ရေးထားသည်ကို တွေ့ရပြန်သည်။

"ဒါဆို တော်သေးတာပေါ့"ဟု နွယ့်မှာ စိတ်သက်သာရာ ရပါ၏။

"ဗွမ်း ..."

မဂ္ဂဇင်းဖတ်နေစဉ်မှာပင် ရေကူးကန်ဆီမှ ဗွမ်းခနဲ အသံကြားရသည်။

နွယ်သည် မဂ္ဂဇင်းစာအုပ်ကို စားပွဲတွင် ဖတ်လက်စ စာမျက်နှာမှောက်လျက်တင်ကာ လဲလျောင်းရာမှ ထသည်။

ရေကူးကန်ကို လှမ်းမြင်ရသော ပြတင်းပေါက်သို့ သွားကာ ရပ်ကြည့်သည်။

ဟုတ်ပါ့။ အသရေမညှိုးတဲ့ ပေတိုးလေး မောင်မောင်တာ ရေကူးကန်သို့ ရောက်နေသည်ကို နွယ် လှမ်းမြင်ရသည်။

ပေတိုး။

နွယ် ဟိုက်စကူးကျောင်းသူဘဝက ပျဉ်းမနားတွင် အိမ်ခြံချင်းကပ်လျက် နေခဲ့ဖူးသည့် ပေတိုးဆိုသည့် ကောင်လေး ရှိခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေတိုးသည် နွယ့်ထက် လေးနှစ်ငယ်သော ဆဋ္ဌမ တန်းကျောင်းသားဖြစ်သည်။

ခြံချင်းကပ်လျက် ပေတိုး၏မိဘတွေသည် နွယ်၏ မိဘများနှင့် ခင်သည်။

နွယ်က အပျိုမလေး အထက်တန်းကျောင်းသူဘဝ ရောက်လာသောအခါ ကျောင်းသွားကျောင်းပြန် ပေတိုးကိုအဖော် အဖြစ် သူ့မိဘတွေက ထည့်ပေးသည်။

ပေတိုးသည် တကယ့် ဂျစ်ကန်ကန်ကောင်လေး ဖြစ်သည်။ စကားပြောလျှင် လက်ပေါက်သိပ်ကတ်သည်။ နွယ့် အား မမနွယ်၊ မမနွယ်နှင့်လည်း ခင်မင်သည်။ သို့သော် နွယ်နှင့် အမြဲတစေ စကားနိုင်လုပြောသည်။ ကမ္ဘာကြီးလုံးကြောင်း နွယ် က သင်ခန်းစာထဲမှာ အထောက်အထားတွေပြ၍ ပထဝီသင်ပေး လျှင် ပေတိုးက ကမ္ဘာကြီးမလုံးဘူးဗျ၊ ကမ္ဘာကြီးက ပြားနေတာ ဟု ပြောသည်။

တောင်ထိပ်တွင် ကြာမပေါက်ဟု နွယ်က ပြောသည် ကို ပေတိုးက တောင်ထိပ်မှာ ကြာပေါက်နိုင်သည်။ အခု သွား စိုက်ပြရလား။ မြေကြီးရှိရင် ဘာပင်မဆို ပေါက်သည်ဟု ဖွတ် ပြောသည်။

နွယ်သည် ဖွတ်ပြောသော ပေတိုး၏ငယ်ထိပ်ကို ခဏခဏခေါက်မိသည်။ သည်လိုခေါက်တော့လည်း ပေတိုးက “နာတယ်ဗျ”ဟုသာ ပြောပြီးခံသည်။

နွယ်က အထက်တန်းကျောင်းသူဘဝကပင် သိပ်လှ သော မိန်းကလေးမို့ ကျောင်းသားကြီးတွေက စာပေးသည်။



စာကို ပေတိုးကပင် ယူလိုက်ပြီး စာရွက်ဖွင့်ကာ ကျောင်းအပြန် လမ်းတစ်လျှောက်လုံး အော်ပြီးဖတ်လာသည်။

နွယ်လည်း ရှက်ရသည်။ ကျောင်းသားကြီးတွေလည်း ပေတိုး ရှိနေလျှင် စာမပေးရဲတော့။

ဘာပဲဖြစ်ဖြစ် ပေတိုးကို နွယ်ချစ်သည်။ ပေတိုး၏ မိဘများ ပျဉ်းမနားမှ သာစည်သို့ လုပ်ငန်းကိုင်ငန်းအရ ရွှေ့သွား သည်။ နွယ့်စိတ်ထဲတွင် ပေတိုးကို အစွဲအလမ်းလေး ဖြစ်ကျန် ခဲ့သည်။ သည်နောက်တော့ ခုချိန်ထိ ပေတိုးကို နွယ် ထပ်မတွေ့ ရတော့ပေ။

မနေ့က နွယ်သည် မိမိကသစ်မြိုင်ထဲသို့ နောက် ထပ်မလာရန် မောင်မောင်တာကို ဆင်းပြောခဲ့သည်။ မောင်မောင် တာသည် စကားတတ်လည်း တတ်သည်။ ကတ်လည်း ကတ် သည်။ ဖွတ်တရွတ် ဂျစ်ကန်ကန်လေးတွေလည်း လုပ်သည်။

နွယ်သည် မောင်မောင်တာနှင့် အချေအတင်ပြော ခဲ့ပြီးနောက် ရင်ထဲတွင် အစွဲအလမ်းရှိနေသော ပေတိုးကို သတိ ရမိသည်။

မောင်မောင်တာ၏ အပြုအမူ အပြောအဆို လှုပ် ရှားမှုနှင့် ဟန်ပန်သည် ပေတိုးနှင့် သိပ်တူပါ၏။

ထို့ကြောင့် ယခုညနေပိုင်း မောင်မောင်တာ ရောက် လာ ရေကူးသည်ကို ချောင်းကြည့်ပြီး နွယ်၏နှုတ်မှ အသေမှ မညှိုးတဲ့ ပေတိုးဟု ရွတ်လိုက်မိခြင်း ဖြစ်ပါ၏။

သည်နေ့ မောင်မောင်တာ ဘသားချောသည် ရေ ကူးဘောင်းဘီအပြာကို ဝတ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ဗင်ဘုတ်ပေါ်တက်၍ မတ်တတ်ရပ်နေသည်မှာ နောက်ခံကောင်းကင်ကအပြာ၊ သူ့ရေကူးဘောင်းဘီကအပြာ၊ သူ၏ ကိုယ်ထည်နှင့် ပေါင်တံ ခြေတံတွေက ဖြူဖြူဝင်းတို့ဖြင့် မြင်ရသည်မှာ ကြည့်ကောင်းလှသည့်။

နွယ် ကြည့်ရင်း ရင်ခုန်လာပြန်သည်။

ဘယ့်နှယ်ကြောင့်များ တစ်သက်လုံး မခုန်ခဲ့သောရင်က ယခုမှ ခဏခဏ ခုန်ချင်နေပေသည်။

နွယ်သည် ပြတင်းပေါက်မှ ခွာခဲ့သည်။ မောင်မောင်တာရှိရာသို့ နောက်ထပ်မကြည့်ဘဲ တမင်ရှောင်နေလိုက်သည်။

မဂ္ဂဇင်းတွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်သည်။

သည်လိုနှင့် နေဝင်သွားသည်။

အသရေဖြိုးတဲ့ ပေတိုး မောင်မောင်တာ ဘယ်အချိန်က ပြန်သွားမှန်းပင် မသိတော့။

မြန်မာစကားတွင် အဆိုရှိသည်။

ချစ်စကိုရှည်စေ မုန်းစကို တိုစေတဲ့။

မောင်မောင်တာနှင့် ပတ်သက်ပြီး နွယ်သည်ဆုံးဖြတ်ချက်ချလိုက်သည်။

မုန်းစကို ရှည်စေ။

ချစ်စကို တိုစေဟူ၍ပင်။

ကိုယ့်ဟာကိုယ်လည်း နွယ် အံ့သြမိပါ၏။ တကယ်ဆိုလျှင် လင်သေဆုံးပြီးသည်မှာ သုံးလကျော်ပဲ ရှိသေးသည်။ သူစိမ်းယောကျ်ား မောင်မောင်တာ၏အပေါ်တွင် ခဏတစ်ဖြုတ်မြင်ဖူးရုံ စကားပြောဖူးရုံနှင့် စိတ်ဝင်စားတာတွေ ရင်ခုန်တာတွေ



ဖြစ်ရသတဲ့လား။ ကိုမြင့်ခိုင်နှင့် နွယ် ပေါင်းသင်းသည်က တစ်နှစ်။ လူချင်းခွဲပြီး တစ်အိမ်တည်း အတူနေသည်က ခြောက်လ။

ဤကာလအတွင်းဝယ် နွယ်သည် အဘယ်ကြောင့်တစ်ခါတလေမှာပင် ရင်မခုန်ဘဲ နေဘိသနည်း။

ဩော် ... သည်းပွတ်နလုံးကြားမှ ကိုမြင့်ခိုင်အား ချစ်မှမချစ်ပေဘဲကိုး။

✣ ✪ ✣

www.burmeseclassic.com

www.burmeseclassic.com



၇

"ဒေါ်ဒေါ်အေးရေ ... နွယ် အပြင်သွားမလို့ အိမ်မှာထမင်း ပြန်စားဖြစ်မှာ မဟုတ်ဘူးနော်၊ ညနေစာကျမှစားမယ်"

နွယ်သည် အသရေဖြိုးတဲ့ ပေတိုး မောင်မောင်တာ လာရောက်ရေမကူးမီ မိမိက အပြင်ထွက်ရန် စိတ်ကူးသည်။

နွယ် ဆက်လက်ပြီး ရင်မခုန်ချင်တော့။ မောင်မောင်တာကို အဝေးမှတွေ့သည်ပင် နွယ် ရင်ခုန်နေသည်။

သည်တော့ မောင်မောင်တာ မလာမီ မိမိ အပြင်ထွက်မည်။

"နွယ် ဘယ်သွားမလို့လဲဟင်"

"နွယ် တိရစ္ဆာန်ဥယျာဉ်ကို သွားမလားလို့ ဒေါ်ဒေါ်အေး၊ အဲဒီကို နွယ် မရောက်တာ ကြာသွားပြီ"

"အင်းလေ ... သွားပေါ့"

နွယ်သည် ကားမောင်းထွက်လာခဲ့သည်။ တိရစ္ဆာန်ဥယျာဉ်ဝင်ပေါက်ဘေးနေရာတွင် မော်တော်ကားအပ်ခဲ့ပြီး နေကာမျက်မှန်တပ်သည်။ ဦးခေါင်းမှ မေးစေ့ကိုသိုင်း၊ ပါးနှစ်ဖက်အုပ် ပဝါစည်းပြီး တိရစ္ဆာန်ရုံတဲ့ ဝင်ခဲ့သည်။



ရုံးပိတ်ရက်လည်းမဟုတ်၊ အခါကြီးနေ့ကြီးလည်း မဟုတ်။ နံနက်ပိုင်း ချက်ချိန်ပြုတ်ချိန်လည်း ဖြစ်နေသဖြင့် တိရစ္ဆာန်ဥယျာဉ်တွင် စည်စည်ကားကား လာရောက်သူများမရှိ။ နယ်ဘက်ကျေးလက်မှ ရန်ကုန်သို့ ဘုရားဖူးလာသူ တချို့တိရစ္ဆာန်ဥယျာဉ်ထဲ လျှောက်ကြည့်နေသည်လောက်သာ လူစုလူဝေးကို တွေ့ရသည်။

နေကာမျက်မှန်တပ်၊ ပဝါစည်း နွယ့်ကို မြင်သူတွေက ကွက်ကြည့် ကွက်ကြည့် ကြည့်ကြသေးသည်။

အသင့်အတင့် ရုပ်ဖျက်ထားသော်လည်း ရုပ်ရှင်မင်းသမီး နွယ်ကို မှတ်မိ၍ ကြည့်ကြသည်ပဲလားတော့ မပြောတတ်။

သို့သော် နွယ်မှန်း သေချာပုံမရကြ။

ဘာပဲပြောပြော နွယ်မှန်း မသေချာသည့်တိုင်အောင် ဘယ်လိုဝတ်ဝတ် လှပချောမောသော နွယ်ကို ယောကျ်ားမိန်းမ ကြည့်မိကြသည်ပင်။

နွယ်သည် တစ်ယောက်တည်း လျှောက်လာခဲ့သည်။

မျောက်တွေကိုလည်း နွယ် မကြည့်ချင်။ မျက်စိနောက်စရာ ကောင်းသည်။

ကျား၊ ခြင်္သေ့၊ ဆင်၊ ဝက်ဝံတို့ကိုလည်း နွယ် မကြည့်။ အမြင်ကြမ်းတမ်းသည်။

မြွေတွေ အခွေလိုက် အထပ်လိုက်ကို သာ၍ပင် မကြည့်ချင်သေး။

www.burmeseclassic.com

www.burmeseclassic.com



နွယ်သည် ငှက်လှလှလေးများ ထားရှိရာ ကုန်းမြင့်ပေါ်သို့ တက်လာခဲ့သည်။

ငှက်လှောင်အိမ်အောက်ရှိ အရိပ်ကောင်းသော သစ်သားခုံတန်းလေးတွင် နွယ် ထိုင်သည်။

အရောင်အသွေး အမျိုးမျိုးဖြင့် လှပသော ငှက်မျိုးစုံကို နွယ် ကြည့်သည်။ သာယာငြိမ့်ညောင်းသော အသံမျိုးစုံ ငှက်မျိုးစုံများထံမှ ကြားရသည်။

ကြည့်နူးစရာ ကောင်းပါ၏။

နွယ်သည် ငေးငေးမောမောလေး ငှက်ကလေးတွေကိုကြည့်ပြီး အသံအမျိုးမျိုးလေးတွေ နားထောင်ရသည်မှာ ကြာတော့ အကြားအမြင် ရီးသွားသည်။

လက်ပတ်နာရီကို ကြည့်လိုက်သည်။

နံနက် ဆယ်နာရီ ထိုးသွားပြီ။

နွယ်သည် ငါးပြတိုက်ဘက်ကူးရန် ထိုင်ရာမှထလိုက်သည်။ ငါးပြတိုက်တွင် လျှောက်ကြည့်ပြီး မနီးမဝေးတွင်ရှိသော ကရဝိတ်ဟိုတယ်တွင် ဆယ့်တစ်နာရီခွဲလောက် နံနက်စာသွားစားမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဟော ... တွေ့ပြီ ... တွေ့ပြီ ... သူပဲ ... သူပဲ၊ မမနွယ်ကို တွေ့ပြီကွ"

"ဟင် ... မောင်မောင်တာ"

ဟုတ်ပါ၏။ မောင်မောင်တာကို ပက်ပင်းတွေ့ရခြင်းဖြစ်သည်။



သိပ်ကို ကြည့်ကောင်းသော လုလင်ငယ်တစ်ဦးပါပေ။

သူ့ကိုယ်တွင် ချွေးကလေးတွေစို့နေပြီး အသားနှင့်စပို့ရှပ်ကပ်မိသော ရင်အုံမို့မို့နှင့် ကျောပြင်တွင် ချွေးကလေးတွေစို့နေသည်။ နဖူးပြင်နှင့် နှာသီးထိပ်တို့တွင်လည်း ချွေးသီးချွေးဥလေးတွေ ထွက်နေသည်။

နွယ် ရင်ခုန်လာပြန်သည်။

သူ့ကို တမင်ရှောင်ကာမှ သည်နေရာမျိုးတွင် လာတွေ့နေရပြန်သည်။

"မင်း ... ရေမကူးဘူးလား ဒီနေ့"

"ကူးသားပဲ၊ ကသစ်မြိုင်ကို ကျွန်တော် သွားတော့ ဒေါ်ဒေါ်အေးနဲ့တွေ့တယ်၊ မမနွယ်ကို မတွေ့ပါလားလို့မေးတော့ တိရစ္ဆာန်ဥယျာဉ်ကို သွားတယ်တဲ့၊ ကျွန်တော် ရေကူးသေးတယ် စိတ်မပါဘူး၊ ဆက်ကူးချင်စိတ် မရှိဘူး၊ ဒါကြောင့် တိရစ္ဆာန်ဥယျာဉ် သွားဦးမယ်လေဆိုပြီး ထွက်လာတာလေ"

"မင်းက တိရစ္ဆာန်ဥယျာဉ်ကို ဘာလို့လာရတာလဲ"

"အဲ ... ဗျာ"

"ဘာ ... အဲဗျာလဲ"

"တိရစ္ဆာန်ဥယျာဉ်ကို လာပါတယ် ဆိုမှတော့ တိရစ္ဆာန်တွေကို ကြည့်မလို့ လာတာပေါ့၊ ဘာလဲ မမနွယ်က ကျွန်တော် တိရစ္ဆာန်ဥယျာဉ်ကိုလာတာ ခွေးမျိုးတွေ လာတယ်ထင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



နွယ် ရယ်လိုက်ချင်ပါ၏။

သို့သော် သူ့ရှေ့တွင် ရယ်လိုက်လျှင် မျက်နှာသာပေးရာ ရောက်သွားမည်၊ ပေတိုးမောင်မောင်တာ ပိုကဲလာမည်။

နွယ်သည် နဂိုကလည်း ငါးပြတိုက်ကူးမည်ဟု စိတ်ကူးပြီးမို့ ထိုနေရာမှ ထွက်လာခဲ့သည်။

"အဲ ... မမနွယ်၊ အဲဒါ ဘယ်လဲဗျ"

"ငါပြတိုက်ကိုသွားမယ်၊ အဲဒီကမှ ထမင်းဆာရင် ကရဝိတ်မှာ သွားစားမလို့"

"ကျွန်တော် လိုက်မယ်ဗျာ"

"ဘာဆိုင်လဲ၊ မင်းလမ်းကို မင်းဟာမင်းသွားပေါ့"

"ကျွန်တော့်လမ်းက ငါးပြတိုက်သွားမယ်၊ အဲဒီကမှတစ်ဆင့် ထမင်းဆာရင် ကရဝိတ်မှာ သွားစားမယ်ဆိုတဲ့လမ်းပဲ မမနွယ်"

"ဟာ ... ဒီကောင်လေး ခက်တော့နေမှပဲ"

ဟု နွယ်၏ ရင်ထဲက တိုးတိုးလေး ကိုယ့်ဟာကိုယ် ပြောမိသည်။

နွယ်သည် ထပ်မံ၍ ဘာမှမပြောတော့ဘဲ အပြင်ဘက်ထွက်ပေါက်ဆီသို့ လျှောက်လာခဲ့သည်။

မောင်မောင်တာက နောက်မှ လိုက်လာသည်။ တဖြည်းဖြည်း နွယ်နှင့် ဘေးချင်းတိုက် ယှဉ်လျှောက်လာသည်။

မောင်မောင်တာက ပြုံးပြပါ၏။

နွယ်က ပြန်မပြုံးပေ။ မျက်နှာထားတည်တည်နှင့်ပင် မေးလိုက်သည်။



"မင်း ... အခုလို လိုက်လုပ်နေတာ မမနွယ်ကို တမင်လိုက်နှောင့်ယှက်နေတာလား မောင်မောင်တာ"

"အဲဗျာ ... အဲဒီလို ဘယ်သူကပြောလဲ၊ အလကား သူများပြောတိုင်း မမနွယ် မယုံနဲ့"

"မင်း ကြောင်တောင်တောင် ပေါတောတော လုပ်မနေနဲ့ မောင်မောင်တာ၊ မင်းဟာမင်း ကသစ်မြိုင်မှာ ရေကူးနေကျကူးနေပါလား၊ ဒေါ်ဒေါ်အေးကို စုံစမ်းပြီး မမနွယ်ရဲ့နောက်ကို လိုက်လာတယ်၊ မင်း မမနွယ်နောက်ကို ဘာမှလိုက်စရာ အကြောင်းမရှိဘူး၊ မင်းနဲ့ မမနွယ်ဟာ တစ်ခါမှလည်း မသိခဲ့ဖူးဘူး၊ မမြင်ခဲ့ဖူးဘူး၊ ကိုယ့်အသိအကျွမ်း မဟုတ်တဲ့သူနောက်ကို လိုက်နေတာဟာ နှောင့်ယှက်တာနဲ့ အတူတူပဲ"

နွယ်သည် နှုတ်မှ မောင်မောင်တာအား မောင်းပုတ်စကား ပြောနေသော်လည်း သူမကိုယ်ကို မမနွယ်ဟု အလိုလိုနာမ်စားသုံးနေမိသည်။

ယခင်တွေ့စက ငါဟု နာမ်စားသုံးခဲ့ရာမှ ယခုအလိုလို ပြောင်းသွားခြင်း ဖြစ်ပါ၏။

မောင်မောင်တာ ခေါင်းကုတ်သည်။

"အဲဒါ မမနွယ် မှားနေတာပဲ၊ ဟောဒီ တိရစ္ဆာန်ဥယျာဉ်ကြီးဟာ အများပြည်သူပိုင် နိုင်ငံတော်က ဖွင့်လှစ်ပေးထားတဲ့ ဥယျာဉ်ကြီးပါ၊ အယုတ်အလတ် အမြတ်မရွေး မည်သူမဆို ဝင်ကြေးပေးရင် ဝင်နိုင်ခွင့် ရှိတာပဲ၊ ကျွန်တော်စိတ်ဆာလို့ ဒီကိုလာခဲ့တယ်၊ ဒီရောက်တော့ တစ်ခါတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ကသစ်မြိုင်မှာ တွေ့ခဲ့ဖူး စကားပြောခဲ့ဖူးတဲ့ မမနွယ်နဲ့တွေ့တယ်၊ အခု မမနွယ်က ငါးပြတိုက်သွားမယ်ဆိုတော့ ကျွန်တော်လည်း ငါးပြတိုက် သွားချင်စိတ် ပေါက်လာတယ်၊ ဒါကြောင့် မမနွယ်နဲ့ အတူတူလိုက်လာတာ၊ အဲဒါ မမနွယ်အတွက် ဘာအနှောင့်အယှက်ဖြစ်လို့လဲ၊ တကယ်ဆို မမနွယ်လို သိပ်ချော သိပ်လှ သိပ်ပြေပြစ်တဲ့ နိုင်ငံကျော်ရွှေမင်းသမီးဟာ ဒီနေ့လို လူပြတ်တဲ့ တိရစ္ဆာန်ဥယျာဉ်ထဲမှာ အန္တရာယ်ရှိတယ်၊ အခု ကိုယ့်မောင်လေးလိုလူက ဘေးကလိုက်လာတာဟာ မမနွယ် အတွက် အဖော်ရလာလို့ ကျေးဇူးတင်ဖို့တောင် ကောင်းပါသေးတယ် မမနွယ်ရာ"

နွယ် ဘာမှ ထပ်မပြောတော့။

ဥယျာဉ်၏ အပြင်ဘက်လမ်းပေါ်သို့ ရောက်လာသည်။

နွယ်က သူ့မော်တော်ကားရပ်ထားရာသို့ သွားသည်။ အစောင့်အား စောင့်ခထုတ်ပေးပြီး ကားတံခါးသော့ ဖွင့်သည်။

"ငါးပြတိုက်သွားတာပဲ မမနွယ်ရာ၊ လမ်းကို ဖြတ်ကူးပြီး ဆက်လျှောက်သွားရင် ရတာပဲဟာ၊ ဒီနေရာမှာ ကားရပ်ဖို့ ရပြီးသား ဖြစ်နေတာ သူ့ဟာသူ ထားခဲ့ပေါ့"

"ငါးပြတိုက်ကို မသွားတော့ဘူး၊ မမနွယ် အိမ်ပြန်တော့မလို့"

"ဟာ ... မမနွယ်ကလည်း စိတ်ပြောင်းတာ မြန်လိုက်တာ"



"အေး ... မြန်သင့်တဲ့အခါ မြန်ရမှာပဲ၊ မမနွယ်သွားတဲ့ဆီ မင်း တကောက်ကောက် လိုက်နေတော့ မမနွယ်ရဲ့ မူလအစီအစဉ်အားလုံး ဖျက်လိုက်တယ်၊ အိမ်ကိုပဲပြန်တော့မယ်"

"ဒါဆို ကျွန်တော့်ကြောင့် ..."

"အေး ... ဟုတ်တယ်၊ မင်းကြောင့်"

မောင်မောင်တာသည် ငါးပြတိုက်ဆီသို့ ငေးကြည့်နေသည်။ သူ၏အကြည့်မှာ ရီဝေနေပါ၏။

"ကဲ ... ဒါဆိုလည်း ကျွန်တော့်ကြောင့်တော့ မမနွယ်ရဲ့ မူလအစီအစဉ် မဖျက်ပါနဲ့၊ ကျွန်တော် တခြားသွားပါတော့မယ် မမနွယ်"

ပြောပြောဆိုဆိုပင် မောင်မောင်တာသည် ချာခနဲလှည့်ကာ ဗဟန်းအဝိုင်းရှိရာဘက်သို့ လျှောက်သွားတော့သည်။

နွယ်က မောင်မောင်တာ၏ ကျောပြင်ကို ငေးကြည့်နေမိသည်။

"အို ... သံယောဇဉ်ဆိုတာ မတွယ်မိခင်ဖြတ်တာ အကောင်းဆုံး၊ တွယ်မိမှဖြတ်ရင် ခက်တယ်"

ဟု နွယ် စိတ်ကို ဆုံးဖြတ်ပြီး မောင်မောင်တာကို မကြည့်တော့ဘဲ တခြားသို့ မျက်နှာလွှဲလိုက်သည်။

မော်တော်ကားကို အစောင့်ကို ပြန်အပ်ခဲ့ကာ ငါးပြတိုက်ဘက်သို့ နွယ်လျှောက်လာခဲ့သည်။

ငါးပြတိုက်ဆီသို့ သွားရာလမ်းမှာ လူပြတ်လှသည်။ နဂိုကမှ ငါးပြတိုက်အား လာရောက်ကြည့်ရှုသူ နည်းပါးရသည့်

www.burmeseclassic.com

www.burmeseclassic.com



အထဲ ယခုလို ရုံးပိတ်ရက်မဟုတ်သည် ကြားရက်တွင် အရမ်း လူပြတ်လှသည်။

ငါးပြတိုက်တည်ရာ အဆောက်အအုံသည် လမ်းမ ကြီးနှင့်လည်း အတော်အတန်ဝေးပါ၏။

"ဟော ... တစ်ယောက်တည်းပါလား"

"တစ်ယောက်တည်းဆို အဖော်မပါလို့ နေမှာပေါ့ကွာ"

"သူ့အဖော်က ဒီမိန်းမချောလေးနဲ့ တွက်လာတုန်းက အတူတူထွက်လာတာ သုံးယောက်စလုံး မြင်သားပဲ"

လမ်းသရဲဟုပင် ခေါ်မလား၊ လမ်းပေါ်တွင် လေ လွင့်နေသူတွေဟုပင် ခေါ်ရမလား မပြောတတ်။

ဆံပင်ရှည်သည်မှ သုံးယောက်စလုံး သူတို့၏ကိုယ် စီရှည်သော ဆံပင်ကို မိန်းမတွေလို နောက်တွင် သားရေပင်စည်း ထားသည်။ ဆံပင်တွေက နီရောင်သမ်း ခြောက်သွေ့ကာ ပွယောင်း ယောင်းဖြင့် ရွံစရာပင် ကောင်းသေးသည်။

အင်္ကျီဖိုးရိုးဖားရား ပွပွကြီးကို ရင်ဘတ်ကြယ်သီး မတပ်ဘဲ ခါးတွင် အင်္ကျီအောက်စနှစ်စကို ကြိုးအထုံးချည်သလို ချည်နှောင်ထားကြသည်။

ဘောင်းဘီရှည် ကိုယ်စီဝတ်ထားကြသည်။ သူတို့ သုံးယောက်စလုံး၏အသက်မှာ အစိတ်နှင့် သုံးဆယ်ကြားခန့်ရှိ အံ့သည်။

ရုပ်တွေကိုက လစ်လျှင်လစ်သလို လုပ်မည်ဆိုသည့် ရုပ်ရှတွေဖြစ်သည်။ လမ်းဘေးတွင်ရောင်းသော နေကာမျက်မှန် အနက်တွေ ကိုယ်စီတပ်ထားသည်။



အန္တရာယ်တွေဟု နွယ် ချက်ချင်းနားလည်လိုက် သည်။

"အေးလေ ... တိရစ္ဆာန်ဥယျာဉ်ထဲက ထွက်လာတုန်းက တော့ အတူတူပဲ၊ ကေန္တ သမီးရည်းစား စိတ်ကောက်ပြီး ဟိုကောင်က ခွာသွားတာနေမယ်"

"မိန်းမချောလေး သနားစရာပါကွာ"

"သနားစရာတော့ မလိုဘူးကွ၊ သူ့ကို စွန့်ပစ်သွားတာက ဟိုကောင်တစ်ယောက်တည်းပါ၊ အခု ငါတို့က သုံးယောက် တောင် အစားထိုး ဝင်လိုက်ရင် အားလုံးစိုပြည်သွားမှာ ပေါ့ကွာ"

ပထမနောက်မှာ လိုက်ပြောရုံ ပြောနေကြခြင်းဖြစ် သည်။ လမ်းနှင့်ဝေးပြီး သိပ်လူပြတ်သောနေရာ ရောက်သည်နှင့် နွယ်၏ဘေးတစ်ဖက်ဆီသို့ နှစ်ယောက်က ညှပ်ဝင်ကာ ကျန်တစ် ယောက်က နွယ့်ကို ကျော်တက်ပြီး နွယ်၏ရှေ့မှပိတ်ရပ်လိုက် သည်။

"ရှင်တို့ ဒါဘာလုပ်တာလဲ"

"ဘာမှ မလုပ်သေးပါဘူး၊ အဆွေခင်ပွန်း ဖွဲ့ချင်လို့ပါ။ ဟာ ... ဟော့ကောင် ငဒိုး၊ သူ့ကို သေချာကြည့်စမ်း၊ ရုပ်ရှင်မင်းသမီး နွယ် မဟုတ်လား"

"တူတော့ သိပ်တူတယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး၊ ရုပ်ရှင် မင်းသမီးနွယ်က တကယ့်ဒိတ်ပဲ၊ ဒီလိုတစ်ယောက်တည်း ဘယ်လာမလဲ၊ ခြွေရံသင်းပင်းတွေ တစ်လှေကြီးနဲ့ လာမှာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ဖယ်နော်၊ ကျွန်မ အော့လိုက်မယ်"

"အော်လေ ... ဒီနေရာက တို့ရွေးထားတဲ့ နေရာပဲ၊ လူ ပြတ်တယ်၊ ဒီကအော်လို့ ငါးပြတိုက်ကလည်း မကြားနိုင် ဘူး၊ လမ်းမပေါ်ကလည်း မကြားနိုင်ဘူး၊ ကဲ ... ပထမဆုံး ငါ့ညီမမှာ ဝတ်ထားတဲ့ ဆွဲကြိုးရယ်၊ လက်ကောက်လေး တစ်ကွင်းရယ်၊ လက်စွပ်လေး တစ်ကွင်းရယ်၊ လက်ပတ် နာရီရယ်၊ နားကပ်လေးရယ် ချွတ်လိုက်၊ တို့က ချွတ်ယူ မယ်ဆိုရင် အမိအသားနာမယ်၊ ကဲ ... ချွတ် ... ချွတ်၊ ပစ္စည်းတွေက နည်းလည်းနည်းတယ်၊ သေးသေးမွှားမွှား လည်း နိုင်တယ်၊ ဘာတတ်နိုင်မလဲ၊ ပါသလောက်ပဲပေါ့ လေ"

နွယ်သည် နေ့စဉ် အိမ်ဝတ်တစ်ကျပ်သား အကျစ် လက်ကောက် ဖြောင်ချောတစ်ကွင်းတည်း ညာလက်တွင် ဝတ် ထားသည်။ လက်စွပ်ကလည်း တစ်တန်းသွား စိန်လက်စွပ်လေး။ ဆွဲကြိုးကလည်း အမ်စီကြိုးသေးသေးကျစ်ကျစ်တွင် ပတ္တမြားလေး တစ်လုံးတည်း လော့ကက်တပ်ဆင်ထားသည်။ နားကပ်မှာလည်း လေးညှင်းပွင့်ခန့် တစ်လုံးတည်း စိန်နားကပ်ဖြစ်သည်။ ပတ်ထား သော နာရီမှာ ဆယ့်ခြောက်ကာရက် ရွှေအိမ်နှင့် ကွပ်ဖ်နာရီ မိန်းမပတ်ဖြစ်သည်။

တန်ဖိုးကို သူတို့နားမလည်သောကြောင့် နွယ်ဝတ် ထားသည်မှာ သေးဖွဲသည်။ နည်းပါးသည်ဟု သူတို့အမြင်ဖြင့် ဆုံးဖြတ်ခြင်း ဖြစ်ပါ၏။



အမှန်မှာ ရွှေချိန်တွေ ထည့်မတွက်ဘဲ နားကပ်မှ စိန်၊ လော့ကက်မှ ပတ္တမြား၊ လက်စွပ်မှ တစ်တန်းသွားစိန်တွေ သက်သက်ချည်း၏ တန်ဖိုးသည် နှစ်သိန်းနီးပါးခန့် တန်နေသည်။

ဘေးမှ နှစ်ယောက်သည် နွယ် ထွက်ပြေးလျှင် ဝရုန်းသုန်းကားရမင်ကွင်း ဖြစ်မည်စိုးသဖြင့် တစ်ဖက်တစ်ချက် နွယ်၏လက်မောင်းကို ဆုပ်ကိုင်ထားသည်။

"ရှင်တို့ ပစ္စည်းရရင် ပြီးရောမဟုတ်လား"

"အင်းပေါ့လေ ... အဓိက,ကတော့ ပါတဲ့ပစ္စည်းပေါ့လေ"

ရှေ့မှ ပိတ်ရပ်ထားသူက သူတို့သုံးယောက်တွင် ခေါင်းဆောင်ဖြစ်ဟန်တူသည်။ သူကပင် နွယ့်ကို ပြန်ဖြေခြင်းဖြစ် သည်။

မတတ်နိုင်ပြီ။ မိန်းမသားတစ်ဦးမို့ ကိုယ့်ချွေးနဲ့စာ ဖြင့် ရှာဖွေထားရသော ပစ္စည်းကို နမြောသည်တော့ အမှန်။

သို့သော် ပေးလျှင်အေးရော အခြေအနေမို့ ပေးရ ပေတော့မည်။

လွယ်ကူသော လက်စွပ်ကစ၍ ချွတ်သည်။ ဒုတိယ ဆွဲကြိုးကို ခလုတ်နှိပ် ချိတ်ဖြုတ်ချွတ်သည်။

"ဟော့ ... မမနွယ်ကို လွှတ်လိုက်"

ပစ္စည်းတွေ ချွတ်နေစဉ်မှာပင် ဩဇာအောင်မြင်သော အသံဖြင့် အမိန့်ဆန်ဆန် ပေးလိုက်သော အသံကို ကြားလိုက်ရ သဖြင့် လူဆိုးသုံးယောက်သည် လှမ်းကြည့်လိုက်သည်။

မောင်မောင်တာပါပေ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တာသည် နွယ့်ကို ဝိုင်းထားပြီး ချုပ်ကိုင်ထားသော လူဆိုးသုံးယောက်ဆီသို့ တစ်လှမ်းချင်း တိုးကပ်လာသည်။

"ဟော့ကောင် ... မင်းဟာမင်း အေးအေးပြန်သွားစမ်း၊ တို့က လုရုံလုချင်တာ၊ လူမသတ်ချင်ဘူး၊ မင်း ကြားထဲက မဆီမဆိုင် လူစွမ်းကောင်း ဝင်မလုပ်နဲ့၊ ဒီနေရာက မင်း အလောင်း ပုပ်ပွသွားတောင် ရတ်တရက် လူတွေ့တဲ့နေရာ မဟုတ်ဘူး၊ သွားစမ်းကွာ"

ခေါင်းဆောင်ဖြစ်သော နွယ်၏ ရှေ့မှလူက လှမ်းပြောခြင်းဖြစ်သည်။

မောင်မောင်တာ၏ လှုပ်ရှားမှုသည် အင်မတိအင်မတန် အံ့ဩလောက်အောင် လျင်မြန် သွက်လက်လွန်းသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတော့သည်။

နွယ့်အား လက်ဝဲဘက်မှ ချုပ်ကိုင်ထားသူသည် ယခု မောင်မောင်တာ ရပ်နေသောနေရာနှင့်ဆိုလျှင် ချုပ်ကိုင်ထားသူနှင့် နှစ်ယောက်သား အစဉ်လိုက် စီရပ်နေသည့်ပုံစံ ရှိနေသည်။ ထိုပုံစံကို တမင်ယူ၍လည်း မောင်မောင်တာက သူတည်ရှိရာနေရာကို ရွေးထားခြင်းဖြစ်သည်။

မောင်မောင်တာသည် လူဆိုးနောက်မှ ဥဩဆွဲသံပေးပြီးလိုက်သော ရဲကားလို အသံမပေး။ ယားတွေ ယဲတွေမအော်ဘဲ သူ၏ညာခြေကို မြားဦးသဏ္ဍာန်ဝင်ပြီး ဘယ်ခြေကို လေထဲတွင် ကွေးကွေးလေးထားကာ နွယ့်အား လက်ဝဲမှ ချုပ်ကိုင်သူ၏ ခါးဆီသို့ ဖိနပ်ဦးထိပ်နှင့် မြားစိုက်သလို ဝင်ကန်လိုက်သည်။



မောင်မောင်တာ၏ လူလုံးဝိတ်သည် နည်းတဲ့အားမဟုတ်ပါပေ။ ချုပ်ကိုင်ထားသော ဘယ်လူသည် တအားအားအော်ရင်း သူ့ဆရာနွယ်၏ရှေ့တွင် ရပ်နေသူအား လူလုံးချင်းပစ်တိုက်ကာ အရှိန်ပြင်းစွာဖြင့် နှစ်ယောက်လုံး မှောက်လျက်ပက်လက် လဲပြိုကျသွားတော့သည်။

ဘေးတိုက် နံကြားထဲသို့ မောင်မောင်တာ၏ ဖိနပ်ဦးမြားစိုက်သဏ္ဍာန် အကန်ခံရသူသည် ချက်ချင်းမထနိုင်လောက်မှန်း ကိုယ့်ခြေကိုယ့်အကန်၏ အတိုင်းအဆကို သိသောသူသည် ထိုလူ ချက်ချင်းထနိုင်မည် မဟုတ်မှန်း သိသည်။

မောင်မောင်တာ ခြေဦးမြားထိုးကန်ပြီးသည်နှင့် ကွေးထားသော ခြေထောက်ရော၊ ကန်လိုက်သည့် ခြေထောက်ရောမြေတွင် မတ်မတ်လေး ပြန်ထောက်မိသည်နှင့် လူဆိုးခေါင်းဆောင်အား လွှားခနဲ ခုန်အုပ်ခွစီးကာ ဘယ်လက်သီး ညာလက်သီးအစုံ မေးရိုး၏ ဘယ်ပြန်ညာပြန် ထိုးထည့်သည်။

လူဆိုးခေါင်းဆောင် ခဏတစ်ဖြုတ်တော့ မေ့သွားလောက်သည်။

"နောက်မှာ နောက်မှာ"ဟု အလန့်တကြား နွယ်၏ အော်သံထွက်လာသည်နှင့် မောင်မောင်တာသည် လူဆိုးခေါင်းဆောင်ကို ခွထားရာမှ ဘေးသို့ တုံးတုံးလုံချပြီး လှိမ့်ဆင်းလိုက်သည်။

နွယ့်ကို ညာဘက်မှ ချုပ်ကိုင်ထားသူသည် သူ့တွင်ပါလာသော အော်တိုမက်တစ်မောင်းပြန်ဓားကို ခလုတ်ဖွင့်ပြီး ခွစီးထားသော မောင်မောင်တာအား နောက်ကျောမှ ပြေးထိုးခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အား ..."

မောင်မောင်တာက နွယ်၏သတိပေးသံကြောင့် လိုမ့်ဆင်းလိုက်သဖြင့် ဓားသမားမှာ မောင်မောင်တာကို မထိုးမိဘဲ သူ့ဆရာ၏ ပခုံးစောင်းကို စိုက်ဓားထိုးမိသွားတော့သည်။

သတိလစ်လျက်ကပင် ပခုံးတွင်ဓားထိုးခံရချက်ဖြင့် အားခနဲအော်သော သူ့ဆရာကို အံ့အားကြီးသင့်၍ ကြောင်ကြည့်နေစဉ်မှာပင် မောင်မောင်တာသည် မတ်မတ်ရပ်ပြီး ကုန်းကွကွဖြင့် သူ့ဆရာကို ငုံ့ကြည့်နေသည့် လူဆိုး၏လည်ကုပ်ကို ခပ်ပြင်းပြင်းလက်ဝါးစောင်းတစ်ချက် ခုတ်ချလိုက်သည်။

ဓားသမား ငှက်ပျောပင်လဲ လဲကျသွားကာ ငြိမ်သွားပြန်သည်။

ပထမဆုံး အကန်ခံရသော ဘယ်လူသည် လူးလဲထကာ ခြေဦးတည့်ရာသို့ စွတ်ပြေးတော့သည်။

မောင်မောင်တာက ထိုထွက်ပြေးသော လူဆိုးဆီသို့ စွတ်လိုက်ရန် ခြေလှမ်းပြင်သည်။

"မောင်မောင်တာ ... မောင်မောင်တာ၊ မလိုက်နဲ့ ... မလိုက်နဲ့၊ မမနွယ်တို့ သွားကြစို့"

မောင်မောင်တာ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်သည်။

ဟုတ်ပါ၏။ ဆက်လိုက်၍လည်း အကြောင်းမထူးပါလေတော့။

သူတို့သည် ဤပွဲတွင် အရှုံးကြီး ရှုံးသွားပေပြီ။ နောက်ဆုံး တစ်ယောက်ကို လိုက်မိပြီး မြေတွင်လှဲသိပ်သော်လည်း



ဘာအကြောင်းထူးတော့မည်နည်း။ ယခုအတိုင်းဆိုလျှင် မိမိတို့ထွက်သွားပါက ထွက်ပြေးသော လူဆိုးက သူ့လူတွေဆီ ပြန်လာပြီး ကုသပေးနိုင်ပေမည်။

မောင်မောင်တာ ပြန်လှည့်လာသည်။

"မမနွယ် ... ဘာဖြစ်သွားသေးလဲ"

"ဟင့်အင်း ... ဘာမှမဖြစ်ဘူး မောင်မောင်တာ"

"မမနွယ်ဆီက ပစ္စည်းတွေကော ဘာပါသွားသေးလဲ"

"ဘာမှ ပါမသွားဘူး၊ ပစ္စည်းတွေ ချွတ်နေတုန်း မောင်မောင်တာ အချိန်မီ ရောက်လာတာပဲ"

"ကဲ ... ဒါဆို လာ ... မမနွယ်၊ ဒီနေရာမှာ ဆက်နေရင် အန္တရာယ်ရှိနိုင်တယ်၊ မမနွယ်ရဲ့ကားဆီသွားစို့"

မောင်မောင်တာက ပြောပြောဆိုဆို ရှေ့မှထွက်သွားသည်။ နွယ်မှ နောက်မှလိုက်သည်။ မောင်မောင်တာကို ဘေးချင်းယှဉ်မိရန် နွယ်သည် ခြေလှမ်းလေးများ သွက်သွက်လှမ်းလိုက်သော်လည်း မမီပေ။

မောင်မောင်တာ လမ်းလျှောက်သည်မှာ မြန်လှသည်။

"နေဦးလေ မောင်မောင်တာ"

လှမ်းပြောမှ မောင်မောင်တာ ခြေလှမ်းနှေးသွားသည်။

နွယ် မောင်မောင်တာနှင့် ဘေးချင်းယှဉ်မိသည်။

"တကယ် အရှမ်းကို မောင်မောင်တာ့ကို ကျေးဇူးတင်တာပဲ"

"မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လိုတာပေါ့၊ ဒီလူတွေဟာ တကယ့်လူဆိုးလူယုတ်မာတွေ၊ ပစ္စည်းယူပြီးရင်တောင် မမနွယ် ဘာဆက်ဖြစ်မယ်ဆိုတာ မတွေးရဲဘူး၊ မောင်မောင်တာသာ အချိန်မီရောက်မလာရင် ပြီးရောပေါ့"

"ဘာမှမပြီးရောဘူး၊ မမနွယ် ဘာမှလဲ ဖြစ်မှာမဟုတ်ဘူး"

"မဟုတ်တာ"

"သိပ်ဟုတ်တာပေါ့၊ မမနွယ် ထွက်သွားတာကို ကျွန်တော် စိတ်မချလို့ ဗာဒံပင်ကွယ်ပြီး ချောင်းကြည့်နေတာပါ၊ မမနွယ် ငါးပြတိုက်ကိုရောက်ပြီး မမနွယ်ရဲ့ကားဆီ ပြန်လာပြီးမှ ကျွန်တော့်ဘာသာ တခြားသွားမယ်လေဆိုပြီး စောင့်ကြည့်နေတာ၊ ကျွန်တော် ထင်တဲ့အတိုင်း ဒီကောင် သုံးကောင်နဲ့ မမနွယ် တွေ့တာပဲ၊ ကျွန်တော် ကွယ်ပုန်းကြည့်တဲ့ နေရာကနေပြီး မမနွယ်တို့ဆီကို သူတို့မမြင်အောင် ပုန်းကွယ်ပြီးလာလို့ နည်းနည်းကြာသွားတာ၊ ကျွန်တော် ဖြောင်ကြီးပြေးလာရင် မမနွယ်ကို ဒီကောင်တွေ ဓားနဲ့ထိုးပြီး ပစ္စည်းတွေ မရအရယူပြေးမှာစိုးလို့ ပုန်းပြီးလာရတာ၊ ကျွန်တော်က တောက်လျှောက် မမနွယ်ကို စောင့်ကြည့်နေတာမို့ မမနွယ် ဘာမှမပြီးရောဘူး၊ ဘာမှလဲ ဖြစ်မှာမဟုတ်ဘူးလို့ ပြောတာ"

နွယ်သည် သတ်ပုတ်ထားသဖြင့် ချွေးတွေထွက်ပြီး အင်္ကျီဘောင်းဘီတွင် ဖုန်တွေပေနေသော မောင်မောင်တာကို ဘေးတိုက် စောင်းကြည့်နေမိသည်။



"မှတ်ထား မမနွယ်၊ ရန်ကုန်မြို့မှာ ဒီကောင်မျိုးတွေ လူပြတ်တဲ့နေရာမျိုးမှာ ရှိတတ်တယ်၊ ဒီကောင်တွေက ဖျိုင်းတွေ"

"ဖျိုင်းတွေ ... ဟုတ်လား"

"ဟုတ်တယ် ... အခုလို ရုံးပိတ်ရက်လည်းမဟုတ်၊ အခါကြီးနေ့ကြီးလည်း မဟုတ်တဲ့ နေ့မျိုးမှာ ရန်ကုန်ဌာနေတွေက စိတ်ပျော် လက်ပျော် ဒီနေရာမျိုးကို မလာကြဘူး၊ နယ်က ဘုရားဖူးလာတဲ့လူတွေ ဘာတွေ လာရင်လည်း အုပ်စုနဲ့လာတာ၊ နောက်ပြီး ကြည့်ရှုပြီးပြန်တာပဲ၊ အဲ ... ဒီလို လူပြတ်နေ့မျိုး လာတတ်တဲ့သူတွေဟာ သမီးရည်းစားချိန်းတွေ့တဲ့လူတွေ၊ ကျောင်းပြေးတဲ့ ကျောင်းသားကျောင်းသူတွေ နှစ်ယောက်တွဲလေးတွေလာပြီး ချောင်ကောင်းကောင်း လူပြတ်ပြတ် တောထူထူနေရာမျိုးတွေကို လာတတ်ကြတယ်၊ အဲဒီနေရာမျိုးတွေမှာ စောင့်ပုန်းပြီး ခုနလိုကောင်တွေက ရှိနေတတ်တယ်၊ ဆည်ဝမှာ ခြေထောက်ပြီး စောင့်နေတဲ့ ဖျိုင်းလိုကောင်တွေလေ၊ ဆည်ရေထဲ ယောင်ပေပေနဲ့ ပါလာတဲ့ငါးကို အသင့်ကောက်စားဖို့ စောင့်နေတဲ့ ဖျိုင်းတွေ၊ ဒီကောင်မျိုးတွေဟာ ဒီနေရာမှာတင်မကဘူး၊ ကန်တော်ကြီးတို့ အင်းလျားတို့ စတဲ့ ချောင်ကောင်းကောင်း တောကောင်းကောင်း လူပြတ်တဲ့နေရာတွေမှာ စောင့်ပြီး ပစ္စည်းလုတယ်၊ အမျိုးသမီးတွေဆီက အခွင့်အရေးရရင် ရသလို ယူတတ်တဲ့ကောင်တွေ၊ ဒါကြောင့် မမနွယ်ကို စိတ်မချလို့ ကျွန်တော်စောင့်ကြည့်ပေးနေတာ၊ ထင်တဲ့အတိုင်း ဖြစ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားဆီသို့ ပြန်ရောက်လာသည်။ နွယ်က ကားတံခါးသော့ကို ဖွင့်နေသည်။

"ကဲ ... မမနွယ် ပြန်ပေတော့၊ ကျွန်တော် သွားမယ်"

"ဟင် ... မောင်မောင်တာ မမနွယ်နဲ့ မလိုက်ဘူးလား။ ကားမပါလာဘူး မဟုတ်လား"

"ရတယ်၊ ကျွန်တော် လိုက်ပါနေတာဟာ မမနွယ်အတွက် အနှောင့်အယှက်ပေးရာ ရောက်တယ်ဆို၊ ကျွန်တော့်ကားကတော့ ဝပ်ရှော့မှာ အပ်ထားရတယ်လေ၊ နှာစေးချောင်းဆိုးဖြစ်နေလို့"

"ဒါဆို ရော ... ကားသော့၊ မောင်မောင်တာ မောင်း၊ မမနွယ် လူဆိုးတွေနဲ့တွေ့ပြီး တအားစိတ်တွေလှုပ်ရှားနေလို့ ကားမောင်းလို့ ကောင်းမှာမဟုတ်ဘူး"

"ဒါဆို ကျွန်တော် မမနွယ်နဲ့လိုက်လို့ စိတ်အနှောင့်အယှက် မဖြစ်တော့ဘူးပေါ့နော်"

"ကဲပါ ... မောင်းမှာသာ မောင်းစမ်းပါ၊ မမနွယ် ရှင်းပြပါ့မယ်"

မောင်မောင်တာက မောင်းပြီး နွယ်က ဘေးမှထိုင်လိုက်ခဲ့သည်။

ကားထွက်စကတော့ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။ မောင်မောင်တာကလည်း မောင်းနေကျမဟုတ်သော ကားကို ပထမဆုံးအကြိမ် မောင်းနှင်ရာတွင် ကား၏အထာကို အကဲခတ်ပြီး မောင်းနေရာ ငါးမိနစ်လောက် မောင်းလိုက်မှ ကားအထာကို သဘောပေါက်ပြီး ခြေနိုင်လက်နိုင် မောင်းတော့သည်။



"ရှင်းပြမယ်ဆို မမနွယ် ရှင်းပြလေ"

"နေဦး ... အခု ဘယ်သွားကြမလဲ"

"မမနွယ် ... ဘယ်ကိုသွားချင်လဲ"

"ထမင်းစားဖို့ နည်းနည်းစောနေသေးတယ်၊ ပြည်သူ့ရင်ပြင်ထဲမှာ အေးအေးဆေးဆေး အနားယူပြီးမှ စားကြတာပေါ့"

ပြည်သူ့ရင်ပြင်သို့ မောင်းခဲ့သည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင်ရပ်ကာ ပြည်သူ့ရင်ပြင်၏အလှကို ကားရှေ့မှန်မှတစ်ဆင့် ကြည့်နေမိကြသည်။

"ပြောပြတော့လေ မမနွယ်၊ စောစောက ရှင်းပြမယ်ဆိုတာလေ"

"ကဲ ... နားထောင်၊ မမနွယ်နဲ့ ပတ်သက်တဲ့ အကြောင်းတွေ စာစောင်ထဲ ဂျာနယ် မဂ္ဂဇင်းတွေထဲမှာ မောင်မောင်တာ ဖတ်ပြီးရောပေါ့"

"ဖတ်မိသားပဲ၊ အဲဒီတော့ ဘာဖြစ်လဲ မမနွယ်"

"ဒါဆို လွန်ခဲ့တဲ့ သုံးလကျော်ကျော် လေးလနီးပါးလောက်က မမနွယ် အခုနေတဲ့ ကသစ်မြိုင်ခြံထဲက ရေကူးကန်ထဲမှာ မမနွယ်ရဲ့ယောကျ်ား ရေနစ်သေဆုံးတာကို မောင်မောင်တာ သိပြီးသားပေါ့နော်"

"ဘေးစကားတွေနဲ့လည်း ကြားတယ်၊ စာစောင် ဂျာနယ် မဂ္ဂဇင်းတွေလည်း ဖတ်မိတယ်၊ မမနွယ် ခရီးသွားရာက ပြန်မလာခင်ကတည်းက ဒေါ်ဒေါ်အေးကို ကျွန်တော် မေးကြည့်လို့ သိတန်သလောက် သိထားတယ် အဲဒါ ဘာပြုလဲ မမနွယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဒါ ဘာပြုလဲဆိုတော့ ကိုမြင့်ခိုင် သေဆုံးသွားတာနဲ့ ပတ်သက်ပြီး အဲ ... မမနွယ်ရဲ့ယောကျ်ား ကိုမြင့်ခိုင် ဆိုတာလည်း မောင်မောင်တာ သိပါတယ်နော်"

"သိပါတယ်"

"အဲဒီ ကိုမြင့်ခိုင် ရေနစ်သေဆုံးမှုနဲ့ ပတ်သက်ပြီး မမနွယ် မှာနာမည်ပျက်စရာတွေ အထင်အမြင်လွဲမှားစရာတွေအများကြီး ဖြစ်ခဲ့တယ်၊ ပွဲကြည့်ပရိသတ်အားကိုးနဲ့ ဘဝကိုထူထောင်နေတဲ့ မမနွယ်လို ရုပ်ရှင်မင်းသမီးတစ်ယောက်အတွက် နာမည်ပျက်တာဟာ ဘဝပျက်တာနဲ့ ဘာထူးမှာလဲ မောင်မောင်တာ"

"ဒါကတော့ လူတွေထဲမှာ ကိုယ့်ထမင်း ကိုယ်စားပြီး ဝေဖန်ရေးလုပ်နေတဲ့ ဝေဖန်ရေးသမားတွေက ရှိစမြဲပေါ့ မမနွယ်၊ အရေးကြီးတာက ကိုယ်မဟုတ်ရင်ပြီးတာပဲ၊ ရဲအဖွဲ့က မမနွယ်ကို ဘယ်လိုမှ မစွပ်စွဲနိုင်လို့ လွှတ်ထားသားပဲဟာ"

"ကိုယ်မဟုတ်ရင် ပြီးတာပဲ၊ ရဲအဖွဲ့က မစွပ်စွဲနိုင်လို့ လွှတ်ထားသားပဲ ဆိုတာက သာမန်လူတွေအတွက်တော့ မှန်တာပေါ့ကွယ်၊ ဒါပေမဲ့ မမနွယ်လို ပရိသတ်ကို အားကိုးပြုပြီး အသက်မွေးဝမ်းကျောင်းနေရတဲ့ လူအဖို့တော့ ဘေးစကား ဘေးသတင်းတွေဟာ လက်ရှိဘဝကို ထိခိုက်စေတယ်၊ ဒါကြောင့် မမနွယ်ဟာ ကိုယ့်ဟာကိုယ် အဖတ်ဆည်ချင်လို့ တခြား ဘယ်သူ့စိမ်းယောကျ်ားလေး တစ်ဦးတစ်ယောက်ကိုမှ အတူသွား အတူလာ လက်မခံချင်ဘူး မောင်မောင်တာ၊ ဒါကြောင့် မောင်မောင်တာကို ကသစ်



မြှင်ကို မလာပါနဲ့လို့ တားခဲ့တယ်၊ မောင်မောင်တာနဲ့ အတူသွား အတူလာ မလုပ်ချင်လို့ ပ,ထုတ်ခဲ့တာပါ၊ ဒါပေမဲ့ ဒီနေ့ လူဆိုးသုံးယောက်လက်က မောင်မောင်တာ ဝင်ကယ်လိုက်တဲ့ ကျေးဇူးမျိုးကျတော့ မမနွယ်ရဲ့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဖြစ်ရပြန်ရော"

"ဒါကို ကျေးဇူးကြီးရောမလို့ တွက်မနေပါနဲ့ မမနွယ်၊ ထမင်းစားရေသောက်လို့ပဲ သဘောထားလိုက်ပါ၊ ယောကျ်ားတစ်ယောက်အနေနဲ့ အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဝိုင်းပြီးအနိုင်ကျင့်တာမျိုးကို ဝင်ကူရမှာပါ၊ ဒီနေရာမှာ မမနွယ် မဟုတ်ဘဲ တခြားခေါင်းရွက်ဗျပ်တိုး ဈေးသည်လေးပဲဖြစ်ဖြစ် ဒီလို အနိုင်ကျင့်ခံရရင် ဒီလိုပဲ ကျွန်တော် ဝင်ကူမှာ စိတ်ချ"

"မောင်မောင်တာရဲ့ သတ္တိရယ်၊ စွမ်းရည်ရယ်၊ စိတ်ဓာတ်ရယ်ကို မမနွယ် အရမ်းချီးကျူးပါတယ် မောင်မောင်တာ၊ ကျေးဇူးတင်စရာ မလိုဘူး ဆိုပေမယ့် မမနွယ်ရဲ့ ရင်ထဲမှာတော့ မှတ်ကျောက်တင်မိအောင် ကျေးဇူးတင်တယ် မောင်မောင်တာ"

မောင်မောင်တာ ရယ်လိုက်သည်။

"ဒါတော့ မမနွယ်ရဲ့သဘောပဲ၊ ကျေးဇူးတင်တဲ့အချိန်မှာ ကျေးဇူးတင်ခံရတဲ့လူရော ကျေးဇူးတင်တဲ့လူရောအတွက် မင်္ဂလာပါပဲ မမနွယ်၊ ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် သဘောချင်း မတိုက်ဆိုင်တဲ့အခါ အဲဒီကျေးဇူးတရားကြီးဟာ ကာဆီးကာဆီးများ ဖြစ်တတ်သလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် မောင်မောင်တာ၊ ကျေးဇူးတရားကြီးက ကာဆီး ကာဆီး ဟုတ်လား။ မမနွယ် လုံးဝနားမလည်တဲ့ စကားပဲ"

နွယ်က မျက်မှောင်လေးကြုတ်ပြီး အနက်အဓိပ္ပာယ် ရှာဖွေသည့်ဟန် ရှိနေသည်။

"အလကားပါ မမနွယ်၊ ကျွန်တော့်ပါးစပ်ထဲ တွေ့ရာ စကားကြီး စကားကျယ်တွေ ပြောကြည့်တာပါ၊ ခုပုံအတိုင်း ဆိုရင် ဦးမြင့်နိုင် သေဆုံးသွားတာဟာ ကျန်ခဲ့တဲ့ မမနွယ် ရဲ့လုပ်ငန်းဘဝပိုင်းမှာ အများကြီး ထိခိုက်သွားတာပေါ့ နော်"

"ဘာတတ်နိုင်မလဲ မောင်မောင်တာ၊ သူ့ကသူသေသွား ရင် မမနွယ် ဒီလိုပဲ နစ်နာကျန်ခဲ့စေလိုတဲ့ စိတ်မျိုးနဲ့ သူ့ ကိုယ်သူ အဆုံးစီရင်တာမှ မဟုတ်တာ"

"ကျွန်တော် အံ့သြနေတယ် မမနွယ်"

"ဘာကို အံ့သြတာလဲ"

"ဦးမြင့်နိုင်ကိုပါ၊ သတင်းစကား ကြားသလောက်ဆိုရင် သူဟာ လူချမ်းသာတစ်ယောက်ပါ၊ အသက်ကလည်းသုံး ဆယ့်ငါးတောင် မပြည့်သေးဘူး၊ မမနွယ်လို သိပ်ချော သိပ်လှတဲ့ မိန်းကလေးကိုလည်း ရထားတယ်၊ ဒါနဲ့တောင် သူဟာ ဘာဖြစ်လို့သေချင်တာလဲ၊ တကယ်ဆို မတော်တဆ သေရမှာကိုတောင် သူ ကြောက်သင့်တဲ့လူပါ မမနွယ်"

စကနဦး ကိုမြင့်နိုင် သေဆုံးပြီးစအချိန်ကမှ ယင်း သို့ သံသယမေးခွန်းစကားတွေကြောင့် နွယ် စိတ်ဆင်းရဲခဲ့ရသေး သည်။



ယခု မောင်မောင်တာက မေးသည်တွင် နွယ်၏ရင် ထဲတွင် ဘယ်လိုမှ အထူးတလည် မခံစားရတော့ပေ။

"သူ ဘာလို့ သေချင်ရတာလဲဆိုတာကို သိချင်ရင် သမား တော်ကြီး ဒေါက်တာဦးအောင်ဘန်းကိုသာ သွားမေးပေ တော့ မောင်မောင်တာ၊ ဒေါက်တာဦးအောင်ဘန်းရဲ့အဖြေ ဟာ စာဒကတက်စရာ ရှိသေးတယ်ဆိုရင် မြန်မာဆန် ဆန် မြန်မာအယူအဆစွဲနဲ့ အထုံအဆက်ပါလို့ ကိုယ့်ကိုယ် ကိုယ် သတ်သေတယ်လို့သာ မှတ်ပေတော့"

"အင်းပေါ့လေ၊ ဒါမျိုးဆိုတာ ရှိတတ်ပါတယ်၊ ဟောလိ ဝုဒ်က သန်းကြွယ်သူဌေးမ ရုပ်ရှင်မင်းသမီး မာရီလင် မော်ရိုးဆိုလည်း ဒီလိုပဲ သူ့ကိုယ်သူ သတ်သေတယ်လို့ ဖတ်ဖူး ကြားဖူးတယ်"

"ကဲ ... သွားစို့ မောင်မောင်တာ၊ မမနွယ် ထမင်းဆာပြီ"

"ဘယ်သွားမလဲ မမနွယ်"

"မူလ အစီအစဉ်အတိုင်း ကရဝိတ်ကိုပဲ သွားကြတာပေါ့၊ အဲဒီမှာက ကန်ရေပြင်ကြီးနဲ့ သစ်ပင်တွေ စိမ်းစိမ်းစိုစိုနဲ့ စားရတာ စိတ်ကြည်လင်တယ်"

ကရဝိတ်သို့ပင် မောင်မောင်တာ ပြန်မောင်းလာခဲ့ သည်။

"မမနွယ် ..."

"ပြောပါ မောင်မောင်တာ"

"မမနွယ်တို့အိမ်မှာ ဒရိုင်ဘာလည်းမရှိဘူး၊ မမနွယ် တစ် ယောက်တည်း ကားကိုယ်တိုင်မောင်းတာလည်း မသင့်

www.burmeseclassic.com

www.burmeseclassic.com



တော်ဘူး၊ ရန်ကုန်မှာ ယာဉ်ကြောတွေက ရှုပ်မှရှုပ်၊ ယာဉ်စည်းကမ်း ဥပဒေကလည်း တိုက်မိခိုက်မိရင် ဒဏ်ငွေကကိစ္စမရှိဘူး၊ ထောင်ဒဏ်ဆို မမနွယ် ဘယ့်နှယ်လုပ်မလဲ၊ အဲဒီတော့ မမနွယ်က ကျွန်တော့်ကို ဒရိုင်ဘာခန့်၊ မမနွယ်သွားချင်တဲ့ဆီ ကျွန်တော် လိုက်မောင်းပေးမယ်လေ”

“အယ် ... မဟုတ်တာ”

“ဘာလို့ အယ်တာလဲ၊ ဘာလို့ မဟုတ်တာလဲ”

“မမ်နွယ်ကို ဒေါ်ဒေါ်အေး ပြောပြသလောက် မောင်မောင်တာရဲ့အကြောင်းကို မမနွယ် သိထားသားပဲ၊ မောင်မောင်တာရဲ့မိဘတွေဟာ တော်တော်ချမ်းသာတဲ့ လူတွေဆို”

“အဲဒါတော့ ဟုတ်တယ် ထင်တာပဲ မမနွယ်”

“ဘာကွယ့် ... ကိုယ့်မိဘချမ်းသာတယ်ဆိုတာ ဟုတ်တယ်ထင်တာပဲရယ်လို့”

“နေဦး မမနွယ်၊ ကျွန်တော်ဟာ တခြားလူတွေနဲ့မတူတဲ့ တစ်မျိုးကြီး ဖြစ်နေတယ်၊ အဲဒါ မမနွယ် ကျွန်တော် ပြောပြမယ်၊ မမနွယ် နားလည်ပါ့မလားတော့ မသိဘူး”

“ပြော့ပဲ ပြောကြည့်ပါဦး”

“လူတွေဟာ အမိဝမ်းက မွေးလာတယ်၊ တဖြည်းဖြည်းကြီးလာတယ်၊ မွေးတဲ့မိဘနှစ်ပါးကိုလည်း ဒါ ငါ့အဖေ၊ ဒါ ငါ့အမေ စသည်ဖြင့် သိတယ်၊ နောက် ကြီးလာတဲ့အခါကျတော့လည်း ငါ ငယ်ငယ်က ဘယ်ကျောင်းမှာနေခဲ့တယ်၊ ဘယ်နှတန်းတွေ အောင်ခဲ့တယ်ဆိုတာ မှတ်မိနေတယ်”



“ဒါပေါ့၊ ဘယ်သူမဆို မှတ်မိတာပေါ့”

“အဲ ... မမနွယ်၊ အဲဒီ ဘယ်သူမဆိုထဲမှာ ကျွန်တော်က မပါဘူး၊ နေဦး ... ကျွန်တော် ပြောပြမယ်၊ ကျွန်တော်ဟာ ပင်္ဂိုသမုဒ္ဒရာက မျှောလာတဲ့ ကလေးငယ်နဲ့ မတူဘူး၊ ကျွန်တော်ဟာ မှောင်ကြီးမည်းကြီးထဲမှာ နှစ်မြှောနေပြီးမှ ဘွားခနဲ အလင်းရောင်ရှိရာကို ရောက်လာတာကိုပဲ မှတ်မိတယ်၊ ကျွန်တော့်ကိုယ်ကို ကျွန်တော် မှတ်မိတော့ အခုအသက်အရွယ် ရောက်နေပြီ၊ ကျွန်တော့်ကို ငါဟာ မင်းအဖေ၊ ငါဟာ မင်းရဲ့အမေလို့ ပြောတော့ လူနှစ်ယောက်က သူတို့အိမ်မှာ ခေါ်ထားတယ်၊ သူတို့က သိပ်ချမ်းသာတာတော့ အမှန်ပဲ၊ ကျွန်တော်ဟာ သူတို့ရဲ့သားတဲ့၊ ကျွန်တော့်မှာ အာရုံကြောတစ်ခု ထိခိုက်သွားပြီး အမ်နီးဆီးယားဆိုတဲ့ ဘဝမေ့ အတိတ်မေ့ရောဂါ ဖြစ်နေတယ်တဲ့”

ကရဝိတ်သို့ ရောက်ခဲ့သည်။ မော်တော်ကားကို အစောင့်လက်အပ်ကာ နှစ်ယောက်သား ကရဝိတ်ဆီသို့ ပေါင်းကူးတံတားကြီးမှ လျှောက်ခဲ့သည်။

လျှောက်လာစဉ် နွယ်သည် ဒေါ်ဒေါ်အေး ပြောပြခဲ့သည်တို့ကို ယခု မောင်မောင်တာ ပြောပြသည်နှင့် ဆက်စပ်တွေးတောသည်။

ဥမ္မာဆိုသော အမျိုးသမီးလေးနှင့် မောင်မောင်တာ လက်ထပ်ခဲ့သည်။ ဥမ္မာကို မောင်မောင်တာ သိပ်ချစ်သည်။ တစ်နေ့ ချစ်သူနှစ်ဦး အပျော်ကျူးရင်း အင်လျားကန်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လှေမှောက်သည်။ ဥမ္မာ ရေနစ်သေဆုံးသွားသည်။ ဥမ္မာကို မောင်မောင်တာ ရေငုပ်ပြီး အကြိမ်ကြိမ် ရှာဖွေသည်။ ထိုသို့ရှာဖွေစဉ်က မောင်မောင်တာ၏ဦးခေါင်းကို တစ်ခုခုနှင့် ပြင်းထန်စွာ ဆောင့်မိခဲ့လေသလား။ ဥပမာ သူတို့စီးသွားသော လှေကတော့ ရေတွင် မှောက်လျက်ဖြစ်စေ ပေါ်နေမည်။ မောင်မောင်တာ ရေငုပ်ရာမှ ပြန်အတက်တွင်မှောက်နေသော လှေ၏မာကျောသော နေရာတစ်ခုနှင့် မောင်မောင်တာ့ဦးခေါင်း ပြင်းထန်စွာ ဆောင့်မိခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ် ဥမ္မာ သေဆုံးသွားသည်ကို မခံမရပ်နိုင်အောင် စိတ်ထိခိုက်သွားခြင်းဖြင့်လည်းကောင်း အာရုံကြောချို့ယွင်းကာ အတိတ်မေ့ ဘဝမေ့ အမ်နီးဆီးယားရောဂါ ရရှိသွားခြင်းပေလား။

အများကြီး ဖြစ်နိုင်ပါ၏။ အများကြီး အဆက်အစပ် ရှိနေပါ၏၊

ကရဝိတ်စားသောက်ခန်းထဲသို့ ရောက်ခဲ့ကြသည်။

နွယ်ကပင် ကြိုက်ရာစားပွဲကို ရွေးထိုင်ပါ၏။ အချိန်စောသေးသောကြောင့်လား၊ ရုံးပိတ်ရက် မဟုတ်သောကြောင့်လားမသိ။

ညဉ့်နည်းပါးသည်။ ဟိုစားပွဲ သည်စားပွဲတွင် နိုင်ငံခြားသားများ ကျိုးတိုးကျဲတဲ ရှိနေသည်ကိုသာ တွေ့ရသည်။

စားပွဲထိုး ရောက်လာသည်။

"မှာလေ ... မောင်မောင်တာ ကြိုက်ရာမှာနော်"

"မမနွယ် မှာပါ"



"ကွယ် ... မမနွယ် မကျွမ်းကျင်ဘူး၊ ခါတိုင်းလာစားလည်း ပရိုဂျူဆာမှာကျွေးတာ စားလိုက်တာပဲ၊ မောင်မောင်တာ မှာပါ"

မောင်မောင်တာက ခေါင်းညိတ်ပြီး ဟင်း(၄)မျိုး မှာလိုက်သည်။

"ဩော် ... မောင်မောင်တာ၊ ဘီယာတွေ ဘာတွေ သောက်ချင်သောက်နော်၊ မမနွယ်ကို အားနာလို့တော့ လျှိုမနေနဲ့၊ လွတ်လွတ်လပ်လပ် စားပါ၊ သောက်ပါ"

"ကျွန်တော် မသောက်တတ်ဘူး ထင်တာပဲ မမနွယ်၊ ဒီအရင်က သောက်ကြည့်တယ်၊ ဘီယာသောက်ရင် ခါးတယ်၊ မကြိုက်ဘူး၊ အရက်သောက်ရင် လည်ပင်းရှတဲ့ဒဏ် မခံနိုင်လို့ အန်ထွက်တယ်၊ အဲဒီတစ်ခေါက် သောက်ကြည့်ပြီး ကျွန်တော် နောက်ထပ် မသောက်တော့ဘူး"

"ဒါ့ဆို မောင်မောင်တာက အစကတည်းက လူတော် လူကောင်းလေးပဲ၊ ကဲ ... ဆက်ပြောပြပါဦး၊ မောင်မောင်တာရဲ့အကြောင်း နားထောင်ရတာ မမနွယ် သိပ်စိတ်ဝင်စားနေတယ်"

"ကျွန်တော့်ကို အဲဒီမိဘတွေက စိတ်ကျန်းမာရေးဆရာဝန်တွေနဲ့ အိမ်မှာခေါ်ကုတယ် မမနွယ်၊ ဒါပေမဲ့ သိပ်မထူးခြားဘူးဆိုပြီး အင်္ဂလန်မှာ သွားကုသေးတယ်"

"သွားကုတော့ ထူးခြားလာရောလား"

"အဲဒါ ပြောရခက်နေတယ် မမနွယ်၊ ကျွန်တော့်ကို ကျွန်တော့်မိဘဆိုတဲ့ လူတွေက သားဟာ စီးပွားရေးတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



က ဘွဲ့ရပြီးသားလို့ ပြောတယ်၊ ကျွန်တော် စီးပွားရေး တက္ကသိုလ်တက်ခဲ့တယ်ဆိုတာ လုံးဝမမှတ်မိဘူး၊ ဒါပေမဲ့ ကျွန်တော့်ကို စမ်းသပ်တဲ့သဘောနဲ့ စီးပွားရေးတက္ကသိုလ် က နောက်ဆုံးနှစ်ပြဋ္ဌာန်းတဲ့ စာအုပ်တွေ ကျွန်တော့်ကို ဖတ်ခိုင်းတယ်၊ အဲဒါကျတော့ စာအုပ်တွေထဲကအကြောင်း အရာတွေကို ကျွန်တော် အားလုံးသိနေရုံမကဘူး၊ တချို့ ဟာတွေမှာ အလွတ်တောင် ရွတ်ပြသေးတယ်၊ တစ်မျိုး ကြီးပါ မမနွယ်ရယ်၊ တချို့ဟာကျတော့လည်း သတိရ သလိုလို ရှိလာလိုက် ပြန်ပျောက်သွားလိုက်နဲ့ ဘာမှန်းလဲ မသိဘူး၊ အဲ ... စောစောက လူဆိုးသုံးယောက်နဲ့ ကျွန် တော် ဖိုက်တယ်၊ အဲဒီလိုဖိုက်တာနဲ့ ကျွန်တော် ဘယ်လို ဖိုက်ရမယ်ဆိုတာတွေ ခေါင်းထဲ အလိုလိုပေါ်လာပြီး ကျွန် တော် ဖိုက်နိုင်သွားပြန်ရော၊ အဲဒီလို တိုက်ဆိုင်ပြီး ကျွန် တော် လုပ်တတ်တာတွေ ရှိရှိနေတယ်၊ အခု ဆရာဝန်က ကျွန်တော့်ကို ရေကူးရေငုပ် ဒိုင်ဗင်ထိုးခိုင်းတာဟာ ကျွန် တော် တစ်ခုခုကို ဖျတ်ခနဲ သတိပြန်ရနိုင်တယ်၊ အဲဒီလို တစ်ခုခုကို တိတိကျကျ သတိရတာနဲ့ တောက်လျှောက် အာရုံကြောပြန်ကောင်းသွားပြီး အားလုံးသတိပြန်ရနိုင်တယ် ဆိုလို့ ကျွန်တော် မမနွယ်တို့ ကသစ်မြိုင်မှာလာကူးနေတာ"

"ကသစ်မြိုင်မှာ မကူးဘဲ မောင်မောင်တာရဲ့မိဘအိမ်အနီး အနားမှာ ကူးရင်ကော၊ ကသစ်မြိုင်မှာ လာပြီးမကူးစေချင် လို့ပြောတာ မဟုတ်ဘူးနော်၊ မောင်မောင်တာရဲ့ရောဂါကို စူးစမ်းတဲ့သဘောနဲ့ မမနွယ် ပြောတာ"



"အဲဒါကျတော့ အခု မာလာမြိုင်လမ်းက ဆောင်းရိပ်သာ ဟာ ကျွန်တော်ပိုင်အိမ်တဲ့၊ ကားဖြူပါဗလစ်ကာကားလေး ဟာလည်း ကျွန်တော်စီးနေကျကားတဲ့၊ ဒါကြောင့် အဲဒီ ဆောင်းရိပ်သာအိမ်မှာ တစ်နေ့လုံးနေရမယ်၊ ကသစ်မြိုင် မှာ ရေကူးရမယ်၊ ညနေကျမှ အိမ်ပြန်ရမယ်လို့ မှာထား တယ်လေ မမနွယ်၊ အဲဒီတော့ အဲဒီလို ကျွန်တော်နေရ မယ့် အတူတူ မမနွယ်ရဲ့ကသစ်မြိုင်မှာ ရေကူးမယ်၊ တစ် နေ့လုံး မမနွယ် သွားချင်တဲ့ဆီကို ကားမောင်းပို့ပေးမယ် လေ၊ ဘာလို့မှန်းတော့ မသိဘူး၊ မမနွယ်နားမှာ နေရတာ ကျွန်တော့်စိတ်တွေ ပျော်ရွှင်ပြီး ကြည်နူးတယ် မမနွယ်"

ထပ်၍ ဆက်စပ်မိပြန်သည်။

ရေကူးကန်တွင် ရေကူး ရေငုပ် ဒိုင်ဗင်တိုးခြင်းဖြင့် ဉမ္မာနှင့် လေ့မှောက်ပြီး ရေငုပ်ရှာဖွေသည်ကို ပြန်လည်သတိရနိုင် သောသဘော ရှိနေသဖြင့် ဆရာဝန်က ညွှန်ကြားခြင်းဖြစ်မည်။

နောက်တစ်ချက်မှာ ဉမ္မာသည် ချောမောလှပသော မိန်းကလေးဖြစ်သည်။ ယင်းဉမ္မာကို မောင်မောင်တာ သိပ်ချစ်ခဲ့ သည်ဟု ဆိုသည်။

ယခု နွယ်ကလည်း ချောမောလှပသည်။ မောင်မောင် တာသည် ဉမ္မာကဲ့သို့ပင် ချောမောလှပသော နွယ်အား သူ၏ရင် ထဲက အလိုလို နှစ်သက်နေခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် မမနွယ်နားမှာ နေရတာ ကျွန်တော့်စိတ်တွေ ပျော်ရွှင်ပြီး ကြည်နူး တယ်ဟု ပြောလာခြင်းဖြစ်မည်။ ဒရိုင်ဘာ လုပ်ချင်လာလိုခြင်း ဖြစ်မည်။ သနားစရာပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မမနွယ်၊ ကျွန်တော် မမနွယ်ရဲ့ဒရိုင်ဘာလုပ်ပေးရမလားဟင်"

"မသင့်တော်ဘူး မောင်မောင်တာ"

"ဘာလို့ မသင့်တော်ရမှာလဲ မမနွယ်"

"မမနွယ်ဟာ ကိုမြင့်ခိုင်သေဆုံးမှုနဲ့ ပတ်သက်ပြီး အမျိုးမျိုးအပြောခံရတယ်၊ အဝေဖန်ခံရတယ်ဆိုတာ မောင်မောင်တာသိပြီးပြီပဲ၊ အခုတစ်ခါ မောင်မောင်တာနဲ့ တပူးတွဲတွဲနဲ့ မမနွယ်ရဲ့ မော်တော်ကားထွက်တိုင်း မောင်မောင်တာနဲ့ အတူ တွေ့နေကြမယ်ဆိုရင် ဒုတိယအကြိမ် မမနွယ်ကို လူတွေက တစ်မျိုးတစ်မည် ပြောလာကြတော့မယ်၊ ဝေဖန်ရေးတွေ လုပ်လာကြတော့မယ်၊ မိဘချမ်းသာပြီး စိတ်ရောဂါရှိတဲ့ မောင်မောင်တာကို မမနွယ်က အပိုင်သိမ်းသွင်းနေပြန်ပြီလို့ ပြောကြမယ်"

"ဒါတွေက အလကားပါဗျာ"

"အလကားတွေ ဘာတွေ လုပ်မနေနဲ့ မောင်မောင်တာ၊ မမနွယ်ကို ငဲ့ညှာတယ်ဆိုရင် မမနွယ်ရဲ့ဒရိုင်ဘာ မလုပ်ချင်ပါနဲ့"

မောင်မောင်တာသည် ချက်ချင်း ဘာမှပြန်မပြောသေးဘဲ ကန်တော်ကြီးရေပြင်ကျယ်ကို ငေးကြည့်နေသေးသည်။ ပြီးမှ ...

"အင်းလေ ... မမနွယ်ဘက်ကကြည့်ရင် မမနွယ် ကျွန်တော့်ကို ဖယ်ထုတ်တာ မှန်ပါတယ်"



"အဲဒီအတွက် မမနွယ် စိတ်မကောင်းပါဘူး၊ မောင်မောင်တာ၊ ဒီနေရာမှာ ဘယ်အမျိုးသားပဲဖြစ်ဖြစ် မမနွယ်က ဖယ်ထုတ်ပစ်ရမှာပဲ၊ မမနွယ် ရုပ်ရှင်မင်းသမီးဘဝကို ခင်တွယ်တယ်၊ ဒီဘဝက ကျွတ်လွတ်မသွားချင်သေးဘူး၊ ဒုတိယအကြိမ်ထပ်ပြီး မမနွယ် ဘဝအနာမခံနိုင်ဘူးကွယ်"

မှာယူထားသော ဟင်း(၄)မျိုး ရောက်ရှိလာသည်။

"ကဲ ... စားကြပါစို့ မမနွယ်၊ အခုလောက်သိရရင် မမနွယ်ကို ကျွန်တော် သဘောပေါက်ပါတယ်၊ နားလည်ပါတယ်"

စားရင်းပင် မောင်မောင်တာက သူသိချင်တာလေးမျိုးကို ဆက်၍မေးမြန်းသည်။

"မမနွယ်ကို ကျွန်တော် မေးမယ်နော်၊ ကျွန်တော့်ကိုစိတ်မဆိုးရဘူး"

"မေးပေါ့"

"ဦးမြင့်ခိုင် ဆုံးသွားတယ်၊ လေးလထဲ ရောက်နေပြီနော်"

နွယ်က ခေါင်းညိတ်ပြသည်။

"မမနွယ်ကို ကြည့်ရတာ ဦးမြင့်ခိုင် သေဆုံးသွားတဲ့အတွက် သိပ်ပြီး ပူပူဆွေးဆွေး မဖြစ်ဘူး ထင်ပါရဲ့နော်"

နွယ်သည် စားလက်စဇွန်းနှင့် ခက်ရင်းကို ဖြည်းငြင်းစွာ ပန်းကန်တွင် ချထားလိုက်သည်။

"မင်း မေးသင့်တဲ့ မေးခွန်းပေပဲ မောင်မောင်တာ၊ မမနွယ်ဟာ ကိုမြင့်ခိုင် သေသွားတာကို ဒိပြင် လင်သေ ဓနီးမယားတွေလို မျက်ခွံကြီးမို့အောင်လည်း မငိုမိဘူး၊ မျက်ရည်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဒလဟောကျအောင်လည်း မငိုမိဘူး၊ အဲဒီလို ဘာလို့မငိုမိတာကို မင်းသိချင်သလား မောင်မောင်တာ၊ အင်းပေါ့လေ ... သိချင်လို့ပဲ မေးနေပြီပဲ၊ ကဲ ... မမနွယ် ဖြေမယ်"

"မဖြေပါနဲ့ မမနွယ်၊ ကျွန်တော် လွှတ်ခနဲ မေးမိတာတောင် မှားသွားပြီလို့ ကိုယ့်ဟာကိုယ် သိလိုက်ပြီးပါပြီ"

"မေးမိမှတော့ အဖြေကို အရယူပေတော့ မောင်မောင်တာ၊ ကိုမြင့်ခိုင် ကွယ်လွန်သေဆုံးသွားတဲ့အတွက် မမနွယ်ဟာ ကိုယ်နဲ့ခင်မင်တဲ့ မိတ်ဆွေတစ်ယောက် သေဆုံးသွားဟာထက်ပိုပြီး မခံစားရပါဘူး၊ ပတ်ဝန်းကျင် ဘေးအမြင်နဲ့ လင်တစ်ယောက်လုံး သေဆုံးသွားတာ ကျန်ခဲ့တဲ့ ဇနီးအနေနဲ့ ပူဆွေးသင့်တယ်လို့ မြင်ကြမှာပဲ၊ မမနွယ်လေ ရုပ်ရှင်ထဲမှာ ဟန်ဆောင်ငိုခဲ့ဖူးပေါင်း မနည်းတော့ပါဘူး၊ မမနွယ် ဟန်ဆောင် သရုပ်ဆောင်နိုင်သည်နှင့်အမျှ ပရိသတ်က မျက်ရည်ကျခဲ့ကြပါတယ်၊ ဒါပေမဲ့ ကိုမြင့်ခိုင် သေသွားတာကိုတော့ မမနွယ် ဟန်ဆောင်လေးလောက်တောင် မငိုမိခဲ့တာ အမှန်ပဲ၊ အဲဒါ ဘာလို့လဲ သိလား"

သိလားဟု မေးရင်း မောင်မောင်တာကို နွယ်က စူးစူးစိုက်စိုက်လေး ကြည့်လိုက်သေးသည်။

"မချစ်လို့ပေါ့ မောင်မောင်တာ၊ အဖြေက ရှင်းနေသားပဲ၊ မချစ်လို့ပေါ့၊ ကိုမြင့်ခိုင်ကို မမနွယ်ရဲ့ နှလုံးသားထဲက စိမ့်ယိုလာတဲ့ မေတ္တာမျိုးနဲ့ မချစ်ခဲ့လို့ပေါ့၊ ကိုမြင့်ခိုင်နဲ့ ညားခဲ့တယ်၊ ကျကျနန တစ်နှစ်လောက် အတူပေါင်းသင်းတယ်၊ ဒါပေမဲ့ နောက်ဆုံးနေ့အထိ ကိုမြင့်ခိုင်ကို မမနွယ်



မချစ်ခဲ့ဘူး၊ နှလုံးသားထဲက ထွက်လာတဲ့ မေတ္တာဆိုတာမျိုးက သိပ်နူးညံ့သလောက် သိပ်လေးနက်တယ်၊ မျက်ရည်တွေနဲ့ပဲ အသနားခံခံ ရင်ဝဓားထောက်ပြီးပဲ လုယူယူ မပေးနိုင်ပါဘူးဟေ့ဆိုရင် နှလုံးသားထဲက မေတ္တာဟာ အပ်တစ်ပေါက်စာတောင် ယိုစိမ့်ထွက်မလာဘူး၊ အဲဒီသဘောပဲ မောင်မောင်တာ၊ အဲဒီသဘောပဲ၊ ဒါပေမဲ့ မမနွယ်ဟာ ကိုမြင့်ခိုင်ကို မုန်းသလားဆိုတော့ မမုန်းပါဘူး ခင်မင်ပါတယ်၊ ရင်ထဲက ချစ်လို့မရတာပဲရှိတယ်"

သည့်နောက် ထမင်းဆက်စားကြသည်။

စားသောက်ကုန်ကျသမျှကို နွယ်ကပင် ငွေရှင်းပေးပါ၏။

ကရဝိတ်မှ ပြန်ထွက်လာရာတွင် ကသစ်မြိုင်သို့ပင် နွယ် တန်းတန်းမတ်မတ် ပြန်ခဲ့သည်။

ဆောင်းရိပ်သာရှေ့တွင် မောင်မောင်တာ ကားရပ်လိုက်သည်။

"ကျွန်တော် ဒီမှာပဲ နေခဲ့တော့မယ် မမနွယ်"

စက်မသတ်ဘဲ ဂီယာဖရီးထားကာ ဟင်းဘရိတ်ဆွဲပေးထားပြီး မောင်မောင်တာ ကားတံခါးဖွင့်ဆင်းသည်။

နွယ်လည်းဆင်းကာ ဒရိုင်ဘာဘက်ရှိရာပေါက်သို့ နွယ် သွားပြီး ကားပေါ်ပြန်တက်သည်။

"သွားပေတော့ မမနွယ်"

နွယ်က ခေါင်းညိတ်ပြပြီး ကသစ်မြိုင်ဘက်သို့ ဆက်မောင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်၏ရင်ထဲတွင် မောင်မောင်တာကို ထားခဲ့ရသည်မှာ ခွဲခွာခဲ့သူတစ်ဦးအား တမ်းတသလို ရင်ထဲမှာ ခံစားရပါ၏။

မောင်မောင်တာသည် နွယ်၏ကား သူ့မျက်စိအောက်က ပျောက်ကွယ်သွားမှ ဆောင်းရိပ်သာခြံထဲသို့ ဝင်ခဲ့သည်။

ခြံတံခါး အိမ်တံခါးသော့ ဖွင့်ဝင်ပြီး တယ်လီဖုန်းကောက်ကိုင်လိုက်သည်။ လိုရာဂဏန်းများကို လှည့်လိုက်သည်။ တစ်ဖက်မှ အသံပြန်ပေးသည်နှင့် မောင်မောင်တာက ပြောလိုက်ပါ၏။

"ဒီနေ့ မမနွယ်နဲ့အတူ တိရစ္ဆာန်ဥယျာဉ်မှာ တွဲခဲ့တယ်။ ငါးပြတိုက်သွားရာလမ်းမှာ လမ်းသရဲသုံးယောက်နဲ့တွေ့လို့ ကျွန်တော် ဝင်ဖိုက်ပေးတာ မမနွယ် သိပ်ကျေးဇူးတင်သွားတယ်၊ ရင်းနှီးခင်မင်မှု အများကြီးရသွားပြီ၊ ဒါပေမဲ့ မမနွယ်က ကျွန်တော့်ကိုရှောင်တယ်၊ အရင်တစ်ကြိမ် အများထင်တာမျိုး နောက်တစ်ကြိမ်ထပ်ပြီး အထင်မခံနိုင်လို့တဲ့၊ အခြေအနေက ဒီလောက်ပဲ ရှိသေးတယ် ဒါပါပဲ"

မောင်မောင်တာသည် အိမ်တံခါး ပြန်ပိတ်သည်။

ဂိုဒေါင်ထဲမှာ ပါပလစ်ကာ ကားအဖြူလေးကို ထုတ်ယူပြီး ဂိုဒေါင်တံခါး ဆင်းပိတ်သည်။

ကားဖြူလေးကို ဆောင်းရိပ်သာမှ မောင်းထွက်လာခဲ့ပါ၏။

✤ ✪ ✤



☜ ၇ ☞

ယနေ့ ကိစ္စနှစ်ခု လာ၍တိုက်ဆိုင်သည်။

မနေ့ညက ဦးသန့်ဇင် ဖုန်းဆက်သည်။ နံနက်(၉)နာရီလောက် ပဲခူးသို့သွားပြီး ဓာတ်ဝင်ခန်းများ ရိုက်မည်။ နွယ့်ကို သူ့ကားနှင့် ဝင်ခေါ်မည်ဟူ၍။

နွယ်သည် ခရီးထွက်သွား၍ ပြန်ရောက်လာပြီးမှ တစ်ကားမှ မရိုက်ဖြစ်သေး။

နွယ်နှင့် ပြန်ရိုက်ဖို့အတွက် ထုတ်လုပ်သူတွေခများ လှုပြန်စုရသည်။ အစစပြန်၍ ပြင်ဆင်ရသည်။

နံနက်(၈)နာရီတွင် ကြူတင်အကြောင်းမကြား ဘာမကြားဖြင့် ရဲအရာရှိ ဦးမင်းနောင် ပေါက်ချလာသည်။

"မနေ့က မိုးချုပ်မှ နယ်ကပြန်ရောက်လာတယ် မနွယ်၊ ဒါကြောင့် ဒီနေ့မနက်စောစော အုပ်မိအောင် တမင်လာရတယ်၊ ညနေသုံးနာရီမှာ ခရီးပြန်ထွက်စရာရှိနေသေးတယ်၊ အင်း ... အလုပ်က တော်တော်များသလား"

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်နှင့် ထိုသို့ပြောလိုက်သဖြင့် နွယ်သည် ယနေ့နံနက် ကိုးနာရီတွင် ပဲခူးသို့ ကားရိုက်သွားမည်ဆိုသည်ကို ပင် မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

တာဝန်နှင့်လာသူ ဖြစ်သောကြောင့်လည်း မိမိအနေ နှင့် ငြင်းပယ်ခွင့် မရှိပါလေ။

"ထိုင်ပါ ဦးမင်းနောင်၊ နွယ် ခရီးသွားနေတာ အခုဆို လေးလလောက်တောင် ရှိနေပြီ၊ ကိုမြင့်ခိုင်ကိစ္စ အေးသွား ပြီထင်တာ၊ အခု ဘာတွေများ ထူးခြားလာလို့လဲ ဦးမင်း နောင်"

"အင်း ... ထူးခြားလာတယ် ဆိုပါတော့"

ဒေါ်ဒေါ်အေးသည် လင်ပန်းဖြင့် ကော်ဖီမုန့်စသည် တို့ ယူလာပြီး ဦးမင်းနောင်ရှေ့တွင် ချပေးသည်။

ဦးမင်းနောင်က ဒေါ်ဒေါ်အေး လင်ပန်းမ,၍ ယူ လာကတည်းက လင်ပန်းစားပွဲပေါ် ချပေးပြီး ပြန်လှည့်သွားသည် အထိ လိုက်ကြည့်နေလိုက်သေးသည်။ ပြီးမှ နွယ့်ဘက်သို့ပြန် လှည့်ပြီး ပြောလိုက်သည်။

"အမှုရဲ့အနေအထား ထူးခြားလာတာကို ကျဉ်းပြောပြမယ် မနွယ်၊ အတိုချုပ်ကလေး ပြန်ပြောပြတဲ့ သဘောပါ၊ ကိုမြင့်ခိုင် သေတယ်၊ တရားဝင် ပြည်သူ့ဆေးရုံ တာဝန်ကျ ဆရာဝန်က အလောင်းကို ခွဲစိတ်ကြည့်တယ် အစာအိမ်မှာ ရော သွေးကြောတွေမှာရော အိပ်ဆေးတွေ လွန်ကဲစွာတွေ့ ရှိရတယ်၊ အဆုတ်ထဲမှာလည်း ရေတွေ ဝင်နေတာကို တွေ့ရတယ်၊ ဒီတော့ ကိုမြင့်ခိုင်ဟာ ရေနစ်သေဆုံးတယ်၊



ရေမနစ်လည်း အိပ်ဆေးလွန်ကဲမှုနဲ့ သေမှာပဲလို့ ဆရာဝန် က ဆေးစာမှတ်ချက်ရေးတယ်၊ ဒါက သေဆုံးခြင်းကိုမှတ် ယူတဲ့အချက် ...

"သေဆုံးပြီးနောက် တာဝန်ကျ အိုင်အိုက စစ်ဆေး တယ်၊ ကိုမြင့်ခိုင် သေဆုံးတဲ့အချိန်မှာ မနွယ်က တခြား တစ်နေရာမှာ ဓာတ်ကားသွားရိုက်နေတယ်၊ မသေဆုံးမီ ညဦးပိုင်းက မနွယ်နဲ့ ကိုမြင့်ခိုင် လင်မယား အချင်းများ တယ်၊ ဒေါက်တာအောင်ဘန်းကလည်း ကိုမြင့်ခိုင်မှာ ဘယ်လိုရောဂါစွဲကပ်နေတယ် ဆိုတာရယ်၊ ကိုမြင့်ခိုင် အိပ်မပျော်တဲ့ညတွေမှာ သောက်ဖို့ အိပ်ဆေးပုလင်း ပေး ထားတယ် ဆိုတာရယ် ထွက်ဆိုထားတယ်"

"ဒေါ်အေးကလည်း ကိုမြင့်ခိုင်ဟာ မနွယ်ကို မကျေ နပ်တာ အကြောင်းပြုပြီး ဒေါ်အေးကို ဝေါက်ငမ်းတယ်၊ ဒေါ်အေးက ရှောင်ထွက်သွားတော့ ကိုမြင့်ခိုင်ဟာ သူ့အိပ် ခန်းထဲ ဝင်သွားတယ်၊ အဲဒီ အိပ်ခန်းထဲ ကိုမြင့်ခိုင် ဝင် သွားတဲ့ အချိန်မှာပဲ ကိုမြင့်ခိုင်ဟာ အိပ်ဆေးတွေ သောက် ချလိုက်တယ်လို့ ယူဆနိုင်တယ်၊ အဲဒီနောက် အရက်ပုလင်း နဲ့ စီးကရက်ဘူးယူပြီး ကိုမြင့်ခိုင် ရေကူးကန်ကိုသွားတယ်၊ ကိုမြင့်ခိုင်သွားပြီး အတန်ကြာတော့ ဒေါ်အေးက မီးဖိုပေါက် ကနေပြီး ရေကူးကန်ကို လှမ်းကြည့်တယ်၊ ကိုမြင့်ခိုင်ဟာ လေသွင်းရာဘာမွေ့ရာပေါ်မှာ စီးကရက်လက်ကြားညှပ်ပြီး ပက်လက်နေအထား တွေ့ရတယ်၊ နောက်မကြာခင် လေ သွင်းရာဘာမွေ့ရာ ပေါက်ကွဲသံကြားလို့ ဒေါ်အေးက

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်တော့ ကိုမြင့်ခိုင် ရေထဲကျသွားတာ တွေ့ရတယ်၊ အဲဒါအားလုံးဟာ ကိုမြင့်ခိုင် သေဆုံးခြင်း၊ သေဆုံးမှုကို စစ်ဆေးခြင်း၊ သေဆုံးမှုတွင် သက်သေများ စစ်ဆေးခြင်း၊ သေဆုံးမှုနဲ့ ပတ်သက်သော အထောက်အထားများကို စစ်ဆေးသိမ်းဆည်းခြင်းတွေပဲ မနွယ်"

"အဲဒါတွေ နွယ် သိပြီးသားပဲ"

"ဟုတ်တယ်၊ အဲဒါတွေ မနွယ် သိပြီးသားပဲ၊ သေမှုသေခင်းတစ်ခု ဖြစ်လာရင် ကျုပ်တို့ အမှုလိုက်ရဲအနေနဲ့ သေဆုံးခြင်းရဲ့မိုးတစ်ဖဲကို ပထမဆုံး ရှာကြည့်တယ်၊ မိုးတစ်ဖဲဆိုတာက သေသူဟာ သေဆုံးတဲ့အထိ နောက်ကြောင်းဘာတွေရှိသလဲဆိုတာ ရှာကြည့်တယ်၊ ကျုပ် မိုးတစ်ဖဲနှစ်ခုရခဲ့တယ်၊ ပထမမိုးတစ်ဖဲက မသေမီညက လင်မယားစကားများကြတယ်၊ အဲဒီစကားများတဲ့ အချက်ဟာ မနွယ်က ကိုမြင့်ခိုင်ကို သတ်ပစ်ချင်လောက်အောင်အထိ ဖြစ်နိုင်သလားလို့"

နွယ်က ဘာမှမပြောပေ။ နွယ့် ရင်ထဲမှာတော့ ဩော် ... အမှုလိုက်ရဲအနေနဲ့က သည်လောက်ထိတောင် ယူဆသေးသကိုးဟု ကျိတ်၍ ရွတ်မိသည်။

"ဒုတိယမိုးတစ်ဖဲက ကိုမြင့်ခိုင်ဟာ စိတ်ကိုမထိန်းနိုင်တော့ဘဲ သူ့ကိုယ်သူ သတ်သေသလားလို့ ရှာကြည့်ပြန်တယ်"

"အဲဒီ ဒုတိယမိုးတစ်ဖဲက အထောက်အကူပြုချက်တွေ အများကြီးရှိနေပြန်တယ်၊ ကိုမြင့်ခိုင် မသေဆုံးမီ အချိန်တော်တော်ကြာကြာကတည်းက မနွယ်ဟာ ရုပ်ရှင်အဖွဲ့နဲ့



တခြားတစ်နေရာမှာ ရောက်ရှိနေတဲ့ အလီဘိုင်ရှိနေတယ်၊ သူဟာ ယောကျ်ားသားတစ်ယောက်အနေနဲ့ အင်မတန်မလိုလားအပ်တဲ့ ရောဂါမျိုး ရှိနေတယ်၊ သူ့ရဲ့အရက်ပုလင်းစီးကရက်ဘူးတို့မှာ သူ့လက်ပုံစံကိုသာ တွေ့ရတယ်၊ မနွယ်ကို သူက သိပ်ချစ်တယ်၊ ဒါပေမဲ့ မနွယ်က သူ့အပေါ်တုံ့ပြန်တဲ့ မေတ္တာခါတ်နည်းတယ်၊ အင်း ...တခြားမှာ ကိုမြင့်ခိုင်နဲ့ ပတ်သက်တဲ့ ရန်ငြိုးတွေ၊ အာဃာတတွေ ရှိသလားဆိုတဲ့ မိုးတစ်ဖဲကို ရှာကြည့်တော့လည်း ခုချိန်ထိ သူ့ကို သေစေချင်လောက်တဲ့အထိ ရန်ပြုမယ်သူ မရှိဘူးဆိုတာ စုံစမ်းသိရှိရတယ်၊ ဒါကြောင့် ကိုမြင့်ခိုင် သေဆုံးမှုဟာ သူကိုယ်သူ သတ်သေတဲ့အမှုလို့ပဲ ရာခိုင်နှုန်းတော်တော်များများ ယူဆလို့ မနွယ် ခရီးအကြာကြီး သွားတာကို ခွင့်ပြုခဲ့တာပဲ ...

"နောက်တစ်ချက်က ကိုမြင့်ခိုင် ရာဘာလေသွင်းမွေ့ရာ ပေါက်ကွဲပြီး ရေထဲကျသွားတာကို မျက်မြင်သက်သေဟာ ဒေါ်အေး တစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် ကိုမြင့်ခိုင် သေဆုံးမှုဟာ စုံစမ်းစစ်ဆေးဆဲဆိုပြီး ကျုပ်သတ်မှတ်ထားခဲ့တယ်"

"ဒါဖြင့် အခု ဦးမင်းနောင် လာခဲ့တာကကော"

"အမှုအခြေအနေဟာ ပြောင်းလဲလာတယ် မနွယ်"

"ဘယ်လိုပြောင်းလဲလာတာလဲရှင်"

"ကိုမြင့်ခိုင် သေဆုံးစက တရားလိုမရှိဘူး၊ တရားလိုဆိုတာက ကိုမြင့်ခိုင်ဘက်ကနေပြီး မကျေမနပ် စောဒကတက်

www.burmeseclassic.com

www.burmeseclassic.com



မယ့်လူ မရှိဘူး၊ အဲ ... မနွယ် ခရီးထွက်သွားပြီး တစ်လလောက်အကြာမှာ တရားလိုတစ်ဦး ပေါ်လာတယ်၊ အဲဒီတရားလိုက ကိုမြင့်ခိုင် သေဆုံးတာဟာ သူ့ကိုယ်သူသတ်သေတာ မဖြစ်နိုင်ဘူးတဲ့၊ ကိုမြင့်ခိုင်ဟာ တစ်ဦးတစ်ယောက်ရဲ့လုပ်ကြံခြင်းကို ခံလိုက်ရတာပါတဲ့၊ ဒီကိစ္စဟာ လူသေမှုရိုးရိုး မဟုတ်ဘဲ လူသတ်မှုပါတဲ့၊ ဒီတော့ လူသတ်မှုကို မပေါ်ပေါ်အောင် စုံစမ်းပေးပါတဲ့၊ ဒါပါပဲ မနွယ်၊ တရားလိုရှိလာရင် တရားခံကို ရှာဖွေရမယ့် တာဝန်ဟာ ကျွန်တော်တို့ရဲ့တာဝန်ပဲ"

"အဲဒီတရားလိုဟာ ဘယ်သူလဲဆိုတာ နွယ် သိခွင့်ရမလား ဦးမင်းနောင်"

"မနွယ် သိခွင့်မရနိုင်ပါဘူး၊ လောလောဆယ် အချိန်မှာ တရားလို ဘယ်သူဆိုတာ ကျုပ် ပြောပြခွင့် မရှိပါဘူး၊ ဒါပေမဲ့ မနွယ် သိရမှာပါ၊ အမှုကို တရားရုံးတင် စစ်ဆေးနိုင်တဲ့ အခြေအနေရောက်သွားရင် တရားလိုကို မနွယ် မမြင်ချင်လို့တောင် မရပါဘူး၊ တွေ့ရမြင်ရမှာပါ"

"အဲဒီရတရားလိုက ဘယ်လိုကြောင့် ကိုမြင့်ခိုင်ဟာ သူ့ကိုယ်သူ သတ်သေတာ မဟုတ်နိုင်ဘူး၊ တခြားလူသတ်လို့သေတာလို့ ပြောနိုင်တာလဲ ဦးမင်းနောင်၊ ဦးမင်းနောင်က တွေ့ရှိတဲ့ အထောက်အထားတွေ၊ ဆရာဝန်ထွက်ဆိုချက်တွေကို ပြောမပြဘူးလား"

"အကြမ်းဖျင်း ဒီလိုစစ်ဆေးလို့ ဒီလိုအချက်တွေ တွေ့ထားတယ်လို့သာ ပြောပြပါတယ်၊ ဒါပေမဲ့ အဲဒီတရားလိုက



အကြောင်းတစ်ချက်တည်းပေါ်မှာ မူတည်ပြီး လူသတ်မှုပဲဖြစ်ရမယ်လို့ အပြင်းအထန် ပြောပါတယ် မနွယ်"

"အကြောင်းတစ်ချက်တည်း ဟုတ်လား"

"ဟုတ်တယ်၊ ကိုမြင့်ခိုင်လိုလူဟာ ဘယ်လိုတွေ ဘာဖြစ်နေနေ ဘယ်တော့မှ သူ့ကိုယ်သူ သတ်သေမယ့်လူ မဟုတ်ဘူးဆိုတဲ့ အကြောင်းတစ်ချက်တည်းကို သူစွဲစွဲမြဲမြဲ ယုံကြည်တယ်တဲ့၊ အခု ကိုမြင့်ခိုင် ရန်ကုန်မှာ ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေ၊ ကုန်ကုန်ပြောရရင် ကိုမြင့်ခိုင်နဲ့လက်ထပ်ပေါင်းသင်းခဲ့တဲ့ နွယ်ဆိုတဲ့ မိန်းကလေး ဖြစ်ပါစေ၊ ကိုမြင့်ခိုင်ရဲ့မူရင်းစိတ်ဓာတ်ကို သူသိလောက် ဘယ်သူမှ မသိနိုင်ပါဘူးတဲ့၊ ကိုမြင့်ခိုင်ဟာ သာမန်လူသားတစ်ဦးထက် ပိုပြီး အင်မတီအင်မတန် အကောင်းကြိုက်တယ်၊ တန်ဖိုးရှိတာကို မက်မောတယ်၊ သူ့ဘဝမှာ ငွေနဲ့ဖန်တီးနိုင်သမျှကိုဖန်တီးပြီး သူ့လိုဘကို အရယူတဲ့လူတဲ့၊ သူ့မှာ ငွေနဲ့ ဘာမဆို ဖန်တီးနိုင်လောက်တဲ့ ငွေကြေးကလည်း တော်တော်ပြည့်စုံတယ်တဲ့၊ ကိုမြင့်ခိုင်မှာ ယောကျ်ားဘဝဆုံးရှုံးနေတဲ့ ရောဂါဖြစ်တယ်ဆိုရင်လည်း ဒီရောဂါကို ကိုမြင့်ခိုင်က ငွေနဲ့ဆက်ပြီး ကုသနိုင်သူပါတဲ့၊ ဒါကြောင့် ကိုမြင့်ခိုင် သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ သူ လုံးဝ လက်မခံပါဘူးတဲ့ မနွယ်၊ အဲဒါပါပဲ၊ အဲဒါကို မနွယ် သိစေချင်တဲ့သဘောနဲ့ ပြောချင်တာပါပဲ"

"အဲဒီတော့ ဦးမင်းနောင်က ဘာတွေ ဆက်လုပ်မှာလဲ၊ မနွယ်က ဘာတွေလုပ်ပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကျုပ် ဆက်လုပ်ရမှာက တိုင်ကြားသူ တရားလို ရှိလာတော့ ပုဒ်မ–၃၀၂ လူသတ်မှုလို့ အမှုကို ပုဒ်မပြင် ဆင်သတ်မှတ်မယ်၊ လူသတ်မှုလို့ တရားလိုက စွပ်စွဲတဲ့ အတွက် အမှုကို အစကနေပြီး လူသတ်မှုအနေနဲ့ ပိုပြီး စေ့စေ့စပ်စပ် စစ်ဆေးရမယ်၊ ပထမစစ်ဆေးထားတာတွေ ဟာ ယေဘုယျသဘော သာမညသဘော သက်ဝင်နေတယ် ဆိုရင် အခုထပ်ပြီး စစ်ဆေးရှာဖွေတာတွေက အသေးစိတ် ပြန်လည် **စိစစ်စုံစမ်း**ရမယ် မနွယ်"

"ဒါဆို နွယ့်အနေနဲ့ ဘာလုပ်ပေးရမလဲ ဦးမင်းနောင်ရယ်၊ တကယ်လို့ နွယ် နယ်ဘက်ကို ကားရိုက်ထွက်မယ်၊ ဒါမှ မဟုတ် ခရီးထွက်မယ်ဆိုရင် ဖြစ်မလား"

"ဖြစ်ပါတယ်၊ သွားစရာရှိ သွားပါ မနွယ်၊ အဲ ... ဘယ် နေ့ ဘယ်ရက် ဘယ်ကိုသွားမယ်၊ ဘယ်နေရာ ဘယ်ဒေသ မှာ ရှိနေမယ်ဆိုတာတော့ ကျုပ်ကို ပြောပြထားခဲ့ပေါ့၊ ကဲ အခုလာတဲ့ကိစ္စကတော့ ဒါပါပဲ၊ ကျုပ် သွားမယ်"

ဦးမင်းနောင်သည် တည်ခင်းဧည့်ခံထားသော ကော်ဖီ မုန့်များကိုပင် မစားသုံးတော့ဘဲ ထွက်သွားပေတော့သည်။

နွယ်၏စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်ကျန်ခဲ့ပါ၏။

ဘွားခနဲ ပေါ်လာသော တရားလိုဆိုသူသည် မည် သူနည်း။ ရန်ကုန်တွင်ရှိသမျှ ကိုမြင့်နိုင်၏ အပေါင်းအသင်းတွေ သာမက ကိုမြင့်နိုင် လက်ထပ်ခဲ့သော နွယ်ပင်လျှင် ကိုမြင့်နိုင် စိတ်ဓာတ်အရင်းခံကို သူ့လောက်မသိနိုင်ပါဟု ဆိုခဲ့သည်။



သူနှင့် ကိုမြင့်နိုင်သည် ရန်ကုန်မဟုတ်သော အခြား ဇာတိမြို့တစ်မြို့တွင် ငယ်စဉ်ကတည်းက အတူနေထိုင်ခဲ့သူတစ်ဦး ဦးပေလား။

ထိုသူသည် **အမျိုးသား**တစ်ဦးပေလား။ အမျိုးသမီး တစ်ဦးပေလား။ လူကြီးထဲကလား၊ လူငယ်ထဲကလား။

နွယ်သည် တကယ်တော့လည်း ကိုမြင့်နိုင်နှင့် လက် ထပ်ခဲ့သော်လည်း ကိုမြင့်နိုင်၏ ဇာတိဇာစ်မြစ် အတိတ်တွေကို ဘာမှမသိပါတကား။

ကိုမြင့်နိုင်သာ သိခဲ့ပြီး ကိုမြင့်နိုင်ကိုသာ လက်ထပ် ခဲ့ခြင်း ဖြစ်ခဲ့သည်။

"နွယ် ကားရိုက်သွားရမယ်ဆို"

"အဲ ... ဟုတ်သားပဲ"

"နွယ် ဘာနဲ့သွားမလဲ၊ ရုပ်ရှင်အဖွဲ့က သွားကြပြီမဟုတ် လား"

"အိမ်ကကားကိုပဲ နွယ် မောင်းသွားမယ်၊ ပဲခူးနဲ့ရန်ကုန် မိုင်ငါးဆယ်ကျော်ပဲဟာ၊ လမ်းလည်းရှင်းသားပဲ၊ ရန်ကုန် မြို့ထဲသာ နွယ် ကြောက်တာ"

"ဒေါ်ဒေါ်အေး အဖော်လိုက်ပေးရမလား"

"ရပါတယ် ဒေါ်ဒေါ်အေး၊ အိမ်ကိုသာ စောင့်ပါ ဒေါ်ဒေါ် အေး၊ နွယ် သွားမယ်"

နွယ်သည် ကားရိုက်သွားရန် အသင့်ပြင်ထားသော လက်ဆွဲသေတ္တာလေးနှင့် အဝတ်အစားဆွဲအိတ်ကိုဆွဲကာ ထွက် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ရိပ်သာလမ်းအတိုင်း မောင်းခဲ့ရာ ကမာရွတ်ကို ကျော်ဖြတ်ပြီး မင်္ဂလာဒုံလမ်းအတိုင်း မောင်းလာခဲ့သည်။

ကိုယ့်ဟာကိုယ် တစ်ယောက်တည်း မောင်းလာလေမှ ခေါင်းထဲတွင် ဖျတ်ခနဲ မောင်မောင်တာကို သတိရမိသည်။ မောင်မောင်တာက သူမ၏ကားကို မောင်းပေးပါရစေ။ သူဒရိုင်ဘာလုပ်ပါရစေဟု ဆိုခဲ့သည်ကို သတိရလိုက်မိသောကြောင့် ဖြစ်ပါ၏။

ဘေးမသီ ရန်မခ အန္တရာယ်ကင်းစွာဖြင့်ပင် ပဲခူးသို့ ရောက်ခဲ့သည်။

ရိုက်ကွင်းနေရာ ချိန်းထားသည်မှာ တောကောင်းသော မဟာစေတီဘက်တွင်ဖြစ်သည်။

ဦးသန့်ဇင်နှင့်တကွ ရုပ်ရှင်အဖွဲ့သားများဖြင့် ပြန်ဆုံမိသည်။

ရိုက်ကွက်တွေအားလုံး ညနေ ငါးနာရီတွင် ပြီးစီးသွားပါ၏။

"မင်းသမီး ကားမှာ တစ်ယောက်တည်းနော်"

"ဟုတ်တယ် ဦးသန့်ဇင်"

"ဒါဆို အဖော်လည်းရအောင် မင်းသား ကိုသူရကို ခေါ်သွားပါလား၊ အန်ကယ်က လှည်းကူးတံတားကြီးပေါ်မှာ ရိုက်ချက်တစ်ကပ်စာလောက် ကျန်နေတာ ဆင်းရိုက်မလို့၊ အဲဒီကပ်မှာက မင်းသား မင်းသမီး မပါဘူးလေ၊ ဇာတ်ရံတွေနဲ့ ရိုက်မယ့်ကပ်ပါ၊ အဲဒါ မင်းသားကို စောင့်နိုင်းထားရမှာ အားနာလို့"



"တော်ပြီ ဦးသန့်ဇင်၊ ကိုမြင့်ခိုင် မကွယ်လွန်ခင်ညပိုင်းက အဲဒီ ကိုသူရနဲ့ပတ်သက်ပြီးပဲ လင်မယား စကားများခဲ့တာ၊ နွယ် ဒီတစ်ခါ အားမနာပါဘူး၊ ကိုသူရကို နွယ့်ကားနဲ့ ခေါ်မသွားပါဘူး၊ နောက်ပြီး နွယ် ရောက်တုန်းရောက်ခိုက် ရွှေမော်ဓောစေတီတော်ကြီးကို တက်ဖူးဦးမှာ၊ သွားမယ် ဦးသန့်ဇင်"

နွယ်သည် ရှင်းရှင်းနှင့် တင်းတင်းပင် ငြင်းဆန်ပြီး သူမ၏ကားကို မောင်းထွက်လာခဲ့သည်။

တကယ်လည်း ရွှေမော်ဓောစေတီတော် ခြေရင်းတွင် ကားအပ်ခဲ့ပြီး စောင်းတန်းမှ ပန်းတွေတစ်ပွေ့တစ်ပိုက်ကြီးဝယ်ကာ ဘုရားတက်ဖူးသည်။ ပန်းကပ်သည်။ ဆီမီးပူဇော်သည်။ ရေလှူသည်။ ရွှေမော်ဓောစေတီတော်ကြီး ပြုပြင်မွမ်းမံရန် ငွေတစ်ထောင်လှူသည်။

နွယ် စိတ်ပါလက်ပါ ဘုရားအာရုံပြု ရှိခိုးသည်။ နောင်ဖြစ်လေရာဘဝတိုင်းတွင် ချစ်သူနှင့်သာ ပေါင်းဖက်ရပြီး မချစ်မနှစ်သက်သူနှင့် မပေါင်းဖက်လိုကြောင်း ဆုတောင်းသည်။

နွယ် ဘုရားပေါ်မှဆင်းလာပြီး ကားပေါ်ပြန်တက်ရာတွင် ကားရှေ့ခန်းမှတစ်ဆင့် နေလုံးနီနီကြီး အနောက်ဘက်သို့ ဆင်းစပြုနေသည်ကို လှမ်းမြင်ရသည်။

နွယ်သည် ဘုရားလမ်းအတိုင်း ရန်ကုန်သို့ ဦးတည်မောင်းလာခဲ့သည်။ မိမိကား၏အပြေးနှုန်းဖြင့် ရန်ကုန်သို့ ညနေ (၆)နာရီခွဲနှင့် (၇)နာရီကြားလောက် ရောက်မည်ဟု ခန့်မှန်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တန်ပီရေအိုးစင်ကိုကျော်ပြီး ပဲခူးဈေးအဝင်လောက်တွင် နွယ်၏နားထဲသို့ အသံတစ်ခု ကြားလိုက်သည်။

“ဟာ … မမနွယ်၊ ဗျို့ မမနွယ်၊ နေပါဦး၊ ရပ်ပါဦး၊ ရပ်ပါဦးဗျ”

နွယ်က အော်သံကို လွန်လာပြီးမှ နောက်သို့လှည့်ကြည့်လိုက်သည်။

အားပါးပါး … အသရေဖြိုးတဲ့ ကိုပေတိုး မောင်မောင်တာသည် မိမိကားနောက်သို့ အပြေးအလွှား လိုက်လာသည်ကို တွေ့ရသည်။ မောင်မောင်တာနဲ့အတူ အင်္ကျီဘောင်းဘီပြာ တစ်ဆက်တည်းဝတ်ထားသော မက္ကင်းနစ်လို လူတစ်ယောက်ကိုလည်း တွေ့ရသည်။

နွယ်၏ညာခြေသည် ဘရိတ်ကိုနင်းပြီး စတီးယာရင်ကို လမ်းဘေးကွေ့ကာ ကပ်ရပ်လိုက်မိသည်။

မောင်မောင်တာ ကားဘေးသို့ ရောက်လာသည်။ သူ့နောက်က မက္ကင်းနစ်လည်း မောင်မောင်တာ၏ဘေးတွင် ရပ်နေသည်။

“ဒါက ဘယ်လိုဖြစ်တာလဲ မောင်မောင်တာ၊ မင်းကို တွေ့လိုက်ရင် မမျှော်လင့်ဘဲ နေရာမှာ အူယားဖားယားပဲ တွေ့ရတယ်”

“ကျွန်တော် ညနေသုံးနာရီထိုးမှ ကျွန်တော့်ပါဗလစ်ကားလေးနဲ့ ပဲခူးကိုလာတာဗျ၊ ပဲခူးအဝင် ကျောက်တိုင်ကန်မှာတင် ကားပျက်တယ်၊ ကျွန်တော် တတ်သလောက်



မှတ်သလောက် ပြင်သေးတယ်၊ ပြင်လို့မရဘူး၊ ဒါနဲ့ဟောဒီ မက္ကင်းနစ် ကိုဝင်းကို ဆိုက်ကားနဲ့ သွားခေါ်ရတယ်၊ ကိုဝင်း လိုက်လာပြီး လုပ်တော့လည်း ကားကစက်မနိုးဘူး၊ ဒါနဲ့ ဒေါ့ဂျစ်ငှားပြီး ကိုဝင်း ဝပ်ရှော့ကို ကြိုးနဲ့ဆွဲလာခဲ့တယ်၊ ဝပ်ရှော့ရောက်မှ အားလုံးကို ကိုဝင်းက စမ်းသပ်တော့ ဒစ်စတြီဗြူတာတစ်အုံလုံး မကောင်းဘူးတဲ့၊ ကွဲနေပြီတဲ့၊ ပဲခူးကဆိုင်တွေမှာ ဒစ်စတြီဗြူတာ လိုက်ဝယ်တာ ဘယ်မှာမှမရဘူး၊ အဲဒါ ရန်ကုန်ကို လိုက်လာဖို့ဟာ ဒီအချိန် ဘယ်ဘတ်(စ်)ကားမှ မထွက်တော့ဘူးတဲ့၊ ဒါကြောင့် ဈေးအဝင်လမ်းက ရန်ကုန် ကားကြုံစောင့်နေတာ၊ မမနွယ် ကားမောင်းလာတာ တွေ့တာပဲ၊ မမနွယ်ရဲ့ကားကို ကားနံပါတ်ကစပြီး ကျွန်တော် အားလုံးမှတ်မိတယ်လေ၊ ဒါကြောင့် အတင်းလိုက်ခေါ်တာ”

“ဒါဆို မင်းတို့နှစ်ယောက် မမနွယ်ရဲ့ကားနဲ့ ရန်ကုန် လိုက်မယ်ပေါ့ … ဟုတ်လား”

“ကျွန်တော်က မလိုက်နိုင်ဘူး ခင်ဗျ၊ သူ့ကို ကားကြုံရှာပေးဖို့ ဈေးဘက်ကို လိုက်လာတာ၊ ကဲ … ခင်ဗျားမိတ်ဆွေကားကြုံ ရပြီပဲ၊ နက်ဖြန် အခုပေးတဲ့ နမူနာဒစ်စတြီဗြူတာအတိုင်းသာ ဝယ်ပြီးယူလာခဲ့၊ ကျွန်တော် သွားမယ်”

မက္ကင်းနစ် မောင်ဝင်းသည် သူ့လက်တွင်ကိုင်ထားသော ဒစ်စတြီဗြူတာအုံကြီးကို မောင်မောင်တာအား ပေးခဲ့ကာ ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်တော် လိုက်ခဲ့ရမလား မမနွယ်"

"မလိုက်လို့ မင်းက ပဲခူးနဲ့ရန်ကုန်ကို ခြေကျင်လျှောက်မလို့လား၊ ကဲ ... ဘက်၊ သွားမယ်"

"ကျွန်တော် မောင်းပေးမယ်လေ၊ တော်ကြာ မောင်းရင်းလမ်းမှာတင်နေမှာ၊ ညဘက်မီးနဲ့ မမနွယ် မောင်းလို့ရမလား"

"ကဲ ... ဒါဆို မင်းပဲ မောင်း"

နွယ်က ကားကို ကီးယာဖရီးဖြုတ်၊ ဟင်းဘရိတ်ဆွဲပြီး အောက်ဆင်းကာ ဟိုဘက် ရှေ့ကူရှင်တွင် တံခါးဖွင့်ဝင်လိုက်သည်။

မောင်မောင်တာက ဒစ်စတြီဗြူတာအုံကို ကားနောက်ကူရှင်တွင် တင်လိုက်ပြီး ဝင်၍မောင်းတော့သည်။

မောင်းရင်းပင် ပဲခူးမြို့ပြင်သို့ ရောက်လာသည်။

"နေပါဦး မောင်မောင်တာ၊ မင်းက ပဲခူးကို ဘာကိစ္စလာတာလဲ"

"ကျွန်တော့်သူငယ်ချင်း တစ်ယောက်ဆီ လာတာ"

"ဩော် ... ဩော် ... ဒီလိုတော့လည်း မင်းက သူငယ်ချင်းတွေ ဘာတွေကို အမှတ်ရသလား၊ ကိုယ့်အဖေ အမေကိုတောင် အမှတ်မရဘဲ သူငယ်ချင်းကျတော့ အမှတ်ရသတဲ့လား၊ မင်းရောဂါက အဆန်းပဲ"

"ဟုတ်တယ် မမနွယ်၊ ကျွန်တော့်ရောဂါက အဆန်းပဲ၊ မမှတ်မိတာကျတော့ လုံးဝမမှတ်မိဘူး၊ မှတ်မိတာကျတော့လည်း လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ခင်ခဲ့ဖူးတဲ့သူငယ်ချင်းကို မှတ်မိချင် မှတ်မိပြန်ရော"



"ပဲခူးက သူငယ်ချင်းကိုမှရွေးပြီး မှတ်မိရသလား မောင်မောင်တာ"

"ဟုတ်တယ် မမနွယ်ရဲ့၊ ကြုံကြုံဖန်ဖန် ကျွန်တော့်စိတ်ထဲက ပဲခူးက သူငယ်ချင်းကိုမှ မှတ်မိလို့ ကျွန်တော် ပဲခူးကို ထွက်လာတာ"

"မမနွယ် ပဲခူးကို ကားရိုက်ထွက်တဲ့နေ့ကျမှပဲ ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် မင်းက ပဲခူးက သူငယ်ချင်းကို မှတ်မိရောတဲ့လား"

"ဟုတ်တယ် မမနွယ်၊ ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင်ပဲဗျာ"

"မဖြီးနဲ့ မောင်မောင်တာ၊ လိမ်ညာပြောတာကို ဘုရားလည်းမကြိုက်ဘူး၊ ဘယ်သူတော်စင် သူတော်မြတ်ကမှလဲ မကြိုက်ဘူး၊ မင်း မှန်မှန်ပြောစမ်း၊ ပဲခူးကို ဘာလို့လာတာလဲ"

"ဟာဗျာ ... မမနွယ်ကလည်း မေးလိုက် မြန်းလိုက်တာ ရဲက အမှုစစ်တာ ကျနေတာပဲ"

"အေး ... မမနွယ် စစ်ဆေးနေတာ မဟုတ်ဘူး၊ အမှန်ကိုသိချင်လို့ မင်းအမှန်အတိုင်း မဖြေချင်ရင်လည်း ရတယ်"

နွယ်က တည်တည်ခန့်ခန့်လေးပြောပြီး နောက်ထပ် ဘာမှမပြောတော့ဘဲ ရှေ့ကိုသာ ခပ်ငေးငေးကြည့်နေလိုက်မိသည်။

"ဘာလဲ ... ကျွန်တော် အမှန်အတိုင်း မပြောဘူးဆိုပြီး မမနွယ် ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

နွယ်က ဘာမှပြန်မပြောပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲဗျာ … ပြောမယ်၊ အမှန်အတိုင်း ပြောမယ်၊ မျက်နှာထားကြီးနဲ့တော့ မနေနဲ့ဗျာ၊ နဂိုကမှ ကားကြုံကပ်စီးရလို့ သိမ်ငယ်နေရတဲ့အထဲ ကားပိုင်ရှင်က မျက်နှာထားကြီးနဲ့ဆိုတော့ အောက်တယ်ဗျာ၊ ဟုတ်တယ်၊ ညနေ နှစ်နာရီခွဲတုန်းက ထုံးစံအတိုင်း ကျွန်တော် ကသစ်မြိုင်ကို ရေကူးဖို့သွားတယ်၊ ဒေါ်ဒေါ်အေးက ခြံထဲမှာ ဘုရားတင်ဖို့ ပန်းခူးနေတာနဲ့တွေ့လို့ မမနွယ် ရှိလားလို့ မေးတယ်၊ ဒေါ်ဒေါ်အေးက မမနွယ် ပဲခူးသွားပြီး ကားရိုက်တယ်လို့ပြောတယ် …

"ကျွန်တော် ရေမကူးတော့ဘဲ အိမ်ပြန်ကားယူပြီး ပဲခူးကို လိုက်လာတာပဲ"

"မမနွယ် ကားရိုက်ထွက်လာတာနဲ့ ပဲခူးကို မင်းလိုက်လာတယ်ဆိုတာ ဘာဆိုင်လို့လဲ"

"ရုပ်ရှင် အပြင်ဘက်မှာရိုက်တာ ကျွန်တော် တစ်ခါမှမမြင်ဖူးဘူး၊ ဒါကြောင့် ရုပ်ရှင်ရိုက်တာ မြင်ဖူးချင်လို့ လိုက်လာတာပဲဗျာ၊ အထူးသဖြင့်ကတော့ မမနွယ် သရုပ်ဆောင်ရိုက်တာကို သိပ်ကြည့်ချင်လို့ လိုက်လာတာ၊ ဒါပေမဲ့ မစားသာပါဘူး၊ ပဲခူးမြို့ထဲတောင် မဝင်ရသေးခင် ကားပျက်တယ်၊ ကိုယ့်ဟာကိုယ် ကားပြင်တာရော၊ ပြင်လို့မရတော့ ဟိုပြေး ဒီပြေးနဲ့ ဟိုခေါ် ဒီခေါ်နဲ့ ဖတ်ဖတ်ကိုမောတာ အဖတ်တင်တယ်၊ မမနွယ်ရိုက်တာ ကြည့်လည်းမကြည့်ရဘဲနဲ့"



နွယ်သည် မောင်မောင်တာက သည်လိုပြောပြတော့လည်း သင်းကလေးကို သနားသွားမိပြန်ပါ၏။

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ နေကြပြန်သည်။

မော်တော်ကားသည် တရိပ်ရိပ် ပြေးနေပါ၏။

မောင်းနေရင်းကပင် မိုးချုပ်လာလေပြီ။ နေရောင်သည် လုံးဝပျောက်ကွယ်ပြီး အရပ်ရှစ်မျက်နှာ အမှောင်သမ်းလာပြီမို့ ကားရှေ့မီးကို မောင်မောင်တာ ဖွင့်မောင်းရသည်။

"ဒီနေ့ မိုးချုပ်တာ မြန်တယ်နော်"

"မိုးသားတွေ တက်နေတယ် မမနွယ်၊ နောက်ပြီး ပဲခူးရန်ကုန်ဆိုပေမယ့် ညနေငါးနာရီကျော်ရင် ဘတ်(စ်)ကားတွေ မထွက်ကြတော့ဘူး၊ ခရီးဝေး ကုန်တင်ကားကြီးတွေကလည်း ပဲခူးလိုနေရာ အင်းတကော်လိုနေရာမှာ ညအိပ်ကြတယ်၊ ဆက်မမောင်းတော့ဘူး၊ အခုလို မိုးသားတွေ တက်နေတော့ ပိုဆိုးတာပေါ့"

ဆယ်မိုင်ကုန်းကို တက်ခဲ့ပြီ။ ကုန်းအတက် ကားဦးခေါင်းမော့မောင်းလာရာတွင် ကားသည် တုံ့ခနဲ တစ်ချက်ဖြစ်သွားသည်။

"ကားမောင်းရင်း တုံ့ခနဲ ဖြစ်သွားတယ် မမနွယ်"

"ဟုတ်တယ်၊ အဲဒါကို မမနွယ် သတိထားမိတယ်"

ဆယ်မိုင်ကုန်းထိပ်အထိ ကားတက်ရောက်ခဲ့သည်။ ကုန်းထိပ်ရောက်ပြီးနောက် ကားသည် ဆန့်ငင် ဆန့်ငင်ဖြစ်ကာ ထိုးရပ်သွားတော့သည်။

"ဘာဖြစ်လို့လဲ မောင်မောင်တာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တာက ကားဒက်(ရှ်)ဘုတ်ထဲရှိ ဓာတ်ဆီမီတာခွက်ကို သော့ဖွင့်ရင်းတုန်းလန်း လက်ညှိုးထောက်ပြလိုက်သည်။

"ဓာတ်ဆီကုန်သွားတာပဲ မမနွယ်၊ မမနွယ် ကားကို ဓာတ်ဆီဖြည့်မထားဘူး ထင်တယ်"

နွယ် ခေါင်းခါပြသည်။

"ဓာတ်ဆီဖြည့်ဖို့ လုံးဝသတိမရဘူး မောင်မောင်တာ၊ ဓာတ်ဆီက တစ်ပတ်မှ နှစ်ဂါလန်ရတဲ့ကားဆိုတော့ ကိုမြင့်ခိုင်ရှိတုန်းကတော့ တိုင်ကီအပြည့် ဖြည့်ထားလေ့ရှိတယ်၊ ကိုမြင့်ခိုင် ဆုံးပြီးတဲ့နောက် မမနွယ်လည်း ခရီးထွက်နေတာနဲ့ ဒီကားကို ဓာတ်ဆီမဖြည့်မိဘူး၊ ပြန်ရောက်လာတော့လည်း ဒီအတိုင်း မောင်းနေမိတယ်၊ ရန်ကုန်မှာကတော့ ဘယ်နေရာမှာဖြစ်ဖြစ် သူ့ဈေးနဲ့သူ လမ်းဘေးမှာ ရောင်းနေတာတွေ ရှိတာမို့ အေးအေးဆေးဆေးပဲ နေလိုက်တာ"

"ပဲခူးလာတယ်ဆိုတော့ လက်ကျန်ဆီ ကုန်ပြီပေါ့ မမနွယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ မောင်မောင်တာ"

"စဉ်းစားနေတယ် မမနွယ်၊ ကားတစ်စီးလောက် ဖြတ်အလာကိုစောင့်ပြီး သူ့ဆီက အနည်းဆုံး တစ်ဂါလန်လောက် ရောင်းပါ၊ တောင်းသမျှဈေး ပေးဝယ်ပါ့မယ်ဆိုရင် ရမလားပဲ"

"ဟုတ်တယ်၊ အဲဒီလို စောင့်ကြရတော့မှာပဲ"

စောင့်ကြသည်။ ကားရှေ့ခန်းတွင် နှစ်ယောက်တည်း ဖြစ်နေပါ၏။



ကာလဒေသပယောဂသည် နွယ့်အတွက် အကြောက်ရဆုံး ဖြစ်နေသည်။

ကာလသည် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေသည်။

ဒေသသည် အရပ်လေးမျက်နှာစလုံး အခြားလူသူတစ်ဦးတလေမျှမရှိဘဲ တောနှင့်တောင်နှင့်ချည်း ဖြစ်နေသည်။

ပယောဂသည် အရွယ်ကောင်းသော ဖိုနှင့်မနှစ်ဦးတည်း တိတ်ဆိတ်ရာအရပ်တွင် ရောက်နေသည်။ ထို့ထက်မှာပင် မောင်မောင်တာသည် စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်နေသည်။ နေ့ရင်းထိုင်ရင်း စိတ်ဖောက်ပြန်လာလျှင်ဒုက္ခ။

စိတ်မဖောက်ပြန်လေဦးပဲထား မောင်မောင်တာသည် ကိုမြင့်ခိုင်၏ စိတ်ဓာတ်မျိုးဖြင့် အခွင့်အရေးရသည်ကို ရသလောက်ယူမည်ဟု တကယ်ကြံမ်းလာလျှင် နွယ့်အတွက်မလွယ်။

မောင်မောင်တာသည် တစ်ခါက ငါးပြတိုက်လမ်းတွင် လူဆိုးသုံးယောက်ကို သူတစ်ယောက်တည်းနှင့် အနိုင်ရပွဲသိမ်းသည်အထိ စွမ်းဆောင်နိုင်သူဖြစ်သည်။

ထကယ်တမ်းဖြစ်လာလျှင် နွယ်သည် မောင်မောင်တာကို ခုခံနိုင်စွမ်းမရှိ။

သူ့လက် ခုပ်ထဲကရေ ဖြစ်သွားနိုင်သည်။

နွယ် ခမ္မန်ဖူးသော စာသူငယ် ဖြစ်ခဲ့ပါ၏။

နွယ်သည် အပျိုမဟုတ်၊ အစိမ်းအရိုင်းမဟုတ်။ သို့သော် နွယ်သည် သူမကိုယ်ကို ထိန်းသိမ်းသူသာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နွယ်က ကားတံခါးကို ဖွင့်လိုက်သည်။ အောက်မှာ ဆင်းရပ်နေလျှင် ဘာပဲပြောပြော မောင်မောင်တာ မရိုးသားပါက ခြေထောက်က ထွက်ပြေးနိုင်သည်။ ဟိုအဝေး နှစ်ဖာလုံသုံးဖာလုံ ခန့်တွင် မီးပျပျလေး ထွန်းထားသည်ကိုလည်း လှမ်းမြင်ရသည်။ မီးရောင်ရှိလျှင် လူရှိရမည်။ ထိုနေရာအရောက် ပြေးသွားနိုင်လျှင် လွတ်ရာလွတ်ကြောင်း မျှော်လင့်ချက်ရှိပါ၏။

နွယ် ကားတံခါးကို ချက်ခနဲ ဖွင့်သည်နှင့် မောင်မောင်တာ့ထံမှ အသံထွက်လာသည်။

"ဘယ်လဲ မမနွယ်"

"ဟို ... ဟို .. မမနွယ် ငြီးစီစီဖြစ်လာလို့ အောက်မှာ ဆင်းပြီး လေကောင်းလေသန့် ရှူမလားလို့"

"လုပ်မနေနဲ့ မမနွယ်၊ မမနွယ် စိတ်ထဲမှာ ကျွန်တော့်ကို စိုးရိမ်နေတယ် မဟုတ်လား၊ ဒီနေရာနဲ့ ဒီအခြေအနေမျိုးမှာ မမနွယ် ကျွန်တော့်ကို ကြောက်နေတယ် မဟုတ်လား"

နွယ် ဘာမှမပြော။

"မမနွယ် အောက်ဆင်းမနေပါနဲ့၊ ကျွန်တော် ဆင်းနေပါ့မယ်၊ မမနွယ်ရဲ့ကားမှာ စင်တာလော့ခ်တွေ ပါနေသားပဲ၊ မှန်တွေတင်ပြီး စင်တာလော့ခ်ခတ်ထားရင် ကျွန်တော် အပြင်က တံခါးဖွင့်လည်း မဝင်နိုင်ဘူး၊ ကားပြတင်းက မှန်ပိတ်ထားလို့ လက်တောင် အထဲသွင်းလို့ မရဘူး၊ ကဲ ... ကဲ ... မမနွယ် နဂိုအတိုင်း ပြန်ထိုင်နေပါ၊ ဒီပြင် ကားတစ်စီးစီးလာလို့ ကားမီးရောင်ထိုးပြီး မမနွယ်ကို မြင်သွားရင် နဂိုက အကြံအစည်မရှိတဲ့လူတောင် ဖြုန်းခနဲ



ကြံစည်တာတွေ ဘာတွေ ဖြစ်နိုင်တယ်၊ မမနွယ် တအား ကြီးချောတယ် မဟုတ်လား၊ လက်ဝတ်လက်စားတွေလည်း ဝတ်ထားတယ် မဟုတ်လား"

ပြောပြောဆိုဆို မောင်မောင်တာသည် ကားအောက်သို့ ဆင်းလိုက်သည်။ တံခါးပြန်ပိတ်ပြီး ကားဘော်ဒီကိုကျောမှီ ရပ်လိုက်သည်။

မမနွယ် စင်တာလော့ခ် ချထားလိုက်လေ၏။ ယနေ့ ခေတ်ပေါ် တန်ဖိုးကြီးသော ကားတို့တွင် ပြတင်းမှန်တံခါးကို ဘက်ထရီအားဖြင့် ခလုတ်နှိပ်လျှင် မှန်တံခါးအတက်အကျ အဖွင့် အပိတ်လုပ်၍ရသည်။ မှန်တံခါးများအားလုံးပိတ်ပြီး စင်တာလော့ခ် ခေါ် ခလုတ်ကို အပိတ်ဘက်ရွှေ့ထားလျှင် အပြင်မှလူ တံခါးချက် ဆွဲပြီး ဖွင့်၍မရတော့ပေ။ မှန်ကိုရိုက်ခွဲမှသာလျှင် ရတော့မည်။

နွယ်သည် စင်တာလော့ခ်ကို မခတ်ပေ။ မောင်မောင်တာက ထိုသို့ပြောပြီး ထိုသို့ အောက်ဆင်းနေသည်ကိုပင် ရင်ထဲ၌ အားနာသလို သနားသလို ခံစားရသည်။

ဘာပဲပြောပြော ဤနေရာတွင် မောင်မောင်တာသည် သူ၏ထိန်းသိမ်းနိုင်စွမ်းရှိမှု၊ သိက္ခာစောင့်စည်းမှု အခွင့်အလမ်းပွင့် နေစေကာမူ အခွင့်ရေးမယူတတ်မှုတို့ကို ဖော်ပြသလိုရှိနေသည်။ ချီးကျူးဖွယ်ကောင်းသော လူငယ်လူရွယ်တစ်ဦးပါပေ။

နာရီဝက်မက ကြာသွားသည်။

မှောင်သည်ထက် ပို၍မှောင်လာပါ၏။ မိုးသားများကလည်း တက်သည်ထက် တက်လာပုံရသည်။ ကောင်းကင်မပြာဘဲ မည်းနေသည်။ ကြယ်တစ်လုံးတလေပင် မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် လက်နှိပ်ဓာတ်မီးရောက်မဟုတ်သော ဝါကျင်ကျင် မီးရောင်တစ်ခုသည် ရှေ့သို့ တရွေ့ရွေ့ဖြင့် နွယ်တို့ ကားရှိရာသို့ ရွေ့လျားလာသည်ကို တွေ့ရသည်။

နွယ်က မှန်တံခါးကို လက်သုံးလေးလုံးခန့်စာ လောက် ပွင့်ရုံလေးဖွင့်ပြီး ...

"မောင်မောင်တာ ဟိုမှာတွေ့လား၊ ဒီကိုလာနေတဲ့ မီးရောင်လေ"

"တွေ့တယ် မမနွယ်၊ အဲဒါကိုပဲ ကျွန်တော်ကြည့်နေတာ"

"မမနွယ် ကြောက်တယ်ကွယ်"

"မကြောက်ပါနဲ့ မမနွယ်၊ ကျွန်တော် အသက်ရှင်နေသေးသမျှ မမနွယ်ကို ဘယ်သူမှ လက်ဖျားနဲ့ အထိမခံဘူး၊ အဲ ... ကျွန်တော် ကြွသွားရင်တော့ မမနွယ်ရဲ့ကံပဲ"

မောင်မောင်တာသည် ပြောပြောဆိုဆို ကားနောက်ကူရှင်တွင် ပစ်တင်ထားသော ဒစ်စတီဗြူတာအုံကြီးကို အရိုးတံမှ ကောက်ကိုင်ထားသည်။ သံတူတစ်ချောင်းလောက်တော့ အားကိုးရမည် ဖြစ်ပါ၏။ ပြီး တရွေ့ရွေ့နီးလာသော မီးရောင်ကို ဆက်ကြည့်ကြပြန်သည်။

"ကြည့်ရတာ အဆိုးအဝါးတော့ ဟုတ်ပုံမရပါဘူး မမနွယ်၊ မီးရောင်ရွေ့လာပုံက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲ၊ နောက်ပြီး လူဆိုးလူညစ်ဆိုရင် မီးရောင်နဲ့လာမှာ မဟုတ်ဘူး၊ မှောင်ခိုလာကြမှာ၊ ဘာပဲဖြစ်ဖြစ် မမနွယ် မကြောက်ပါနဲ့၊ မမနွယ် အထဲမှာ သော့ချထားပါ၊ ကျွန်တော် အပြင်မှာ ရှင်းမယ်"



"ဒီလိုတော့ မမနွယ် တစ်ကိုယ်ကောင်း မဆန်ချင်ဘူးကွယ်၊ ကံဆိုးကံကောင်း နှစ်ယောက်အတူတူပဲပေါ့"

နွယ်က တံခါးမပိတ်၊ ပုန်းအောင်းမနေဘဲ ကားထဲတွင် ထိုင်မြဲထိုင်နေသည်။

အနီးသို့ မီးရောင်ရောက်ရှိလာသည်။ နို့မှုန့်သံဘူးအကြီးစားကို ရှေ့ဘက်မှာ ဖောက်ထားပြီး အထဲတွင် ဖယောင်းတိုင် စိုက်ထားသော မီးအိမ်ဖြစ်ပါ၏။

မီးအိမ်ကိုင်ပြီး ရောက်လာသူမှာ အသက်ငါးဆယ်ခန့်အရွယ် ကျေးလက်အမျိုးသားကြီးတစ်ဦးမှန်း သူ့မီးရောင်ဖြင့် ပြန်မြင်ရသည်။

"ဟဲ့ ... လင်မယားနှစ်ယောက်တည်းပါလား၊ အဘစောစောတည်းက လှမ်းကြည့်နေတာကြာပြီ၊ ကိစ္စရှိလို့ ရပ်နေကြတာထင်လို့ စောင့်ကြည့်နေတာ၊ ဒီလောက် မီးချုပ်တာတောင် နေရာမရွေ့တော့ ကားပျက်နေပြီ ထင်တယ်ဆိုပြီး အဘတတ်နိုင်သလောက် ကူညီဖို့လာတာပဲကွယ့်၊ အဘက ဟိုလှမ်းလှမ်း တဲကလေ"

"ကျေးဇူးတင်လိုက်တာ အဘရယ်၊ ကားမှာ ဓာတ်ဆီကုန်သွားလို့ အဘရဲ့"

"ဟေ ... ဓာတ်ဆီကုန်တယ် ဆိုရင်တော့ မလွယ်လှဘူး လူလေးရဲ့"

"ဒီအနီးနား ရွာတစ်ရွာရွာမှာ ကားထောင်တဲ့လူတွေဘာ တွေရှိရင် အဲဒီမှာ ဝယ်ရင်ကော အဘ၊ တစ်ဂါလန်ဘယ်လောက်ပေးရ ပေးရပါစေ အဘ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရှိလိမ့်မလဲ၊ ဒီနားမှာ ရွာကိုမရှိဘူး၊ ကင်းတဲပဲရှိတယ်၊ ဒီကနေပြီး ခရီးနှစ်တိုင်လောက် ရန်ကုန်ဘက်ကို ဆက်သွားရင် အင်းတကော် ရောက်မယ်၊ အဲ ... အင်းတကော်မှာတော့ ခေါက်ဆွဲလည်းရတယ်၊ ကားပျက်ရင် ပြင်ပေးတတ်တဲ့ ဦးလေးရဲ့တူ ထွားလှည်းရှိတယ်"

"ခရီးနှစ်တိုင်ဆိုတော့ လေးမိုင်ပေါ့နော် အဘ"

"ဟုတ်မှာပေါ့၊ အဘကတော့ နှစ်တိုင်ဆိုတာပဲ သိတယ်"

မောင်မောင်တာက နွယ့်ဘက်သို့ လှည့်လိုက်သည်။

"ဒါဆို ဒီအဘနဲ့ မမနွယ် ဒီကပဲစောင့်၊ ကျွန်တော် အင်းတကော်ကို လမ်းလျှောက်တစ်လှည့်၊ ပြေးတစ်လှည့်သွားလိုက်မယ်"

"အို ... မဟုတ်တာ၊ မောင်မောင်တာကလည်း"

"ရတယ် မမနွယ်ရဲ့၊ ကျွန်တော် ရိုးရိုးလမ်းလျှောက်သွားရင်တောင် တစ်နာရီကို လေးမိုင်နှုန်း လျှောက်နိုင်တဲ့ အလေ့အကျင့်ရှိတယ်၊ အသွားအပြန် အလွန်ဆုံး တစ်နာရီခွဲ နှစ်နာရီပေါ့"

"မဖြစ်ဘူးကွယ့် လူလေးရဲ့၊ လူလေးက လူရည်သန့်လွန်းနေတယ်၊ ဒီနားတစ်ဝိုက်မှာ တောကိုအားပြုပြီး မကောင်းတဲ့လူတွေ တစ်ခါတလေ ရှိတတ်တယ်၊ ဒါမျိုးနဲ့လမ်းမှာ သွားတိုးရင် မလွယ်ဘူး၊ ကဲ ... ဒါဆို ဒီလိုလုပ်၊ အဘပဲ အင်းတကော်ကို သွားလိုက်မယ်၊ အဘလို ကျေးတောသားအဖို့ သွားရလာရ ဘေးကင်းတယ်၊ အဘကတော့ ခရီးနှစ်တိုင်ကို တစ်နာရီကွဲနီးပါးလောက် လျှောက်တယ်၊ အသွားအပြန် သုံးနာရီလောက် ကြာမယ်"



"အဲဒါ ကောင်းတယ် မောင်မောင်တာ၊ အဘကို နွယ် ငွေအလုံအလောက် ပေးလိုက်မယ်၊ ခေါက်ဆွဲတစ်ဂါလန်ရရင်တော်ပြီ၊ နောက်ထပ် အင်းတကော်မှာဖြစ်ဖြစ်၊ လှည်းကူးမှာဖြစ်ဖြစ် ဝယ်ထည့်ရင် ရတာပဲ၊ လှည်းကူးမှာ မမနွယ်ရဲ့မိတ်ဆွေတချို့ ရှိတယ်"

"ဒါဖြင့်ရင်တော့ မမနွယ်ရဲ့ သဘောပဲလေ၊ အဘကိုပဲ လွှတ်လိုက်ပေါ့"

"အေး ... အဘ သွားပေးမယ်၊ ဒါပေသိ ဒီကားကိုအဘရဲ့တဲအထိ တွန်းသွားရင် ကောင်းမယ်ကွယ့်၊ ဒီနေရာမကောင်းဘူး၊ ဆယ်မိုင်ကုန်းအတက် ဆယ်မိုင်ကုန်းအဆင်းဆိုတာ နာမည်ဆိုးတွေရှိတဲ့ နေရာပဲ၊ ကဲ ... လာ၊ လူလေးပါတွန်း၊ ဟိုဘက်က မြေနည်းနည်းဖောဒ့်နိမ့်တော့ အဆင်းပိုင်းများတယ်၊ မခက်ပါဘူး"

"ကဲ ... မမနွယ်၊ ကားပေါ်က စတီယာရင် ကိုင်ပေတော့၊ ကျွန်တော်နဲ့အဘ တွန်းမယ်"

"မမနွယ်လည်း တွန်းမယ်လေ"

"ဟာ ... မတွန်းပါနဲ့ မမနွယ်ကလည်း၊ ပင်ပန်းလှပါတယ်"

အဘက ရယ်သည်။

"ဟင်း ... ဟင်း ... တယ်လည်း ကြင်နာကြတဲ့ လင်မယားပေပဲကွယ်၊ ညားခါစနဲ့တူတယ်"

"ဟာ ... အဘကလည်း မမနွယ် ရှက်သွားတော့မှာပဲ၊ ကျွန်တော်နဲ့ မမနွယ်က ..."

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တာ၏ စကားမဆုံးမီ နွယ်က မောင်မောင်တာ၏တင်ပါးကို မသိမသာ လှမ်းကုတ်လိုက်သဖြင့် မောင်မောင်တာ စကားရပ်သွားသည်။

နွယ်သည် ယခုလာသော အဘဟူသည့် အမျိုးသားကြီးကို ရိုးသားသည်ဟု ထင်သော်လည်း လုံးလုံးလျားလျား မယုံကြည်ရဲသေးပေ။ ထို့ကြောင့် မိမိအား လင်ရှိမိန်းမတစ်ယောက်ဟု မြင်ထားသည်က အထိုက်အလျောက် အန္တရာယ်ကင်းသည်ဟု ယူဆမိသောကြောင့် မောင်မောင်တာကို လက်ကုတ်ထားမိခြင်း ဖြစ်ပါ၏။

မောင်မောင်တာနှင့် အဘတို့ တွန်းကြသည်။

အဘပြောသည်မှာ ဟုတ်ပေသည်။ စတင်တွန်းစက အတန်ငယ် အားစိုက်တွန်းရသော်လည်း အဆင်းပိုင်းလေးများတွင် တွန်းစရာမလိုဘဲ သူ့အရှိန်နဲ့သူ လိမ့်သွားပေသည်။ တစ်ခါတစ်ရံ နွယ်ကပင် ဘရိတ်နင်းပေးရသည်များ ရှိသေးသည်။

သို့ဖြင့်ပင် တဲကလေးရှေ့ ကားလမ်းပေါ်သို့ ရောက်လာကာ ကားကို ဂီယာထိုး ဟင်းဘရိတ်ဆွဲထားလိုက်သည်။

နွယ်က နှစ်ရာတန်သုံးချပ် အဘအား ထုတ်ပေးသည်။

"အား ... အချပ်ကြီး သုံးချပ်တောင်ပါလား"

"ယူသွားပါ အဘ၊ လိုလိုမည်မည်ပေါ့၊ အပြန်မှာ ကားငှားလို့ရရင် ငှားပြန်ခဲ့ အဘ၊ လိုတာ ထပ်ပေးမယ်"

မောင်မောင်တာက ဝင်၍ပြောလိုက်သေးသည်။



"အဘရဲ့တူဟာ မက္ကင်းနစ်ဆိုရင် သူ့ကိုပါ ခေါ်ခဲ့ပါ အဘ၊ စက်ဆီကုန်အောင် မောင်းတဲ့ကားဟာ ကာဗရိုက်တာပိတ်ပြီး နိုးမရတာမျိုး ဖြစ်တတ်တယ်၊ မက္ကင်းနစ် အဆင်သင့်ပါလာတော့ ကောင်းတာပေါ့"

အဘက ခေါင်းညိတ်ပြီး ထွက်ခွာသွားပါ၏။

"လာ ... မမနွယ်၊ တဲထဲမှာ သွားနေကြရအောင်၊ သူ့တဲလေးက သပ်သပ်ရပ်ရပ်နဲ့ လေလုံမိုးလုံလေးပဲ"

တဲနှင့် ကတ္တရာလမ်းမှာ ခဲတစ်ပစ်လောက်သာ ဝေးပေမည်။ တဲဆီသို့ နွယ် လိုက်ခဲ့ပါ၏။ မောင်မောင်တာ တဲပေါ်တက်သွားသော်လည်း နွယ်က တဲအောက်မှာပင် ရပ်နေသည်။

အဘက သူ၏လောကသံပုံးနှင့် ဖယောင်းတိုင်ထွန်းမီးအိမ်လေးကို ထားခဲ့သည်။

တဲပေါ်ရောက်နေသော မောင်မောင်တာက တံခါးကို ကျောမှီပြီး ခြေလက်ဆန့်လိုက်သည်။

တိုစဉ်မှာပင် ဖြောက်,ဖြောက်နှင့် တဲ၏ခနိမိုးကို မိုးပေါက်များ ထိမှန်သံ ထွက်လာသည်။

"ဟော ... မိုးရွာပြီ၊ မမနွယ် တဲပေါ်တက်လေ၊ အောက်မှာ လေလည်းတိုက်တယ်၊ မိုးပေါက်လေးတွေလည်း ကျနေပြီ၊ မမနွယ် အအေးမိလိမ့်မယ်၊ မိုးသားထုကြီးတယ်ဗျ၊ မိုးသည်းလာလိမ့်မယ်"

နွယ်သည် မနေသာတော့ဘဲ တဲပေါ်တက်ခဲ့ရသည်။ တဲပေါ်ရောက်သောအခါ နွယ်သည် မောင်မောင်တာနှင့်ဝေးရာ ခပ်လှမ်းလှမ်းတွင် ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ … မမနွယ်က ခဲမှန်ဖူးတဲ့ စာသူငယ်မို့ ကျွန်တော့်ကို ကြောက်နေလား”

“ဘာကွယ့် … မမနွယ်က မောင်မောင်တာကို ဘာလို့ ကြောက်နေရမှာလဲ၊ မမနွယ် ခဲမှန်ဖူးတဲ့ စာသူငယ်လို့ မောင်မောင်တာက ဘာလို့ ပြောနိုင်တာလဲ”

“ကျွန်တော် မှန်တာပြောမယ်၊ မမနွယ်ကို ကျွန်တော်ပထမဆုံးတွေ့ပြီးကတည်းက စိတ်ဝင်စားသွားတယ်၊ စိတ်ဝင်စားတယ်ဆိုတော့ မမနွယ်အကြောင်း ကျွန်တော် အတတ်နိုင်ဆုံး စုံစမ်းတော့တာပေါ့၊ ရုပ်ရှင်မင်းသား ကိုဇေယျာလွင်ဆီက မမနွယ်ရဲ့ အကြောင်းတွေ ကျွန်တော် သိရတယ်”

“မင်း ကိုဇေယျာလွင်နဲ့ သိကျွမ်းနေသလား”

“ကိုဇေယျာလွင်နဲ့ သိတာကြာပြီ မမနွယ်၊ ဒါပေမဲ့ ကျွန်တော်က အသက်ငယ်တော့ ရွယ်တူတန်းတူ သိကြတဲ့ အသိမျိုးနဲ့ သိကျွမ်းတာတော့ မဟုတ်ဘူး”

“နေပါဦး … ကိုဇေယျာလွင်က မမနွယ် သုံးလလောက် ခရီးထွက်နေတဲ့ အတွင်းမှာပဲ ဂျပန်ကိုသွားတယ်လို့ မမနွယ် ပြန်လာတော့ ကြားတယ်၊ သူ့မိန်းမက ဂျပန်မှာ အလုပ်လုပ်နေတယ် ဆိုလားပဲ”

“ဟုတ်တယ်လေ၊ ကိုဇေယျာလွင် ဂျပန်ကိုသွားတာပဲဟာ”

“ဒါဖြင့် မမနွယ် ကသစ်မြိုင်ကို ပြန်ရောက်လာပြီးနောက် မောင်မောင်တာက မမနွယ်ကိုတွေ့ပြီး စိတ်ဝင်စားလို့ စုံစမ်းတာဆို၊ မမနွယ်နဲ့ မောင်မောင်တာက ကသစ်မြိုင်



မှာ ပထမဆုံးတွေ့တာက ဘာကြာသေးလို့လဲ၊ ကိုဇေယျာလွင်က ဂျပန်ရောက်နေပြီပဲဟာ၊ မမနွယ်အကြောင်း ကိုဇေယျာလွင်ဆီက ဘယ်လိုသိနိုင်တော့မလဲ”

“အဲဗျာ … ဟုတ်သားပဲ၊ ကျွန်တော် ဘာတွေလျှောက်ပြောနေမိလဲ မသိဘူး၊ တစ်ခါတလေ ကျွန်တော့်ဦးနှောက်က အချိန်ကာလ အပိုင်းအခြားကို မမှတ်မိဘူး မမနွယ်၊ ဒါဆိုရင်တော့ မမနွယ် ခရီးသွားနေတုန်းကပဲ ကိုဇေယျာလွင်နဲ့တွေ့ပြီး မမနွယ်အကြောင်းကို ကျွန်တော်ပြောမိတာဖြစ်မယ်၊ မမနွယ် ခရီးကပြန်မလာခင် နှစ်လကျော်ကတည်းက ကျွန်တော်က ဒေါ်ဒေါ်အေးဆီမှာ ခွင့်တောင်းပြီး ကသစ်မြိုင်မှာ ရေကူးနေပြီပဲဟာ၊ အဲဒီကတည်းက မမနွယ်ဟာ ရုပ်ရှင်မင်းသမီးဖြစ်မှန်း ဒေါ်ဒေါ်အေးကပြောလို့ သိရတယ်၊ မမနွယ်ပါတဲ့ ရုပ်ရှင်တွေလည်း ကျွန်တော်က ကြိုက်နေတော့ ကိုဇေယျာလွင် ဂျပန်မသွားခင်ကတွေ့ပြီး မမနွယ်အကြောင်း မေးမိတာလားမှ မသိတာ၊ ကျွန်တော့်ရောဂါက မှတ်ဉာဏ်တွေ မေ့နေတဲ့ရောဂါလေ မမနွယ်ရဲ့”

ထိုစဉ်မှာပင် မိုးသည် ဝေါခနဲ ရွာချလိုက်သည်။

အချိန်အခါမဟုတ်ပါဘဲလျက် ပင်လယ်ပြင်တွင်း ဆိုင်ကလုံးမုန်တိုင်း ဝင်ရာမှ ရွာသွန်းချလိုက်သော မိုးမို့ လေရော မိုးရော ပြင်းထန်ပေသည်။

တဲတွင် ကဲလားထောက်ထားသော တံခါးမှ လေပြင်းလည်းဝင်သည်။

မိုးသက်လည်း ဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်မီး ငြိမ်းမည်စိုးသောကြောင့် မောင်မောင်တာက သံပုံး၏ကျောနံရံကို ခလမိုးခင်ရာဘက်သို့ လှည့်ထားလိုက်သည်။

"မမနွယ် ကဲလားတံခါး ချမလားဟင်၊ လေရောမိုးရော အထဲကို ပက်ဝင်နေတယ်၊ မမနွယ် အအေးမိသွားမယ်"

"ဟင့်အင်း"

ဟု နွယ်က ငြင်းစကားလေး ဆိုလိုက်မိသည်။ သို့သော် တံခါးမပိတ်ရန် ငြင်းဆန်ခြင်းသည် မောင်မောင်တာ၏ သိက္ခာကို စော်ကားစော ဖောက်သွားသည်ကို သတိထားလိုက်မိသည်။

တကယ်ပဲ [illegible] မီးရောင် ကဲအခတွင်းသို့ ကဲလားတံခါးမှ ပက်ဝင်နေ [illegible]

တကယ်ကျတော့ ကဲလားတံခါး ဖွင့်ထားသည့်ကြားကပင် မောင်မောင်တာ ကကြမ်းလျှင် မိမိဘာတတ်နိုင်မည်နည်း။ ပတ်ဝန်းကျင်တွင် ဘာဆို ဘာမျှ ရှိသည်မဟုတ်။ ဖယောင်းတိုင်မီးမှုတ်လိုက်ရုံဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ကျသွားမည်သာ ဖြစ်ပါ၏။

"ပိတ်ချင်ပိတ်လေ မောင်မောင်တာ"

မောင်မောင်တာ ထိုင်ရာမှထကာ ကဲလားတံခါး ဒေါက်ကိုဖြုတ်၍ ပိတ်လိုက်သည်။

ဖယောင်းတိုင်ထွန်း သံပုံးကို ပြန်တည့်မတ်စွာ ထားနိုင်သဖြင့် တဲတစ်ခုလုံး မီးအလင်းရောင် ပြန်ရလာသည်။



နွယ်သည် ဒူးလေးနှစ်ဖက် ကွေးထောင်ကာ ထဘီနားအစကို အားလုံးသိမ်းပြီး ခြေချောင်းလေးတွေ အုပ်သည်အထိ ခြေဖဝါးဖြင့် ဖိထားသည်။

ကွေးထားသော ဒူးလေးနှစ်ချောင်းထိပ် ဒူးဆစ်ကွေးကို သူမ၏လက်နှစ်ဖက်ဖြင့်ဝိုက်၍ ရစ်ပတ်ထားသည်။

ဝါးထရံပေါက်လေးများမှ တိုးဝင်သောလေကြောင့် ထဘီအသားသည် သူ၏ကွေးထားသောပေါင်နှင့် ခြေသလုံးကို ဝင်ကပ်ကာ ပေါင်တံနှင့် ခြေသလုံးကအစ ပြေပြစ်လှပလွန်းသည်ဟု မောင်မောင်တာ ရင်ထဲက မှတ်ချက်ချမိသည်။

ဒူးကွေးထိုင်နေသော အမျိုးသမီးတစ်ဦးအဖို့ တော်ရုံတန်ရုံ ဝမ်းဗိုက်သားသည် စူစူလေး ထွက်တတ်ပါ၏။ မမနွယ်တွင် ထိုသို့ ဝမ်းဗိုက်သား အစူအပူမရှိ။ ချပ်ချပ်ရပ်ရပ်ပင်ရှိသည်။

အိမ်ထောင်ကျပြီးသားပါဟု မမနွယ်ကို ဘုရားစူးကျိန်ပြောမှ ယုံရမလိုရှိပါ၏။ မမနွယ်တွင် အပျိုရည်အပျိုသွေး ရာနှုန်းပြည့် ရှိနေပါသေး၏။

တိတ်ဆိတ်နေခြင်းကြောင့် မကောင်းသောစိတ်၊ မကောင်းသောအကြံ ဝင်ရောက်မည်စိုး၍လားမသိ၊ မမနွယ်က စကားစလိုက်သည်။

"ဘာတွေ စဉ်းစားနေလဲ မောင်မောင်တာ၊ ငြိမ်လှချည်လား"

"ဒီကနေ့ ပြဿဒါးမလွတ်ဘူးလားလို့ စဉ်းစားနေတာပါ မမနွယ်၊ ကျွန်တော့်ကားလည်းပျက်တယ်၊ အခု မမနွယ်ရဲ့ ကားသစ်ကြီးလည်း လမ်းမှာ အချိန်မတော်ကြီး ထိုးရပ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မမနွယ် ပေါ့လို့ပါ၊ ခတ်ဆိဖြည်ဖို့ သတိမရလို့ပါ"

"ကျွန်တော့်အပြစ် မမနွယ်ရဲ့၊ မမနွယ်က မော်တော်ကားကို တစ်ခါတလေမှလည်းမောင်းပြန်၊ မိန်းမသားလည်းဖြစ်ပြန်မို့ ခတ်ဆီထည့်ဖို့ မေ့သွားတယ်ထား၊ ကျွန်တော်လို ကားတပီပီမောင်းနေတဲ့လူက ကားသော့ဖွင့်လိုက်တာနဲ့ ခတ်ဆီဂိတ်ပြရဲ့လား၊ အင်ဂျင်ဝိုင်ရှိရဲ့လား၊ ကားဘီးမှာ လေပြည့်ရဲ့လား ဆိုတာတွေကို စစ်ဆေးပြီးမှ မောင်းသင့်တယ်၊ ပဲခူးမှာ ကျွန်တော် ဒီကားပေါ်ထိုင်ကတည်းက ဒါတွေကို ကြည့်မိရင် ခတ်ဆီ ဟိုမှာဝယ်ထည့်လာရဲ့ပေါ့"

ပြောစရာစကား ကုန်သွားသည့်အလား တိတ်ဆိတ်သွားကြပြန်သည်။ နွယ်ကပင် စကားပြန်ပြောသည်။

"အဘ သွားလိုက်တာ တော်တော်ကြာသွားပြီနော်"

"မိုးလေကလည်း သည်းချလိုက်တာကိုး မမနွယ်၊ အဘအဖို့ သွားရေးလာရေး ပိုခက်သွားမှာပေါ့၊ သူ တစ်နေရာရာမှာ မိုးခိုဦးမှာပေါ့၊ ဒါကြောင့် ကျွန်တော်သွားမယ်လို့ ပြောတာ၊ ကျွန်တော် ဆိုရင်တော့ မိုးမခိုဘူး၊ ခတ်ဆီရတာနဲ့ ပြန်ပြေးလာမှာ"

"ဘယ်ဖြစ်မလဲ၊ ဒီလိုနေရာမျိုးမှာ မမနွယ်က တခြားသူစိမ်းကြီးတစ်ယောက်နဲ့ ဘယ်မှာနေခဲ့ရဲမလဲ၊ လူဆိုတာ အသက်ကြီးတယ် ငယ်တယ် မဟုတ်ဘူး၊ စိတ်သဘောထား ယုတ်မာတဲ့လူက ယုတ်မာတာပဲ"



မောင်မောင်တာက နွယ့်ကို မလုံလောက်သော ဖယောင်းတိုင်မီး အလင်းရောင်မှာပင် ငေးကြည့်နေမိ ပြန်သည်။

"မမနွယ်ကို ကျွန်တော် တဖြည်းဖြည်း ပိုပြီးစိတ်ဝင်စားလာတယ် မမနွယ်"

"ဘာကွယ့်"

နွယ်၏အသံ မာသွားသည်။ စိတ်ဝင်စားပါသည် ဆိုခြင်းသည် လူပျိုစကား၏နိဒါန်းတွေဖြစ်ခဲ့မှန်း နွယ် တွေ့ကြုံပေါင်း များလှပြီဖြစ်သောကြောင့် ဘာကွယ့်ဟု အသံမာလိုက်မိခြင်း ဖြစ်ပါ၏။

"တလွဲမထင်နဲ့ မမနွယ်၊ ကျွန်တော် မမနွယ်ကို စိတ်ဝင်စားတယ်ဆိုတာက ဒိုပြင်တစ်မျိုးပါ၊ တကယ်လို့ မမနွယ်ကို ဟိုလိုဒီလိုပုံစံနဲ့ စိတ်ဝင်စားတယ်ဆိုတောင် ဒီအချိန် ဒီနေရာနဲ့ ဒီအခြေနေမျိုးမှာ ဖွင့်မပြောဘူး စိတ်ချ၊ နောက်တစ်ချက်က မမနွယ်ဟာ ရင်ထဲက ကြောက်စိတ် စိုးရိမ်စိတ်ကြောင့် တိတ်ဆိတ်ငြိမ်သက်နေတာကို မလိုလားလို့ စကားမရှိ စကားရှာပြောနေမှန်း ကျွန်တော် ရိပ်မိတယ်၊ ဒါကြောင့် မမနွယ် မကြောက်အောင် မစိုးရိမ်အောင် ကျွန်တော်က တမင်ဖော်လိုလိုက်ပြီး မမနွယ်ကို စိတ်ဝင်စားတယ်လို့ ပြောတာ"

နွယ် ပြုံးလိုက်ပါ၏။

ကောင်လေးက မိမိထက် အသက်ငယ်သော်လည်း စကားပြောပြတ်သည်။ စိတ်သဘောထားလေးလည်း ပြတ်သည်။ သူ့သိက္ခာ သူစောင့်နိုင်မှန်းလည်း ပေါ်လွင်နေသည်၊ တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com



သူပြောပုံလေးမှာ မောင်ငယ်တစ်ယောက်က အစ်မအပေါ် နွဲ့ဆိုးပုံသဏ္ဌာန်လေးတွေလည်း သက်ဝင်နေသည်။

မောင်မောင်တာကို နွယ် ငေးကြည့်မိသည်။ သူ့ခမျာ ပဲခူးမှာကတည်းက သူ့ကားပျက်လို့ ပင်ပန်းထားပေမည်။ ယခု မိမိကားနှင့် လိုက်လာမိမှ ကားတွန်းရဘာရနှင့် ပို၍ပင်ပန်းသွားသည်။ မိုးလေသည်းသည်းမှာပင် သူ၏နဖူးပြင်လေးတွင် ချွေးစို့နေသည်။ နဖူးပြင်ထက်တွင် အလုပ်အရှားများလွန်သောကြောင့်ထင့်။ အပေါ်မှာ ဆံစလေးများ ဖြိုကျကာ နဖူးပြင်တွင် ဆံညွန့်ဆံစလေးတွေ ဝဲနေသည်။ မျက်နှာလေးကလည်း အဆီပြန်ပြီး ဝင်းလက်နေသည်။ ခင်မင့်စရာ လုလင်လေးပါပေ။

"ကဲ ... ဒါဆို ပြောပါဦး၊ မမနွယ်ကို တဖြည်းဖြည်းဘယ်လိုပိုပြီး စိတ်ဝင်စားလာတာလဲလို့"

"ကျွန်တော် သိသလောက်ပေါ့ မမနွယ်၊ ဦးမြင့်ခိုင်ကို မမနွယ် လက်ထပ်တာဟာ ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုတဲ့သဘောနဲ့ လက်ထပ်တယ်၊ ဦးမြင့်ခိုင်နဲ့ ပေါင်းသင်းနေတဲ့ကာလအတွင်းမှာ သားသမီးလည်း မထွန်းကားဘူး၊ သူ့ကိုလည်း မမနွယ်ဟာ နောက်ဆုံးအချိန်ထိ မချစ်ခဲ့ဘူး၊ ဒါဆို ဦးမြင့်ခိုင်မှာ ရောဂါဖြစ်နေမှန်းသိတာနဲ့ မမနွယ် ကွာပစ်လိုက်ပါလား၊ ဘာလို့ မကွာခဲ့တာလဲ မမနွယ်၊ ရုပ်ရှင်မင်းသမီး တစ်ယောက်အနေနဲ့ လက်ရှိအိမ်ထောင်နဲ့ ပေါင်းသင်းနေတယ် ဆိုတာထက် အိမ်ထောင်ကိုကွာရှင်းပြတ်စဲပြီး လွတ်လွတ်လပ်လပ် ပြန်နေတယ်ဆိုတာက ပရိသတ် ပိုပြီးစွဲမက်စရာ မဟုတ်လား မမနွယ်"



"မင်း မဆိုးဘူး၊ မမနွယ်မှာ အဲဒီလို အတွေးမျိုးရှိလို့ ကိုမြင့်ခိုင်နဲ့ လက်ထပ်ပြီး လေးလအကြာမှာ ကွာရှင်းဖို့ ပြောခဲ့တယ်"

"ဒါပေါ့ မမနွယ်၊ အဲဒီလို ကွာရှင်းခဲ့ရင် လင့်ပစ္စည်းမယားထက်ဝက်ဆိုင်တာပဲ၊ ဦးမြင့်ခိုင်က မမနွယ်ကို ထက်ဝက်တော့ တရားဝင်ပေးရမှာပဲ"

နွယ်၏မျက်နှာထားလေးသည် တင်းခနဲ ဖြစ်သွားသည်။ မောင်မောင်တာကိုလည်း စူးစိုက်သောအကြည့်ဖြင့်ကြည့်လိုက်မိသည်။

ကွာရှင်းလျှင် ပိုင်ဆိုင်ပစ္စည်း ထက်ဝက်ဆိုင်သည်ဆိုသော စကားမျိုး မောင်မောင်တာ ဘာလို့ပြောချင်ဘိသနည်း။ သည်အချက်ကြောင့်ပဲ မောင်မောင်တာက မိမိကို ပို၍ ပို၍စိတ်ဝင်စားခြင်းပေလား။

သို့သော် နွယ်သည် ထိုစကားကို မရှင်းပြဘဲ ဆက်ပြောသည်။

"ကိုမြင့်ခိုင်က မမနွယ်ကို ကွာရှင်းခွင့်မပေးဘူး၊ မမနွယ်ကို သူ လုံးဝကွာမပေးနိုင်ပါဘူးတဲ့"

"ဒါဆို မမနွယ်က ဇွတ်ကွာလည်း ရတာပေါ့၊ သူ့ဆီက ထောက်ပံ့ကြေး တစ်ပြားမှမယူဘဲ ကိုယ့်ဟာကိုယ် သီးခြားနေတယ်ဆိုရင် သုံးနှစ်ဆိုလား ငါးနှစ်ဆိုလား အလိုလိုတရားဝင် ကွာရှင်းပြီးသား ဖြစ်သွားတယ်လို့ ကျွန်တော်ကြားဖူးထားလို့၊ ရှေ့နေနဲ့လုပ်ရင် ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်အထိလည်း အကျိုးဆောင်တွေ ရှေ့နေတွေနဲ့လည်း မမနွယ် မလုပ်ချင်ဘူး မောင်မောင်တာ"

"ဘာလို့ မလုပ်ချင်တာလဲ"

"မလုပ်ရက်လို့ ဆိုပါတော့ကွယ်"

"မလုပ်ရက်လို့ဆိုတဲ့ စကားထဲမှာ သံယောဇဉ်ပါနေတာပဲ၊ ဦးမြင့်ခိုင်ကို မမနွယ် မချစ်ဘူးဆို"

"မမနွယ် ရှင်းပြမယ်၊ လောကကြီးမှာ စေတနာရယ်၊ ကရုဏာရယ်၊ မေတ္တာရယ်ဟာ တူသလိုလိုနဲ့ မတူဘူး မောင်မောင်တာ၊ စေတနာနဲ့ ကရုဏာဆိုတာက သီးသန့်မဆန်ဘူး၊ ယေဘုယျသဘောပဲ ရှိတယ်၊ လူလူချင်း စိမ်းချင်စိမ်း ကျက်ချင်ကျက် စေတနာသက်ရောက်တဲ့လူအပေါ် စေတနာသက်ရောက်လိုက်တာပဲ၊ ကရုဏာသက်ရောက်တဲ့လူအပေါ်မှာ သက်ရောက်လိုက်တာပဲ၊ အဲ ... နှလုံးသားထဲက ယိုစိမ့်ပြီးမှ ထွက်လာတဲ့ ချစ်ခြင်းမေတ္တာကျတော့ သိပ်ကို သီးသန့်ဆန်တယ်၊ ယေဘုယထဲမှာ လုံးဝမပါဝင်ဘူး၊ အဲ ... ကိုမြင့်ခိုင် အပေါ်မှာ မမနွယ် နှလုံးသားထဲက မေတ္တာနဲ့ မချစ်ခင်ပေမယ့် အတူနေ လင်ယောကျ်ားတစ်ယောက်အနေနဲ့တော့ စေတနာရှိတယ်၊ ကရုဏာရှိတယ်၊ ဒါကြောင့် သူ မကွာပေးချင်လည်း နေပါစေတော့လို့ပဲ သဘောထားခဲ့တယ်၊ အဲ ... ကိုမြင့်ခိုင်ကို မမနွယ်မချစ်တာပဲရှိတယ်၊ မုန်းတာတော့ မမုန်းပါဘူး"

"ဟဲ ... ဟဲ ... ဟဲ"

"မင်း ဘာလို့ ရယ်တာလဲ မောင်မောင်တာ"



"ဩော် ... ဘာပဲဖြစ်ဖြစ်ပေါ့ မမနွယ်ရာ၊ နောက်ဆုံးကျတော့ ဦးမြင့်ခိုင်ဟာ မမနွယ်နဲ့ ရှင်ကွဲမကွဲလည်း သေကွဲကွဲတော့တာကို တွေးမိပြီး ရယ်တာပါ"

နွယ်သည် မောင်မောင်တာ ရယ်ပြီးပြောလိုက်သည်ကို ရင်မောရတော့သည်။ သက်ပြင်းချရတော့သည်။

ဘယ်သူနှင့်ပဲပြောပြော ကိုမြင့်ခိုင် သေဆုံးခြင်းအကြောင်းနှင့် ပတ်သက်ပြီး ပြောလာလျှင် နောက်ဆုံး ထိုသို့ပြောလာသူသည် ကိုမြင့်ခိုင် သေဆုံးသည့်အတွက် မိမိတွင်သိန်းတစ်ရာဖိုးလောက် ရလိုက်တာပဲ မဟုတ်လားဆိုသည့် အဓိပ္ပာယ်မျိုး အကြည့်မျိုးနှင့်သာ ရင်ဆိုင်ရပေတော့သည်။

နွယ် သည်အကြောင်း ဆက်မပြောချင်တော့။

သည်နေ့ ပဲခူးကို ထွက်မလာမီကပင် ရဲအရာရှိဦးမင်းနောင် ရောက်လာပြီး အမှုမှာ အပြောင်းအလဲရှိသည်။ တရားလို ပေါ်ပေါက်လာသည်ဟု ပြောသွားသေးသည်။

ရှိပါစေတော့၊ ရှိပါစေတော့။

ကိုယ်ကောင်းလျှင် ခေါင်းမရွှေ့ဟုပင် နွယ် အားလျှော့ထားလိုက်မိသည်။

မောင်မောင်တာကိုလည်း နွယ် ဗွေမယူလိုပါ။

ည(၉)နာရီလောက်တွင် အဘပြန်လာသည်။ သူနှင့်အတူ သူ့တူ မကြာင်းနစ် ကိုငထွားဆိုသူလည်း ပါလာသည်။ ကိုငထွားက သူ့ဝပ်ရှော့တွင်ပြင်ရန် အပ်ထားသော ဂျစ်ကားဖြင့် အပြန်လိုက်ပို့သည်။ ဓာတ်ဆီ(၂)ဂါလန်ကို ပုံးနှင့်ထည့်ဝယ်လာသည်။ ဓာတ်ဆီထည့်ရန် ပိုက်ကန်တော့တစ်ခုလည်း ယူဆောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုံမလေးရေ … ခါတ်ဆီက အချပ်ကြီးနှစ်ချပ် ပေးခဲ့ရတယ်၊ ဒါတောင် ထွေား ကိုယ်တိုင်လိုက်ပြီး လော်လီကားပိုင်ရှင်ဆီက ဝယ်ခဲ့ရတယ်၊ ရော့ … လုံမလေးအချပ်ကြီးသုံးချပ်မှာ တစ်ချပ်ပိုသေးတယ်"

ကိုထွေားက ဝင်ပြောသည်။

"တစ်ဂါလန်နှစ်ရာကို တောင်းတောင်းပန်ပန် ဝယ်ရတယ်ဗျာ၊ ရန်ကုန်ထိ စိတ်ချရအောင် နှစ်ဂါလန်ဝယ်လာခဲ့တယ်"

နွယ်က အဘာလှမ်းပေးသော နှစ်ရာတန်ကို ပြန်မယူဘဲ ပိုက်ဆံအိတ်ထဲမှ နောက်ထပ် နှစ်ရာတန်နှစ်ရွက် ထပ်ထုတ်ကာ အဘာကို ထပ်ပေးလိုက်သည်။

"ရော့ … အဘာ၊ သိပ်ပင်ပန်းသွားတယ်၊ အဘာ အားရှိတာတွေ ဝယ်စားဖို့ သမီး ထပ်ကန်တော့တယ်၊ ငွေခြောက်ရာကို အဘာနဲ့ အဘာရဲ့တူ ကြိုက်သလို ဝေယူပေတော့"

"ကျုပ် မယူပါဘူးဗျာ၊ အဘာကိုတောင် ကျုပ်က ထောက်ပံ့နေတာ၊ အဘာဘာသာ ဥပုပ်စောင့်ဖို့ လှူဖို့ အားလုံးယူထားလိုက် အဘာ"

အဘာ၏သာဓုခေါ်သံတွေ ကြားရသည်။ အဘာ၏ သည်လင် သည်မယား အိုအောင်မင်းအောင် ပေါင်းရပါစေဟု ဆုတောင်းသံတွေ ကြားရသည်။

မောင်မောင်တာက ပြုံးနားထောင်ပြီး နွယ်က ရှက်ရှက်နှင့် ခေါင်းငုံ့ထားပါ၏။



ကိုထွေားက ကျွမ်းကျင်စွာ ခါတ်ဆီထည့်ပေးပြီး …

"ကဲ … နှိုးကြည့်၊ ကာဗရိုက်တာချေးပိတ်ရင်လည်း လုပ်ပေးမယ်၊ ပိတ်မယ်တော့ မထင်ဘူး၊ ကားသစ်ကြီးပဲ"

နွယ်က ကားဘေးတွင် ရပ်နေသည်။

မောင်မောင်တာက ကားစက်နှိုးရန် ကားထဲဝင်ထိုင်သည်။

မကြာင်းနစ် ကိုထွေားကလည်း နွယ်၏ဘေးတွင်ရပ်ရင်း ကားနောက်ကူရှင်ပေါ်တွင် တင်ထားသော ဒစ်စတြီဗြူတာအုံကို တွေ့သဖြင့် ကောက်ကိုင်ကြည့်ပြီး …

"ဒါ ဘောက်(စ်)ဝက်ဂွန်းကားက ဒစ်စတြီဗြူတာပဲ၊ ဘာလုပ်ဖို့ ကားထဲ ထည့်ထားတာလဲ"

ဟု မေးလိုက်သံကို နွယ်ရော မောင်မောင်တာပါ ကြားရသည်။ မောင်မောင်တာက ပြန်ပြောသည်။

"ဘောက်(စ်)ဝက်ဂွန်းက မဟုတ်ပါဘူးဗျ၊ ဒါပါဗလစ်ကာကားက ဒစ်စတြီဗြူတာပါ"

"ကြံကြံဖန်ဖန်ဗျာ၊ ကျုပ် ဆယ်နှစ်သားတည်းက ထမင်းစားကျွန်ခံ ကားပြင်အလုပ်ကို သင်လာတာ၊ အခု ကိုယ်ပိုင်ဝပ်ရှော့ထောင်တဲ့ အသက်လေးဆယ်အထိ နှစ်ပေါင်းသုံးဆယ် လုပ်လာတာ၊ ကားပစ္စည်းမြင်တာနဲ့ ဘယ်ကားက ဘာပစ္စည်းဆိုတာ တန်းခနဲသိတယ်၊ အဲဒါ ဘောက်(စ်)ဝက်ဂွန်း ပေါင်မုန့်ကားက ဒစ်စတြီဗြူတာကြီးမှ အစစ် ရေမရောဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပဲခူးက မကျောင်းနစ် မောင်ဝင်း ဒစ်စတြီဗြူတာချင်း မှားပြီးပေးလိုက်တာဖြစ်မယ်၊ တော်တော်အသုံးမကျတဲ့ မောင်ဝင်းပဲ"

ပြောပြောဆိုဆို မောင်မောင်တာက မော်တာဆွဲ စက်နှိုးလိုက်သည်။

ဆီတက်လာအောင် မော်တာအပတ်ရေများများ လှည့်ပေးရသည်မှလွဲပြီး မမနွယ်၏ကားသစ်လေးသည် အလွယ် တကူပင် ဝူးခနဲ စက်နိုးသွားတော့သည်။

ကိုငထွားက ဖြည်းဖြည်းမှ ပြန်တော့မည်ဆိုပြီး အဘ၏တဲမှာပင် နေခဲ့သည်။

အဘနှင့် ကိုငထွားကို နှုတ်ဆက်ပြီး မောင်မောင်တာ နှင့် နွယ် ကားဆက်မောင်းခဲ့သည်။

အဘက ထပ်မံပြီး ဆုတွေပေးပြန်သည်။ ထုံးစံ အတိုင်း သည်လင် သည်မယား ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ အိုအောင်မင်းအောင် ပေါင်းရပါစေဟူ၍ပင်။

"ဟဲ ဟဲ ... အဘက တော်တော် ဆုပေးကောင်းတယ်၊ အဘသာ ရဟန္တာဆိုရင် သူပေးတဲ့ဆုနဲ့ ပြည်မှာပဲနော်"

နွယ် ဘာမှမပြော။ လိုက်လျောမှုလည်းမပြု။ ကန့် ကွက်သဘောလည်း မပြဘဲ မကြားဟန် ဆောင်နေလိုက်သည်။

လမ်းတွင် တစ်လမ်းလုံး မောင်မောင်တာက စကား တွေပြောပါ၏။

နွယ်က ဘာမှ ပြန်မပြောဘဲ အိပ်ငိုက်ဟန်ဆောင် နေမှ မောင်မောင်တာ အပြောရပ်သွားသည်။



ည(၁၁)နာရီခွဲတွင် မာလာမြိုင်လမ်းထိပ်သို့ ရောက် လာပါ၏။

"ကဲ ... မိုးသိပ်ချုပ်သွားပြီ၊ ကသစ်မြိုင်ကို မမနွယ်ပဲ မောင်းသွားမယ်၊ မောင်မောင်တာ ဆောင်းရိပ်သာထိပ်မှာ ပဲ ဆင်းနေခဲ့ပေတော့"

ညဉ့်နက်ပြီမို့ ကသစ်မြိုင်အထိ မခေါ်ချင်တော့မှန်း သိသဖြင့် မောင်မောင်တာသည် သူ၏ဆောင်းရိပ်သာထိပ်တွင် ဆင်းနေခဲ့သည်။ သူ့ဒစ်စတြီဗြူတာကြီးကို ဆွဲယူသွားသည်။

နွယ်သည် ကသစ်မြိုင်ဘက်သို့ ဆက်မောင်းလာခဲ့ သည်။ သို့သော် ကသစ်မြိုင် မရောက်မီ ကွေ့အကွယ်တစ်နေရာ တွင် ကားရပ်ခဲ့ပြီး လမ်းထိပ် ဆောင်းရိပ်သာရှိရာသို့ မှောင်ကွယ် [illegible] ခင်ကာ ရောက်လာပြီး မနီးမဝေး သစ်ပင်ကြီးတစ်ပင်ကို [illegible]ကွယ်ကာ ဆောင်းရိပ်သာကို စောင့်ကြည့်နေသည်။

တစ်ခဏအတွင်းမှာပင် ဆောင်းရိပ်သာထဲမှ ကား ဖြူလေးတစ်စီး မောင်းထွက်သွားသည်ကို နွယ် သေချာကြည့်သည်။

ကားဖြူလေးသည် ပါဗလစ်ကာ ကားဖြူလေးဖြစ် နေပါ၏။ မောင်းသွားသူမှာလည်း မောင်မောင်တာပင် ဖြစ်ကြောင်း သမ်းမီးတိုင်မှ မီးရောင်ဖြင့် သဲကွဲစွာ မြင်ရပါ၏။ မှတ်မှတ်ရရ ကားနံပါတ်မှာလည်း မောင်မောင်တာ စီးနေကျ-ကားနံပါတ်ဖြစ် နေပေတော့သည်။

မောင်မောင်တာ၏ကား လမ်းမကြီးအတိုင်း [illegible]ကွေ့ မောင်းသွားလေမှ နွယ်သည် သူရပ်ထားရာ သူမ၏ကားဆီသို့ ပြန်လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တာ၏ကားဖြူလေး လုံးဝမပျက်ပါ။ သူယူဆောင်လာသော ဒစ်စတြိဖြူတာ ဆိုသည်ကလည်း ပါဗလစ်ကာကား ဒစ်စတြိဖြူတာ မဟုတ်မှန်း သေချာသွားပြီ။

မောင်မောင်တာသည် ဘာကြောင့်များ နွယ့်ကိုလိမ်ချင်ညာချင်ဘိသနည်း။

အံ့တသြပါပေ။

ကသစ်မြိုင်အိမ်သို့ ပြန်ရောက်သည်နှင့် ညစာထမင်းကိုပင် မစားတော့ဘဲ ကော်ဖီနှင့် ပေါင်မုန့်သာ စားသောက်ကာ အိပ်ရာဝင်လိုက်တော့သည်။

အိပ်ရာထဲတွင် မောင်မောင်တာနှင့် ပတ်သက်၍ အတွေးတွေ ပလုံစီတော့သည်။

မောင်မောင်တာသည် မိမိအား ချဉ်းကပ်လာသည်တော့ အမှန်ပင်။

အဘယ်သို့သော အကြောင်းအချက်ကို မူတည်ပြီး မိမိကို မောင်မောင်တာ ပူးကပ်ခြင်းပေနည်း။

မိမိအလှအပကို မက်မောပြီး ချဉ်းကပ်ခြင်းလား။

မိမိ၏ဥစ္စာကြွယ်ဝမှုကို မက်မောသဖြင့် ချဉ်းကပ်ခြင်းပေလား။

ပထမကတော့ ဒေါ်ဒေါ်အေး ပြောပြချက်အရ သူ၏ကျန်းမာရေးအရ ကသစ်မြိုင်သို့ ရေလာကူးခဲ့သည်။ သူကိုယ်တိုင်ကလည်း ယင်းသို့ပင် ပြောခဲ့သည်။ ထို့နောက် နွယ် ခရီးသွားရာမှ ပြန်ရောက်လာပြီး သူ့အား ကသစ်မြိုင်သို့ နောက်ထပ်မလာရန် ဆင်းပြီးတားမြစ်ရာမှအစ နွယ့်ကို လူကိုယ်တိုင် သူ



မြင်ဖူးပြီး နွယ်၏အလှအပတွင် ယစ်မူးသွားကာ နွယ့်အားချဉ်းကပ်သည်ဟု နွယ် ယူဆခဲ့သည်။

သူ့တွင် တစ်ခါက နွယ်ကဲ့သို့ သိပ်ချောသိပ်လှသည့် ဥမ္မာဆိုသည့် အမျိုးသမီးလေးနှင့် အိမ်ထောင်ပြုပြီး ဥမ္မာသေဆုံးသွားသည်ကို စိတ်စွဲလမ်းကာ စိတ်ရောဂါရခဲ့သည်ဟု ဆိုသည်။

ထို့ကြောင့် ဥမ္မာကဲ့သို့ ချောမောလှပသော နွယ့်ကို ချဉ်းကပ်သည်ဟုလည်း နွယ် ထင်ခဲ့မိသည်။

နွယ် တိရစ္ဆာန်ဥယျာဉ်သွားလျှင် လိုက်လာသည်။

နွယ် ပဲခူးသွားလျှင် လိုက်လာသည်။

ခင်မင်မှုကို အရင်းခံပြီး နွယ်၏နောက်သို့ တကောက်ကောက် လိုက်သည်ဆိုပါလျှင် သူသည် အဘယ်ကြောင့် လိမ်ညာပြောဆိုသနည်း။

တိရစ္ဆာန်ဥယျာဉ် လာစဉ်ကလည်း နွယ်နှင့်တွေ့ဆုံခြင်းသည် တိုက်ဆိုင်မှုဟု သူ ညာချင်သည်။

ပဲခူးကိုလည်း သူ လိုက်လာပြီး သူ၏ကားဖြူလေးပျက်သည်ဆိုကာ နွယ် အပြန်ကို တမင်တား၍ ဒစ်စတြိဖြူတာ အဟောင်းကြီးကိုင်ကာ အကြောင်းပြပြီး နှစ်ယောက်အတူခရီးကို သူ ဖန်တီးခဲ့သည်။

အဘယ်ကြောင့် သူ လိမ်ညာလေသနည်း။

သူ့အနေနှင့် ဖြောင့်ကြီးချဉ်းကပ်လျှင် နွယ်က အကပ်မခံမှာစိုးသောကြောင့် နွယ် ငြင်းပယ်ခွင့်မရသော အလိမ်အညာကို ဖန်တီးကာ ချဉ်းကပ်ခြင်းလည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ။ အကယ်၍ မောင်မောင်တာက မမနွယ်ကို ကျွန်တော် ချစ်သောကြောင့် ထိုကဲ့သို့ အလိမ်အညာတွေ ဖန်တီးပြီး ချဉ်းကပ်ရပါသည်ဟုဆိုလာလျှင် နွယ်က မောင်မောင်တာကို စိတ်ဆိုးမည်တဲ့လား။

နွယ် ဘာဖြစ်မှန်းမသိ။

မောင်မောင်တာကို နွယ် စိတ်မဆိုးရက်ပါပေ။

နွယ် ကိုယ့်ဟာကိုယ် ဆန်းစစ်မိသည်။ တစ်သက်လုံး နှလုံးသားမေတ္တာနှင့် ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှ ရင်မခုန်ဘူးသောနွယ်သည် မောင်မောင်တာနှင့် အတွေ့တွင် ရင်ခုန်ခဲ့သည်။

ယနေ့ မော်တော်ကား လမ်းတွင်ပျက်ချိန်မှစပြီး နွယ်၏ရင်မှာ ခုန်လိုက်သည့်ဖြစ်ခြင်း အဘ၏ ထင်းတဲပေါ်နေချိန်၌လည်း နွယ်၏ရင်သည် အဆက်မပြတ် ခုန်နေသည်။

မောင်မောင်တာအား နွယ်၏ရင်ထဲ နှလုံးထဲမှ ယိုစိမ့်လာသော မေတ္တာဖြင့် ချစ်မိနေလေပြီလား။

ကိုယ့်ဟာကိုယ်ပင် နွယ်သည် ဘယ်လိုအဆုံးအဖြတ်ပေးရမည်မှန်း မသိပါချေတကား။ သို့သော် ...

မောင်မောင်တာ ပြောခဲ့သော စကားများထဲတွင် ကိုမြင့်ခိုင်ကို မိမိက ဖွတ်ကွာရှင်းရန် ကြိုးစားခြင်းမပြုခဲ့သည်မှာ ကိုမြင့်ခိုင် ကျန်ခဲ့မည်ဖြစ်သော သိန်းပေါင်းများစွာ ငွေကြေးကို မိမိ အလိုရှိသောကြောင့်လားဆိုသည့် သံသယစကားတွေပါဝင်ခဲ့သည်။



အဓိပ္ပာယ်ကောက်ယူလျှင် နောက်ဆုံး ကိုမြင့်ခိုင်သေတော့ မမနွယ်ပဲ ကိုမြင့်ခိုင်ရဲ့ဥစ္စာကြေးငွေတွေ ရလိုက်တာပဲ မဟုတ်လားဟု အဓိပ္ပာယ်သက်ရောက်နေသလို ဖြစ်နေသည်။

အကယ်၍ မောင်မောင်တာက မိမိကို ချစ်ရေးဆိုလာပါက နွယ်သည် ခါးခါးသီးသီး ငြင်းပယ်နိုင်စွမ်း ရှိပါမည်တဲ့လား။

လူကြားကောင်းအောင် မိမိ၏သားအရွယ်ရှိသူနှင့် အရက်ကို ငါးပြတိုက်လမ်းတွင် မောင်မောင်တာက သက်စွန့်ကြိုးပမ်း ကယ်တင်ခဲ့သော ကျေးဇူးကြောင့် မောင်မောင်တာ အရေးဆိုလာလျှင် ငြင်းရခက်သည်ဟု အကြောင်းပြချက်ဖြင့် ဆင်ခြေပေးကောင်း ပေးမိမည်။

တကယ်တော့ နွယ်၏ရင်ထဲကကို ငြင်းပယ်ရန် ဇဝေဇဝါ ဖြစ်နေခြင်း ဖြစ်သည်။

ယခုလိုသာ မောင်မောင်တာနှင့် မိမိ နေ့စဉ်တွေ့ဆုံနေပါက (ဖြစ်ချင်သည်ထားဦး)မဖြစ်မြောက်သင့်သော ကိစ္စဖြစ်သွားနိုင်သည်။

ဘယ်နည်းနှင့်မဆို နွယ်သည် မောင်မောင်တာကို ရှောင်ရပေမည်။

စရန်ယူဇာတ်ကားတွေ အားလုံး ရိုက်ပေးပြီးပါက နွယ်သည် တစ်မျိုးတစ်မည် စီစဉ်တော့မည်ဟု ဆုံးဖြတ်ရင်း မျက်လုံးအစုံကို ဖွတ်မှိတ်ထားလိုက်တော့သည်။

✤ ✪ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၈

ဒေါ်ဒေါ်အေး ငှားပေးသော အငှားကားဖြင့်ပင် နွယ်သည် ဘူတာကြီးသို့ လာခဲ့သည်။

စရန်ငွေလက်ခံထားသော ဇာတ်ကားတွေအတွက်လည်း အားလုံး နွယ် ရိုက်ပေးခဲ့သည်။

ကားရိုက်ရက်အတွင်း မောင်မောင်တာကိုလည်း အတွေ့မခံဘဲ ရှောင်နိုင်ခဲ့သည်။ မောင်မောင်တာ ရေလာမကူးမီ နံနက်(၇)နာရီက ထွက်ခဲ့သည်။ ညနေ(၆)နာရီ နောက်ပိုင်းမှ ကသစ်မြိုင်သို့ ပြန်လာသည်။ တချို့ရက်ဆိုလျှင် ကသစ်မြိုင်သို့ပင် နွယ် မပြန်ပေ။ ရုပ်ရှင်ဇာတ်ပို့ဇာတ်ရံအဖြစ် မိဘအခန်း၊ အဒေါ်အခန်းကပါသော ဇာတ်ပို့ဇာတ်ရံများ၏အိမ်တွင် လိုက်အိပ်သည်။ တစ်ခါတလေကျတော့လည်း အဖျော်ယာမကာမရောင်းသည့် သီးသန့်တည်းခိုခန်းတွင် ညအိပ်သည်။

မောင်မောင်တာက မိမိကို မတွေ့သဖြင့် ဒေါ်ဒေါ်အေးအား ခဏခဏမေးသည်ဟု ဒေါ်ဒေါ်အေး ပြန်ပြော၍ သိရသည်။



မတာတ်နိုင်တော့ပြီ။

မီးကိုမလောင်ခင်က တားသည်မှာ အကောင်းဆုံးဖြစ်ပါ၏။

နဂိုကမှ မစွမ်းရင်းရှိနေသော နွယ်သည် ကန်စွန်းခင်းငြီသည်နှင့် လဲပြိုတော့မည့် အခြေအနေရောက်နေမှန်း ကိုယ့်ဟာကိုယ်သိသည်။

ဘာမှမဖြစ်ခင် ဝေးရာသို့ ပြေးသည်ကပဲ ကောင်းမြဲမည်။

နွယ်သည် ရထားလက်မှတ် ကြိုတင်ယူထားပြီးသားဖြစ်သည်။

နွယ် ဘူတာကြီးသို့ ရောက်ချိန်မှာ ရထားထွက်ရန် မိနစ်နှစ်ဆယ်သာသာ လိုသေးသည်။ နွယ့်တွင် ပစ္စည်းများများပါသည်မဟုတ်။ အဝတ်အစား ဇစ်ဆွဲအိတ်ကြီး တစ်အိတ်နှင့် အသေးစား ဆွဲအိတ်တစ်ခုသာ ပါရှိသည်။

နွယ်၏ အထက်တန်းတွဲ ထိုင်ခုံနံပါတ်ရပြီးသားမို့ နွယ်သည် တွဲပေါ်တက်မထိုင်သေးဘဲ ဘူတာစားသောက်ဆိုင်ကြီး တစ်ဆိုင်တွင် ဝင်ထိုင်ကာ ဒိန်ခဲညှပ်ပေါင်မုန့်နှင့် နက်(စ်)ကော်ဖီမှာယူစားသောက်နေစဉ်မှာပင် ...

"ဟော ... မနွယ်ပါလား၊ ဒုတိယအကြိမ် ခရီးထွက်ဦးမယ် ထင်တယ်"

"သြော် ... ဦးမင်းနောင်၊ အတော်ပဲ၊ မနေ့က ဦးမင်းနောင်ဆီ နွယ် ဖုန်းဆက်သေးတယ်၊ ခရီးထွက်မယ့်အကြောင်း တင်ကြိုပြောပါဆိုလို့ ဆက်တာပါ၊ ဒါပေမဲ့ ဦးမင်းနောင်

www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်သွားတယ်လို့ အဲဒီက ဒုတိယရဲအုပ် ဦးအောင်ကြိုင်က ပြန်ပြောပါတယ်"

"ဟုတ်တယ် မနွယ်၊ ကျုပ် မနေ့ညက မိုးချုပ်မှ ပြန်ရောက်တယ်၊ ကိုအောင်ကြိုင်က မနွယ် ဖုန်းဆက်ကြောင်းပြောပါတယ်"

"ကဲ ... ဒါဆို ဆင်းဒဝတ်ချ်နဲ့ နက်စ်ကော်ဖီ သောက်ပါဦး၊ နွယ်က တိုက်မှာပါ၊ နွယ်ကျွေးတဲ့ ဆင်းဒဝတ်ချ်စား၊ နက်စ်ကော်ဖီသောက်ပြီး မေးချင်တာ မေးပေတော့၊ အခု ဦးမင်းနောင် ဒီလောက်အစောကြီး ဘူတာကိုလိုက်လာတာ မနွယ်ကို မေးချင်မြန်းချင်လို့ လိုက်လာတာပဲ မဟုတ်လား"

ဦးမောင်နောင်က နွယ် ပြောသည်ကို ရယ်မောရင်း စားပွဲထိုးအား မနွယ်ကဲ့သို့ပင် ဒိန်ညှပ်ပေါင်မုန့်နှင့် နက်စ်ကော်ဖီ ယူခဲ့ရန် မှာကြားလိုက်သည်။

"မနွယ် ပြောတာကို မဟုတ်ဘူး ဟုတ်တယ်လို့ ဖြေရမှာပဲ၊ အခု အစောကြီး ဘူတာကို လာတာကတော့ မနွယ်နောက်ကို လိုက်လာတာ မဟုတ်ဘူး၊ ဒီပြင်ကိစ္စတစ်ခုကြောင့် အိပ်ရာထဲက မထချင်သေးဘဲ ဖွတ်ထလာရတာ၊ အဲ ... အခု မနွယ်နဲ့ ဒီမှာတွေ့တော့ မနွယ်နဲ့ပတ်သက်ပြီး ပြောချင်တာလေးတွေ ပြောရတာပေါ့"

"ကိုမြင့်ခိုင် ကိစ္စပဲလား"

"အင်းပေါ့ ... မနွယ်နဲ့ကျုပ်မှာ တခြားအာလာပသလ္လာပ ပြောစရာစကားမှ မရှိတာ၊ ကိုမြင့်ခိုင် သေဆုံးမှုနဲ့ပတ်သက်ပြီးပဲ ပြောစရာရှိတာပဲ"



"ဒါဆိုလည်း ပြောပြပေါ့ ဦးမင်းနောင်၊ သိပြီးသား အပ်ကြောင်းထပ်တွေတော့ ထပ်မပြောနဲ့ပေါ့၊ နွယ် ရထားမထွက်ခင် အပြီးပြောပါလား၊ နွယ်က ရင့်လိုက်တာလို့ မထင်ပါနဲ့နော်၊ ရထားလက်မှတ်ရဖို့က လွယ်တာမဟုတ်လို့၊ အခုရပြီးသား ရထားလက်မှတ်လေး မဆုံးစေချင်လို့ပါ"

"အင်း ... အပ်ကြောင်းထပ် မဟုတ်ဘူးပဲ ဆိုပါတော့လေ၊ တရားလိုပေါ်လာပြီး ကိုမြင့်ခိုင် သေဆုံးမှုဟာ လူသတ်မှုပါလို့ပြောမှ ကျုပ် သေချာပြန်ဆန်းစစ်တာ၊ အချက်နှစ်ချက် နောက်ထပ်တွေ့ရတယ်၊ ပထမအချက်ကတော့ လေသွင်းမွေ့ရာပေါ်မှာ ကိုမြင့်ခိုင် အိပ်ပျော်သွားပြီး စီးကရက်မီးက ကိုမြင့်ခိုင် လက်ကြားညှပ်ထားရာက လေသွင်းရာဘာမွေ့ရာကို ထိုးဖောက်လို့ ရာဘာမွေ့ရာ ပေါက်ကွဲပြီး သွားတယ်လို့ ယူဆစရာဖြစ်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီအချက်ကို မကျေနပ်လို့ ကျုပ် အမျိုးမျိုး ရေကူးကန်မှာ လက်တွေ့စမ်းသပ်ကြည့်တယ်၊ ကိုမြင့်ခိုင်ရဲ့ပေါက်ကွဲသွားတဲ့ လေသွင်းရာဘာမွေ့ရာနဲ့ အရွယ်တူ အမျိုးအစားတူ ထပ်တူထပ်မျှတူတဲ့ လူကိုလည်း ထပ်ရှာပြီး အဲဒီလူကို ရာထားတဲ့ မွေ့ရာပေါ်မှာ ပက်လက်လဲစေတယ်၊ သူ့ညာလက်ထဲ စီးကရက် ညှပ်ထားစေတယ်၊ ပြီး ... သူ့ရဲ့ စီးကရက်ညှပ်လက်ကို လျှောလျှောရဲရဲပုံစံနဲ့ ဘေးကိုအလိုက် သင့် ချစေတယ်၊ အဲဒီတော့ ဘာတွေ့ရတယ် ထင်သလဲ မနွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဦးမင်းနောင်ရယ်၊ နွယ် ဘာသိနိုင်မှာတဲ့လဲ"

"ကျုပ် ပြောပြမယ် အဲဒီလက်တွေ့စမ်းသပ်ချက်အရ ရာဘာမွေ့ရာပေါ်ကလူ ညာလက်ကို အလိုက်သင့်ချလိုက်တဲ့အခါ လက်ချောင်းမှာ ညှပ်ထားတဲ့ စီးကရက်က ရာဘာမွေ့ရာကို မထိဘဲ လက်ကောက်ဝတ်လောက်ကနေပြီး လက်ချောင်းတွေဟာ လေမွေ့ရာအပြင်ဘက် ရေပြင်ဘက်ကို ရောက်နေတယ်"

"ဪ ... ဪ"

"လက်ဝဲဘက်လက်နဲ့ စမ်းသပ်တော့လည်း ဒီအတိုင်းပဲ၊ စီးကရက်လက်ချောင်းညှပ်မီးဟာ လေသွင်းရာဘာမွေ့ရာနဲ့ မထိဘဲ လွတ်ပြီး ရေပြင်ပိုင်းပဲ ကျနေပြန်တယ်"

မှာထားသော ပေါင်မုန့်ဒိန်ခဲညှပ်နှင့် နက်(စ်)ကော်ဖီ ရောက်လာသဖြင့် ဦးမင်းနောင်သည် စားလည်း စားနေသည်။ သောက်လည်း သောက်နေသည်။

"ဒါဖြင့် ကိုမြင့်ခိုင်ရဲ့လက်ကြားညှပ်တဲ့ စီးကရက်မီးကြောင့် ရာဘာမွေ့ရာ ပေါက်ကွဲတာ မဟုတ်ဘူးလို့ သီအိုရီဆွဲနိုင်တာပေါ့၊ ဟုတ်လား ဦးမင်းနောင်"

"ကျုပ်ရဲ့လက်တွေ့စမ်းသပ်ချက်မှာ တွေ့ရှိတာကို ပြောပြတာပါ၊ အခုအချိန်ထိတော့ ရာဘာလေသွင်းမွေ့ရာဟာ စီးကရက်မီးကြောင့် ပေါက်ကွဲတာလား၊ ဒါမှမဟုတ် တခြားနည်းနဲ့ ပေါက်ကွဲတာလား ဆိုတာ မဆုံးဖြတ်သေးဘူး၊ ဘာလို့လဲဆိုတော့ ရာဘာမွေ့ရာမှာ မီးကျွမ်းပြီး ပေါက်ကွဲတဲ့အရာ ကျန်နေတာကို တွေ့ထားတာကိုး"



"ဒါဆို စဉ်းစားရခက်သားပဲ ဦးမင်းနောင်"

"ဟုတ်တယ် မနွယ်၊ ဒါကြောင့် စဉ်းစားဆဲ စုံစမ်းဆဲပဲ ဆိုပါတော့၊ အဲ ... နောက်တစ်ချက် ရှိသေးတယ်"

ဦးမင်းနောင်က စားလက်စ သောက်လက်စကို အပြီးသတ် စားသောက်ပြီး လက်သုတ်ပဝါဖြင့် နှုတ်ခမ်းပါးစပ်ကို သုတ်ပြီးမှ ဆက်ပြောသည်။

"အဲဒီ နောက်တစ်ချက်က ကိုမြင့်ခိုင် လွန်ကဲစွာသောက်သွားပါတယ်ဆိုတဲ့ အိပ်ဆေးပုလင်းကို မတွေ့ရသေးတာပဲ"

"ဒါနဲ့ ခွဲစိတ်တဲ့ ဆရာဝန်ရဲ့မှတ်ချက်နဲ့ ဒေါက်တာဦးအောင်သန်းရဲ့ ထွက်ဆိုချက်ဟာ အိပ်ဆေးတစ်မျိုးတစ်စားတည်းဖြစ်ကြောင်း တူညီတယ်ဆို"

"မှန်တယ်လေ၊ တူညီတာကတော့ တူညီတာပဲ၊ ကျုပ်ပြောနေတာက အဲဒီ ကိုမြင့်ခိုင်သောက်တဲ့ အိပ်ဆေးမူရင်းပုလင်းကို မတွေ့သေးတာကို ပြောတာ၊ ကိုမြင့်ခိုင်ဟာ အိပ်ဆေးတွေကိုသောက်ပြီး ပုလင်းကို တမင်တကာတော့ ဝှက်ထားမှာ မဟုတ်တော့ဘူး၊ ယုတ်စွအဆုံး ပုလင်းထဲက ဆေးတွေကို အားလုံးသောက်ပစ်တယ်ထား၊ ပုလင်းလွတ်ကို သူ့အခန်းထဲမှာပဲ ပစ်ချထားလိုက်နိုင်တယ်၊ ကျုပ်အနေနဲ့ ကိုမြင့်ခိုင်ရဲ့အိပ်ခန်းကို ရှာခဲ့သေးတာပဲ၊ ပုလင်းကို တွေ့မှမတွေ့တာ၊ ကဲ ... ကျုပ်က မနွယ်ကိုတွေ့ရင် အဲဒါ ပြောမလို့ပါ၊ တမင်တကာ လိုက်ပြောစရာ အကြောင်းလည်း မဟုတ်ပါဘူး၊ ဪ ... ဒါထက် အခု မနွယ် ခရီးထွက်သွားမှာ မန္တလေးကိုပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"အခု လက်မှတ်ယူထားတာတော့ မန္တလေးပဲ၊ ဒါပေမဲ့ မြစ်ကြီးနား၊ မိုးကုတ်တို့ဘက် ရောက်ချင်လည်းရောက် သွားမှာ ဦးမင်းနောင်၊ ဒါပေမဲ့ မပူပါနဲ့၊ နွယ်ရောက်ရှိရပ်နားရာ နေရာတိုင်းကို ဒေါ်ဒေါ်အေးဆီ ဖုန်းဆက်ပြောထားမှာပါ၊ ဦးမင်းနောင် နွယ့်ကိုတွေ့ဖို့ ပြောဖို့လိုတယ်ဆိုရင် ဒေါ်ဒေါ်အေးကိုသာ မေးပါ"

"အင်းပါလေ ... မလိုလဲလိုလဲ မေးထားတာပါ၊ ကျုပ်ကိုယ်တိုင်လည်း ခရီးတွေထွက်စရာ ရှိနေသေးတယ်၊ ကဲ ... ကျုပ်သွားမယ် မနွယ်၊ ပေါင်မုန့်နဲ့ ကော်ဖီအတွက် ကျေးဇူးတင်တယ်"

ဦးမင်းနောင်သည် ထွက်သွားပြီး လေးငါးလှမ်းကျမှ နွယ့်ဆီသို့ ပြန်လှည့်လာပြန်သည်။

"ဩော် ... မနွယ်ကို မေးလိုက်ရင်လည်း ပြီးတာပေါ့လေ၊ သက်ဆိုင်ရာတွေကို သွားမေးရင် အချိန်ကုန်မလားလို့၊ ဟို မနွယ်အနေနဲ့ ကိုမြင့်နိုင် ဘဏ်မှာထားခဲ့တဲ့ ငွေတွေကို မနွယ် နာမည်နဲ့ လွှဲယူပြီးပြီလားဟင်"

"လုံးဝမလွှဲသေးဘူး၊ လွှဲဖို့တောင် သတိမရဘူး၊ အခု ဦးမင်းနောင် ပြောမှ သတိရတယ်"

"ကိုမြင့်နိုင်ရဲ့ အသက်အာမခံငွေတွေကော ထုတ်ယူပြီးပြီလား"

"ဘယ်အာမခံကုမ္ပဏီမှာ ကိုမြင့်နိုင် အပ်ထားခဲ့မှန်းတောင် မသိဘူး၊ အိမ်မှာတော့ အသက်အာမခံကုမ္ပဏီရဲ့တံဆိပ်ဘလော်ကတုံးအနီနဲ့ ရိုက်ထားတဲ့ စာအိတ်ရှည်နှစ်အိတ်



တော့ စားပွဲပေါ်မှာ တွေ့ခဲ့မိတယ်၊ နွယ်လည်း စိတ်မအားလူမအားနဲ့မို့ ဖွင့်မဖတ်ဖြစ်သေးဘူး၊ အို ... ကိုမြင့်နိုင်သေဆုံးတဲ့နေ့ကစပြီး ကိုမြင့်နိုင်ရဲ့အိပ်ခန်းကို နွယ် ခုချိန်ထိ တစ်ခါမှ မဝင်သေးဘူး၊ သူ့မီးခံသေတ္တာလည်း ဖွင့်မကြည့်မိသေးဘူး၊ အိပ်ခန်းသန့်ရှင်းရေးအတွက် ဒေါ်ဒေါ်အေးပဲ တစ်ခါတလေ ဝင်လုပ်တယ်"

"ဒါဆို မီးခံသေတ္တာသော့ကကော"

"ကိုမြင့်နိုင်အိပ်တဲ့ ခေါင်းအုံးအောက်မှာပဲ"

"တကယ်လို့ ဒေါ်အေးက မီးခံသေတ္တာဖွင့်ပြီး အထဲကပစ္စည်းတွေ ယူရင်ကော"

"ဒေါ်ဒေါ်အေး ဘယ်တော့မှ ဒီလိုမလုပ်ဘူးလို့ နွယ်လုံးဝယုံကြည်ထားတယ်၊ ဒေါ်ဒေါ်အေးဟာ ဘာဆိုဘာကိုမှ မမက်မောဘူး၊ နွယ့်သံယောဇဉ် တစ်ခုတည်းထားရှိတဲ့သူပဲ၊ နွယ့်အတွက် အရာရာ စိတ်ချရပြီဆိုရင် ဒေါ်ဒေါ်အေးက ယောဂီဝတ်ချင်ဝတ်၊ ဒါမှမဟုတ် သီလရှင်ဝတ်ချင်ဝတ်မယ်လို့ ပြောနေသူပဲ"

ဦးမင်းနောင် ပခုံးတွန့်ပြသည်။

"ဒါဆို ကိုမြင့်နိုင်နဲ့ အိမ်ထောင်ကျတုန်းက ဒေါ်အေးဟာ သီလရှင်တို့ ယောဂီတို့ ဝတ်သွားပါလား၊ ဘာလို့မဝတ်သလဲ မနွယ်"

"အဲဒါလည်း သူ ပြောပြတယ်၊ ကိုမြင့်နိုင်ဟာ နွယ်ရဲ့ရာသက်ပန် စိတ်အေးသင့်တဲ့ ယောက်ျားတစ်ယောက်မဖြစ်နိုင်ဘူးထင်လို့ ဒေါ်ဒေါ်အေးက နွယ့်ကိုမထားခဲ့သေးတာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



မီးရထားမှ ထွက်ရန်ငါးမိနစ်သာ လိုတော့ကြောင်း အချက်ပေးသံ ထွက်လာသည်။

ဦးမင်းနောင် နှုတ်ဆက်ထွက်ခွာသွားပါ၏။ နွယ်က ကျသင့်ငွေအားလုံးရှင်းပြီး သူမ၏တွဲပေါ်တက်ကာ သူမ၏နံပါတ်တိုင်ခုံတွင် ထိုင်လိုက်ပြီး တစ်ခဏအတွင်းမှာပင် မီးရထားထွက်ခွာစပြုပေတော့သည်။

နွယ်က မီးရထားတွဲ ပြတင်းပေါက်ဘက်တွင် ထိုင်ခုံရထားပေသည်။

ယနေ့ မန္တလေးရထား၏ အထက်တန်းတွဲတွင် ထိုင်ခုံတွေ လူရှင်းလှသည်။ နွယ်ထိုင်သော ခုံလေးခုံ မျက်နှာချင်းဆိုင်တွင် မီးရထားထွက်လာသည်အထိ ဘယ်သူမျှမရှိ။ နွယ်တစ်ယောက်တည်းသာ ရှိသည်။ ဤအမြန်ရထားသည် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ သာစည် စသည့် လေးငါးဘူတာသာ တစ်ဘူတာလျှင် သုံးလေးမိနစ် ခရီးသည် အဆင်းအတက်အတွက် ရပ်ပေးပြီး မန္တလေးအထိ တောက်လျှောက်ခုတ်ရထား ဖြစ်သည်။

တချို့ ပဲခူးမှ လိုက်ပါလိုသူတို့သည် ရန်ကုန်ဆင်းပြီး လက်မှတ်ကြိုဝယ်ကာ ရထားပဲခူးဆိုက်မှ တက်ရောက်သူများ ရှိတတ်သည်။ ထို့ကြောင့် ထိုင်ခုံတွေ အားလပ်နေသလား မပြောတတ်။

နွယ်သည် ဘေးဝန်းကျင်ကိုကြည့်ရင်း လိုက်ပါလာခဲ့သည်။

ရန်ကုန်မှအထွက်တွင် တော်တော်မြန်မြန်လေး ခုတ်မောင်းလာခဲ့ပြီး ဒါးပိန်ဘူတာတွင် မီးရထားသည် ရပ်လိုက်သည်။



ဘာကြောင့်ရပ်မှန်း နွယ် မသိ။ နွယ်သည် နောက်မှီကူရှင်အရှည်ကြီးကိုမှီပြီး မှေးနေလိုက်သည်။

ရထားစီးခရီးသည်အချို့ အောက်ဆင်းကြသည်။ အမျိုးမျိုး ပြောသံကြားရသည်။

ရှေ့တွင် ရထားလမ်းပြင်နေသည်ဟုလည်းကောင်း။

ရထားနှစ်စီး ခရော့စင်ရှိသည်ဟုလည်းကောင်း။

နွယ်ကတော့ မစပ်စုပေ။ အိမ်မှ ထွက်လာကတည်းက မည်သည့်နေရာတွင် မည်မျှပင်ကြာကြာ နေလိုက်မည်ဟု ဆုံးဖြတ်ထားခြင်း ဖြစ်ခဲ့သည်။

ဒါးပိန်တွင် နာရီဝက်သာသာကြာအောင် ရပ်ထားပြီးမှ မီးရထားသည် ဥသြသံပေးကာ ဆက်၍ထွက်ခဲ့သည်။ မကြာမီအတွင်းမှာပင် ပဲခူးဘူတာသို့ ရထားဆိုက်ပေသည်။

“မမနွယ် … မမနွယ်”

“ဟယ် … မောင်မောင်တာ”

အဝေးကြီးမှ ပန်းပြေးလာသူတစ်ဦးပမာ မောင်မောင်တာသည် နွယ်၏ဘေးထိုင်ခုံတွင် မောကြီးပန်းကြီး ဝင်ထိုင်လိုက်သည်။

ထိုင်ခုံမှာ ခုံတည့်တည့်ထိုင်သည် မဟုတ်ဘဲ နွယ်ရှိရာဘက်သို့ ကိုယ်တစ်ခြမ်း စောင်းထိုင်သည်။

“မမနွယ် ရက်စက်တယ်ဗျာ၊ ကျွန်တော့်ကို အတွေ့လည်း မခံဘူး၊ ရှောင်နေတာ အကြာကြီးပဲ၊ အခုလည်း မမနွယ် တိတ်တိတ်လေး ထွက်ပြေးတယ်၊ ကျွန်တော် အရမ်းစိတ်မောရတယ် မမနွယ်၊ အရမ်းကြီးကို စိတ်မောရတယ်”

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသည် ဆိုခြင်းမှာ ဒါမျိုးပင် ဖြစ်ပါ၏။

တစ်ချီတည်း ဝုန်းခနဲ ပေါက်ကွဲတောက်လောင်လေတော့သည်။ နွယ်၏ရင်ထဲမှာ အစိုင်အခဲ ဖြစ်နေသည်။

မောင်မောင်တာ၏ ရင်ထဲမှာလည်း အစိုင်အခဲ ဖြစ်နေသည်။

သို့သော် သူတို့ကိုယ်စီ၏ အစိုင်အခဲကို မထိတွေ့အောင် ထိန်းသိမ်းကြသည်။ ရှောင်တိမ်းကြသည်။ တသီးတခြားစီနေရာတွင် ရှိနေစေသည်။

မမနွယ်ကို သိပ်ချစ်တယ်ဟု တစ်ခွန်းမျှ နှုတ်မှ မဖွင့်ဟဘဲလျက် နွယ်၏လက်ဖဝါးလေးနှစ်ဖက်ကို လွတ်ပြေးမှာစိုးလှသည့်အသွင် မောင်မောင်တာက ဆုပ်ကိုင်ထားသည်။

နွယ်ကလည်း မရုန်းဖယ်မိရုံမက မောင်မောင်တာ၏ လာကိုင်ထားသော လက်ကိုပင် ပြန်၍ဆုပ်ထားမိသည်။

တစ်ယောက်ကိုတစ်ယောက် ရီဝေသောအကြည့်ဖြင့် ကြည့်နေစဉ်မှာပင် မီးရထားသည် ပဲခူးဘူတာမှ ထွက်ခွာခဲ့လေပြီ။

"မနွယ်ကို ကျွန်တော် သိပ်ချစ်တယ်ဗျာ၊ မနွယ်ကကော ကျွန်တော့်ကို ပြန်ချစ်တာပဲ မဟုတ်လားဟင်"

နွယ် ခေါင်းညိတ်ပြလိုက်သည်။

နွယ် ဆက်၍ဟန်မဆောင်လိုတော့ပြီ။ မိမိသည် အပျိုစင်မလေးမဟုတ်။

မောင်မောင်တာကလည်း အတိတ်မေ့နေသော ကြောင့်သာ သူ့ဟာသူ သိချင်မှသိမည်။ သူလည်း ဥမ္မာနှင့်လက်ထပ်ခဲ့ဖူးသူ ဖြစ်ပါ၏။



ရင်ထဲက စိမ့်ယိုလာသော အချစ်ဖြင့်လည်း ချစ်နေကြပြီမို့ ဟန်မဆောင်ချင်တော့ပြီ။

"ဒါဆို မမနွယ်နဲ့ ကျွန်တော် လက်ထပ်ကြရအောင်ဗျာ၊ ဘယ့်နှယ်လဲ မမနွယ်"

"ဖြည်းဖြည်းပေါ့ မောင်မောင်တာ၊ မမနွယ် မောင်မောင်တာကို နောက်ထပ် ရှောင်လည်း ရှောင်မနေတော့ဘူး၊ ထွက်လည်း မပြေးတော့ပါဘူး"

"ဒါဆို အခုတစ်ခါ ရထားရပ်ရင် တောင်ငူဘူတာပဲ၊ အဲဒီမှာ ဆင်းမယ်လေ မမနွယ်၊ တောင်ငူကို မွန်းလွဲတစ်နာရီလောက် ရောက်မှာပါ၊ ရုံးချိန်မီသေးတာပဲ၊ တောင်ငူမှာပဲ တရားရုံးဝင်ပြီး လက်ထပ်လိုက်ကြစို့နော် မမနွယ်"

"အခြေအနေ ကြည့်ကြသေးတာပေါ့၊ မမနွယ်အတွက် ဒုတိယအကြိမ် လက်ထပ်ခြင်းဟာ ဒုတိယအကြိမ်အမှားမျိုးနဲ့ ဒုတိယအကြိမ် ကွဲရဲ့ဝေဖန်စရာ ဖြစ်မလားဆိုတာ စဉ်းစားသင့်တယ် မောင်မောင်တာ၊ နောက်တစ်ချက်က ဒုတိယအကြိမ် မမနွယ်ရဲ့ရုပ်ရှင်မင်းသမီးဘဝရဲ့ နာစေခြင်း ဖြစ်သွားမလားလို့"

"ဒုတိယအကြိမ် လက်ထပ်ခြင်းဟာ ဒုတိယအကြိမ်အမှား မဖြစ်ပါဘူး မမနွယ်၊ ပထမအကြိမ် မမနွယ် လက်ထပ်တုန်းက ဦးမြင့်ခိုင်ကို မမနွယ် လုံးဝမချစ်ဘဲနဲ့ လက်ထပ်တာ မဟုတ်လား၊ အခုကျတော့ မမနွယ်က ကျွန်တော့်ကို ပြန်ချစ်လို့ လက်ထပ်တာပဲဟာ၊ ချစ်ခြင်းမေတ္တာရဲ့လုပ်ဆောင်ချက်မှာ အမှားဆိုတာ ရှိကိုမရှိဘူး မမနွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မှန်ပါတယ်၊ အခု မမနွယ်ရဲ့ရင်ထဲနှလုံးလုံးက မောင်မောင်တာကို ချစ်မိတာကိုး"

"ဒါဆိုပြီးပြီ မမနွယ်၊ ရုပ်ရှင်မင်းသမီးဘဝရဲ့ ဒုတိယနာခြင်းဆိုတာလည်း ထည့်စဉ်းစားစရာ မလိုပါဘူး၊ နိုင်ငံခြားရုပ်ရှင်တွေမှာ သိပ်လူကြိုက်များ သိပ်နာမည်ကျော်တဲ့ရုပ်ရှင်မင်းသမီးတချို့ဟာ ယောကျ်ားတွေ ယောတစ်ယောက်ယောတစ်ယောက် ယူကြတာတွေ ရှိပါတယ်၊ အဲဒီမင်းသမီးတွေကို နှစ်သက်တဲ့ ပရိသတ်တွေက လျော့နည်းမသွားကြပါဘူး၊ ဘာဆိုင်လဲ ပရိသတ်ကြီးချစ်မြတ်နိုးတာက မမနွယ်ရဲ့သရုပ်ဆောင်အစွမ်းနဲ့ အနုပညာကို ချစ်မြတ်နိုးကြတာပဲ၊ မမနွယ်ရဲ့ ကိုယ်ရေးကိုယ်တာတွေကို ချစ်မြတ်နိုးတာမှမဟုတ်တာ၊ ဟဲ ဟဲ ... ကိုယ့်ဘက်ယက်တဲ့ လိပ်ကြီးစကားမျိုး ပြောရရင် ကျွန်တော့်ကို မမနွယ် ဒုတိယအကြိမ်လက်ထပ်တာဟာ မမနွယ်ရဲ့ပရိသတ်ကြီး ပိုမိုလှုပ်ရှားသွားစေတဲ့ စတန့်နဲ့ ကြော်ငြာတောင် ဖြစ်သွားမှာပါ"

"တတ်တယ်"

နွယ်မျက်စောင်းထိုး၍ ပြောလိုက်သည်ကို မောင်မောင်တာက သဘောကျ နှစ်ခြိုက်စွာ ရယ်သည်။

"ဒါထက် ပြောပါဦး၊ အတာက ဘယ်လိုသတင်းကြားပြီး ပဲခူးကိုအမီ ဘယ်လိုလိုက်လာတာလဲ"

"အဲဒါ တိုက်ဆိုင်မှုပဲလား၊ ကိုယ်စောင့်နတ်က နှိုးဆော်တာလား၊ ဒါမှမဟုတ် ဖူးစာရေးနတ်ကပဲ လှုံ့ဆော်တာ



လား မသိဘူး မမနွယ်၊ ညက ကျွန်တော် မမနွယ်ကို စဉ်းစားပြီး အိပ်မပျော်ဘူး၊ သန်းခေါင်ကျော်တော့ အိပ်ပျော်သွားတယ်၊ မနက်ခြောက်နာရီထိုးဖို့ ဆယ်မိနစ်အလိုမှာ ပြန်နိုးတယ်၊ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်၊ ဝမ်းနည်းသလိုလို ခံစားရတာ၊ ဒါနဲ့ မမနွယ်တို့ ကသစ်မြိုင်ကို ဖုန်းဆက်ကြည့်တယ်၊ ဒေါ်ဒေါ်အေးနဲ့တွေ့တယ်၊ မမနွယ် မန္တလေးအမြန်ရထားနဲ့ ဒီနေ့မနက်ဘဲ ထွက်သွားတယ်လို့ ဒေါ်ဒေါ်အေးက ပြောတယ်၊ ဒါနဲ့ ဘူတာကြီးအင်ကွာရီကို ဆက်ကြည့်တော့ မန္တလေးရထားထွက်သွားတာ နှစ်မိနစ်လောက် ရှိသွားပြီတဲ့လေ၊ ကျွန်တော် ချက်ချင်း ကားကိုဒေါင်တဲ့ခါ ဖွင့်ပြီး ကားဖြူလေး မောင်းလိုက်လာတာ၊ တော်ပါသေးရဲ့ ပဲခူးမှာလာပြီး ရထားကိုမီတယ်"

"အဲဒါ ဒါးပိန်မှာ မီးရထားနာရီဝက်လောက် ရပ်နေလို့မီတာ အတာ"

"အိုး ... ကျွန်တော်က အိမ်ကထွက်လာကတည်းက ပဲခူးမမီရင် တောင်ငူ၊ တောင်ငူမမီရင်လည်း တောက်လျှောက်မန္တလေးအထိ လိုက်မယ်ဆိုပြီး လိုက်လာတာ"

"အဝတ်အစားလည်း အပိုမပါဘဲနဲ့"

"အဲဒါတွေ မစဉ်းစားဘူး မမနွယ်၊ အဝတ်အစားထည့်နေရင် ကြာမှာစိုးလို့ ပိုက်ဆံရှိသမျှ ယူခဲ့ဖို့ပဲ သတိရတယ်၊ လမ်းမှာ ဝယ်ဝတ်လည်း ရတာပဲလို့"

"ဪ ... အတာရယ်"

www.burmeseclassic.com

www.burmeseclassic.com



နွယ်သည် ဤမျှအထိ မိမိအပေါ် အစွဲအလမ်းကြီးစွာ ချစ်ခင်နေသော မောင်မောင်တာအား ပို၍သနားမိသည်။ ပို၍ချစ်ခင်မိသည်။

"ဩော် … အတာ"

"မမနွယ်"

"ဒါဆို မော်တော်ကားကို ပဲခူးဘူတာမှာ ဒီအတိုင်းထားခဲ့ရမှာပေါ့နော်"

"ဟင့်အင်း … ကျွန်တော် ရန်ကုန်အိမ်က ထွက်တာနဲ့ ကားပျက်ရင် ပို့နေကျဝပ်ရှော့က ကိုဒေါင်းညိုကို ဝင်ခေါ်ခဲ့တယ်၊ ကိုဒေါင်းညိုက ကားမောင်းသိပ်တော်တယ်၊ ရထားကို တစ်နေရာရာမှာမီအောင် သူ မောင်းပေးမယ်တဲ့၊ အခု ပဲခူးမှာ ရထားကိုမီပြီး ကျွန်တော် ပြန်မလာဘဲ ရထားထွက်သွားရင် ကျွန်တော် ရထားနဲ့လိုက်သွားပြီလို့ နားလည်ပြီး ရန်ကုန်ပြန်မောင်းသွားမှာပါ"

"ဩော် … အတာ့မှာ ရထားလက်မှတ်ကော၊ တော်ကြာ လက်မှတ်စစ်လာလို့ လက်မှတ်မပါရင် ဖမ်းလားဆီးလားတွေ ဖြစ်နေဦးမယ်"

"အဲဒါလည်း ကံကောင်းတယ် မမနွယ်၊ ကျွန်တော့်ကား ပဲခူးဘူတာထဲဝင်တော့ မမနွယ်ရဲ့ရထားက မရောက်လာသေးဘူး၊ ကျွန်တော် ပဲခူးရုံပိုင်ကြီးနဲ့ ဝင်တွေ့ပြီး တောင်းတောင်းပန်ပန်နဲ့ဝယ်တာ၊ မန္တလေးထိ အထက်တန်းတွဲ လက်မှတ်ရောင်းလိုက်တယ်၊ ဒီနေ့ အထက်တန်းခရီးသည်လည်း နည်းတယ်လို့ ရုံပိုင်ကြီးက ပြောလိုက်သေးတယ်"



သည်တော့လည်း ရှေ့မှပြေးသောသူနှင့် နောက်မှ တရကြမ်းလိုက်လာသူ ချစ်သူနှစ်ဦးမှာ ကြည်နူးခြင်းသို့ ရောက်သွားရတော့သည်။

"မမနွယ်"

"ဘာလဲ အတာ"

"ကျွန်တော့်ကို မမနွယ် ဘာလို့ … ရှောင်ပြေးတာလဲ ဟင်"

"ကြောက်လို့ပဲ အတာ"

"ကျွန်တော်ဟာ မမနွယ် ကြောက်စရာလူ ဖြစ်နေလို့လား မမနွယ်၊ မမနွယ်က ကျွန်တော့်ကို ချစ်တယ်ဆို၊ မမနွယ် ကျွန်တော့်ကို ချစ်နေမှန်းလည်း ကျွန်တော် ရိပ်မိထားတာပါ၊ ကျွန်တော့်ကို ဘာလို့ကြောက်လဲ မမနွယ်"

"ချစ်တာက ချစ်တာတခြား၊ ကြောက်တာက ကြောက်တာ တခြားပဲ အတာ၊ အတာ မမနွယ်ကို ချဉ်းကပ်လာတဲ့ ပုံစံကို မမနွယ် ကြောက်တာ"

"ဘာလို့ … ကျွန်တော်က ဘယ်ပုံစံနဲ့ ချဉ်းကပ်လာတာမို့လဲ မမနွယ်"

"မမနွယ် တိတိကျကျကြီးတော့ မပြောတတ်ဘူး၊ ကာသစ်မြိုင်ကို အတာ ရောက်လာပြီး အတင်းဖွတ်ရေကူးနေတာဟာ ကာသစ်မြိုင်ကို ဖွတ်ဝင်လာတာပဲလို့ မမနွယ် သဘောပေါက်တယ်၊ နောက်ပြီး မမနွယ် တိရစ္ဆာန်ဥယျာဉ် သွားခဲ့တော့၊ ပဲခူးကို ကားရိုက်တုန်းကတို့ အတာနဲ့တွေ့တာဟာ မမနွယ် သွားရာနောက်ကို ခြေရာခံလိုက်ချောင်းတာ မမနွယ်နဲ့တွေ့

www.burmeseclassic.com

www.burmeseclassic.com



တော့ မတော်တဆ တွေ့တဲ့ပုံစံနဲ့ လိမ်ညာပြောတာတို့ကို တွေးမိပြီး အတာ့ကို မမနွယ် ကြောက်လာတယ်"

"ဪ … မမနွယ်ရယ်၊ မမနွယ်ကိုချစ်လို့ နောက်က တစ်ဖဝါးမခွာ လိုက်တာပဲဟာ"

"နောက်တစ်ချက်က မမနွယ်ကို အတာပြောခဲ့တဲ့စကား တချို့မှာ ကိုမြင့်ခိုင်ဆီက ကြွယ်ဝသမျှကို မမနွယ်က အပိုင်စီးချင်လို့ ကိုမြင့်ခိုင် သေဆုံးသွားတာဟာပဲ မမနွယ်ရဲ့ပယောဂမကင်းသလို စကားမျိုးတွေ ပြောလာတာကိုလည်း မမနွယ် ကြောက်တယ်၊ အဲဒါတွေ ကြောက်တဲ့ကြားကပဲ မမနွယ်ရဲ့ရင်ထဲက အတာ့ကို ချစ်စိတ်ဖြစ်လာမိတယ်၊ ဒီအရွယ်ထိ တစ်သက်လုံး ဘယ်သူ့ကိုမှ မချစ်ဘူးတဲ့အချစ်မျိုးနဲ့ မမနွယ် အတာ့ကို ချစ်မိတယ်"

"အဲဒါ ကျွန်တော် ဝမ်းအသာဆုံးနဲ့ အလိုချင်ဆုံးစကားပဲ မမနွယ်"

"ဒါပေမဲ့ မမနွယ်ဟာ ဒုတိယအမှားကို ကြောက်တယ်လေ၊ နောက်တစ်ချက် ရှိသေးတာက အတာဟာ စိတ်နဲ့ပတ်သက်ပြီး ခုချိန်ထိ ဆေးကုသနေရသေးတဲ့ လူတစ်ယောက် ဖြစ်နေတယ်၊ မမနွယ်ကို အတာချစ်တာဟာ အတာရဲ့စိတ်ဝေဒနာ လှည့်စားမှုကြောင့် ချစ်တာလားဆိုတာမျိုးကို တွေးပြီးလည်း ကြောက်တယ်၊ ဒါကြောင့် မမနွယ်နဲ့အတာ နှုတ်လွှန် လက်လွှန် ဘာမှမဖြစ်ခင် ရှောင်ပြေးတာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ပြီး မမနွယ် ရှောင်ပြေးတာပဲ အတာ"



"အဲဒါ မမနွယ်ရဲ့အတွေးအခေါ် အမှားတွေချည်းပဲ၊ မမနွယ်ကို ဘယ်ယောကျ်ားမဆို တွေ့တာနဲ့ ကြိုက်နှစ်သက်မှာပဲ၊ ကြိုက်နှစ်သက်ရာက နီးနီးကပ်ကပ် နေလာတဲ့လူဟာ မမနွယ်ကို ချစ်မှာပဲ၊ ဦးမြင့်ခိုင်ဟာ မမနွယ်ကို တွေ့တာနဲ့ ကြိုက်နှစ်သက်ရာက ချစ်လာလို့ လက်ထပ်တာ မဟုတ်လား၊ ကျွန်တော်လည်း ဦးမြင့်ခိုင်လိုပဲပေါ့ မမနွယ်"

"ကိုမြင့်ခိုင်နဲ့ အတာနဲ့ မတူတာတွေရှိတယ်လို့ မမနွယ်ရဲ့ဦးနှောက်က တစ်ခါတလေ ပြောတယ် အတာ"

"ဘယ်လိုမတူတာလဲ"

"ကိုမြင့်ခိုင်က မမနွယ်ကို အမိဖမ်းတဲ့နေရာမှာ ကြွက်တူရွေး သာလိကာကို အလှမွေးဖို့ ဖမ်းသလို၊ ရွှေငါးလေးကို မှန်ပေါင်ကန်ထဲမှာ ထည့်ထားချင်လို့ ဖမ်းသလို၊ လိပ်ပြာလှလှလေးကို အလှကြည့်ဖို့ ဖမ်းသလို ဖမ်းတာ"

"ကျွန်တော့်ကျတော့ကော"

"အတာ့ကျတော့ တောလိုက်မုဆိုးက သားကောင်နောက်ကို အတင်းတရကြမ်းလိုက်ဖမ်းတဲ့ ပုံစံမျိုး ဖြစ်နေသလားလို့ပါ အတာ"

"ဪ … ဪ … မမနွယ်က ကျွန်တော့် ချစ်ခြင်းမေတ္တာကို ဒီလိုမြင်ထားသကိုး၊ ကဲ … ဒါဆို မမနွယ် လက်တွေ့သာ ကြည့်ပေတော့ မမနွယ်"

မောင်မောင်တာသည် ပြောပြောဆိုဆို ဘာမပြော ညာမပြောဖြင့် နွယ်၏ဘေးရှိ မီးရထားပြတင်းပေါက်သို့ လက်နှစ်ဖက်ရော ဦးခေါင်းရော ထိုးသွင်းကာ အောက်သို့ခုန်ချရန် အားထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... အတာ ... အတာ ဒါဘာလုပ်တာလဲ၊ ဒီလိုမလုပ်နဲ့ အတာ"

မောင်မောင်တာ၏ခါးကို နွယ်က အားရှိသမျှဖြင့် လက်နှစ်ဖက် ရစ်ပတ်ပြီး ဖွက်ဆွဲထားသည်။

မောင်မောင်တာ၏ ခါးအထက်ပိုင်း ကိုယ်ထည်မှာ မီးရထားပြတင်းပေါက်တွင် တွဲလဲကြီး ဖြစ်နေသည်။

"လွှတ်လိုက် မမနွယ်၊ လွှတ်လိုက်"

"အို ... မဟုတ်တာ၊ မင်း ဒီလိုမလုပ်နဲ့ အတာ၊ မမနွယ် ပြောတာကို ဆုံးအောင်နားထောင်ဦး၊ မမနွယ် အတာ့ကို သိပ်ချစ်ပါတယ်၊ မမနွယ် အတာ့ကို အချိန်မရွေးလက်ထပ်ဖို့ အသင့်ပါ၊ မမနွယ် ပြောတာတွေ ဆုံးအောင်နားထောင်ပါဦး အတာ၊ လာပါ၊ အထဲပြန်ဝင်ပါ"

သောအမြင်နှင့် ဆိုလျှင် မောင်မောင်တာသည် မီးရထားပြတင်းပေါက်ကို ကိုယ်တစ်ပိုင်းထွက်ပြီး အန်နေသလိုလို ထင်ရပေမည်။

နွယ်၏ဖျောင်းဖျစကားကို နားဝင်သွားသည်ပဲ ထင်ပါ၏။

မောင်မောင်တာသည် သူ၏လက်နှစ်ဖက်ကို ပြတင်းပေါက်ဘောင်အား ပြန်ဆွဲပြီး နွယ်၏ဆွဲအားနှင့်အတူ အထဲသို့ပြန်ဝင်လာသည်။

"ကဲ ... ပြော၊ မမနွယ် ဘာထပ်ပြောချင်လဲ"

"ဘယ်လိုပဲဖြစ်ဖြစ် အတာ့ကို မမနွယ် ချစ်တယ်ကွယ်၊ ငါးပြတိုက်သွားတဲ့လမ်းမှာ အတာ ဝင်ကယ်ခဲ့တာတွေ



ပဲခူးက အပြန်လမ်းမှာ ကားဓာတ်ဆီကုန်လို့ ကင်းတဲမှာ နေခဲ့တာတွေကို ပြန်တွေးမိတိုင်း အသက်ငယ်သေးပေမယ့် အတာရဲ့ယောကျ်ားပီသတာ စောင့်ထိန်းတာတွေကို မမနွယ် အရမ်းနှစ်သက်ပြီး ပိုချစ်ခဲ့ရတယ်၊ မမနွယ်ရဲ့ဘဝမှာ ဘယ်ယောကျ်ားနဲ့မှ ရင်မခုန်ခဲ့ပေမယ့် အတာနဲ့ ပထမဆုံးစတွေ့တွေ့ချင်းကတည်းက ရင်ခုန်ခဲ့တာပါ အတာ"

"ဒါဆို အမြန်ဆုံး လက်ထပ်ကြပါစို့ မမနွယ်၊ ချစ်လာပြီဆိုရင် ချစ်သူကို ပိုင်ဆိုင်ချင်တာ ဓမ္မတာပါ၊ ကျွန်တော် မမနွယ်ကို ပိုင်ချင်တယ်ဗျာ"

"သဘောပါ၊ အတာ့ သဘောပါ"

"ဒါဆို တောင်ငူမှာ ဆင်းမယ်၊ တောင်ငူမှာပဲ လက်ထပ်မယ်၊ တရားရုံးမှာ အဆင်မပြေရင် ရဲစခန်းမှာလက်ထပ်မယ်ဗျာ မမနွယ်"

နွယ် ခေါင်းညိတ်လိုက်ပါ၏။

ဩော် ... ဝဋ်ဆိုသည်မှာ သံသရာမဆိုင်းဘဲ လောကီမှာပင် ပြလေသလား မပြောတတ်။ ကိုမြင့်ခိုင်နှင့်တုန်းက ကိုမြင့်ခိုင်သည် မိမိအား တစ်ဖက်သတ် ချစ်ခဲ့သည်။ မိမိက ကိုမြင့်ခိုင်ကို နောက်ဆုံးအချိန်ထိ ပြန်မချစ်ခဲ့။

အတာ့ကိုကျတော့ မိမိရင်ထဲကပင် နှင့်နေအောင် ချစ်မိသည်။ အတာကတော့ မိမိကလည်း မိမိကို အရမ်းချစ်ပါသည်ဟု ပြောတော့ပြောသည်။ သို့သော် အတာသည် စိတ်ရောဂါသည်တစ်ဦးအနေဖြင့် သူ၏စိတ်သည် ထာဝစဉ်တည်တည်ငြိမ်ငြိမ် ရှိမှာမှ ရှိပါ့မလားတော့ မသိ။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တောင်ငူဘူတာတွင် ဆင်းကြသည်။ အလေးအပင်ပစ္စည်း ဘာမျှမပါသည်မို့ အလွယ်တကူပင် တွဲပေါ်မှ နှစ်ယောက်သား လက်တွဲဆင်းရုံဖြစ်သည်။

တောင်ငူဘူတာမှ မန္တလေးဘက်သို့လိုက်မည့် ခရီးသည်များ ပါသွားပြီး အမြန်ရထား ထွက်သွားသည့်တိုင်အောင် အထုပ်အပိုးနှင့် ခရီးသည်များ ရှိနေသေးသည်ကို တွေ့ရသည်။

"ဘိုးဘိုးကြီး ... ရန်ကုန်ရောက်ရောက်ချင်း သားသားကို ခာတ်ခဲနဲ့မော်တော်ကား ဝယ်ပေးရမယ်နော်"

"အေးပါကွ၊ ရန်ကုန်ရောက်တဲ့အချိန် မိုးချုပ်လို့ အရုပ်ဆိုင်တွေ မပိတ်သေးရင် ရွှေဘုံသာလမ်းထဲမှာ ငါ့မြေးလိုချင်တဲ့ အရုပ်တွေအားလုံး ဝယ်ပေးမယ်ကွာ"

မောင်မောင်တာသည် နွယ်၏လက်မောင်းလေးကို ကိုင်ထားရင်း ဖြုန်းခနဲ ရပ်လိုက်သည်။

"မမနွယ်"

"ပြော ... အတာ"

"ဟို ... မြေးအဘိုး ပြောတာကြားတယ် မဟုတ်လား"

"ကြားသားပဲ၊ အဲဒါ ဘာဖြစ်လဲ၊ အတာကလည်း ရန်ကုန်ကျရင် ခာတ်ခဲမော်တော်ကားလေး ဝယ်ပေးရမယ်လို့ မမနွယ်ကို ပြောချင်လို့လား"

နွယ်၏ဟာသစကားကို မောင်မောင်တာ ရယ်လိုက်ပါ၏။

"မဟုတ်ဘူးလေ မမနွယ်၊ သူတို့မြေးအဘိုးပြောတဲ့စကားကို ထောက်ချင့်ကြည့်ရင် သူတို့ ရန်ကုန်သွားမလို့ အစုန်ရထား စောင့်နေမှန်း သိသာတယ်၊ ဒီပြင် အထုပ်အပိုးနဲ့



ခရီးသည်တွေလည်း အများကြီးပဲ၊ ရန်ကုန်သွားကြဖို့စောင့်နေတာပဲ ဖြစ်ကြမှာ"

"အဲဒီတော့ ဘာဖြစ်လဲ အတာ"

"ကျွန်တော်နဲ့ မမနွယ်လည်း အဲဒီအစုန်ရထားနဲ့ ရန်ကုန်ကို ပြန်လိုက်ကြမယ်လေ၊ ရန်ကုန်ရောက်ပြီး မနက်မိုးလင်းမှ မမနွယ်ရဲ့ကသစ်မြိုင်မှာပဲ ကျွန်တော်နဲ့ မမနွယ် ခင်မင်တဲ့တရားသူကြီးကို အိမ်မှာပင့်ဖိတ်ပြီး လက်ထပ်ကြရင် ကောင်းမလားလို့၊ အခု တောင်ငူမှာလက်ထပ်ရင် ကမန်းကတန်းကြီး၊ ကျွန်တော့်မှာ တိုက်ပုံအင်္ကျီတောင် မပါဘူး၊ မသားနားဘူးပေါ့ မမနွယ်"

"ဟုတ်တယ် အတာ၊ မမနွယ်မှာလည်း နေ့တိုင်းဝတ် အဝတ်လောက်သာပါတာ၊ ခရီးသွားမှာဆိုပြီး အထည်ကောင်း အဝတ်ကောင်းတွေ ယူမလာဘူး၊ နောက်ပြီး တောင်ငူမှာ အသိအကျွမ်း ရှိတယ်ဆိုဦးတော့ တောင်ငူဟာ မမနွယ်တို့အတွက် စိမ်းတယ်၊ ရန်ကုန်မှာဆိုတော့ တယ်လီဖုန်းနဲ့ လှမ်းဆက်ရုံနဲ့ တရားသူကြီးရော မမနွယ်ရဲ့ ဖိတ်သင့်တဲ့လူတွေကော အားလုံးအဆင်သင့် ဖြစ်သွားနိုင်တာပေါ့"

"ကောင်းတယ် မမနွယ်၊ ကျွန်တော် ရန်ကုန်ကို ရထားလက်မှတ် ပြေးယူလိုက်မယ်၊ အထက်တန်းတွဲမရလည်း ရိုးရိုးတန်းပေါ့"

နွယ် ခေါင်းညိတ်လိုက်ပေသည်။

✤ ✪ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၇

လူမဖိတ်ပါဘူး၊ ညှော့်မဖိတ်ပါဘူး ဆိုသည့်တိုင် ...အောင် လက်ထပ်သည် ဆိုခြင်းက ဗာဟီရတွေ အများသား။

ပထမစိတ်ကူးကတော့ ရန်ကုန်ရောက်ပြီး နောက် ...စ်နေ့တွင် နွယ်နှင့် မောင်မောင်တာ လက်ထပ်ကြမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

လက်တွေ့ကျတော့ မလွယ်ပေ။

တရားသူကြီး အိမ်ပင့်သည်ဆိုသည်ကလည်း ညှော့်မှု ခင်မင်နေစေကာမူ တရားသူကြီးတွင် အခြားအရေးကြီး...သော ရုံးလုပ်ငန်းတွေရှိနေလျှင် သူ၏အားလပ်ချိန်ကိုသာ ချိန်းဆိုမည်။

လက်ထပ်စာချုပ် အသင့်ရှိနေရမည်။ ပြီး တခြား ဘာပရိဘောဂမှ ထပ်ဆင့်မဝယ်ဘူးဘဲထား မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင် စသည်တို့ကတော့ မင်္ဂလာသစ်၊ မင်္ဂလာဦး ချစ်သူနှစ်ဦးအတွက် အသစ်ဝယ်ရမယ်။

နွယ်သည် ကိုမြင့်ခိုင်နှင့်အတူ ပေါင်းသင်းနေထိုင်ခဲ့သည့်အခန်းကို သော့ပိတ် တံခါးပိတ်မြဲ ပိတ်ထားသည်။



ယခု သူမ၏သီးသန့်အိပ်ခန်းမှာပင် တစ်ယောက်အိပ်ခုတင်ကိုဖြုတ်၍ စတိုခန်းတွင် သိမ်းထားစေပြီး မောင်မောင်တာ ဝယ်လာသော အိပ်ရာခမ်းနားကို ပြင်ဆင်စေသည်။

မောင်မောင်တာနှင့် နွယ် လက်ထပ်မည့် ကိစ္စကို ဒေါ်ဒေါ်အေးသည် ဘာဆို ဘာတစ်ခွန်းမျှ ဝင်မပြောပေ။ ဝေဖန်ချက်တစ်ခုမျှ မပြုပေ။

ခိုင်းသမျှအားလုံးကို မညည်းမညူ ရွှင်ပြုံးကြည်သာစွာ လုပ်ကိုင်ပေးသည်။

ဒေါ်ဒေါ်အေး ရေငုံလွန်းနေသောအခါ နွယ်က မနေနိုင်ဘဲ မေးရတော့သည်။

"ဒေါ်ဒေါ်အေး"

"ပြော ... နွယ်"

"ကိုမြင့်ခိုင်နဲ့ နွယ် လက်ထပ်စဉ်အခါက ဒေါ်ဒေါ်အေး တော်တော်များများ နွယ့်ကို စကားတွေ ပြောခဲ့တယ်၊ အခု အတာနဲ့ လက်တပ်မယ်ဆိုတော့ ဒေါ်ဒေါ်အေး တစ်ခွန်းမျှ မပြောဘူး၊ ဘာဆိုဘာမှ မပြောဘူး၊ ဒေါ်ဒေါ်အေး ဘာဖြစ်နေလဲဟင်"

ဒေါ်ဒေါ်အေးက ပြုံးလိုက်ပါ၏။

"နွယ် မောင်မောင်တာ့ကို ချစ်တယ် မဟုတ်လား"

"ဟာ. ... ဒေါ်ဒေါ်အေးကလည်း"

"မဟုတ်ဘူးလေ၊ ဒေါ်ဒေါ်အေးက ကလိတဲ့အနေနဲ့ မေးတာ မဟုတ်ပါဘူး၊ နွယ့်ရင်ထဲမှာ ရှိနေတာကို မေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောရရင် နွယ့်ဘဝမှာ မောင်မောင်တာနဲ့ကျမှပဲ ပထမဆုံး ရင်ခုန်ဖူးရတယ် ဒေါ်ဒေါ်အေး၊ ဟုတ်တယ် … နွယ်ရဲ့နှလုံးသားထဲက ချစ်တဲ့အချစ်နဲ့ ပထမဆုံး ချစ်ဖူးတာ အတာ တစ်ယောက်ပဲရှိတယ် ဒေါ်ဒေါ်အေး"

"ဒါဆို ပြီးတာပဲ၊ နွယ်ပျော်ရင် ဒေါ်ဒေါ်အေးလည်းပျော်တာပဲ"

လက်ထပ်ဖို့ကိစ္စအဝဝ အားလုံး မောင်မောင်တာကပင် စီစဉ်ပေးသည်။

နက်ဖြန်နံနက်(၁၀)နာရီတွင် အားလုံးအဆင်သင့်ဖြစ်ပေပြီ။

မောင်မောင်တာက နံနက်(၁၀)နာရီတွင် သူ၏ကားဖြူလေးနှင့် တရားသူကြီးကို ခေါ်လာမည်။ နက်ဖြန်နံနက်(၁၀)နာရီတွင် နွယ်နှင့် မောင်မောင်တာတို့ လက်ထပ်ကြတော့မည်။

တစ်ခုတော့ နွယ့်စိတ်ထဲ မရှင်းမလင်းသော အချက်တစ်ချက် ရှိပါ၏။ မောင်မောင်တာ လက်ထပ်ပါမည်ဆိုသည့်ပွဲတွင် မောင်မောင်တာ၏မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် ညီအစ်ကိုမောင်နှမ တစ်ဦးတလေမျှ ပါဝင်သည်ဟု မောင်မောင်တာ မပြောပေ။

နွယ့်ဘက်ကလည်း ဒေါ်ဒေါ်အေးကလွဲပြီး လူကြီးမရှိပေ။

နွယ် အသက်နှစ်ဆယ့်ငါးနှစ်ကျော်ကျော် မောင်မောင်တာ အသက်နှစ်ဆယ့်နှစ်နှစ်ကျော်မို့ အုပ်ထိန်းခြင်းမှကင်းလွတ်သော အရွယ်တွေ ဖြစ်နေကြပေပြီ။



"သြော် … အခု မောင်မောင်တာ လုပ်သမျှ နွယ်ကပဲ ဘာပဲဖြစ်ဖြစ် သဘောကျ ခေါင်းညိတ်နေတာတွေ့တော့ သေသွားတဲ့ မောင်မြင့်နိုင်ကို ဒေါ်ဒေါ်အေး ရင်ထဲမှာ သနားသလိုလို ဖြစ်မိသား၊ မောင်မြင့်နိုင်ဟာ နွယ့်ကိုတော်တော်တော့ ချစ်ရှာသားကွယ့်၊ ဒါပေမဲ့ နွယ်က သူ့ကိုဘယ်လိုမှ ပြန်မချစ်ခဲ့ဘူးနော်"

"ဟုတ်တယ် ဒေါ်ဒေါ်အေး၊ ချစ်ခြင်းမေတ္တာဆိုတာ တော်တော်ခက်သားကလား၊ ကိုမြင့်နိုင်ဟာ နွယ်က သူ့ကိုပြန်ချစ်အောင် ဘယ်လိုလုပ်လုပ်၊ နွယ်က ပြန်ချစ်လို့မရဘူး၊ ဒီကြားထဲ သူ့မှာ ဘယ်ဇနီးမယားကမှ မလိုလားတဲ့ ရောဂါက ဖြစ်လိုက်ပြန်တော့ နွယ့်ဆီ အချစ်ကို သူလုံးဝ မမျှော်လင့်နိုင်တော့တာမို့ သူ့ကိုယ်သူ သတ်သေသွားတာပဲဖြစ်မယ် ဒေါ်ဒေါ်အေး"

"အင်း … တစ်နည်းတော့လည်း မောင်မြင့်နိုင် သေသွားတာ ကောင်းတယ် နွယ်၊ သူက နွယ့်ကို သိပ်ချစ်တယ်၊ နွယ်က သူ့ကို လုံးဝပြန်မချစ်ဘူး၊ အဲဒီအခြေအနေမှာ သူ့မှာ ရောဂါရှိလာတယ်၊ သူဟာ သူ့ကိုယ်သူ သတ်မသေလည်း နွယ့်ကို သူ့က သတ်လိမ့်မယ် ထင်ပါရဲ့"

"နွယ့်ကို ကိုမြင့်နိုင်က သတ်လိမ့်မယ် ထင်ပါရဲ့၊ ဟုတ်လား ဒေါ်ဒေါ်အေး"

"သြော် … ကွယ်၊ မောင်မြင့်နိုင်ဟာ ယောကျ်ားရင့်မကြီးဆိုပေမယ့် သဘောထားကျတော့ နုတယ် မဟုတ်လား၊ သူ့အနေနဲ့ နွယ့်ကို ချစ်လွန်းတော့ ရရင်ပြီးရောဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်မျိုးထားတဲ့လူပဲ၊ သူ နွယ့်ကိုရပြီးတဲ့နောက်ကျတော့လည်း သူ့မှာ ရောဂါကြီးနဲ့မို့ ကြာရင် နွယ်ဟာ ဒီပြင်ယောကျ်ားတစ်ယောက် ယူမှာပဲလို့ အမြဲ သူတွေးနေမှာပေါ့ကွယ်၊ အဲဒီတော့ မောင်မြင့်နိုင်လို စိတ်ဓာတ်နဲ့တဲ့လူမျိုးဟာ ငါသိပ်ချစ်တဲ့ နွယ့်ကိုတော့ သူများရင်ခွင်ထဲ အဝင်မခံဘူး၊ ငါကိုယ်တိုင် သတ်မယ်ဆိုတဲ့စိတ်မျိုး ဝင်ချင်ဝင်လာမှာပေါ့၊ အင်း … မောင်မြင့်နိုင် စိတ်ဓာတ်မျိုးက ဘယ်လိုခေါ်မလဲ၊ အဲ … တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ဓာတ်မျိုး၊ မစားရတဲ့အမဲ သဲနဲ့ပက်ချင်တဲ့ စိတ်ဓာတ်မျိုးပဲကွယ့်"

"အခု အတော့ကိုကော ဒေါ်ဒေါ်အေး ဘယ်လိုမြင်သလဲဟင်"

"မဆိုးဘူး ထင်တာပဲ၊ အသက်ငယ်ပေမယ့် ယောကျ်ားပီသတဲ့စိတ်မျိုး၊ ယောကျ်ားဆန်တဲ့ စိတ်ဓာတ်မျိုး ရှိပုံပဲ၊ နွယ် ချစ်သလို သူကလည်း နွယ့်ကို ချစ်ရှာပုံပါပဲကွယ်"

✤ ○ ✤



## ၁၀

ယနေ့ နွယ်နှင့် မောင်မောင်တာတို့ လက်ထပ်ကြတော့မည်။

နံနက်(၁၀)နာရီတွင် မောင်မောင်တာက သူ၏မိတ်ဆွေ တရားသူကြီး ဦးအောင်သိန်းကို ကသစ်မြိုင်သို့ လာရောက်ရန် ခေါ်ထားသည်။

ကသစ်မြိုင်မှာပဲ တရားသူကြီးရှေ့မှောက်၌ လက်ထပ်စာချုပ်ကို လက်မှတ်ရေးထိုးပြီး နှစ်ဦးသဘောတူ လက်ထပ်မည်ဖြစ်သည်။

သက်သေအဖြစ် ဒေါ်ဒေါ်အေးက လက်မှတ်ရေးထိုးမည်ဖြစ်သည်။

နွယ်သည် နံနက်(၉)နာရီတွင် စတင်ကိုယ်လက်သန့်ရှင်း ဖြီးလိမ်းပြင်ဆင်သည်။ လွန်လွန်ကဲကဲကြီး ပြင်ဆင်သည်မဟုတ်။ ရုပ်ရှင်ရိုက်တာတွင် ဖြီးလိမ်းဝတ်စားဆင်ယင်သလောက်ပင် မဖြီးလိမ်း မဝတ်ဆင်ပေ။ ကြည့်ကောင်းရုံ ကြည့်လို့ရရုံလောက် ရိုးရိုးလေးပင် ပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၉)နာရီ (၄၅)မိနစ်လောက်ကစပြီး မောင်မောင်တာကို နွယ် မျှော်လေပြီ။

မောင်မောင်တာသည် လူငယ်ပေမယ့် ထိန်းသိမ်းသူဖြစ်သည်။

ကိုယ်နဲ့လက်ထပ်တော့မယ့် မမနွယ်ပဲဆိုပြီး ကသစ်မြိုင်တွင် အခွင့်အရေးမယူ။ လက်ထပ်ပြီးမှသာ ကသစ်မြိုင်သို့ အပြီးအပိုင် ပြောင်းရွှေ့လာမည်ဖြစ်သည်။

နံနက်(၁၀)နာရီ ထိုးသွားပြီ။

မောင်မောင်တာလည်း ပေါ်မလာသေး။

ဆယ်နာရီငါးမိနစ် အလွန်တွင် တယ်လီဖုန်းလာသဖြင့် နွယ် ပြေးကိုင်လိုက်သည်။

"အမိန့်ရှိပါ နွယ်နွယ်ပါ၊ ကသစ်မြိုင်က ပြောနေတာပါ"

"ဩော် ... မနွယ်နွယ်လား၊ ကျုပ် တရားသူကြီး ဦးအောင်သိန်းပါ၊ ဟိုကောင်ငယ် မောင်မောင်တာ မရောက်သေးဘူးလား မနွယ်နွယ်"

"ဟင့်အင်း ... အတော့လည်း မရောက်လာသေးဘူး၊ နွယ် အတော့ကိုရော၊ ဦးအောင်သိန်းကိုရော မျှော်နေတာပါ"

"ကျွန်တော် လာခဲ့မယ် မနွယ်နွယ်၊ ဒီမှာ ကိစ္စလေးတစ်ခု မပြတ်သေးလို့ နောက်ထပ် နာရီဝက်လောက်တော့ ကြာဦးမယ်၊ အဲဒါ ကျွန်တော် ဖုန်းဆက် အကြောင်းကြားတာပါ၊ အခု ဆယ်နာရီထိုးပြီးသွားလို့ မောင်မောင်တာနဲ့ မနွယ်နွယ် ကျွန်တော့်ကို မျှော်နေမှာစိုးလို့"



"ဟုတ်ကဲ့ပါ ဦးအောင်သိန်း၊ ဦးအောင်သိန်းရဲ့ကိစ္စပြီးမှ လာခဲ့ပါ။ ရပါတယ်၊ နွယ်တို့ စောင့်ပါ့မယ်၊ အခု အတော လည်း ရောက်မှ မရောက်သေးတာ"

တစ်ဖက်မှ ဖုန်းပြန်ချသံ ကြားသဖြင့် နွယ်လည်း ဖုန်းပြန်ချထားလိုက်သည်။

(၁၀)နာရီ (၂၀)မိနစ်။

မောင်မောင်တာ တစ်ယောက် ပေါ်မလာသေးပေ။

နွယ်သည် အိမ်ရှေ့ထွက်ကာ ခြံဝသို့ မျှော်ကြည့်နေမိသည်။

"နွယ်"

"ဩော် ... ဒေါ်ဒေါ်အေး"

"နွယ် မောင်မောင်တာကို ထွက်မျှော်နေတာ မဟုတ်လား"

"ဟုတ်တယ် ဒေါ်ဒေါ်အေး၊ အတော ဘာဖြစ်နေလဲ မသိဘူး၊ နွယ်နဲ့ ပတ်သက်လာရင် သိပ်အဖြစ်သည်းတဲ့ အတောက လက်ထပ်မယ့်အချိန်ကျမှ ဘာလို့ နောက်ကျနေသလဲလို့"

"ဒေါ်ဒေါ်အေး တစ်ခုပြောမယ်နော်၊ နွယ် ဘယ်လိုမှ ဒေါ်ဒေါ်အေးကို အပြစ်မတင်နဲ့"

"ဘာလို့ အပြစ်တင်ရမှာလဲ၊ ဘယ်တော့မဆို ဒေါ်ဒေါ်အေး က နွယ့်ဘက်က ရပ်တည်နေတာပဲဟာ"

"ဒီလိုကွယ့် ... မောင်မောင်တာဟာ တကယ်တော့ ဒီအိမ်းထိပ် ဆောင်းရိပ်သာက မဟုတ်လား"

"အဲဒါ ဟုတ်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင်တာ ဆောင်းရိပ်သာမှာ ဥမ္မာဆိုတဲ့ ကောင်မလေးနဲ့ လက်ထပ်ပြီးမှ ဥမ္မာ ဆုံးသွားလို့ စိတ်ရောဂါဖြစ်ခဲ့တယ်နော်"

နွယ် ငြိမ်သက်စွာ နားထောင်နေမိသည်။ ဒေါ်ဒေါ်အေး ဘာကို ပြောချင်သည် ဆိုသည်ကိုလည်း နွယ် ရိပ်မိသလိုလို ရှိလာသည်။

"ဒီနေ့ နွယ်နဲ့ မောင်မောင်တာ လက်ထပ်မယ့်နေ့ဆိုတော့ မောင်မောင်တာဟာ သိပ်ပြီးစိတ်လှုပ်ရှားလိမ့်မယ်၊ အဲ ... နောက်တစ်နည်း ပြောရရင် မောင်မောင်တာဟာ စိတ်သိပ်လှုပ်ရှားပြီး ရောဂါထချင် ထနေမယ်လို့ ဒေါ်ဒေါ်အေး ပြောချင်တာပါ"

နွယ် ခေါင်းညိတ်ပါ၏။

"ဒေါ်ဒေါ်အေး ပြောတာ သိပ်ဖြစ်နိုင်တာပေါ့၊ အဲဒါ နွယ် ဘာလုပ်ရမလဲဟင်"

"ဒေါ်ဒေါ်အေး စိတ်မှန်းကြည့်တာလေ၊ ခါတိုင်း မောင်မောင်တာဟာ ကသစ်မြိုင်ကို ရောက်ဖို့လာရင်း ပထမ ဆောင်းရိပ်သာအိမ်ကို ဝင်သေးတယ်၊ ပြန်သွားလည်း ဆောင်းရိပ်သာကို ဝင်တာပဲ၊ အခုလည်း ဒီသူငယ် စိတ်လှုပ်ရှားပြီး ဆောင်းရိပ်သာအိမ်မှာ ဝင်နေသလားလို့ပါ"

"ဟုတ်တယ်နော်၊ ဒေါ်ဒေါ်အေး တွေးမိတာ ဖြစ်နိုင်တာကို တွေးမိတာပဲ၊ ဒါဆို အခုပဲ နွယ် လမ်းထိပ်က ဆောင်းရိပ်သာကို လိုက်သွားကြည့်လိုက်ဦးမယ်"



"နွယ် မသွားချင်ရင် ဒေါ်ဒေါ်အေး သွားကြည့်ပေးမယ်လေ"

"နေပလေ့စေ ဒေါ်ဒေါ်အေး၊ နွယ်ကိုယ်တိုင်ပဲ သွားကြည့်လိုက်မယ်၊ အတာက တစ်ခါတလေ ကလေးစိတ်မျိုးရှိတတ်တယ်၊ နွယ် တမင်လာအောင် တူတူပုန်းကစားပုံစံနဲ့ ဆောင်းရိပ်သာမှာ ခိုနေတာဖြစ်မယ်၊ တရားသူကြီးဦးအောင်သိန်းရဲ့ကား ဝင်လာတာတွေ့မှ သူ့နောက်ကလိုက်လာမလို့နဲ့တူတယ်၊ ကဲ ... နွယ်ပဲ သွားလိုက်မယ်"

နွယ်သည် ကသစ်မြိုင်မှ လမ်းလျှောက်ထွက်လာခဲ့သည်။

ဆောင်းရိပ်သာ၏ဘေးပေါက် ခြံတံခါးမှ ပွင့်လျက်သား ရှိနေသည်ကို တွေ့ရသည်။

ပွင့်နေသော ဘေးပေါက်ခြံတံခါးမှ နွယ် ဝင်လာခဲ့ပါ၏။

ခြံကြီးသည် နွယ်တို့၏ ကသစ်မြိုင်နီးပါး ကျယ်ဝန်းသော်လည်း ခြံကိုသန့်ရှင်းမည့်သူ ရှိဟန်မတူပေ။ အလေ့ကျမြက်ပင်တွေ၊ ချုံပုတ်တွေ၊ သစ်ရွက်ဟောင်းတွေဖြင့် ရှုပ်ပွနေသည်။

သစ်ပင်ကြီးများကလည်း အကိုင်းအခက် အရွက်တွေဖြင့် ခြံထဲသို့ နေပြောက်မထိုး အုပ်ဖားလျက်ရှိနေသည်။

ခြံကြီးက ဝင်လိုက်သည်နှင့် ကြောက်စရာ။

နွယ် ခြံထဲသို့ တစ်လှမ်းချင်း တိုးလာခဲ့သည်။ အိမ်ဘေးမှ အိမ်ရှေ့သို့ တိုးလျှောက်လာခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဟဲခါး ပွင့်နေသည်ကိုလည်း တွေ့ရသည်။ အိမ်ရှေ့ဟဲခါး ပွင့်နေခြင်းအားဖြင့် အတော ရောက်နေပြီဟု ယူမှတ်ရသည်။

"ဟိတ်"

"အမယ်လေး"

နွယ် မြေလှမ်းရှေ့သို့တိုးစဉ် "ဟိတ်"ဟူသော ယောက်ျားအသံတစ်သံ ထွက်လာသဖြင့် နွယ် အမယ်လေးတ, တုန်လှုပ်သွားပြီး အသံလာရာသို့ နောက်ပြန် ကြည့်လိုက်ပေသည်။

"ဒါက ဘယ်သူလဲ"

သစ်ပင်ကြီးကြီး တစ်ပင်၏နောက်ကွယ်မှ လူတစ်ယောက် ထွက်လာသည်။

အသက်နှစ်ဆယ်ကျော် အစိတ်အရွယ်ခန့်ရှိသည်။ ရုပ်အင်္ကျီအဖြူလက်ရှည်ကို လည်ပင်းကြယ်သီး၊ လက်ကြယ်သီး ကာအစ အားလုံး တပ်ထားသည်။

ဘောင်းဘီရှည်အဖြူကို ပွယောင်းယောင်း ဝတ်ထားသည်။

မျက်နှာတွင် သနပ်ခါးတွေ ကွက်တိကွက်ကျား လိမ်းထားသည်။

ဆံပင်မှာ ရှည်လျားသည်ကို နောက်ဘက် လည်ကုပ်တွင်စုပြီး သားရေပင် စည်းနှောင်ထားသည်။ ဦးခေါင်းဆံပင်တွေကို ဆီများရွှဲအောင် လူးထားပြီး နောက်လှန်ပိပိဖြီးထားသည်။



သူ၏လက်ထဲတွင် နှစ်ဖက်သွားထိပ်ဦးချွန် ဓားမြှောင်ကို အရိုးမှ ကိုင်ထားသည်။

ကိုလူက မျက်နှာထား တည်တည်ကြီးနှင့် သူ့မျက်စိကြည့်ပုံက ဂနာမငြိမ်။ တစ်မျိုးကြီး ဖြစ်နေသည်။

နွယ် အရမ်းကြောက်သွားသည်။

"မင်း ရပ်နေစမ်း၊ ရှေ့ကို တစ်လှမ်းမတိုးနဲ့၊ ငါပြောတာ နားမထောင်ရင် ဟောဒီဓားနဲ့ ထိုးသတ်မယ်"

နွယ် တစ်လှမ်းမတိုးရဲဘဲ သူပြောသည့်အတိုင်း ကျောက်ရုပ်မလေးလို ပကတိ ငြိမ်သက်စွာ ရပ်နေလိုက်သည်။

"ဟဲ ... ဟဲ ... ဟဲ"

"မင်း လိမ္မာတဲ့ မိန်းကလေးပဲ၊ တော်တော်လည်း လှတယ်၊ တော်တော်လည်း ချောတယ်၊ အဲဒီလို သိပ်လှသိပ်ချောတဲ့ မိန်းကလေးမျိုးဟာ ပြောစကား နားမထောင်ချင်တတ်ဘူး၊ မင်းကျတော့ ငါပြောတာ နားထောင်သားပဲ၊ မင်း လိမ္မာရယ်၊ တချို့ မိန်းမချော မိန်းမလှလေးတွေဟာ ချောလေလှလေ ယုတ်မာလေပဲ၊ ယောက်ျားတွေကို သူတို့က ကစားစရာ ထင်နေတာ၊ ဟင်း ... ဒါမျိုးဘာရမလဲ၊ နာသွားမယ်"

နွယ်သည် ထိုသူကို ငေးကြည့်နေမိပါ၏။ ဝတ်စားထားသော အဝတ်အစားမှာ အဖိုးတန်ပိတ်စများဖြစ်သည်။ သူစီးထားသော ခိုင်ငံခြားဘွတ်ဖိနပ်သည်လည်း ဖေးငါးခြောက်ထောင်တန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စိတ်မမှန်သော မိကောင်းဖခင်သားတစ်ယောက်ဖြစ်မည်။ အိမ်သားများအလစ်တွင် ထွက်ပြေးလာရင်း သည်ဆောင်းရိပ်သာ ခြံထဲဝင်၍ ခိုအောင်နေခြင်းပေလား မပြောတတ်။

သူ့လက်ထဲတွင် ဓားမြှောင်ကြီး ကိုင်ထားသည်။ စိတ်မမှန်သူ၏ လက်ထဲတွင် ဓားရှိနေခြင်းမှာ အန္တရာယ်များလှသည်။

နွယ်က သူ့ကို အလိုက်အထိုက် ဆက်ဆံရမည်ကို သဲ့သဲ့ပေါက်မိသည်။ သူ့သဘောနှင့် မတိုက်ဆိုင်လျှင် ဓားနှင့် ဇွတ်ထိုးချင် ထိုးလေမည်လား စိုးရိမ်ရသည်။

ထွက်ပြေးဖို့လည်း မလွယ်တော့ပေ။ သူက ခြံ၏ ဘေးပေါက် တံခါးဘက်တွင် ပို၍နီးကပ်နေသည်။ သူ့ကြည့်ရသည်မှာ စိတ်မမှန်သော်လည်း ကျန်းမာသန်စွမ်းပုံ ရသည်။ သူ့ကိုလွတ်အောင် နွယ် ပြေးနိုင်မည်မထင်။

"ဟဲ ... ဟဲ ... မင်း ငါ့ကိုကြည့်နေတာ စိုက်နေတာပဲ၊ ဘာလဲ၊ ငါ တော်တော်ချောနေလား၊ အဲ ... အဲ ... ယောကျ်ားလေးမှာ ချောတယ်ဆိုတာ မရှိဘူး၊ ချောတယ် လှတယ်ဆိုတာက အင်္ဂလိပ်စကားနဲ့ဆိုရင် ဗြူတီဖူးလ်တို့ ပရစ်တီးတို့ ရှိတယ်၊ အဲဒါတွေက မိန်းကလေးတွေရဲ့ အချောအလှကိုမှ ပြောရတယ်၊ ယောကျ်ားဆိုရင် ဗြူတီဖူးလ်တို့ ပရစ်တီးတို့ မသုံးရဘူး၊ ငွတ်လွတ်ကင်းတို့ ဟင်း(ဒ်)ဆမ်း(မ်)တို့ပဲ သုံးရတယ်၊ ဘယ့်နှယ်လဲ၊ ငါ ငွတ်လွတ်ကင်း ဖြစ်နေလို့ မင်း စိုက်ကြည့်နေတာလား"



နွယ်က ပြုံးပြပြီး အလိုက်သင့် ခေါင်းညိတ်ပြလိုက်သည်။ သူ သဘောကျသွားပုံ ရပါ၏။

"ကဲ ... ပြောပါဦး မိန်းမချောလေး၊ ယူက ဘာလို့ဒီခြံထဲ ဝင်လာတာလဲ"

"ဒီခြံထဲကို တမင်ဝင်လာတာပါ"

"ဘာလို့ ဒီခြံထဲကို တမင်ဝင်လာရတာလဲ၊ အိုင့်ကို လိုက်ဖမ်းခိုင်းလို့ လာဖမ်းတာလား"

"အို ... မဟုတ်ပါဘူး၊ အခုလို လိုက်ဖမ်းရအောင်လဲ၊ လိုက်ဖမ်းလို့ ဖမ်းလောက်တာ လုံးဝမဟုတ်ပါဘူး"

"အေး ... အိုင့်ကို လိုက်ဖမ်းတဲ့လူဆိုရင်တော့ ဟောဒီဓား နဲ့ ထိုးအသတ်ခံမဲ့၊ ကဲ ... ဒါဖြင့် ဘာကိစ္စ ယူ ဝင်လာသလဲ"

"အတော့ဆီကို လာတာပါ၊ အတာ ဒီမှာရှိမလားလို့ လာကြည့်တာပါ"

ထိုလူက မျက်ခုံးနှစ်ဖက် အောက်စိုက်သွားအောင် မျက်မှောင်ကြုတ်လိုက်သည်။

"အတာဆိုတာက ဘယ်သူ့ကို ပြောတာလဲ"

"အတာ ဆိုတာ မောင်မောင်တာကို ပြောတာပါ"

"မောင်မောင်တာ ... ဟုတ်လား၊ ဟဲ ... ဟဲ ... မောင်မောင်တာဆီကို ဘာလို့ ယူက လာတာလဲ"

နွယ် ရုတ်တရက် ဘာဖြေရမှန်းမသိ။ ရုတ်တရက် ဘာဖြေရမှန်းမသိသူတို့သည် အမှန်ကို ဖြုန်းခနဲ ပြောတတ်လေ့ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မောင်မောင်တာနဲ့ ကျွန်မနဲ့ လက်ထပ်မလို့လေ"

"ဗုဒ္ဓေါ ... ဒုက္ခပါလား၊ အိမ်ကလည်း အဲဒီကိစ္စ ဘာမှ ပြောမထားပါလား၊ ယူနဲ့ အိုင်ကလည်း အခုမှ မြင်ဖူးတာပဲ၊ အိုင်က မောင်မောင်တာလေ၊ ယူကကော ဘယ်သူလဲ"

"ကျွန်မက နွယ်ပါ"

"ဟာ ... ရှုပ်ကုန်ပြီ"

ထိုသူသည် လက်ထဲရှိ ဓားမြှောင်ကို စိတ်ပျက်လက်ပျက် အဝေးသို့ လွှင့်ပစ်လိုက်သည်။

"ယူ အိမ်နံပါတ် မှားလာပြီ၊ အိုင် လက်ထပ်မယ့်မိန်းကလေးက ယူ့လိုပဲ လှတယ် ချောတယ်၊ ဒါပေမဲ့ ယူတော့ မဟုတ်တာ အမှန်၊ ဆောရီးပဲ ... အိုင်က အိုင်နဲ့ချစ်နေတဲ့ သူကိုမှ လက်ထပ်ချင်တာ၊ မဖြစ်ဘူး ... မဖြစ်ဘူး ပြေးဦးမှ"

ပြောပြောဆိုဆို သူ့ကိုယ်သူ မောင်မောင်တာ ဆိုသူသည် ခြံဘေးတံခါးပေါက်မှ လှစ်ခနဲ အပြင်သို့ ပြေးထွက်သွားလေတော့သည်။

နွယ် သက်ပြင်းချမိသည်။

အရေးထဲ စိတ်ဝေဒနာရှင် အရူးနှင့် လာတွေ့နေရသည်။ နွယ်သည် တစ်ခါက ကြည့်ဖူးသော ခေတ်ဟောင်းရုပ်ရှင် ဆရာဦးသုခ ရိုက်ကူးသည့် ဂုဏ်ရည်မတူဇာတ်ကားကို သွားသတိရမိသည်။ ဇာတ်လိုက်မင်းသား ဦးခင်မောင်က ရူးပြီး မယ်သုဏ္ဏ ခေါ် ရုပ်ရှင်မင်းသမီး မေသစ်ထံ ရောက်လာသည်။ မယ်သုဏ္ဏ



၏အစ်ကို ဦးသုခက မင်းသားဦးခင်မောင်အား မင်းနာမည် ဘယ်သူလဲဟု မေးသည်။ ဦးခင်မောင်သည် အရူးမို့ ကိုယ့်နာမည် ကိုယ်မသိ။ ထိုအခိုက်မှာပင် ပခုံးထမ်းပေါက်စီသည်ကြီးတစ်ဦးက ဈေးရောင်းရင်း ပေါက်စီဟု အော်လိုက်သည်။ မင်းသား အရူး ဦးခင်မောင်က ထိုအသံကို ကြားသည်နှင့် သူ့နာမည် ပေါက်စီဟု ပြောလိုက်သည်။

ထိုခေတ်က အလွန်နာမည်ကြီးသော ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်ပါ၏။ မယ်သုဏ္ဏ ပေါက်စီဟု တွင်ကျန်ခဲ့သည်။

ယခုလည်း နွယ်က မောင်မောင်တာကို ရှာရင်း ရောက်လာပါသည် ဆိုသည်နှင့် ယခု အရူးက သူ့ကိုယ်သူ မောင်မောင်တာဟု ပြောလိုက်ခြင်း ဖြစ်ဟန်တူပါ၏။

နွယ်သည် ထိုအရူးအကြောင်း ဆက်မတွေးတော့ဘဲ လောလောဆယ် အတာကိုသာ တွေ့ချင်နေတာကြောင့် ဆောင်းရိပ်သာအိမ်ဘက်သို့ လျှောက်လာခဲ့သည်။

ပွင့်နေသော အိမ်တံခါးမှ အထဲသို့ ဝင်ခဲ့သည်။ ပရိဘောဂတွေ ဘာတွေ အားလုံး အပြည့်အစုံရှိသည်။ ဧည့်ခန်း ထောင့်တစ်နေရာတွင် အတာရေကူးဖို့လာလျှင် ယူဆောင်လာသော ဆွဲအိတ်ကို သည်အတိုင်း ချထားသည်ကို တွေ့ရသည်။

အဝတ်တန်းကြိုးတစ်ခုတွင် အတာ ခြုံလေ့ရှိသော မျက်နှာသုတ်ပဝါနှင့် ရေကူးဘောင်းဘီအဝါ အနီ စသည်တို့ လွှားတင်ထားသည်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အတာရေ ... အတာ"

နွယ် ခေါ်ကြည့်သည်။ ဘယ်ကမှ ပြန်ထူးသံမကြားရ။ နွယ် အိမ်ထဲသို့ ဆက်ပြီးဝင်ရန် သတ္တိမရှိတော့သဖြင့် အိမ်ထဲမှ ပြန်ထွက်လာခဲ့သည်။

ကားဂိုဒေါင်ကို လှမ်းကြည့်ရာ ဂိုဒေါင်တံခါးပွင့်နေပြီး အထဲတွင် ဟောင်းလောင်း ဖြစ်နေသည်။ အတာ စီးနေကျ ကားဖြူပါဗလစ်ကားလေး မရှိ။

ကားမရှိလျှင် အတာလည်း မရှိနိုင်ဟု ဆုံးဖြတ်ပြီး ခြံဘေးတံခါးမှ ပြန်ထွက်ကာ ကသစ်မြိုင်သို့ ပြန်လျှောက်လာခဲ့သည်။

လျှောက်လာရင်း အတာ မရှိဘဲလျက် အိမ်တံခါး ဘာလို့ပွင့်နေသနည်း။ အတာသည် သည်လောက်အထိ မေ့မေ့လျော့လျော့ဖြင့် အိမ်ကို ပစ်စလက်ခတ်မထားခဲ့တန်ရာ။ ဧကန္တ ဟိုအရူးပင် အိမ်တံခါးကို တစ်နည်းနည်းဖြင့် ဖွင့်သည်ပဲဖြစ်တန်ရာသည်။

"ဟော ... ဟော ... မမနွယ် ပြန်လာပြီ"

ကသစ်မြိုင်ထဲသို့ ဝင်လိုက်သည်နှင့် မောင်မောင်တာက ပြေးဆင်းလာပြီး နွယ့်ကို ကြိုသည်။

"မမနွယ် ဘယ်သွားနေတာလဲ၊ တရားသူကြီး ဦးအောင်သိန်းလည်း ရောက်နေပြီ၊ ဦးအောင်သိန်းကတောင် ဟော့သတို့သမီး ပျောက်နေတဲ့ လက်ထပ်ပွဲပါလားကွလို့ ကျွန်တော့်ကို နောက်နေသေးတယ်၊ ဒေါ်ဒေါ်အေးကို မေးကြည့်တော့ နွယ် လမ်းထိပ်ခဏသွားတာလို့ ပြောတာနဲ့ စောင့်



နေကြတာ၊ ကဲ ... လာ ... လာ ... ဦးအောင်သိန်းက အချိန်သိပ်မရဘူးတဲ့၊ နွယ်နဲ့ ကျွန်တော့်လက်ထပ်ပွဲကို မြန်မြန်လုပ်ပေးမယ်တဲ့"

နွယ့်ကို မောင်မောင်တာကပင် လက်ဆွဲခေါ်လာသည်။

တရားသူကြီးကလည်း လောနေသည်။ နွယ်က လမ်းထိပ်က ဆောင်းရိပ်သာသို့ သွားခဲ့ကြောင်း၊ အရူးတစ်ယောက်နှင့် တွေ့ခဲ့ကြောင်းပင် ပြောချိန်မရဘဲ လက်ထပ်ဖို့ကိစ္စ လုပ်ဆောင်ကြရသည်။

* တစ်နာရီအတွင်း နွယ်နှင့် မောင်မောင်တာတို့ လက်ထပ်ပွဲ ပြီးစီးသွားသည်။

တရားသူကြီးလည်း ပြန်သွားချေပြီ။

အိမ်တွင် နွယ် မောင်မောင်တာနှင့် ဒေါ်ဒေါ်အေးသာ ရှိသည်။ ထုံးစံအတိုင်း ဒေါ်ဒေါ်အေး မီးဖိုထဲတွင် အမြဲ အလုပ်များနေသူဖြစ်သည်။

"စောစောက မမနွယ် ဘယ်ပျောက်သွားတာလဲဟင်၊ အတာဖြင့် စိတ်ပူလိုက်ရတာ"

"အတာကကော ဆယ်နာရီထိုးတဲ့အထိ ဘာလို့ ပေါ်မလာတာလဲ၊ အတာ ရောက်မလာတော့ မမနွယ်က လမ်းထိပ်က ဆောင်းရိပ်သာကို အတာရောက်နေပြီလားလို့ သွားကြည့်တာလေ"

"ဟာ ... ဆောင်းရိပ်သာကို မမနွယ် ရောက်သွားတယ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အတာသည် ပြုံးတုံးပြတဲမျက်နှာ အမောတကော လေသံဖြင့်ပြန်မေးလိုက်သည်။ အတာ၏ အမူအရာမှာ ရုတ်တရက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပုံရပါ၏။

"ပြောပါဦး ... ဆောင်းရိပ်သာမှာ မမနွယ် ဘာတွေတွေ့ခဲ့လဲ"

"အရူးတစ်ယောက် ခြံထဲမှာ ရောက်နေတာနဲ့ သွားတိုးတယ် အတာ၊ သူ့လက်ထဲမှာလည်း ဓားမြှောင်ကြီးကိုင်လို့"

"ဘုရား ... ဘုရား၊ မမနွယ် တကယ်ပြောနေတာနော်"

"အိုး ... တကယ်ပေါ့၊ မမနွယ်က အတာ့ကို ဘာလို့လိမ်ပြောရမှာလဲ"

"ဆက်ပြောပါ မမနွယ်"

"အဲဒီအရူးက အသက်အစိတ်လောက် ရှိလိမ့်မယ်၊ အသားညိုတယ်၊ လူပုံပန်းကတော့ မဆိုးဘူး ကြည့်ကောင်းတယ်၊ အဝတ်အစားတွေ ဝတ်စားထားတာလည်း အဖိုးတန်ပဲ၊ မရူးခင်က ပညာတတ်တစ်ယောက်လည်း ဖြစ်ပုံရတယ်"

"သူက မမနွယ်ကို ကြမ်းကြမ်းတမ်းတမ်းများ လုပ်လိုက်သေးလားဟင်၊ ဓားကြီး ကိုင်ထားတယ်ဆို"

"ဟင့်အင်း ... မမနွယ်ကို ကြမ်းကြမ်းတမ်းတမ်းမလုပ်ပါဘူး၊ သူက ပြောတာတော့ သူ့ကို လိုက်ပြီးအတင်းဖမ်းတဲ့လူကိုသာ သူက ဓားနဲ့ထိုးမှာတဲ့"

"အင်း ... ဒီပြင်ကော သူက မမနွယ်ကို ဘာတွေပြောသေးလဲ"



"သူက မမနွယ်ကို ဒီခြံထဲ ဘာလို့လာတာလဲတဲ့၊ မမနွယ်က အတာ့ကို လိုက်ရှာတာဆိုတော့ အတာ ဆိုတာကကော ဘယ်သူလဲတဲ့၊ အတာရဲ့နာမည်အရှည်က မောင်မောင်တာလို့ပြောတော့ သူက မမနွယ်ကို ရယ်မောပြီး ပြတယ်၊ မောင်မောင်တာကို နွယ်က ဘာလို့လိုက်ရှာတာလဲတဲ့၊ မမနွယ်က မောင်မောင်တာ ဒီနေ့ နွယ်နဲ့လက်ထပ်ပြီး ချိန်းထားတာ မရောက်လာသေးလို့ လိုက်ရှာတာလို့ ပြောလိုက်တယ်"

"ဒီတော့ သူက ဘာပြန်ပြောလဲဟင်"

"သူက ဗုဒ္ဓေါတွေ ဘုရားတွေတ,ပြီး မောင်မောင်တာဆိုတာ သူပဲတဲ့၊ သူ့ကို သူ့အိမ်က လက်ထပ်မယ့်အကြောင်း ဘာမှပြောမထားဘူးတဲ့၊ နွယ့်ကိုလည်း သူက အခုမှမြင်ဖူးတာတဲ့၊ နွယ် အိမ်နံပါတ် မှားလာတာတဲ့၊ သူက သူ့ချစ်သူနဲ့မှ လက်ထပ်ချင်တာတဲ့၊ မဖြစ်ဘူး ... မဖြစ်ဘူး ဆိုပြီး ခြံထဲ ဘေးပေါက်က ထွက်ပြေးသွားတာပဲ အတာ"

ထိုစဉ်မှာပင် ခြံထဲသို့ ရဲကားအပြာတစ်စီးဝင်ရောက်လာသဖြင့် နွယ်နှင့် အတာတို့ ပြောစကား ပြတ်သွားသည်။

အိမ်ရှေ့တွင် ရဲကားရပ်ပြီး လက်မောင်းသုံးရစ် ရဲယူနီဖောင်းနှင့် ရဲကြပ်ကြီးတစ်ဦး ဆင်းလာသည်။

"ဒေါ်နွယ်နွယ်ခင်ဗျာ ... ဆရာဦးမင်းနောင်က လွှတ်လိုက်တယ်ခင်ဗျ၊ ဒေါ်နွယ်နွယ်ရဲ့ကားနဲ့ လိုက်ခဲ့ပါတဲ့၊ ဆရာဦးမင်းနောင်ရဲ့ရုံးခန်းထဲမှာ ဆရာဦးမင်းနောင်က ဒေါ်နွယ်နွယ်နဲ့ သီးသန့်ပရိုက်ဗိတ်ပြောစရာ ရှိနေပါတယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အဖော်ခေါ်မလာပါနဲ့တဲ့၊ ဒေါ်နွယ်နွယ်နဲ့ ဆွေးနွေးပြီးတဲ့အခါ ဒေါ်နွယ်နွယ်ကို အိမ်အရောက် ပြန်ပို့ပေးမယ်တဲ့”

နွယ်က အတာ့ကို လှမ်းကြည့်ပြီး ပြောလိုက်သည်။ ရဲကြပ်ကြီး ပြောနေသည်ကို အတာက ထိုင်နေရာမှ အားလုံးကြားနေရပေသည်။

“နေဦး အတာ၊ မမနွယ် အမြန်ရထားနဲ့ မန္တလေးကို လိုက်သွားတဲ့နေ့က ဘူတာကြီးမှာ ဦးမင်းနောင်နဲ့ တွေ့သေးတယ်၊ မမနွယ် ခရီးရက်ရှည်ထွက်မယ်မှန်းလည်း သူ သိသွားတယ်၊ ဦးမင်းနောင်ကလည်း သူကိုယ်တိုင် တာဝန်နဲ့ ခရီးသွားစရာတွေ ရှိသေးတယ် ပြောတယ်၊ အခု မမနွယ်တို့ ပြန်ရောက်တော့ သုံးညအိပ်၊ လေးရက်ထဲမှာပဲ ရှိသေးတယ်၊ မမနွယ် ပြန်ရောက်မှန်း ဦးမင်းနောင် သိသတဲ့လား၊ နောက်ပြီး ဦးမင်းနောင် ခရီးသွားတယ်ဆိုတာကကော ပြန်ရောက်လာပလား၊ နောက်ပြီး ဘာကိစ္စနဲ့ အရေးတကြီး ဒီကို လွှတ်ခေါ်တာတဲ့လဲ”

အတာက ခေါင်းကုတ်သည်။ ဘာပြန်ပြောရမှန်း မသိ။

ရဲကြပ်ကြီးကပင် ဝင်ပြောပါ၏။

“ဆရာဦးမင်းနောင် မနေ့ကတည်းက ခရီးသွားရာက ပြန်ရောက်လာတယ် ခင်ဗျ၊ ဒီမှာကလည်း အမှုတာဝန်တွေ ဆရာ့မှာ အများကြီးမို့ ဆရာ ခရီးထွက်လည်း အလွန်ဆုံး နှစ်ရက် သုံးရက်ပဲ ခင်ဗျ၊ အခုလည်း ဆရာဦးမင်းနောင်ဆီက ကျွန်တော် သိသလောက်ပြောရရင်



ဒီအိမ်က ဦးမြင့်နိုင် သေဆုံးသွားမှုနဲ့ ပတ်သက်ပြီး ဒီအိမ်က အမျိုးသမီးကြီးရဲ့အကြောင်းတွေ ဒေါ်နွယ်နွယ်ကို သီးသန့်ပြောစရာရှိလို့ ခေါ်နိုင်းတာတဲ့ ခင်ဗျ”

“ဒီအိမ်က အမျိုးသမီးကြီး ဟုတ်လား၊ ဒေါ်ဒေါ်အေးကို ပြောတာလား ရဲကြပ်ကြီး”

“ဒါတော့ ကျွန်တော် မသိဘူးခင်ဗျ၊ ဒီအိမ်က အမျိုးသမီးကြီးဟာ အမှုမှာ ရှုပ်ထွေးနေတယ်လို့တော့ ဆရာဦးမင်းနောင် ပြောတာ ကြားတာပဲ ခင်ဗျ”

“မမနွယ် လိုက်သွားဦးမယ် အတာ၊ ကိုမြင့်နိုင် သေဆုံးမှုမှာ မကျေနပ်တဲ့ တရားလိုတစ်ဦး ပေါ်လာတယ်တဲ့၊ ကိုမြင့်နိုင်ဟာ ရိုးရိုးသေတာ မဟုတ်ဘဲ လူသတ်လို့သေတာပါ၊ လူသတ်မှုပါလို့ တရားလိုက အမှုထပ်ဖွင့်တယ်လို့ မမနွယ်ကို ဦးမင်းနောင် ပြောဖူးတယ်၊ ဒီအမှုကို ဦးမင်းနောင် လုံးပမ်းနေတာလည်း အမှန်ပဲ၊ အခုတစ်ခါ ဒီအိမ်က အမျိုးသမီးကြီးဆိုတာ ဒေါ်ဒေါ်အေးပဲ ရှိတာပဲ၊ အင်းလေ ... ဦးမင်းနောင်နဲ့တွေ့ရင် အကျိုးအကြောင်း သိရမှာပေါ့”

တစ်ခါ နွယ်သည် ဒေါ်ဒေါ်အေးကို လှမ်းခေါ်ပြန်သည်။ ဒေါ်ဒေါ်အေး မီးဖိုထဲမှ ထွက်လာသည်။

“ဒေါ်ဒေါ်အေး ... နွယ့်ကို ရဲအုပ်ဦးမင်းနောင်က အခေါ် လွှတ်လို့ လိုက်သွားရမယ်၊ ဒီမှာ အတာလိုတာအားလုံး ဒေါ်ဒေါ်အေး လုပ်ပေးနော်၊ အတာဟာ နွယ့်ရဲ့ဘာမပိုင် ယောက်ျား ဖြစ်သွားပြီ၊ နွယ့်အပေါ်မှာ ဒေါ်ဒေါ်အေး

www.burmeseclassic.com

www.burmeseclassic.com



သဘောထားတဲ့အတိုင်း အတာ့ကိုလည်း သဘောထားနော်၊ အတာ စိတ်မညစ်ပါစေနဲ့ ဒေါ်ဒေါ်အေး”

“မောင်မောင်တာ့ အတွက်တော့ စိတ်ချပါ နွယ် မောင်မောင်တာကို ဒေါ်ဒေါ်အေးကလည်း နဂိုကတည်းက ခင်မင်ပြီးသားပဲ၊ အဲဒါထက် ရဲအုပ်ဦးမင်းနောင် ဆိုလို့ နွယ့်ကိုပြောမလို့ဟာ မေ့နေတာနဲ့ မပြောဖြစ်ဘူး”

“ဘာများလဲ ဒေါ်ဒေါ်အေး”

“နွယ် အမြန်ရထားနဲ့ ထွက်သွားတဲ့နေ့က မနက်ရှစ်နာရီလောက် ရဲအုပ်ဦးမင်းနောင် တစ်ယောက်တည်း ဒီအိမ်ကို လာတယ် ...

“ကျုပ် ဒီအိမ်ပေါ်က ကိုမြင့်နိုင်ရဲ့အိပ်ခန်းကို ကြည့်ချင်တယ် ဆိုတာနဲ့ ဒေါ်ဒေါ်အေး တံခါးဖွင့်ပေးရသေးတယ်၊ သူ အိပ်ခန်းထဲမှာ ဟိုရှာ သည်ရှာနဲ့ရှာပြီး ပုလင်းတစ်လုံးယူပြီး အိတ်ထဲထည့်သွားတယ်၊ နောက်တစ်ခါ ခြံထဲဆင်းတယ်၊ ရေကူးကန်ဘက်ကိုဝေ့ပြီး ဟိုရှာဒီရှာ ရှာသေးတယ်၊ အဝတ်လုန်းတဲ့ ဝါးဖြောင့်ရှည်ရှည်တစ်လုံးရယ် သူကောက်ရတဲ့ ဆေးပြင်းလိပ်တစ်လိပ်ရယ်ယူပြီး သူ့ကားနဲ့ ပြန်ထွက်သွားတယ်၊ ဒေါ်ဒေါ်အေးကို ဘာတစ်ခွန်းမှ မပြောဘူး နွယ်”

“ဟုတ်လား ... ဘာတွေ ဘယ်လို ရှုပ်ကုန်လဲ မသိပါဘူး ဒေါ်ဒေါ်အေးရာ၊ စိတ်ညစ်စရာပဲ”

မောင်မောင်တာသည် ရဲကြပ်ကြီးကို ကြည့်လိုက်၊ ဒေါ်ဒေါ်အေး ပြောသည်ကို နားထောင်လိုက်၊ နွယ့်ကို မျက်နှာ



ငယ်လေးဖြင့် ကြည့်လိုက်ဖြင့် တစ်ခုခုပြောရန် ဟန်ပြင်စဉ်မှာပင် ...

“ဒေါ်နွယ်နွယ် ခင်ဗျား၊ သွားကြပါစို့”

ဟု ရဲကြပ်ကြီး ခေါ်သံကြောင့် နွယ် ဆင်းလိုက်သွားသဖြင့် မောင်မောင်တာ ဘာမျှမပြောလိုက်ရပေ။

✤ ○ ✤

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တာသည် ကုလားထိုင်တွင် ထိုင်မြဲထိုင်နေသည်။ အလကားသက်သက်မှဲ့ကြီး ထိုင်နေသည်တော့မဟုတ်။ သူ၏ဦးခေါင်းထဲတွင် အတွေးတွေ ပလုံစီနေတော့သည်။

တစ်ခုခုတော့ ဖြစ်ကြပြီဟု မောင်မောင်တာ၏နှလုံးသားအသိက အလိုလို သိနေသည်။

ရဲအုပ်ဦးမင်းနောင်က အခေါ်လွှတ်၍ မမနွယ်ကို လာခေါ်ရပါသည်ဆိုသော ရဲကြပ်ကြီးဝတ်စုံနှင့်လူကို မောင်မောင်တာ သဘောမတွေ့လှ။

မောင်မောင်တာ၏ ပလုံစီနေသော အတွေးတို့သည် လွန်ခဲ့သော အတိတ်ကာလဆီသို့ ပြန်လည်တွေးမိလေတော့သည်။

မိုးကုတ်မြို့ဝယ် အလွန်ချမ်းသာကြွယ်ဝသော ဦးဘိုးသင်းနှင့် ဒေါ်နှင်းမယ် ဆိုသည့် ဇနီးမောင်နှံသည် လူကြီးရောဂါဖြင့် ကွယ်လွန် တိမ်းပါးသွားပါလေ၏။

ဦးဘိုးသင်းနှင့် ဒေါ်နှင်းမယ်တွင် သားကြီး၊ သားလတ်၊ သားငယ် သုံးယောက်ကျန်ခဲ့ပေသည်။

သားကြီး၏အမည်မှာ ကိုမြင့်နိုင်၊ သားလတ်၏ အမည်မှာ ကိုအောင်မိုး၊ သားငယ်၏ အမည်မှာ မင်းမင်းတို့ဖြစ်ကြပါ၏။



ထိုစဉ်က သားကြီး ကိုမြင့်နိုင်သည် အသက်(၂၆) နှစ်အရွယ်ဖြစ်သည်။ မန္တလေးတက္ကသိုလ်မှ အသက်(၂၂)နှစ်တွင် ဝိဇ္ဇာဘွဲ့ရပြီး မိဘများ၏ လုပ်ငန်းတွင် သားကြီးသြရသပီပီ ဝင်ရောက်ဦးစီး လုပ်ကိုင်နေပေသည်။

သားလတ် ကိုအောင်မိုး၏ အသက်မှာ (၂၄)နှစ်ဖြစ်သည်။ ဆယ်တန်း နှစ်နှစ်ဆက်ကျပြီး ကျောင်းထွက်ကာ မိဘဆီမှ ရသမျှတောင်းသည်။ တောင်းမရလျှင် အိမ်မှပိုက်ဆံခိုးသည်။ ပိုက်ဆံခိုး၍ မလွယ်လျှင် တွေ့ကရာပစ္စည်း ခိုးရောင်းသည်။ အရက်သောက်သည်။ ကစားဝိုင်းမျိုးစုံတွင် လောင်းကစားသည်။ မိန်းမပွေသည်။ နောက်ဆုံး မိဘနှစ်ပါးကရော ကိုကြီးမြင့်နိုင်ကပါ ကိုအောင်မိုးကို အိမ်ပေါ်က နှင်ချသည်။ ထိုအချိန်မှစ၍ ကိုအောင်မိုး မိုးကုတ်မှ ပျောက်သွားပြီး မိဘဖြစ်သူ ဦးဘိုးသင်းနှင့် ဒေါ်နှင်းမယ် ကွယ်လွန်မှ ဘယ်လိုက ဘယ်လိုမသိ ကိုအောင်မိုး မိုးကုတ်သို့ ပြန်ရောက်လာသည်။

သားငယ် မင်းမင်းသည် အသက်(၂၁)နှစ်တွင် မန္တလေးတက္ကသိုလ်မှ ဘီအက်စ်စီသိပ္ပံဘွဲ့ရပြီးနောက် မဟာသိပ္ပံ ဆက်တက်နေသည်။

ဤသည်ပင် လွန်ခဲ့သောအတိတ် ဖြစ်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ကဲ ... ဟောသည် ဝတ်လုံတော်ရ အကျိုးတော်ဆောင် ဦးဘကလေး ရှေ့မှောက်တွင် ညီညီမျှမျှ အစ်ကိုသုံးယောက် ခွဲဝေပေးမယ်။

အလတ်ဖြစ်တဲ့ မောင်အောင်မိုး အတွက်က ငွေသားရော ရွှေနဲ့ကျောက်သံပတ္တမြားရော ကာလတန်ကြေး သိန်းနှစ်ဆယ်ရှိတဲ့ ငွေကြေးရယ်၊ ဟောဒီ မိုးကုတ်က ဖေဖေနဲ့မေမေရဲ့ လက်ငုပ်ရင်းဖြစ်တဲ့ သုခိတာခြံနဲ့ နှစ်ထပ်တိုက်အိမ်ကြီးရယ် မောင်အောင်မိုး အမွေဆက်ခံစေပဲ။ ဘာလို့လဲဆိုတော့ မောင်အောင်မိုးက မိုးကုတ်မှာပဲဆက်ပြီး လုပ်ကိုင်စားသောက်နိုင်တဲ့ အရည်အချင်းရှိလို့။

ညီငယ် မင်းမင်း အတွက်က မန္တလေးတက္ကသိုလ်မှာ မင်းမင်း ကျောင်းတက်ကတည်းက နေဖို့ဝယ်ပေးထားတဲ့ စိန်ပန်းရပ်က ခြံနဲ့အိမ်ရယ်၊ ကျောင်းနေကတည်းက ကျောင်းတက်ကျောင်းဆင်းစီးဖို့ ဝယ်ပေးထားတဲ့ ပါဗလစ်ကာကားဖြူလေးရယ်၊ မောင်အောင်မိုးနဲ့ တူညီတဲ့ ငွေကြေးကျောက်သံပတ္တမြား သိန်းနှစ်ဆယ်ဖိုးကို ဆက်ခံစေပဲ၊ မင်းမင်းက မန္တလေးမှာ လေးငါးနှစ် ကျောင်းနေပြီး ဘွဲ့ရထားတဲ့လူဆိုတော့ မန္တလေးကအိမ်ကို အမွေဆက်ခံတာ ပိုပြီးသင့်တော်လို့ပဲ။



“အစ်ကိုအကြီးဆုံး ကိုမြင့်ခိုင်ကတော့ ရွှေငွေကျောက်သံပတ္တမြား သိန်းသုံးဆယ်ဖိုးလောက်ရယ်၊ ဖေဖေနဲ့မေမေစီးခဲ့တဲ့ လီမိတက်ကားဖြူကြီးရယ်ကို ဆက်ခံစေပဲ၊ ဘာလို့လဲဆိုတော့ အစ်ကိုကြီး ကိုမြင့်ခိုင်အနေနဲ့ ရန်ကုန်မှာ သွားနေဖို့ ဆုံးဖြတ်လို့ပဲ၊ ခြံနဲ့အိမ် မရတဲ့အတွက် ငွေကြေးနဲ့ ကျောက်မျက်ရတနာ သိန်းသုံးဆယ်ဖိုး ယူလိုက်တယ်၊ အဲဒီ အပိုဆယ်သိန်းဟာ ရန်ကုန်မှာ အစ်ကိုကြီးကိုမြင့်ခိုင် အိမ်ဝယ်ဖို့ပဲ”

ယင်းသို့ အမွေခွဲဝေစဉ်က ညီအစ်ကို သုံးယောက်စလုံး ကျေကျေနပ်နပ် ဖြစ်ခဲ့ပါ၏။

အမွေခွဲဝေပြီးနောက် ကိုလတ် ကိုအောင်မိုးက မိုးကုတ်မြို့သုခိတာခြံနှင့် အိမ်ကြီးမှာပင် ဆက်၍နေခဲ့သည်။

မင်းမင်းကလည်း မန္တလေးစိန်ပန်းရပ်မှ သူ့အိမ်လေးမှာပင် ဆက်နေသည်။

အစ်ကိုကြီး ကိုမြင့်ခိုင်သည် ငွေနှင့် ပစ္စည်းထုပ်ကို လီမိတက် ကားဖြူကြီးပေါ် တင်ကာ ရန်ကုန်သို့ ဆင်းလာခဲ့သည်။

မင်းမင်းက မဟာသိပ္ပံဘွဲ့ ထပ်မံယူရေးအတွက် ကြိုးစားနေပေသည်။ မင်းမင်း၏ စိတ်ကူးမှာ ရှိသမျှဘဏ်တွင် အပ်ထားပြီး ဘဏ်တိုးဖြင့် တိုးပွားစေရန်လည်းကောင်း၊ မဟာ

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံဘွဲ့ရပြီးလျှင် မန်းတက္ကသိုလ်မှာပင် နည်းပြဆရာ စတင်လုပ်ကိုင်မည်ဟုလည်းကောင်း ရည်ရွယ်ပေသည်။

ညီအစ်ကိုသုံးဦးသည် ကိုယ့်လမ်း ကိုယ်ရွေးပြီး လျှောက်ကြပါ၏။ တစ်ဦးနှင့်တစ်ဦး အဆက်အဆံ ကျဲခဲ့သည်။ အတွေ့အဆုံ နည်းပါးခဲ့ကြသည်။

ကိုကြီးမြင့်ခိုင် ရန်ကုန် ပြောင်းသွားပြီး ကသစ်မြိုင် ခြံနှင့်အိမ်ကို ဝယ်သည်လည်း ကြားရသည်။ ရုပ်ရှင်မင်းသမီး နွယ်နှင့် လက်ထပ်လိုက်သည်ဟုလည်း ကြားရသည်။ ကိုကြီးမြင့်ခိုင်ထံမှ လက်ထပ်စဉ်က ဖိတ်ကြားခြင်း မရှိသဖြင့် မင်းမင်းကလည်း မသွားဘဲ နေလိုက်သည်။

အဲ ... မိုးကုတ်မှ အစ်ကိုလတ် ကိုအောင်မိုး၏ သတင်း ကြားရသည်ကတော့ မကောင်းလှပေ။ အစ်ကိုအောင်မိုးသည် အရက်တမြမြ၊ ရှိုးဝိုင်း ဂျင်ဝိုင်းတွေတွင် အချိန်ဖြုန်းနေသည်ဟု ကြားရသည်။

မိဘအမွေကို လုံးခနဲ ခဲခနဲ လွယ်လွယ်ရပြီး အစ်ကိုအောင်မိုးသည် လွယ်လွယ်ဖြုန်းနေခြင်းဖြစ်သည်။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူမင်းတြားကြီးများသည် ပုဂံပြည်ကြီး ရွှေမိုး ငွေမိုး ရွာသည်အထိ တိုင်းပြည်ကြီး ချမ်းသာကြွယ်ဝအောင် ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ပုဂံပြည်ကြီး ချမ်းသာကြွယ်ဝခဲ့သည်။ သည့်နောက် ရှင်ဘုရင်များကျတော့ ဘိုးတော်ခမည်းတော်တို့၏ ထီးနန်းကို ခိမ်နှင့်ဆက်ခံရင်း တိုးတက်ရာ တိုးတက်ကြောင်း ကြံဆောင်အားထုတ်မှု နည်းပါးသဖြင့် နောက်ဆုံး တရုတ်ပြေးမင်း လက်ထက်



တွင် ပုဂံပြည်ကြီး ချောက်ချောက်ချားချားဖြစ်ကာ နောက်ဆုံး တိုင်းပြည်ပျက်ရတော့သည်။

အစ်ကိုအောင်မိုးလည်း သည်ပုံစံဝင်သွားပြီး နောက်ဆုံး မိုးကုတ်မှ သုခိတာ ခြံနှင့်အိမ်ကိုပင် ပေါင်ထားရသည်ဟု မင်းမင်း သတင်းကြားရပေသည်။

သည်လိုနှင့် (၂)နှစ်ခန့် ကြာခဲ့ပေသည်။

လွန်ခဲ့သော (၄)လလောက်က အစ်ကိုလတ် ကိုအောင်မိုးသည် မန္တလေး စိန်ပန်းရပ်ရှိ မင်းမင်းအိမ်သို့ ရောက်လာသည်။

အကောင်းရောက်လာသည်မဟုတ်။ သူ့ရင်ထဲတွင် မကျေနပ်ချက်များကို ဖွင့်အန်ရန် ရောက်လာခြင်း ဖြစ်ပါ၏။

"ငါ **မကျေနပ်**ဘူး မင်းမင်း၊ ငါ လုံးဝမကျေနပ်ဘူးကွ သိလား"

"အစ်ကိုလတ်က ဘာကိုမကျေနပ်တာလဲ၊ ပြောပဲပြောပါဦး"

"မင်းအစ်ကိုကြီး ကိုမြင့်ခိုင် အမွေခွဲသွားတာ၊ ငါလုံးဝမကျေနပ်တာပဲ မင်းမင်း"

"ညီအစ်ကိုသုံးယောက်စလုံး သူ့နေရာနဲ့သူ အဆင်ပြေအောင် အစ်ကိုကြီးမြင့်ခိုင်က ခွဲပေးသွားတာပဲ အစ်ကိုလတ်"

"အေး ... အမြင်အားဖြင့်တော့ မြင့်ခိုင် ခွဲဝေသွားတာဟာ အဆင်ပြေတယ်၊ တရားတယ်လို့ ထင်ရတယ်၊ ဒါပေမဲ့ တကယ်တမ်းကျတော့ မြင့်ခိုင်က တို့ညီအစ်ကို အငယ်နှစ်ယောက်အပေါ်မှာ အဆပေါင်းများကြီး လက်ဝါးကြီးအုပ်သွားတာကွ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးက ဆယ်သိန်းဖိုးပဲ ပိုယူသွားတာလေ၊ တကယ်လည်း ရန်ကုန်မှာ ကသစ်မြိုင် ခြံနဲ့အိမ် ဝယ်လိုက်တာ ကျွန်တော် ကြားသားပဲ"

"အေး ... အဲဒါ မင်းခက်တာပေါ့၊ မင်းက အငယ်ဆုံးလည်း ဖြစ်ပြန်၊ မန္တလေးမှာ ကျောင်းသွားနေတာကလည်း နှစ်ပေါင်းအများကြီးဆိုတော့ တို့အိမ်အကြောင်း မင်း တကယ်တမ်း ဘာမှ အတွင်းကျကျ မသိဘူး"

"ဘာအတွင်းကျကျကို ပြောနေတာလဲ အစ်ကိုလတ်"

"ဒီလိုလေကွာ၊ ဖေဖေနဲ့ မေမေဟာ တစ်သက်လုံး ကျောက်မျက်ရတနာအလုပ် လုပ်လာတာ၊ တကယ့်အဖိုးတန် ကျောက်မျက်ရတနာတွေဟာ မုန့်သေတ္တာဘူးနဲ့တစ်ဘူး အပြည့်တောင် မကဘူး ရှိခဲ့တာကွ"

"အစ်ကိုလတ်ကို ဘယ်သူကပြောလဲ"

"အင်း ... ဦးမောင်ချစ်ကြီးကတော့ ဖေဖေတို့နဲ့ လုပ်ဖော်ကိုင်ဖက်ပဲ"

မင်းမင်းသည် ယုံချင်သလိုလို ဖြစ်လာပါ၏။ မန္တလေးတွင် တချို့ချမ်းသာသူများသည် စိန်ကိုပင် ပြည်တောင်းနှင့် ခြင်ရလောက်အောင် ရှိသည်ဟု ကြားဖူးသည်။

"မင်း စဉ်းစားကြည့် မင်းမင်း၊ ငါ့ကို အိမ်ကနှင်ချထားတယ်၊ မင်းက မန္တလေးမှာချည်း ကျောင်းတက်နေတာ၊ သီတင်းကျွတ်တို့၊ ဒီဇင်ဘာတို့ ကျောင်းပိတ်တာတောင် မိုးကုတ်ကို ပြန်ချင်တဲ့အခါမှ ပြန်တာ၊ ဒီတော့ ဖေဖေ မေမေရဲ့ လုပ်ငန်းမှန်သရွေ့ အစ်ကိုမြင့်ခိုင်ကပဲ ဦးစီး



ခေါင်းဆောင် လုပ်သွားတာ မဟုတ်လား"

"ဒါတော့ အစ်ကိုကြီးက တကယ်လည်း အလုပ်လုပ်တာကိုး၊ အသောက်အစား အပျော်အပါးနဲ့ လောင်းကစားလည်း ကင်းတယ်၊ ဖေဖေတို့ မေမေတို့ အလုပ်ကို ဦးစီးဆောင်ရွက်တဲ့ အရည်အချင်းလည်းရှိတယ်၊ တက္ကသိုလ်ကဘွဲ့ရပြီးသားလည်း ဖြစ်တယ်၊ အစ်ကိုအကြီးဆုံးလည်း ဖြစ်တယ်ဆိုတော့ အစ်ကိုကြီးမြင့်ခိုင် လုပ်ပေးတာ ဖေဖေနဲ့မေမေမှာ သက်သောင့်သက်သာ နေရရုံမကဘူး၊ စီးပွားလည်း ပိုဖြစ်တယ်လို့ ဖေဖေနဲ့မေမေ ပြောဖူးတယ်၊ အစ်ကိုလတ်သာ အနေအထိုင်ကောင်းရင် အစ်ကိုကြီးနဲ့တွဲလုပ် ..."

"တော်စမ်းပါကွာ၊ နောက်ဆုံးတော့ ငါနဲ့ပတ်သက်ရင် ဒီပျော့ကွက်ကိုပဲ လက်ညှိုးထိုးတာပဲ၊ ဒီမယ် မင်းမင်း၊ အဲဒါတွေက ပြီးပြီးသားကိစ္စတွေ ဘေးချိတ်ထားလိုက်၊ သူ့မှာ ဝတ်လုံတော်ရ ဦးဘကလေးရှေ့ကို ချမပြဘဲ တိတ်တိတ်ပုန်းယူသွားတဲ့ ကျောက်မျက်ရတနာတွေ အများကြီးပါသွားသေးတယ်ကွ"

"ကျွန်တော်တို့ အငယ်နှစ်ယောက်လည်း အစ်ကိုကြီးက ခွဲပေးခဲ့သားပဲ၊ ကျွန်တော် အဲဒါတွေ ထုခွဲပြီး ငွေသားချည်း ဘဏ်မှာအပ်ထားတာတောင် နှစ်ဆယ့်ခြောက်သိန်းရတယ်၊ အစ်ကိုကြီး တန်ဖိုးသတ်မှတ်ပြီး ခွဲပေးတာက သိန်းနှစ်ဆယ်လောက်လို့ ပေးတာ၊ ခြောက်သိန်းတောင် ပိုရသေးတာပဲ၊ အစ်ကိုလတ်ကော ဘယ်လောက်ရလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး … ရတာတော့ ရပါတယ်၊ ငါလည်း ထုခွဲတာ သုံးသိန်းဆယ်နီးပါး တွက်ခြေကိုက်ပါတယ်၊ အဲဒါ မင်း စဉ်းစားကြည့်ပေါ့ မင်းမင်း၊ တို့ကို သူ ခွဲပေးတာတောင် ဒီလောက်ရရင် သူ လက်ဝါးကြီးအုပ်ပြီး စာရင်းမဖော်တဲ့ ကျောက်သံပတ္တမြားတွေက ဘယ်လောက်ထိ သူ့အတွက် ရမလဲလို့"

"ဒါကတော့ ကျွန်တော်တို့က ဂဃနဏ ဘာမှမသိနိုင်တာ ပဲဗျာ၊ နောက်ပြီး အစ်ကိုကြီး တရားဝင်ခွဲဝေပေးတုန်းက ကျွန်တော်တို့ ကျေကျေနပ်နပ် လက်ခံပြီးသားပဲဟာ၊ ဘာ ထပ်ပြောစရာရှိလဲ၊ နောက်ဆုံး အစ်ကိုလတ် ပြောသလို သူ တိတ်တိတ်ဘုံးသွားတယ်ထားဦး၊ ကျွန်တော်တို့ ညီ အစ်ကို အရင်းခေါက်ခေါက်တွေပဲ၊ ယူပဲလေ့စေပေါ့ဗျာ၊ အစ်ကိုကြီးတော့ အဖအရာလို့တောင် ဆိုစကားရှိတာပဲ"

"ဟကောင် မင်းမင်း၊ မင်းဟာက မဟာဝိဇ္ဇာတန်းအထိ ပညာတွေတတ်ထားပြီး ဦးနှောက်ပိုင်းကျတော့ ချာလှချည် လားကွ"

"ပြောပါဦး၊ ကျွန်တော့်ဦးနှောက်ပိုင်းက ဘယ်လိုချာလို့လဲ"

"အေး … မင်းစိတ်ဓာတ်မျိုး အပြည့်အဝ ငါ့မှာမရှိတာ တောင် ညီအစ်ကိုရင်းဆိုတဲ့ သွေးတော့ ငါ့မှာ ရှိပါသေး တယ်၊ အစ်ကိုမြင့်ခိုင်က တို့ညီအစ်ကိုအပေါ်မှာ ကျော်ပြီး ကျောက်မျက်ရတနာတွေ ဘုံးသွားတယ်ထားဦး၊ ဩော် … တို့အစ်ကိုယူတာပဲ၊ တခြားလူယူတာမှ မဟုတ်တာ။ ယူပါ လေ့စေဆိုတဲ့ စိတ်မျိုး ငါလည်း ထားနိုင်ပါတယ်"



"ဒါဆို ပြီးရောပေါ့၊ ဘာပြောဖို့ လိုသေးလဲ"

"လိုတယ် မင်းမင်း၊ ပြောဖို့လိုလို့ ပြောတာကွ၊ တကယ် လို့ အစ်ကိုမြင့်ခိုင်က အိမ်ထောင်မပြုရင်တော့ တို့အနေနဲ့ သူပဲ ယူပလေ့စေ၊ အချိန်တန်ရင် ညီငယ်တွေကို သူမျှပေး လိမ့်မယ်လို့ ဖြေသာသေးတယ်၊ အခု သူကမိန်းမယူလိုက် ပြီကွ၊ တရားဝင် လက်ထပ်လိုက်ပြီ"

"အဲဒါ ကျွန်တော် သိသားပဲ၊ အစ်ကိုကြီး မိန်းမယူလိုက် တာ တစ်နှစ်တောင် ကျော်သွားပြီပဲဟာ"

"အေး … ယူလိုက်တာက ရုပ်ရှင်မင်းသမီး နွယ်တဲ့၊ ချော တာတော့ တော်တော်ချောတယ်၊ မင်း မြင်ဖူးလား"

"အရင်တုန်းကတော့ အမှတ်တမဲ့ပဲ၊ အစ်ကိုကြီးနဲ့ လက် ထပ်ပြီးမှ မှတ်မှတ်သားသား မြင်ဖူးအောင် သူပါတဲ့ရုပ်ရှင် တစ်ကား နှစ်ကား သွားကြည့်လိုက်တယ်၊ မဆိုးဘူး အစ်ကိုလတ်ရဲ့ တော်တော်ကိုချောတယ်၊ လှုပ်ရှားမှုလေး တွေနဲ့ သူ့မျက်နှာလေးက တည်ငြိမ်သားပဲ"

"အေး … အဲဒီရုပ်သိပ်ချောတာရယ်၊ အမြင်ကောင်းတာ ရယ်ဟာ အရေးကြီးပဲ မင်းမင်း"

"ဘာအရေးကြီးလဲ"

"မင်း စဉ်းစားကြည့်လေကွာ၊ အစ်ကိုမြင့်နိုင် ရန်ကုန်ဆင်း သွားပြီးတဲ့နောက် သိပ်မကြာခင်မှာပဲ ဝုန်းဒိုင်းဆို လက် ထပ်လိုက်ကြတယ်၊ အချိန်တောင် ဆွဲလိုက်တယ်မရှိဘူး၊ အစ်ကိုမြင့်နိုင်နဲ့ မတွေ့ခင်ကလည်း ဒီမင်းသမီးဟာ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ချောတာပဲ၊ ဒီလိုပဲ အမြင်ကောင်းတာပဲ၊ ဘာဖြစ်လို့ တခြားလူတစ်ယောက်ယောက်နဲ့ လက်မထပ်လဲ၊ ရှင်းနေတာပဲ၊ အစ်ကိုမြင့်ခိုင်မှာ သိန်းပေါင်းများစွာ ချမ်းသာမှန်းသိလို့ လက်ခံတယ်၊ အမြန်ဆုံး လက်ထပ်ပစ်တယ်"

မင်းမင်းသည် အစ်ကိုလတ်ကိုအောင်မိုး ပြောသမျှကို နားထောင်နေပေသည်။

"နောက်တစ်ခု မင်း စဉ်းစားကြည့်၊ ဒီမင်းသမီး အစ်ကိုမြင့်ခိုင်ကို ဘယ်လောက် အပိုင်ကိုင်ထားသလဲ ဆိုတာ သူနဲ့အစ်ကိုမြင့်ခိုင် လက်ထပ်ပြီးစီးကြောင်း သတင်းစာမှာ ထည့်တဲ့နေရာမှာ အစ်ကိုမြင့်ခိုင်ဟာ မိုးကုတ်က အဘဦးဖိုးသင်း၊ အမိ ဒေါ်နှင်းမယ်ရဲ့သား ဆိုတာ လုံးဝမပါဘူး၊ ညီဖြစ်တဲ့ မင်းနဲ့ငါနာမည် လုံးဝမပါဘူး၊ လက်ထပ်တုန်းကလည်း လုံးဝ တို့ညီနှစ်ယောက်ကို မခေါ်ဘူး၊ အကြောင်းမကြားဘူး၊ လက်ထပ်ပြီးတဲ့နောက်လည်း တို့ညီနှစ်ယောက်ကို သူ့ဆီလာလည်ဖို့တောင် အစ်ကိုမြင့်ခိုင် မခေါ်ဘူး၊ ဒါဟာ ဒီမင်းသမီးက အစ်ကိုမြင့်ခိုင်ကို ဆွေပြတ်မျိုးပြတ် လုပ်ထားတာ၊ ဘာလို့ ဆွေမျိုးပြတ်လုပ်သလဲ ဆိုရင် အစ်ကိုမြင့်ခိုင်ဆီက တို့ထပ်ပြီး တောင်းမှာရမ်းမှာကို စိုးရိမ်လို့ တင်ကြိုကာကွယ်ထားတာပဲ"

"ဒါတော့ အစ်ကိုလတ်ရာ ... အစ်ကိုမြင့်ခိုင် ကိုယ်တိုင်က ကျွန်တော်တို့အပေါ် စိမ်းလို့ပါ၊ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် တစ်မိဘတည်းက ပေါက်ဖွားပြီး ငယ်ငယ်က



တည်းက အတူနေလာကြတာပဲ၊ အစ်ကိုမြင့်ခိုင်ဟာ တခြားနေရာမှာ ကောင်းချင်ကောင်းမယ်၊ သူ့ကိုယ်ကျိုးနဲ့ပတ်သက်လာရင် သိပ်အတ္တဆန်တတ်မှန်း သူ့စိတ်ဓာတ်ကို ကျွန်တော်တို့ သိသားပဲ၊ နောက်ပြီး အစ်ကိုမြင့်ခိုင်က သူလိုချင်တာဆို မရ,ရတဲ့နည်းနဲ့ ယူတတ်မှန်းလည်း သိသားနဲ့"

ပြောရင်း မင်းမင်းသည် မိမိခြောက်နှစ်သားအရွယ်က အစ်ကိုမြင့်ခိုင်နဲ့ ပတ်သက်၍ မှတ်မှတ်ရရလေး ရှိနေသည့် အဖြစ်တစ်ခုကို သတိရမိသည်။

ထိုနေ့က ဖေဖေသည် မန္တလေးက ပြန်လာသည်။ မင်းမင်း သားအငယ်ဆုံး (၆)နှစ်သားအတွက် ကစားစရာသံပတ်ပေး မော်တော်ကားအရုပ်လေး ဝယ်လာပေးသည်။

ထိုအရုပ်ကို သားကြီး(၁၀)နှစ်သားအရွယ် အစ်ကိုကြီးမြင့်ခိုင်ကလည်း လိုချင်သည်။

ဖေဖေက ဝင်ဟန့်သည်။

"ဟ ... ဒါ ငါးနှစ် ခြောက်နှစ်သားအရွယ်ဆော့တဲ့ ကစားစရာပဲ၊ သားကြီးက ဆယ်နှစ်သားရောက်နေမှ မော်တော်ကားအရုပ် မလိုလို့ ဖေဖေ ဝယ်မလာတာ၊ သားငယ် မင်းမင်းပဲ ယူပလေ့စေ"

ဟု အမိန့်ချသည်။

အစ်ကိုကြီးမြင့်ခိုင်က မကျေနပ်။ ဖေဖေ့ကိုတော့ မလွန်ဆန်ရဲသဖြင့် ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမင်း အိပ်ပျော်ခိုက် အစ်ကိုကြီးမြင့်ခိုင်က မင်းမင်း၏မော်တော်ကားရုပ်ကို ခိုးယူထားသည်။

နောက်ဆုံး ဖေဖေ ကြိမ်းမောင်းပြီး ပြန်ပေးခိုင်းမှ မင်းမင်းကို ပြန်ပေးသည်။ သို့သော် ကျေကျေနပ်နပ် ပေးသည် မဟုတ်၊ ကားရုပ်လေးကို ကြမ်းပေါ်သို့ ကိုင်ပေါက်ပြီးပေးခြင်း ဖြစ်ပါ၏။

ဂျပန်လုပ် ကားရုပ်လေးမှာ ပိန်ချိုင့် ကွေးကောက်သွားသဖြင့် သံပတ်ပေး၍ မရတော့။

သည့်အတွက် ဖေဖေက သည်လောက်ထိ စိတ်ဓာတ် ညံ့ဖျင်းရသလားဆိုပြီး ကိုကြီးမြင့်ခိုင်ကို ကြိမ်လုံးနှင့် ရိုက်ဖူးခဲ့သည်ကို မင်းမင်း ပြန်၍ သတိရမိသည်။

"အေး … သူ့စိတ်ဓာတ်ကို ငါ သိတယ်လေ၊ ဒါကြောင့် သူ ဘုံးသွားတာတွေဟာ တို့ရသင့်သလောက် ပြန်ရသင့်တာပေါ့ မင်းမင်းရ"

အစ်ကိုလတ် ကိုအောင်မိုးက ဆက်ပြောသည်။

"နောက်ထပ် ငါ သေသေချာချာ ကြားရတာက အစ်ကိုမြင့်ခိုင်ဟာ ဆေးများမိသလား မပြောတတ်ပါဘူးကွာ၊ မင်းသမီးကို သိပ်ချစ်တယ်ဆိုပဲ၊ ဒါကြောင့် မင်းသမီးဆန္ဒဆိုရင် ဘာမဆို လိုက်လျောတယ်တဲ့၊ အဲဒီတော့ မင်းစဉ်းစားကြည့်၊ မင်းသမီးက အစ်ကိုမြင့်ခိုင်ကို အပိုင်ကိုင်ထားမှတော့ တို့ညီငယ်နှစ်ယောက် အစ်ကိုမြင့်ခိုင်က နောက်ထပ် ခြူးတစ်ပြားတောင် ပေးပါတော့မလား"



"မပေးလည်း နေပေါ့ဗျာ၊ ကျွန်တော်တို့လည်း ရသင့်သလောက် ရပြီးပြီပဲဟာ၊ အခု ကျွန်တော် ရထားတာဆိုရင် ကျွန်တော့်တစ်သက် ထိုင်စားတောင် မကုန်ဘူး"

"မင်းကတော့ ဟုတ်တာပေါ့ကွ"

ကိုအောင်မိုးက စိတ်ပျက်လက်ပျက် အသံဖြင့် ညည်းညည်းညူညူ ပြောလိုက်ပါ၏။

"ငါ့မှာက ကုန်ပြီကွ၊ ဖေဖေနဲ့ မေမေရဲ့ လက်ငုတ်လက်ရင်းဖြစ်တဲ့ သုခိတာခြံနဲ့ တိုက်အိမ်ကိုတောင် ပေါင်ထားရတယ်"

"ဒါကတော့ အစ်ကိုလတ် မိုက်ပြစ်နဲ့ အစ်ကိုလတ်ပဲဟာ"

"အေး … မိုက်တာတော့ မိုက်မိတာပဲ၊ ဒါကို အပြစ်တင်ပြီး ငုတ်တုတ်ကြီး ထိုင်နေလို့ ဘယ်ဖြစ်မလဲ"

"အစ်ကိုလတ် ဘာလုပ်မလို့လဲ"

"ငါ ရန်ကုန်ကို လိုက်သွားမယ်၊ မင်းပါ လိုက်ခဲ့ပါလို့ ငါ ဝင်ခေါ်တာ၊ တို့ညီအစ်ကိုနှစ်ယောက်အားနဲ့ ဖိပြောရင် သူ ပေးသင့်သလောက် တို့ကိုပေးမယ်လို့ ငါထင်တယ်"

"ကျွန်တော် မလိုက်ဘူး ဆိုရင်ကော"

"မင်း မလိုက်လည်း ငါက သွားမှာပဲ၊ ငါ့အဖို့ မိုးကုတ်က သုခိတာခြံနဲ့တိုက်ကို ပြန်ရွေးဖို့ ငွေလိုတယ်၊ မရ,ရအောင် တောင်းရမယ်၊ မင်းပါလိုက်ရင် မင်းအတွက်လည်း ရမှာပေါ့ မင်းမင်း"

"ကျွန်တော် မလိုက်တော့ဘူး အစ်ကိုလတ်၊ [illegible]တောင်းခံရမယ့်အလုပ်မျိုးလည်း ကျွန်တော် မလုပ်ချင်ဘူး၊ အောက်

www.burmeseclassic.com

www.burmeseclassic.com



လည်းအောက်ကျတယ်၊ သိက္ခာလည်းကျတယ်၊ နောက်ပြီး ညီအစ်ကိုနှစ်ယောက်သွားလို့ နှစ်ယောက်လုံးကို ပေးရဖို့ ဝန်လေးနေရင် အစ်ကိုလတ်သွားလို့ အစ်ကိုလတ် တစ်ယောက်တည်း ပေးရမှာကို အစ်ကိုကြီးက ပေးချင်ပေးမှာ"

"အေး ... ဒါဆိုလည်းပြီးရော၊ ငါ သွားမယ်"

အစ်ကိုလတ် ကိုအောင်မိုး ထွက်ခွာသွားသည်။

အစ်ကိုကြီး မြင့်နိုင်နှင့် အစ်ကိုလတ် အောင်မိုးတို့ ဘာတွေဆက်ဖြစ်မှန်း မင်းမင်း ထပ်မံမကြားရပါလေတော့။

အစ်ကိုလတ် ကိုအောင်မိုး မင်းမင်း အိမ်မှထွက်သွားပြီး တစ်လလောက်အကြာမှာပင် အစ်ကိုကြီးမြင့်နိုင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သတင်းစာနာရေးကြော်ငြာတွင် တွေ့ရသည်။ သတင်းအနေနှင့်လည်း ရုပ်ရှင်မင်းသမီးနွယ်၏ခင်ပွန်း ရုတ်တရက် ရေနစ်သေဆုံးကြောင်း ပါရှိသည်။

မင်းမင်းသည် ဘယ်လိုပဲဖြစ်ဖြစ် အစ်ကို အရင်းခေါက်ခေါက်၏ ဈာပနသို့ သွားချင်စိတ်ရှိရှိး အမှန်။ သို့သော် မိမိက အစ်ကို့ဈာပနမို့ သွားသည်ပဲထားဦး။ ဟိုရောက်လျှင် မိမိကို မည်သူတစ်ယောက်ကမျှမသိ။ မိမိက အစ်ကိုကြီးမြင့်နိုင်၏ ညီအရင်းပါဟု ထုတ်ဖော်ဆွေမျိုးစပ်ပြရမည်။

ထိုသို့ ဆွေမျိုးစပ်ပြသည်နှင့် အစ်ကိုလတ် ကိုအောင်မိုး ပြောခဲ့ဖူးထားသလို အစ်ကိုသေ၍ ညီရောက်လာခြင်းသည် အမွေတောင်းခံချင်လို့ဟု မင်းသမီးနှင့် သူ့အသိုက်အဝန်းတွေက မိမိကို ထင်မြင်ကြမည်။ နဂိုကမှ မင်းသမီးက မိမိတို့ ညီအစ်ကို ဆက်ဆံရေးကို ပြတ်တောက်ထားစေသည်မဟုတ်လော။



ထိုရက်အတွင်း၌ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတို့က အစ်ကိုကြီး ကိုမြင့်နိုင် သေဆုံးမှုကြောင့် ရုပ်ရှင်မင်းသမီးနွယ်တွင် မည်မျှအထိ အကျိုးခံစားခွင့်တွေ ရရှိနိုင်ကြောင်း ရေးသားကြသည်။

တချို့အာဘော်များဆိုလျှင် အစ်ကိုကြီးမြင့်နိုင် သေဆုံးခြင်းမှာ အမှောင့်ပယောဂတစ်ခုခု ပါသလိုလိုအထိ ရေးသားလာကြသည်။

ဒါတွေဖတ်ရတော့လည်း သွားလေသူ အစ်ကိုကြီး မြင့်နိုင်အတွက် မင်းမင်း ရင်ထဲတွင် နာနာကျင်ကျင်လေး ခံစားရသည်။ ညီအစ်ကို အရင်းခေါက်ခေါက်ပေကိုး၊ သွေးပေကိုး။

ထိုအချိန်မှာပင် ...

အစ်ကိုလတ် ကိုအောင်မိုး မန္တလေးရှိ မင်းမင်းအိမ်သို့ ရောက်လာပြန်သည်။

အိမ်မှာပင် အစ်ကိုလတ် ကိုအောင်မိုး နှစ်ညအိပ်တည်းခိုပြီး မင်းမင်းကို သူ လုပ်ချင်တာတွေ နားချပေတော့သည်။

"ဒီမှာကွ မင်းမင်း၊ ရေကိုသာ ဓားနဲ့ထက်ခြမ်းကြီးခွဲလို့ ပြတ်ချင် ပြတ်သွားမယ်၊ သွေးသားဆိုတာက မပြတ်နိုင်ဘူးကွ၊ လက်သည်းဆိတ်ရင် လက်ထိပ်နာစမြဲပဲ၊ အစ်ကိုမြင့်နိုင်ဟာ တို့ညီအစ်ကိုအပေါ်မှာ ဘယ်လောက်ပဲ သူ့အတွက် အတ္တဆန်ဆန်နဲ့ ယူသွားပေမယ့် အခု အစ်ကိုမြင့်နိုင် ဖြစ်ပုံကျတော့ ငါ သိပ်အသည်းနာတယ်၊ လောဘတကြီးနဲ့ ဘုံးသွားလို့ အစ်ကိုမြင့်နိုင်မှာ ချမ်းသာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ဝတယ်၊ အကျိုးရှိတယ်ဆိုရင်တော့ လုပ်ပါစေ၊ ညီအစ်ကိုချင်းပဲ သူ့ ကောင်းစားလေ ကိုယ်ဝမ်းသာလေ သဘောမျိုး ထားနိုင်တယ်၊ အခုဟာ သူက ညီတွေအပေါ်မှာ တစ်ကိုယ်ကောင်း ဘုံးသွားသမျှဟာ မင်းသမီးအတွက်ချည်း ဖြစ်သွားတာ ရင်နာဖို့ မကောင်းဘူးလား၊ ငါတို့ အဖေအမေ ချမ်းသာခဲ့သမျှဟာ ဘိုးစဉ်ဘောင်ဆက်က အမွေတွေ ဆက်ခံလာခဲ့တာလည်း အပါအဝင်ကွ၊ ဘိုးစဉ်ဘောင်ဆက်က ဆင်းသက်လာတဲ့ အမွေဆိုတာဟာ သားစဉ်မြေးဆက်သာ ခံယူထိုက်တယ် မဟုတ်လား မင်းမင်း၊ အခုတော့ သားစဉ်မြေးဆက်ဖြစ်တဲ့ မင်းနဲ့ ငါက ဘေးမှာ လွတ်ကျန်ခဲ့ပြီး ဘာမဟုတ်တဲ့ မင်းသမီးက တို့ ဘိုးစဉ်ဘောင်ဆက်ပစ္စည်းတွေ ရသွားတာ မင်း စိတ်ထဲမခံပြင်းဘူးလား မင်းမင်း”

မင်းမင်းက ပါးစပ်မှတော့မပြော။ သို့သော် အလိုလိုခေါင်းညိတ်ပြလိုက်မိသည်။

“အေး … အဲဒါတွေထက်ပိုပြီး မကျေနပ်စရာ ခံပြင်းစရာကောင်းတာက အစ်ကိုမြင့်ခိုင် သေဆုံးရတာဟာ သွေးရိုးသားရိုးလို့ လူတွေထင်အောင် ပိပိရိရိနဲ့ အသတ်ခံလိုက်ရသလိုလို သတင်းတွေ ထွက်လာတယ်”

“ဟုတ်တယ်၊ စာစောင်တချို့က အဲဒီလို သံသယဖြစ်စရာအချက်တွေကို ဖော်ပြထားတာ ကျွန်တော် ဖတ်ရတယ် အစ်ကိုလတ်”



“အေး … အခု အခြေအနေအထိတော့ ဆရာဝန်ထွက်ဆိုချက်တွေ၊ သဲလွန်စအထောက်အထားတွေ၊ မင်းသမီးနဲ့ သူ့အိမ်ဖော်မကြီး ထွက်ဆိုချက်တွေ၊ အခင်းဖြစ်ပွားရာမှာ ရဲကစစ်ဆေး တွေ့ရှိချက်တွေအရ အစ်ကိုမြင့်ခိုင်ဟာ သူ့ကိုယ်သူ သတ်သေလိုက်တယ်လို့ ယူဆစရာတွေချည်းဖြစ်နေတယ်တဲ့ မင်းမင်းရ”

“အစ်ကိုလတ်က အဲဒီလောက် အသေးစိတ်တွေတောင် သိနေသလား”

“ဟ … ငါက အစ်ကိုမြင့်ခိုင် သေပြီဆိုတာနဲ့ ရန်ကုန်ရောက်နေတာကွ၊ သူတို့ ကသစ်မြိုင်အိမ်ကိုလည်း ငါရောက်ခဲ့တာပဲ၊ ဒါပေမဲ့ ငါ့ကိုသိတဲ့ လူတစ်ယောက်မှမရှိဘူး၊ ငါကလည်း သူတို့ထဲမှာ သိတဲ့လူ တစ်ယောက်မှ မတွေ့ဘူး၊ အေး … မင်းသမီးကိုတော့ ငါက ရုပ်ရှင်ထဲမှာ မြင်ဖူးထားလို့ မင်းသမီးမှန်း သိတယ်၊ ဒါပေမဲ့ မသာအိမ်ဆိုတော့ လူစုံတက်စုံ ဝင်ထွက်နေတော့ ငါ့ကိုလည်း ဘယ်သူကမှ အရေးတယူ မရှိကြပါဘူး၊ သာမန်အသုဘသတင်းမေးလာသူ တစ်ယောက်လို့ပဲ ယူဆကြပုံပဲ၊ အေး ငါ သိသိသာသာကြီး မြင်ခဲ့တာတစ်ခုကတော့ မင်းသမီးဟာ သူ့ယောကျာ်း သေဆုံးတဲ့အတွက် လုံးဝငိုထားတဲ့ရုပ် မရှိတာပဲ မင်းမင်း”

“ဗျာ … လင်တစ်ယောက်လုံး သေတာကို”

“အေး … မယုံမရှိနဲ့ ငါ ကိုယ်တိုင်တွေ့တာ”

“ဒီမိန်းမမှာ အသည်းနှလုံးမှ ရှိရဲ့လားဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အစတည်းက လူမက်လို့ယူတာမှ မဟုတ်တာ၊ ငွေမက်လို့ယူတာပဲ၊ အစ်ကိုမြင့်ခိုင် မြန်မြန်သေလေ သူ့အတွက် အစ်ကိုမြင့်ခိုင်ဆီက ပစ္စည်းတွေ ရလေပေါ့၊ ဒီမှာ မင်းမင်း"

"ပြော ... အစ်ကိုလတ်"

"တို့ညီအစ်ကိုသုံးယောက်ဟာ ငယ်ငယ်ကတည်းက ဒီအဖေ ဒီအမေနဲ့ သုခိတာခြံကြီးထဲကတိုက်မှာ နေခဲ့ကြတာပါ၊ မင်းနဲ့ အစ်ကိုမြင့်ခိုင် တက္ကသိုလ်ရောက်သွားမှ ညီအစ်ကို လူစုကွဲသွားတာပါ၊ ဒီတော့ အစ်ကိုမြင့်ခိုင်ရဲ့စိတ်ရင်းဓာတ်ခံကို တို့ညီအစ်ကို အသိဆုံးပါ၊ အစ်ကိုမြင့်ခိုင်လိုလူဟာ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် သူ့ကိုယ်သူ သတ်သေတဲ့လူစားမျိုး ဖြစ်နိုင်မလား၊ မင်း ... သေသေချာချာ စဉ်းစားကြည့်စမ်း မင်းမင်း"

မင်းမင်း ငိုင်သွားသည်။

အစ်ကိုကြီးမြင့်ခိုင်သည် ချမ်းသာကြွယ်ဝသော မိဘမှ ပေါက်ဖွားခဲ့သူဖြစ်သည်။ ဘာမဆို အရသာရှိမှကြိုက်၊ ကောင်းမှကြိုက်၊ တန်ဖိုးရှိမှကြိုက် ပုံစံဖြင့် တစ်သက်လုံး နေလာခဲ့သည်။ ဘာမဆို သူလိုချင်သမျှကိုလည်း ရအောင်ယူလေ့ရှိသည်။ ရလည်း ရခဲ့သည်ချည်းဖြစ်သည်။ စားဝတ်နေရေးတို့တွင် ထိပ်ပိုင်းမှချည်း နေခဲ့သော အစ်ကိုမြင့်ခိုင်သည် သူ့ဘဝကိုသူ သိပ်ခင်တွယ်သူဖြစ်သည်။ အစ်ကိုမြင့်ခိုင်လိုလူသည် သူ့ကိုယ်သူ သတ်သေမတဲ့လား။



"ဟုတ်တယ် အစ်ကိုလတ်၊ အစ်ကိုကြီးမြင့်ခိုင်ဟာ သူ့ကိုယ်သူ သတ်သေတာ မဖြစ်နိုင်ဘူး"

"အေး ... သူ့ကိုယ်သူ သတ်သေတာ မဟုတ်ရင် အခု သူသေသွားတာဟာ တစ်ယောက်ယောက်က လုပ်ကြံသတ်ဖြတ်လို့ သေတာလို့ အဓိပ္ပာယ်ထွက်မလာဘူးလား"

"ထွက်လာတယ်ပဲ ထားပါတော့ ဒါကို အမှုလိုက်ရဲအရာရှိနဲ့အဖွဲ့က မစုံစမ်းနိုင်ဘူးလား အစ်ကိုလတ်"

"အေး ... ဒါကျတော့ မင်းက ငါ့ထက် ကျောင်းပညာတွေ အများကြီးတတ်ပေမယ့် ငါ့လောက် အတွေ့အကြုံပိုင်းမင်းမှာမရှိဘူး၊ ငါက မကောင်းတာတွေ တော်တော်များများ လုပ်လာတဲ့လူဆိုတော့ ရဲအဖွဲ့နဲ့ ပတ်သက်ခဲ့ရတဲ့ အတွေ့အကြုံတွေ ရှိလာပြီး အမှုတစ်ခုမှာ ရဲဘောင်အတွင်းက လိုက်ရတာတွေကို ငါ နားလည်သင့်သလောက် နားလည်တယ်၊ နောက်ပြီး မင်း မှတ်မိမလား မပြောတတ်ဘူး၊ အိမ်က ငါ့ကို နှင်ချလို့ အပြင်ဘက်မှာ ငါဟာအလုပ်ရှာလုပ်ရင်း ရှေ့ပတ်စာရေးအလုပ် လုပ်ခဲ့သေးတယ်၊ ရှေ့ဖတ်စာရေးဆိုတာကော မင်း သိရဲ့လား၊ လွယ်လွယ်လေးပြောရင် ရှေ့ဖတ်စာရေးဆိုတာ တရားသူကြီးရဲ့စာရေးဆိုပါတော့ကွာ၊ အဲဒီအလုပ်လည်း ငါ တစ်နှစ်လောက်လုပ်ခဲ့သေးတော့ ငါက တရားဥပဒေနဲ့ ရဲတွေအမှုလိုက်ပုံကို သိသင့်သလောက် သိထားတယ်"

"အစ်ကိုကြီးမြင့်ခိုင်ရဲ့ အမှုအကြောင်းကိုပဲ ပြောပါ အစ်ကိုလတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လူသတ်မှုပဲ ထားပါတော့ကွာ၊ အစ်ကိုမြင့်ခိုင်မှာ သတ်ပစ်ချင်လောက်အောင် ရန်ငြိုးရန်ဘက်လူတွေရှိသလား၊ ရှိရင် ဘယ်လိုရန်ငြိုးတွေလည်းဆိုတဲ့ လူသတ်မှုဖြစ်လာစေလောက်တဲ့ မိုးတစ်ဗ်ရှိရတယ်၊ နောက်ပြီး အခင်းဖြစ်ပွားစဉ်က မျက်မြင်သက်သေတွေ၊ နားကြားသက်သေတွေရဲ့ ထွက်ဆိုချက်တွေ ရှိရတယ်၊ အဲဒါတွေက အိုင်းဝတ်ဒ်နက်စ်နဲ့ သာမန်ဝတ်ဒ်နက်စ်လို့ခေါ်တယ်၊ အဲ ... ကလူးလို့ခေါ်တဲ့ အခင်းဖြစ်ပွားတာကို သက်သေပြတဲ့ သဲလွန်စ အထောက်အထား ပစ္စည်းတွေ ရှာဖွေတွေ့ရှိ စစ်ဆေးရတယ်၊ နောက်တစ်ချက်က သေသူကို သတ်သွားတဲ့လူဟာ အခင်းဖြစ်ပွားစဉ်က ဘယ်အရပ် ဘယ်ဒေသမှာရှိနေတယ်ဆိုတဲ့ အလီဘိုင်ကို စစ်ဆေးရတယ်၊ နောက်တစ်ချက် အရေးကြီးတဲ့အချက်က အသတ်ခံရတဲ့သူဘက်က အမှုကို မကျေမနပ် ရဲကိုတိုင်ကြား အမှုဖွင့်တဲ့ တရားလိုရှိရတယ်၊ အဲဒါတွေပေါ်မှာ မူတည်ပြီး အမှုလိုက်ရဲအရာရှိက စုံစမ်းစစ်ဆေးရတယ်၊ သိပ္ပံနည်းနဲ့ စစ်ဆေးတယ်၊ ဝိဇ္ဇာဆိုတဲ့ အတွေးအခေါ် အယူအဆနည်းနဲ့ စစ်ဆေးရတယ်"

"ရှင်းနေတာပဲ အစ်ကိုလတ်ရာ၊ အစ်ကိုကြီးဆီက သိန်းပေါင်းများစွာကို ဆက်ခံရမှုဟာ အခု အစ်ကိုလတ်ပြောတဲ့ မိုးတစ်ဗ်ဖြစ်မလာဘူး၊ ဒါတွေလိုချင်လို့ ရုပ်ရှင်မင်းသမီးနွယ်က လင်သေလျှင် မယားစံ ပုံစံနဲ့ အစ်ကိုကြီးကို ဥပါယ်တံမျဉ်နဲ့ သေစေတယ်လို့ ရဲက မယူဆဘူးလား"



"ယူဆကောင်း ယူဆမယ် မင်းမင်း၊ ဒါပေမဲ့ အစ်ကိုလတ်ပြောတဲ့အတိုင်း မိုးတစ်ဗ်အချက် တစ်ချက်တည်းနဲ့တော့ ဒါ လူသတ်တရားခံလို့ ရဲကစွဲချက်မတင်နိုင်ဘူး၊ အစ်ကိုလတ် ပြောခဲ့တဲ့ဟာတွေအားလုံး ရရှိစစ်ဆေးပြီးမှ စွဲချက်တင်နိုင်မယ်၊ အစ်ကိုမြင့်ခိုင်ကို စုံစမ်းစစ်ဆေးရရှိတဲ့အချက်တွေအားလုံး ကွင်းဆက်တဲ့အခါမှာ ဒါဟာ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုပဲလို့ ချိန်ခွင်လျှာ ထွက်နေတယ်၊ ပြီးတော့ အစ်ကိုမြင့်ခိုင် သေဆုံးမှုကို မကျေနပ်လို့ ရဲကိုတိုင်ကြား အမှုဖွင့်တဲ့ တရားလိုလည်း မရှိဘူးလေ"

"ဒါဆို အစ်ကိုလတ်က တရားလိုလုပ်ပြီး အမှုဖွင့်တိုင်ကြားလိုက်ပါလား"

"အေး ... အဲဒီသဘောတွေ ပါရှိတဲ့ အလုပ်တစ်ခု လုပ်ချင်လို့ မင်းဆီကို ငါလာခဲ့တာပဲ မင်းမင်း"

ကိုအောင်မိုးက စိတ်ရှည်လက်ရှည် ရှင်းပြပေတော့သည်။

"ကဲ ... ငါက ကိုမြင့်ခိုင်ရဲ့ ညီအရင်းအနေနဲ့ တရားလိုလုပ် အမှုဖွင့်လိုက်ပါပြီတဲ့၊ နံပါတ်တစ်အချက်က ငါကိုယ်တိုင်က မိုးကုတ်ရဲ့အဖွဲ့မှာ မကောင်းမှုဒုစရိုက်မှုတွေကို ကျူးလွန်ထားတဲ့ မှတ်တမ်းဝင် လူတစ်ယောက်ဖြစ်နေတယ်၊ ဒါဟာ ရဲအဖွဲ့မှာဖြစ်ဖြစ်၊ တရားခွင်မှာဖြစ်ဖြစ် အမှုမှာ တရားလိုရဲ့ အားပျော့ချက် ဖြစ်နေတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယအချက်က ငါက အမှုဖွင့်လို့ ရုံကစစ်ဆေးပြီး မင်းသမီးနွယ်ဟာ တရားခံဖြစ်တယ်ဆိုရင် တရားခွင်မှာ တရားခံနဲ့ တရားလို အင်အားပြိုင်ရမယ်၊ ကုန်ကျသင့်တဲ့ ငွေကြေးတွေ အမြောက်အမြား ပြိုင်ပြီးကုန်ကျစတမ်းဆိုရင် ငါက သုညဘဝရောက်လို့ ခြံနဲ့တိုက်ကိုတောင် ပေါင်ထားရတဲ့လူဟာ မင်းသမီးနွယ်နဲ့ ယှဉ်ပြိုင်ပြီး အကုန်အကျ ခံနိုင်ပါ့မလား၊ ဒီမင်းသမီးက နဂိုကတည်းက စုမိဆောင်းမိ ရှိနေတဲ့အပြင် အစ်ကိုမြင့်ခိုင်ရဲ့ပစ္စည်းတွေကို လင်သေမယားရ ဥပဒေနဲ့ ရထားတဲ့သူလေ"

"တတိယအချက်က ငါက တရားခွင်မှာ အမှုနိုင်လို့ ရုပ်ရှင်မင်းသမီး နွယ်ဟာ အပြစ်ဒဏ် ခံသွားရတယ်ထားဦး၊ အစ်ကိုမြင့်ခိုင်ရဲ့ကျန်ခဲ့သမျှကို ဆက်ခံခွင့်ရှိသူဟာ နွယ်ပဲ ဖြစ်ရမယ်၊ ဒီတော့ တို့မျိုးသားစဉ်မြေးဆက် ရထိုက်တဲ့ အစ်ကိုမြင့်ခိုင်ရဲ့ ပစ္စည်းတွေကို တို့က အမှုနိုင်တာကလွဲပြီး ပြန်ရပိုင်ခွင့် မရှိဘူး၊ အဲဒီတော့ ဒီလိုလုပ်တာ ဘာအကျိုးထူးမှာလဲ မင်းမင်း၊ ကဲ ... ငါမေးမယ်၊ ငါက သုညကောင်မို့ အမှုမှာ ငွေမလိုက်နိုင်ဘူးဆိုရင် အမှုအတွက် မင်းသမီးနဲ့ပြိုင်ပြီး ကုန်ကျငွေကို မင်း ဘဏ်ကထုတ်ပြီး အကုန်အကျအားလုံး ခံနိုင်မလား"

"ဒါကတော့ ဘယ်လွယ်မလဲ အစ်ကိုလတ်၊ ကျွန်တော့်ဘဝတစ်ခုလုံးအတွက် အမာခံ အာမခံချက် ရှိတာက ဒါလေးပဲရှိတာ"



"အေး ... ငါကလည်း ဥပမာလောက် ပြောတာပါ၊ အဲဒီလို မင်း လုပ်ပါ၊ မင်းငွေတွေ ထုတ်သုံးပါလို့ မတိုက်တွန်းပါဘူး၊ ဒါပေမဲ့ ငါ့မှာ အစီအစဉ်တစ်ခု ရှိတယ်၊ မင်းကို အဓိကထားပြီး အားကိုးရမယ့် အစီအစဉ်ပဲ"

"ပြောပါဦး ဘယ်လို အစီအစဉ်လဲ"

"အစီအစဉ်ကတော့ သုဝဏ္ဏသာမဇာတ်ထဲက သားရွှေအိုးထမ်းလာတာကို မြင်ချင်ပါတယ်ဆိုတဲ့အတိုင်း သုဝဏ္ဏသာမလည်း အသက်ရှင်မယ်၊ ရွှေအိုးလည်းရမယ်၊ ဒုကုလနဲ့ ပါရိကလည်း မျက်လုံးပြန်မြင်မယ် ဆိုတဲ့ အစီအစဉ်ပဲ"

မင်းမင်းက ဘာမှဝင်မပြောဘဲ နားထောင်မြဲ နားထောင်နေသည်။

"ကိုယ့်ဆီက ညာလက်နဲ့ယူသွားတာကို ဘယ်လက်နဲ့ပြန်အရယူတဲ့သဘောပဲ၊ ငါ ဒီလို စိတ်ကူးတယ်၊ တစ်ဖက်က မင်းအနေနဲ့ အမှုဖွင့်ထားမယ်၊ ပြီးတော့ မင်းက မင်းသမီးနွယ်ကို ရင်းနှီးအောင် တစ်ဖက်လှည့်နဲ့ ချဉ်းကပ်မယ်၊ မင်းက အစ်ကိုမြင့်ခိုင်ရဲ့ ညီအနေနဲ့ အမှုဖွင့်ရင် တရားလိုရဲ့အားမာန်အပြည့်ရှိတယ်၊ အသက်ငယ်တယ်၊ လူရည်သန့်တယ်၊ မန္တလေးတက္ကသိုလ်က မဟာတန်းအောင်တယ်၊ လူတော်လူကောင်း တစ်ယောက်လို့ ရဲအဖွဲ့ကတော တရားရုံးကရော သတ်မှတ်နိုင်တယ်"

"နောက်တစ်ဖက်ကနေပြီး မင်းသမီးနွယ်နဲ့ မင်း ချစ်ကြိုက်လာတဲ့အထိ ကြိုးစားရမယ်၊ နောက်ဆုံး ချစ်ကြိုက်လာတဲ့အခါ မင်းအနေနဲ့ မင်းသမီးနွယ်ကို လက်ထပ်နိုင်ဖို့ ကြိုးစားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဖြစ်နိုင်တာ အစ်ကိုလတ်ကလည်း"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ မင်း ရုပ်ချောတယ်၊ အသက် ငယ်တယ်၊ ခန္ဓာကိုယ် အနေအထားက အမျိုးသမီးတိုင်း ကြိုက်နှစ်သက်နိုင်တယ်၊ မင်းရဲ့အပြောအဆို အမူအရာ လေးတွေဟာ နှစ်သက်စရာ ကောင်းတယ်၊ ဒီအသက် အရွယ်နဲ့ မဟာတန်း အောင်ထားတယ်၊ ကဲ ... ဘာလို သေးလဲ၊ မင်းသမီးနွယ်ကို မင်း လက်ထပ်နိုင်တာနဲ့ သူ အားလုံး ပိုင်ဆိုင်တဲ့ ပစ္စည်းထက်ဝက်ကို ခင်ပွန်းတစ် ယောက်အနေနဲ့ မင်း ပိုင်ဆိုင်ခွင့်ရပြီ၊ ဒီလောက်အထိ ခရီးပေါက်ပြီဆိုတာနဲ့ တို့သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့် ထက်ဝက်ဟာ တို့လက်ထဲ ပြန်ရောက်လာတာပဲ"

"အဲဒီပုံစံကို ကျွန်တော် လက်မခံဘူး အစ်ကိုလတ်၊ မိန်းမ သားတစ်ယောက်အပေါ်မှာ ဖြားယောင်းသွေးဆောင်ပြီး ကုတ္တိုယသိုက်တူးတဲ့ ပုံစံကြီးပဲ၊ ကျွန်တော့်စိတ်ဓာတ်နဲ့ ကိုယ်စောင့်နတ်က လက်မခံဘူး"

"မင်း စဉ်းစားကြည့်ပါ မင်းမင်း မင်းက စတင်ပြီး သွေး ဆောင်ဖြားယောင်းတာ မဟုတ်ဘူး၊ သူက သွေးဆောင် ဖြားယောင်းပြီး အစ်ကိုမြင့်ခိုင်ဆီက ရယူသွားတာကို မင်းက တုံ့ပြန်ပြီး ကိုယ့်ပစ္စည်းကိုယ် ပြန်ရယူတာပဲ၊ ဒါဟာ တရားနည်းလမ်း ကျပါတယ်၊ အဓမ္မ လုယူတာ မဟုတ်ဘူး၊ အနိုင်ကျင့်ပြီး ရယူတာ မဟုတ်ဘူး၊ သူအသုံး ပြုသွားတဲ့နည်းလမ်းအတိုင်း ပြန်သုံးပြီး ကိုယ့်ပစ္စည်းကိုယ် ပြန်ယူတာ"



မင်းမင်းသည် တွေဝေစဉ်းစားတော့သည်။ အစ်ကို လတ် ကိုအောင်မိုး ပြောပြသည်မှာ ဟုတ်သလိုလို ရှိသည်ဟု အလေးအနက် စိတ်ထဲတွင် ထားရှိလာသည်။

ကိုယ်ကစ၍ ပေါက်သည့်ခဲ မဟုတ်။ သူပေါက်သည့် ခဲကို ကောက်ကာ ကိုယ်က ပြန်ပေါက်သည့်သဘောသာရှိသည်။

"အကြောင်းနှစ်ချက် ရှိတယ်ဗျ၊ ပထမအချက်က ရုပ်ရှင် မင်းသမီးနွယ်ကို ကျွန်တော် ဘယ်လိုချဉ်းကပ်မလဲ၊ ဒုတိယ အချက်က ကျွန်တော် သူ့ကို မချစ်မနှစ်သက်ဘဲ တရား ဝင်လက်ထပ်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော် လူပျိုဘဝဆုံး ရှုံးသွားမှာပေါ့"

"မင်း လူပျိုဘဝ ဆုံးရှုံးတာ မဆုံးရှုံးတာတော့ မသိဘူး လေကွာ၊ ဒါပေမဲ့ မင်းမင်းဆိုတဲ့ မင်းဟာ တရားဝင်လက် ထပ်လိုက်တာလို့တော့ ပြောလို့မရဘူး၊ ဘာလို့လဲဆိုတော့ မင်းဟာ မင်းသမီးနွယ်ကို လက်ထပ်တဲ့အချိန်မှာ တရား သူကြီး အစစ်အမှန်ဆီမှာ လက်ထပ်တာလည်း မဟုတ်ဘူး၊ မင်းမင်း နာမည်နဲ့ လက်ထပ်တာလည်း မဟုတ်ဘူး၊ မင်း က မောင်မောင်တာအနေနဲ့ လက်ထပ်ရမှာ"

"အစ်ကိုလတ် ပြောတာ ကျွန်တော် နားမရှင်းဘူး"

"နားထောင်၊ အခု မင်းသမီးနွယ် နေထိုင်တဲ့ ကသစ်မြိုင် ရဲ့လမ်းထိပ်မှာ ဆောင်းရိပ်သာဆိုတဲ့ခြံနဲ့ တစ်ထပ်တိုက် လေးရှိတယ်၊ အဲဒီ ဆောင်းရိပ်သာပိုင်ရှင် ဦးမြဘူးဆိုတာ က ငါနဲ့ သောက်ဖော်သောက်ဖက် ဂျင်ကစားဖော်ကစား

www.burmeseclassic.com

www.burmeseclassic.com



ဖက်၊ သိပ်ရင်းနှီးတယ်၊ သူ့မှာ မောင်မောင်တာဆိုတဲ့သား တစ်ယောက်ရှိတယ်၊ မောင်မောင်တာဟာ ပြီးခဲ့တဲ့နှစ်က ဥမ္မာ ဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်လိုက်တယ်၊ လက်ထပ်ပြီး မကြာခင်မှာပဲ အင်းလျားကန်မှာ နှစ်ယောက်သား လှေလှော်ရင်း လှေမှောက်ပြီး ဥမ္မာက သေသွားတယ်၊ မောင်မောင်တာဟာ ဥမ္မာ သေသွားတာကို စိတ်ထိခိုက်ပြီး ရူးသွားတယ် ဆိုပါတော့ကွာ၊ အဲဒါ မင်းက ရူးသွားတဲ့ မောင်မောင်တာ အဖြစ်နဲ့ ဆောင်းရိပ်သာကနေပြီး ကသစ်မြိုင်အိမ်က မင်းသမီး နွယ်ကို နီးစပ်အောင် ကြံဖို့ပဲ၊ ဆောင်းရိပ်သာရဲ့ခြံသော့နဲ့ အိမ်သော့ ဂျူဘလီကိတ်တစ်စုံ မင်းကို ပေးထားမယ်"

"အစ်ကိုလတ် မိတ်ဆွေ ဦးမြဘူးတို့က ဆောင်းရိပ်သာမှာ မနေကြဘူးလား"

"မနေဘူး၊ ဦးမြဘူးက ရွှေတောင်ကြားလမ်းထဲမှာ နေတာ၊ သူ့သား မောင်မောင်တာ လက်ထပ်လို့ သူ့သားစုံတွဲနေဖို့ ဆောင်းရိပ်သာကို ဝယ်ပေးထားတာ၊ အဲဒါ ငါ ရန်ကုန်ကို အစ်ကိုမြင့်ခိုင် အသုဘသွားရင်း သူတို့ မာလာမြိုင်လမ်းထိပ်မှာ ဦးမြဘူးနဲ့ တိုက်တိုက်ဆိုင်ဆိုင်တွေ့ပြီး သူ့သားအကြောင်းတွေ ပြောပြလို့ ငါကလည်း ဒီအကြံကို ရတာပဲ၊ အကြံအစည်အတွက် သူ့ဟာသူ အကွက်ဝင်လာတာ မဟုတ်လား"

မင်းမင်းသည် ငြိမ်သက်သွားသည်။



မင်းမင်း အကြာကြီး စဉ်းစားသည်။

ယခု အစ်ကိုလတ် ပြောသလို လုပ်ဆောင်ရန် မင်းမင်းသည် ကိုယ်လိပ်ပြာ ကိုယ်ရှက်သည်။ ကိုယ့်စိတ်ကို ကိုယ်မသန့် ဖြစ်မိသည်။

"ကျွန်တော် စိတ်မသန့်ဘူး အစ်ကိုလတ်ရာ"

"မင်းလည်း ကာယပညာနဲ့ အားကစားလိုက်စားလာတဲ့ လူပဲ မင်းမင်း၊ ရန်သူက ကိုယ့်ကိုထိပါးလာလို့ ကိုယ်ကပြန်ပြီး ရန်သူကို ခုခံတိုက်ခိုက် အနိုင်ယူတာကို ပညာရှင်ကြီးတွေကတောင် ခွင့်လွှတ်တာပဲ၊ အခု မင်းဟာ ကြိုးဝိုင်းထဲမှာ လက်ဝှေ့ထိုးတဲ့ သဘောပါ၊ သူက မင်းကို ဖင်ထိုင်လဲအောင် တစ်ချက်ထိုးခဲ့ပြီ၊ မင်းက တစ်နှစ်သုံးလေး တစ်ဆယ်အတွင်းမှာ ပြန်ထပြီး သူ့ကို ပြန်ထိုးရမယ့်ပွဲပါ၊ ကြိုးစားကြည့်ရမယ့်ပွဲပါ၊ တစ်ထစ်ချ မင်းက သူ့ကို အလဲပြန်ထိုးနိုင်မယ်လို့ တွက်လို့မရပါဘူး မင်းမင်း၊ မင်းသမီးနွယ်က မင်းချဉ်းကပ်လာတာကို လက်မခံဘူး၊ မင်းကို မချစ်ခင် မနှစ်သက်ဘူး၊ မင်းကို လက်မထပ်နိုင်ဘူးဆိုရင်လည်း ပွဲကအမှတ်ပေးနဲ့ မင်းရှုံးမှာပဲ မင်းမင်း၊ အေး ... မင်းရဲ့အရည်အသွေးပေါ်မှာ မူတည်ပြီး နိုင်ချင်လည်းနိုင်မယ်၊ ငါတို့တွက်ရမှာက မင်းသမီးနွယ်ကို မင်း လက်ထပ်တဲ့အထိ အောင်မြင်လို့ အနိုင်ရမယ်ဆိုရင် ငါတို့သားငယ် မြေးဆက် ပစ္စည်းတချို့တစ်ဝက် ပြန်ရမယ်၊ အဲဒါဟာ အနိုင်ပဲ၊ အေး ... မင်း၊ မင်းသမီးနွယ်ကို လက်ထပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အထိ မအောင်မြင်တော့ရင် ဘာဖြစ်လဲ အရင်းပဲပေါ့ မင်းမင်း၊ မင်း သေချာတွက်ကြည့်လေ၊ ငါတို့အတွက် အရှုံးမရှိတဲ့ပွဲပဲ"

မင်းမင်းသည် အထပ်ထပ် အခါခါ စဉ်းစားပြီး နောက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ အစ်ကိုလတ်၊ ကျွန်တော် ကြိုးစားကြည့်မယ်၊ ဒီပွဲဟာ ကျွန်တော့်အတွက် ဂိမ်းတစ်ခုလို့ သဘောထားပြီး ကျွန်တော် ကစားကြည့်မယ်"

"ဒါပဲပေါ့ကွ၊ ဒီနည်းလမ်းထက် ကောင်းတဲ့နည်းလမ်းမှ မရှိတော့တာ၊ အေး ... မင်း ရန်ကုန်မှာ စွမ်းဆောင်နေ သမျှ ငါလည်း ရန်ကုန်မှာ ရှိနေမယ်၊ ငါနေတဲ့နေရာရဲ့ တယ်လီဖုန်းနံပါတ်နဲ့ လိပ်စာကို ယူထား၊ ဒါမှမဟုတ် ငါနေတဲ့နေရာမှာ မင်းလိုက်ပြီး အတူနေမလား"

"အစ်ကိုလတ်က ဘယ်မှာနေမှာမို့လဲ"

"ဦးမြဘူး အိမ်မှာပဲပေါ့ကွာ"

"ဟာ ... ကျွန်တော် သူများအိမ်မှာ မတည်းချင်ဘူး။ ကျွန်တော့်ဘာသာ သီးသန့်တည်းခိုခန်းမှာပဲနေမယ်"

"အေး ... ကောင်းတယ်၊ မင်းနဲ့ငါ ပူးတွဲနေတာ အားမြင် လို့လည်း မကောင်းဘူး၊ မင်းရဲ့အခြေအနေ တိုးတက်လာ ရင် တိုးတက်လာသလောက် ငါဆီ ဖုန်းဆက်'ဟုတ်လား"

မင်းမင်း ခေါင်းညိတ်ပါ၏။

ဤသည်မှစ၍ ...



မင်းမင်းသည် မောင်မောင်တာ ဖြစ်လာခဲ့သည်။

ကသစ်မြို့သို့ ရေကူးကန် အကြောင်းပြချက်ဖြင့် ဝင်ရောက်ခဲ့သည်။

မမနွယ်ထံ ချဉ်းကပ်ခဲ့သည်။

အချိန်ပေါင်းများစွာ ရက်ပေါင်းများစွာ မမနွယ်၏ အနီးအပါးသို့ မောင်မောင်တာအဖြစ် တိုးဝင်ခဲ့သည်။

ယနေ့ မမနွယ်ကို တရားသူကြီးရှေ့မှောက်တွင် လက်ထပ်နိုင်သည်အထိ အကြံအစည် အောင်မြင်ခဲ့ပြီ။

ဤပွဲတွင် မိမိ အနိုင်ရသွားပြီ။

သို့သော် ...

ယနေ့အချိန်ထိ မမနွယ်က အစ်ကိုကြီး ကိုမြင့်နိုင် ကို သေကြောင်းကြံစည်လိုက်သည်ဟူ၍ ဘာဆိုဘာမျှ မောင် မောင်တာ မတွေ့ရပေ။

မမနွယ်က အစ်ကိုကြီးကိုမြင့်နိုင်၏ ဥစ္စာပစ္စည်း ငွေကြေးတွေ လိုချင်လှချည်ရဲ့ဟူသည့် အပြုအမူ အမူအရာ ဘာ တစ်ခုမျှ မတွေ့ရပေ။

မမနွယ်သည် အေးဆေးသည်၊ တည်ငြိမ်သည်၊ စိတ်သဘောထား ကြီးမားမြင့်မြတ်သည်၊ မိမိကိုယ်ကို ထိန်းသိမ်း သည်။ အရာရာတွင် ကြွနေ့ရသည်။

ပြီး မမနွယ်သည် အဘယ်ကြောင့် အစ်ကိုကြီး မြင့်နိုင်ကို အလျင်အမြန် လက်ထပ်လိုက်ရသည့် အကြောင်းရင်း ခံကိုလည်း မောင်မောင်တာ သိခဲ့ပြီ။ တကယ်တော့ မမနွယ်က အစ်ကိုကြီးကိုမြင့်နိုင်ကို အရယူခဲ့သည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ကိုမြင့်ခိုင်ကသာ သူ၏မူရင်းစိတ်ဓာတ်ခံအတိုင်း ကိုယ်လိုချင်တာ ရအောင်ယူသည့်နည်းဖြင့် မမနွယ်ကို အရယူခဲ့ခြင်း ဖြစ်သည်။

တစ်ခုပဲရှိသည်။

မမနွယ်သည် သူမ၏နှလုံးသားမေတ္တာကိုသာ ဦးစားပေးချင်သည်။ အစ်ကိုကြီး ကိုမြင့်ခိုင်ထံမှ ဘာပစ္စည်းတွေ ဘယ်လောက်ရမည် ဆိုစေကာမူ အစ်ကိုကြီးကိုမြင့်ခိုင် သေသွားသည်အထိ မမနွယ်က အစ်ကိုကြီးမြင့်ခိုင်အား ချစ်ပါသည်ဟု တစ်ခွန်းမှ မဖွင့်ဟပေ။

မိမိကိုကျတော့ မမနွယ်က နှလုံးသားမေတ္တာဖြင့် ချစ်ခဲ့သည်။

ချစ်ပါသည်ဟုလည်း အကြိမ်ကြိမ် ဖွင့်ထုတ်ပြောရှာပါ၏။

နောက်တစ်ချက် ရှိသေးသည်။

အစ်ကိုကြီး ကိုမြင့်ခိုင်တွင် ယောက်ျားဘဝရှုံးသော အင်ပိုတင်စီးရောဂါ ဖြစ်နေကြောင်း မိမိကိုယ်တိုင် ကသစ်မြိုင်ကို ချဉ်းကပ်မိလေမှ သိရသည်။

အစ်ကိုကြီးမြင့်ခိုင်သည် သူ၏ရောဂါကြောင့် သူ့ကိုယ်သူ သတ်သေသည်ဟုလည်း ယူဆနိုင်စရာတွေ ရှိနေသည်။

သို့သော် အစ်ကိုကြီး ကိုမြင့်ခိုင်လိုလူသည် ဘာမဆို လွယ်လွယ်နှင့် အရှုံးပေးသူမဟုတ်။ သူ့တွင် နိုင်ငံခြားသို့သွားရောက်ပြီး သူ့ရောဂါကို ဆေးကုသဖို့ အစီအစဉ်ရှိသည်။ ငွေကြေးလည်း ပြည့်စုံပိုလျှံသေးသည်။



အစ်ကိုကြီး ကိုမြင့်ခိုင်သည် သူ့ကိုယ်သူ သတ်သေသည်ဆိုခြင်းကိုတော့ မိမိကလည်း လက်မခံချင်။

ဒါဆို မမနွယ်က ဥပါယ်တံမျဉ်ဖြင့် အစ်ကိုကြီး ကိုမြင့်ခိုင်ကို သေစေခဲ့ခြင်းပေလား။ အဲသည်လိုတော့ အစက မိမိ ထင်ခဲ့သည်။ အစ်ကိုလတ် ကိုအောင်မိုးကလည်း သည်လိုပဲ ပြောခဲ့သည်။

သို့သော် မမနွယ်နှင့် အနီးကပ်နေလာရသောအခါ မမနွယ်လောက် စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး တစ်ဖက်သားအပေါ် အကြင်နာကရုဏာထားတတ်သော မိန်းကလေးမျိုး အခြားမှဲ၌ ရှိအံ့ပင်မထင်။ သည်လို မမနွယ်လို မိန်းကလေးက အစ်ကိုကြီး ကိုမြင့်ခိုင်ကို သေစေမည်၊ သတ်စေမည် ဆိုသည်ကိုလည်း မိမိ လုံးဝလက်မခံနိုင်ပါပေ။

ဒါဆို အစ်ကိုကြီး ကိုမြင့်ခိုင်ကို ဘယ်သူသတ်လေသနည်း။

အမှုလိုက်ရဲအရာရှိ ဦးမင်းနောင်ကလည်း တရားလိုပေါ်လာကတည်းက အမှုကို စေ့စေ့ငင ပြန်လိုက်နေပေပြီ။

ယခုလည်း ရဲကြပ်ကြီးက သူတို့ရဲ့ကားနှင့် မမနွယ်ကို ဦးမင်းနောင်က တွေ့လိုသဖြင့် အခေါ်ခိုင်းသည်ဟုဆိုသည်။

မောင်မောင်တာ၏ ရင်ထဲတွင် ရဲကြပ်ကြီး လာခေါ်ပြီး ရဲကြပ်ကြီး၏ ပြောပုံဆိုပုံ မျက်နှာအမူအရာတွေကိုကြည့်ပြီး ဘဝင်မကျလှ။

သို့သော် ဘာကို ဘဝင်မကျမှန်းလဲ ကိုယ့်ဟာကိုယ် အဖြေဖော်ထုတ်လို့ မရပေ။

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မောင်မောင်တာ"

"ဗျာ ... ဒေါ်ဒေါ်အေး"

မောင်မောင်တာ အချိန်ကြာမြင့်စွာ မိမိ၏အတိတ်အကြောင်းတွေကို ပြန်တွေးနေသည်မှာ တော်တော်လေးပင် ကြာသွားပြီ။

မောင်မောင်တာ၏အနီးသို့ ဒေါ်ဒေါ်အေး ရောက်လာပြီး ခေါ်သံပြုမှ ဒေါ်ဒေါ်အေးအား ကပျာကယာ မောင်မောင်တာ မော့ကြည့်မိသည်။

"နွယ်တော့ ပြန်မရောက်သေးဘူးပေါ့လေ၊ ဒါပေမဲ့ မောင်မောင်တာ မနက်စာ စားတော့မယ်ဆိုရင် ဒေါ်ဒေါ်အေး ပြင်ပေးမယ်၊ ကြိုတင်ပြင်ထားရင် ထမင်းအေး ဟင်းအေး ဖြစ်မှာစိုးလို့"

"ကျွန်တော် မဆာသေးပါဘူး ဒေါ်ဒေါ်အေး"

"အေး ... အေး ... ဆာရင်ပြောနော်၊ တော်ကြာ နွယ်ပြန်လာလို့ မောင်မောင်တာကို ထမင်းစားဖို့ ဒေါ်ဒေါ်အေးက သတိမပေးဘူးဆိုရင် နွယ်က ဒေါ်ဒေါ်အေးကို အပြစ်တင်လိမ့်မယ်၊ အင်း ... နွယ့်ကို ကြည့်ရတာ မောင်မောင်တာနဲ့ကျမှပဲ သူ့ဘဝ ပြီးပြည့်စုံသွားတဲ့ မျက်နှာလေး ဒေါ်ဒေါ်အေး တွေ့ရတယ်၊ သူ့ဘဝမှာ သူဟာ မောင်မောင်တာ တစ်ယောက်ကိုပဲ မေတ္တာရှိဖူးသေးတာကွယ်"

"အစ်ကိုကြီး ကိုမြင့် ... အဲလေ ဦးမြင့်ခိုင်နဲ့တုန်းက မမနွယ် အခုလို မဟုတ်ဘူးလား ဒေါ်ဒေါ်အေး"



"လုံးဝမတူဘူး၊ အဲဒီတုန်းက နွယ်ရဲ့မျက်နှာဟာ အရုပ်မျက်နှာမျိုးပဲ မောင်မောင်တာ"

"ဗျာ ... အရုပ်မျက်နှာ ဟုတ်လား၊ အဲဒါ ဒေါ်ဒေါ်အေး ဘာကိုဆိုလိုတာလဲ"

"အရုပ်ဆိုတာ သံပတ်ပေးမယ်၊ ဓာတ်အားသွင်းမယ်ဆိုရင်တော့ ခြေတွေလက်တွေ လှုပ်ရှားပြတယ်ပေါ့ကွယ်၊ ဒါပေမဲ့ အရုပ်ရဲ့မျက်နှာမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ငိုခြင်း၊ ရယ်ခြင်း စတဲ့ စိတ်ရဲ့ခံစားမှုကို ဘာမှမပြနိုင်ဘူး၊ လူက လှုပ်ရှားနေပေမယ့် ခံစားမှုက သေနေတယ်ဆိုပါတော့ကွယ်"

"ဒေါ်ဒေါ်အေး သိပ်တော်တာပဲ၊ ဒေါ်ဒေါ်အေး နှိုင်းယှဉ်ပြတာကို ကျွန်တော့်ရင်ထဲ ရှင်းခနဲ ဖြစ်သွားပြီး မျက်စိထဲ ထင်းခနဲ မြင်လာတယ်၊ မမနွယ်ဟာ ပထမဆုံး ကျွန်တော်နဲ့မတွေ့တဲ့အချိန်ထိ အရုပ်မျက်နှာ ဖြစ်နေရှာသေးတာပဲနော်"

"အင်းလေ ... နွယ်ရဲ့စိတ်ဓာတ် အကျင့်သိက္ခာနဲ့ နွယ်ရဲ့နှလုံးသားမေတ္တာကို မောင်မောင်တာ ကြာလေ သိလေဖြစ်လာမှာပါ၊ သြော် ... ဒါထက် မောင်မောင်တာကို ဒေါ်ဒေါ်အေး စိတ်ထဲမှာ မေးချင်တာတစ်ခု ရှိနေတယ်ကွယ့်"

"မေးလေ ဒေါ်ဒေါ်အေး"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီနေ့ နွယ်နဲ့ မောင်မောင်တာနဲ့ လက်ထပ်ပေးတဲ့ တရားသူကြီးက ဘယ်သူ ... ဦးသိန်းအောင် ဆိုလား"

www.burmeseclassic.com

www.burmeseclassic.com



"ဦးအောင်သိန်းပါ ဒေါ်ဒေါ်အေး ဘာပြုလို့လဲ"

"အဲဒီ ဦးအောင်သိန်းကို ဒေါ်ဒေါ်အေး မြင်ဖူးနေတယ် ကွယ့်"

"ဗျာ ... ဟုတ်လား"

"ဟုတ်တယ်၊ ပထမတစ်ခါ မြင်ဖူးတာက မောင်မြင့်ခိုင် မကွယ်လွန်မီ တစ်လလောက် ရှိမလား၊ နှစ်ပတ် သုံးပတ် လောက် ရှိမလား၊ အဲဒီ ဦးအောင်သိန်း ကသစ်မြိုင်ကို လာဖူးတယ်"

"ဦးအောင်သိန်း ကသစ်မြိုင်ကို လာဖူးတယ် ဟုတ်လား၊ သူက ကသစ်မြိုင်ကို ဘာလို့လာတာလဲ၊ မမနွယ်ကတော့ ဦးအောင်သိန်းကို လုံးဝသိကျွမ်းထားပုံ မြင်ဖူးထားပုံမရပါ လား ဒေါ်ဒေါ်အေး"

"နွယ်နဲ့ သူနဲ့ တစ်ခါမှ မဆုံစည်းဘူးလေ၊ အဲဒီတုန်းက နွယ်က နေ့တိုင်းလိုလို ကားရိုက်ထွက်နေရတာ၊ မနက် ထွက်သွားပြီး ညဦးပိုင်းကျမှ အိမ်ပြန်ရောက်တဲ့အထိ ဇာတ်ကားတွေ ရိုက်ပေးနေရတာဆိုတော့ အဲဒီ ဦးအောင် သိန်းလာတာကို နွယ် မသိဘူး၊ မဆုံဘူး"

"ဒါဆို ကသစ်မြိုင်မှာ ဦးအောင်သိန်းက ဘယ်သူနဲ့တွေ့ သလဲ"

"မောင်မြင့်ခိုင်နဲ့ တွေ့တာပေါ့၊ သူလာတဲ့ အချိန်မှာ မောင်မြင့်ခိုင်က ရေကူးကန်မှာ ရှိနေတော့ သူဟာရေကူး ကန်ဆီကိုပဲ တန်းသွားတယ်၊ ဒေါ်ဒေါ်အေးက မီးဖိုချောင် ဘက် ပြတင်းပေါက်က လှမ်းမြင်ရတာပါ"



မောင်မောင်တာသည် ဖျတ်ခနဲ မန္တလေးက မင်းမင်း အဖြစ်၊ မှတ်မိချက်တစ်ခု ရှိလာသည်။ စောစောက အတိတ်ဖြစ် ကြောင်းတွေကို တွေးစဉ်ကလည်း ထိုအကြောင်း ပါသွားပြီးဖြစ် သည်။

အစ်ကိုကြီးမြင့်ခိုင် မဆုံးမီက အစ်ကိုလတ် ကို အောင်မိုး အိမ်သို့ရောက်လာပြီး သူ မိုးကုတ်တွင် ပေါင်ထားသော တိုက်နှင့်ခြံရွေးရန် ရန်ကုန်ဆင်းပြီး အစ်ကိုကြီးမြင့်ခိုင်ထံ ငွေသွား တောင်းမည်ဟု ပြောသွားသည်ကို အမှတ်ရခြင်း ဖြစ်ပါ၏။

"အစ်ကို ... အဲ ဦးမြင့်ခိုင်က ဦးအောင်သိန်း သူ့ဆီကို လာတာ လက်ခံသတဲ့လား ဒေါ်ဒေါ်အေး"

"သူတို့နှစ်ယောက် လက်ဟန်ခြေဟန်တွေနဲ့ ပြောနေတာ ကိုသာ ဒေါ်ဒေါ်အေးကသာ မြင်ရတာ၊ သူတို့ ဘာတွေ ပြောတယ် ဆိုတာတော့ မီးဖိုချောင်ဆီက မကြားနိုင်ဘူး လေ"

"သူတို့ လက်ဟန်ခြေဟန် ပြောနေတဲ့ ပုံသဏ္ဌာန်ကကော ဘယ်လို ဒေါ်ဒေါ်အေး မြင်သလဲ"

"သူတို့နှစ်ယောက်ဟာ ကိစ္စတစ်ခုခုကို ပြောနေတာဆိုရင် တော့ အေးအေးဆေးဆေးပြောတဲ့ ပုံသဏ္ဌာန်မရှိဘူးလို့ ဒေါ်ဒေါ်အေး မြင်တာပဲ"

"သူတို့နှစ်ယောက် ထိုးလားကြိတ်လားတွေ ဖြစ်သေးလား ဒေါ်ဒေါ်အေး"

"ဒေါ်ဒေါ်အေးက ဟင်းအိုးတစ်ဖက် ထမင်းအိုးတစ်ဖက် နဲ့မို့ သူတို့ကို အမြဲလှမ်းကြည့်နေမိတာ မဟုတ်ဘူး၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သိန်း ရောက်လာစက အေးဆေးဆေးဆေးပြော ကြပုံပဲ၊ နောက်တစ်ခါ ကြည့်မိတော့ နစ်ယောက်လုံး ဒေါသတကြီးနဲ့ ပြောနေတဲ့ ပုံသဏ္ဍာန် မြင်ရတယ်၊ နောက်တစ်ခါ ထပ်ကြည့်မိပြန်တော့ အဲဒီ ဦးအောင်သိန်း ပြန်ထွက်သွားတာကို မြင်ရတာပဲ၊ အဲ ... မောင်မြင့်ခိုင် အသုဘတုန်းကလည်း သူ့ကို ထပ်တွေ့သလားလို့၊ ဒါပေမဲ့ အသုဘ လာတဲ့လူတွေ အများထဲမှာဆိုတော့ မသေချာဘူး"

မောင်မောင်တာသည် ခေါင်းညိတ်လိုက်ပါ၏။

"ဒါထက် ဒေါ်ဒေါ်အေးမှာ ဦးမြင့်ခိုင် အိပ်ခန်းသော့ရှိတယ်ဆို"

"ရှိသားပဲ"

"ကျွန်တော် ဖွင့်ကြည့်ချင်လို့"

"ရတယ်လေ၊ နွယ်က မှာခဲ့သားပဲ၊ မောင်မောင်တာလိုတာ အားလုံး လုပ်ပေးရမယ်လို့၊ လာ ... ဒေါ်ဒေါ်လိုက်ဖွင့်ပြပေးမယ်"

ဒေါ်ဒေါ်အေးက ရှေ့မှသွားသည်။ မောင်မောင်တာက နောက်မှလိုက်သွားပြီး ပိတ်ထားသော ကိုမြင့်ခိုင်၏အိပ်ခန်းသော့ကို ဒေါ်ဒေါ်အေးက ဖွင့်ပေးလိုက်သည်။

အိပ်ခန်းတံခါး ပွင့်သွားသည်နှင့် မောင်မောင်တာသည် အိပ်ခန်းထဲသို့ လှမ်းကြည့်သည်။

နစ်ယောက်အိပ်ခုတင်ကြီးသည် ထည်ဝါစွာ တည်ရှိနေပါ၏။ တောင်ဆုပ်ခန့်မြင့်သော ရေမြှုပ်မွေ့ရာကြီးပေါ်ဝယ်



လှပနူးညံ့သော ဖဲသားအိပ်ရာခင်းအဝါရောင် ခင်းထားသည်။ ခေါင်းအုံးများတွင်လည်း ဖဲသားအဝါရောင် ခေါင်းအုံးစွပ်ပင် စွပ်ထားသည်။

အိပ်ရာခုတင်ဘေးတွင် စန္ဒကူးပုံစံ ကျွန်းစားပွဲရှိသည်။

ကျွန်းစားပွဲပေါ်တွင် စာအုပ်တချို့နှင့် စားပွဲတင်နာရီ၊ စားပွဲတင်မီးအိမ် စသည်တို့ လှလှပပ တည်ရှိကြသည်။

ကုလားထိုင်မှာ သားရေဖုံးကျောမှီအရှည်နှင့် လက်တန်းပါသော ဆုံလည်ကုလားထိုင် ဖြစ်ပေသည်။

အဝတ်ဗီရို၊ မှန်တင်ခုံ စသည်တို့လည်း သူ့နေရာနှင့်သူရှိသည်။

နစ်ယောက်အိပ် ခုတင်ကြီး၏ ခေါင်းရင်း လက်ဝဲဘက်တွင် ခါးလောက်အထိမြင့်သော မီးခံသေတ္တာကြီးတစ်လုံးလည်း ရှိပေသည်။

"ကဲ ... မောင်မောင်တာ ဝင်ကြည့်ပေတော့၊ ခုတင်ကြီးရဲ့ ခေါင်းအုံးအောက်မှာ မီးခံသေတ္တာသော့တွဲရှိတယ်၊ နွယ်ကတော့ မောင်မြင့်ခိုင် ဆုံးပြီးတဲ့နေ့ကစပြီး ကနေ့ထိ ဒီအိပ်ခန်းထဲ တစ်ခါမှ မဝင်သေးဘူး၊ ဒေါ်ဒေါ်အေးပဲ နစ်ရက်တစ်ခါလောက်ဝင်ပြီး သန့်ရှင်းရေးလုပ်တယ်၊ ဒေါ်ဒေါ် မီးဖိုဘက်သွားဦးမယ်၊ နွယ် ပြန်လာရင် စားဖို့သောက်ဖို့ အားလုံး အဆင်သင့်ဖြစ်နေအောင် စီစဉ်ထားဦးမယ်"

ဒေါ်ဒေါ်အေး ထွက်သွားသည်။

မောင်မောင်တာ အထဲသို့ ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာမှမလုပ်မီ ခေါင်းအုံးအောက်တွင်ရှိသည်ဆိုသော မီးခံသေတ္တာသော့တွဲကို ရှိ၊မရှိ အလျင်စလို သွားကြည့်လိုက်သည်။

သော့တွဲကို တွေ့ပါ၏။ မီးခံသေတ္တာသော့များမှာ သာမန်သော့နှင့်မတူဘဲ တစ်မူထူးခြားသော ပုံသဏ္ဌာန်ရှိသောကြောင့် သော့တွဲကို တွေ့သည်နှင့် မီးခံသေတ္တာသော့တွဲမှန်း သိသာသည်။

မောင်မောင်တာသည် သော့တွဲယူကာ မီးခံသေတ္တာကို ဖွင့်လိုက်သည်။ လှောင်သောအနံ့ကြီးတစ်မျိုး ထွက်လာသည်။ လပေါင်းကြာရှည်စွာ လှောင်ပိတ်ထားသောကြောင့် ဤသို့သော အနံ့ထွက်မှန်း မောင်မောင်တာ သိပေသည်။

မီးခံသေတ္တာထဲဝယ် အပေါ်ဆုံးအံတွင် ငွေစက္ကူအထပ်လိုက် ရှိနေသည်ကို တွေ့ရသည်။ တစ်သိန်းခွဲ နှစ်သိန်းဖိုးခန့်ရှိအံ့ထင်ပါ၏။

အစ်ကိုကြီး ကိုမြင့်ခိုင်သည် ဟာဟီရသုံးအတွက် အိမ်တွင် ဆောင်ထားသော ငွေများဖြစ်ပေမည်။

ဒုတိယအံတွင် စာရွက်စာတမ်းများ၊ ဖိုင်တွဲများစသည်တို့ ရှိကြသည်။ ထိုစာရွက်စာတမ်းနှင့် ဖိုင်များပေါ်တွင် နေ့စဉ် မှတ်တမ်းစာအုပ် ဒိုင်ယာရီကို တွေ့ရသည်။

တတိယအောက်ဆုံးမှာမူ အံဆွဲဖြစ်သည်။

အံဆွဲကို မောင်မောင်တာ ဆွဲဖွင့်ရာ အထဲတွင် ယွန်းသေတ္တာတစ်လုံး တွေ့ရသည်။



ယွန်းသေတ္တာကိုယူပြီး ပတ္တာဖုံးကို ဖွင့်ကြည့်လိုက်သည်။

ယွန်းသေတ္တာထဲတွင် ဝင်းဝင်းတောက်နေသော ကျောက်မျက်ရတနာမျိုးစုံနှင့် စိန်တွေကိုပါ တွေ့ရှိရပေသည်။

တွေ့ရှိသည်မှာ ငရုတ်စေ့အရွယ်မှအစ ဆီးစေ့အရွယ် တမာသီးအရွယ်ထိ အရွယ်မျိုးစုံ ပါရှိပေသည်။

ယွန်းသေတ္တာနှင့် အပြည့်နီးပါးဖြစ်သည်။

မိမိကို အစ်ကိုကြီးမြင့်ခိုင် အမွေခွဲပေးသော ကျောက်မျက်ရတနာတွေသည် မိမိထုခွဲသည်ပင် နှစ်ဆယ့်ခြောက်သိန်းဖိုးရသည်ဆိုလျှင် ယခု ယွန်းသေတ္တာထဲမှ ကျောက်မျက်ရတနာတွေကိုသာ ထုခွဲပါက သိန်းနှစ်ရာကျော် သုံးရာလောက် ရလေမည်လားမသိ။ ဒါကိုတော့ အစ်ကိုလတ် ကိုအောင်မိုး ပြောသည်မှာ မှန်နေသည်။

အစ်ကိုကြီး ကိုမြင့်ခိုင်သည် တစ်ကိုယ်ကောင်းဆန်စွာဖြင့် ညီငယ်နှစ်ယောက်အား တစ်ပတ်ရိုက် ယူသွားကြောင်း ထင်ရှားလေပြီ။

သို့သော် မမနွယ်သည် သူခိုးလက်မှ သူဝှက်လုခြင်းမျိုး လုံးဝမဟုတ်မှန်း ယခု ပေါ်လွင်လေပြီ။ မမနွယ်သာ မရိုးသားလျှင် အစ်ကိုကြီးကိုမြင့်ခိုင် သေပြီးသည်နှင့် ဤကျောက်မျက်ရတနာဘူးကို တခြားသို့ ရွှေ့ပြောင်းထားလိုက်ရုံရှိသည်။ ဤရတနာတွေနှင့် ပတ်သက်၍ စာရင်းအင်း ရှိသည်မဟုတ်။ မည်သည့်ရတနာတစ်လုံးသည် မည်မျှတန်ကြေးရှိမှန်း မည်သူမျှမသိ။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မီးခံသေတ္တာပင်လျှင် ကိုကြီးမြင့်ခိုင်သေဆုံးသည်မှ ယနေ့ထိ မဖွင့်သောကြောင့် ယခု မိမိအဖွင့်တွင် ဟောင်နံ့ သိုးနံ့ ထွက်လာသည်။

ဒေါ်ဒေါ်အေးကလည်း သစ္စာရှိလွန်းသော အမျိုးသမီးကြီး ဖြစ်ပါ၏။ ဤအိပ်ခန်းသို့ သန့်ရှင်းရေး အကြိမ်ကြိမ်ဝင်လုပ်သော်လည်း မီးခံသေတ္တာကို တစ်ချက်မှ ဖွင့်မကြည့်ကြောင်း သိသာလှသည်။

မမနွယ်သည် တကယ့်စိတ်ရင်းဖြူ သူတော်ကောင်း ဖြစ်နေပါ၏။

အစ်ကိုလတ် ကိုအောင်မိုး ပြောသည်တို့မှာ လုံးဝမဟုတ်တော့ပြီ။

မမနွယ်က ကလီကမာဉာဏ်သုံးပြီး အစ်ကိုကြီးမြင့်ခိုင်ကို သေစေပြီး ဤပစ္စည်းတွေ ရယူခြင်း လုံးဝမဟုတ်ပြီ။ ဤလက်ဝတ်ရတနာ အားလုံးနှင့် အစ်ကိုကြီးမြင့်ခိုင်၏ ကျန်ခဲ့သမျှ ငွေကြေးတို့သည် ထုံးတမ်းဥပဒေနှင့် လျော်ညီစွာ မမနွယ်သာ ရထိုက်ပေသည်။

မောင်မောင်တာသည် ကျောက်မျက်ရတနာ ယွန်းသေတ္တာလေးကို မီးခံသေတ္တာ အံဆွဲထဲတွင် ပြန်ထည့်ထားပြီး အံဆွဲကို ပိတ်လိုက်သည်။

မောင်မောင်တာ၏ ရင်ထဲတွင် အင်မတီအင်မတန် နာကျင်သော ဝေဒနာမျိုး ခံစားရတော့သည်။

ရှက်လွန်းသည့် ဝေဒနာ။ မိန်းမသားတစ်ယောက်၏ ချစ်ခြင်းမေတ္တာကို မိမိကိုယ်ကျိုးအတွက် ဖြားယောင်းသွေးဆောင်ပြီး ဣတ္ထိယသိုက်တူးသော အကြင်ယောကျ်ားတစ်ဦးသည် အဘယ်မျှ ယုတ်မာကောက်ကျစ် လိုက်ပါသနည်း။ ရှက်ဖွယ်လီလီ ဖြစ်ရပါ၏။



အဖွယ်ကိုလို၍ ဆန္ဒကို အသေသတ်ခဲ့သော ရူဇုသုဘဒ္ဒါ၏ စိတ်ထားသည် မည်မျှရိုင်းစိုင်းလှပေသနည်း။ ယခု မိမိနှင့် ဘာထူးသေးသနည်း။

သိုးငယ်၏ အမွေးအမှင်နှင့် အရေကိုရယူလိုသဖြင့် အရှင်လတ်လတ် သိုးငယ်အား အရေခွံခွာခဲ့ခြင်းသည် မည်မျှကြမ်းကြုတ်ရက်စက်လိုက်ပေသနည်း။

မိမိသည် ယောကျ်ား မယ်ကုဝဏ်ပါတည်း။

ကြာရိုး၊ ကြာစွယ်၊ ကြာပွင့်တွေဖြင့် ဖန်ဆင်းအပ်သော ချစ်ခြင်းမေတ္တာ ရေကန်ကြီးကို ဖန်ဆင်းကာ မေတ္တာရေဝတ်၍ သောက်သုံးရန် ဆင်းလာသော နွယ်အား ဖမ်းယူစားသောက်ရန် ကြိုးစားခဲ့သည်။ ဆန်ကောလောက်မှ စောက်မနက်၊ ယောကျ်ားမဆန် မိန်းမဉာဏ်ဖြင့် ကောက်ကျစ်စဉ်းလဲသော ခြသေ့်အရေခြုံမြေခွေး မိမိ ဖြစ်သွားပေပြီ။

ထို့ထက် ထို့ထက်မှာ ယခုလို မမနွယ်၏ဖြူစင်သောစိတ်ဓာတ်ကို သိရလေ မမနွယ်ကို မိမိ၏နှလုံးသားမေတ္တာမှ ချစ်ရလေ ပို၍ဖြစ်လာမိသည်။

သို့သော် မတန်တော့ပြီ။

မမနွယ်လို ဖြူစင်သော မိန်းကလေးနှင့် မိမိလို စဉ်းလဲ ကောက်ကျစ် အရေခြုံယောကျ်ားမပီသသူသည် မမနွယ်နှင့် မတန်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တာသည် စိတ်ဝမ်းညှိုးနွမ်းစွာနှင့် ဖိုင်များအပေါ်မှ အစ်ကိုကြီးမြင့်ခိုင်၏ ဒိုင်ယာရီကို ယူလိုက်သည်။

ဖွင့်၍ဖတ်သည်။

ယခု ရောက်ရှိနေသော နှစ်ဦးပိုင်း ဖန်နဝါရီလမှ စ၍ရေးသော ဒိုင်ယာရီမို့ မမနွယ်နှင့် ပတ်သက်သော အိမ်ထောင်ရေးပိုင်းမှ စတင်ရေးထားသည်။

ဖေဖော်ဝါရီလလောက်မှစပြီး သူ၏ရောဂါအကြောင်း အလေးအနက်ထား၍ ရေးသွားပါ၏။

ယနေ့ နွယ်နှင့်စ၍ အိပ်ခန်းခွဲအိပ်သည်။

ခွဲမအိပ်၍ မဖြစ်တော့။

ကျွန်ုပ်၏အခြေအနေမှာ ပန်းကန်ပြားပက်ပက်တွင်ထားရှိသော အရသာရှိရှိ ဒိန်ခဲဝင်းဝင်းဝါဝါကို ကောက်ယူမစားနိုင်သော နှုတ်သီးရှင်နှင့် ငှက်ကျားကြီးဘဝ ရောက်နေသည်။

မြင်သာမြင် မကြင်ရဖြစ်ပေပြီ။

ကျွန်ုပ် စွမ်းဆောင်မှု မရှိတော့ပြီ။

ဒေါက်တာအောင်ဘန်းကတော့ ကျွန်ုပ်ရောဂါသည် ပြန်လည်ကောင်းလာနိုင်ရန် အလားအလာရှိသည်ဟု ပြောသည်။

ကုသမှု ရှည်လျားဦးမည် ထင်ပါ၏။ တစ်ခုပဲ စိုးရိမ်သည်။ ကျွန်ုပ်ကို နဂိုကတည်းက မချစ်ခဲ့သော နွယ်သည် ကြာလေ ကျွန်ုပ်ကို စိတ်ပျက်လေဖြစ်မည် စိုးရိမ်သည်။



နောက် စာမျက်နှာများကိုကျော်ပြီး ကျရာစာမျက်နှာကို မောင်မောင်တာ ဆက်ဖတ်သည်။

ယနေ့ နွယ်နှင့် စကားများကြသည်။ နွယ်ကားရိုက်သွားသည်မှာ နံနက်(၈)နာရီမှ ထွက်သွားပြီး ည(၇)နာရီမှ ပြန်လာသည်။ ကျွန်ုပ်မကျေနပ်။ နွယ့်ကို အပြစ်တင်သည်။

နွယ်က နောက်ရက်များတွင် မိုးမချုပ်ခင်ပြန်ခဲ့ပါမည်ဟု ကျွန်ုပ်အား နှစ်သိမ့်ချော့မော့သည်။ နွယ်ကချော့တော့လည်း ကျွန်ုပ်ရင်တွေ ပေါ့သွားပြီး ကျေနပ်ရပေသည်။

နောက်စာမျက်နှာ အကျော်တွေသို့ မောင်မောင်တာ လှန်ပြီး ကျော်ဖတ်ပြန်သည်။ ဖေဖော်ဝါရီလ စတုတ္ထပတ်ထဲသို့ စာမျက်နှာ ရောက်သွားသည်။

ယနေ့ ကျွန်ုပ်ရေးကူးကန်တွင် စိတ်ပြေလက်ပျောက် ဘရန်ဒီသောက်နေစဉ် လုံးဝမမျှော်လင့်မထားသော အောင်မိုး ရောက်လာသည်။

အောင်မိုးက ခြံထဲဝင်ကတည်းက ကျွန်ုပ်ကို လှမ်းမြင်ပြီးသားမို့ အိမ်ဆီသို့ မသွားတော့။ ကျွန်ုပ်ဆီတန်းလာသည်။ ပထမတော့ ကွဲကွာနေသော ညီအောင်မိုး လာသည်မို့ ဝမ်းသာသလိုလို ဖြစ်ရသည်။

သို့သော် အောင်မိုးနှင့် စကားပြောရင်းအကြီးအကျယ် ဒေါပွရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကောင် အောင်မိုးကို ပေးသမျှအမွေတွေ ဂျင်ရှုံး ဖဲရှုံး၍ ကုန်ရုံမက ဖေဖေနှင့်မေမေ၏ လက်ငုတ်ရင်း မိုးကုတ်မှ သုခိတခြံနှင့် အိမ်ကိုပင် ပေါင်နှံထားကြောင်း သိရ၍ ကျွန်ုပ်ဒေါပွသည်။

ထိုမျှမကသေး။

အောင်မိုးက သူ့အား ဖေဖေ မေမေတို့ ထားခဲ့သည့် ကျောက်မျက်ရတနာတွေ ထပ်မံခွဲပေးရမည်။ ကျွန်ုပ်က အဆမတန် အလိမ်အလည်တွေနှင့် ယူသွားသည်ဟု အရေးဆိုသည်။

ကျွန်ုပ်က လုံးဝဘူးငြင်းလိုက်သည်။

ကျွန်ုပ်ထံမှ တစ်ပြားမှ မရသော အောင်မိုးက အရမ်း ကျွန်ုပ်ကို စိတ်ဆိုးသွားသည်။

ထမင်းဝဝစားထား၊ ခင်ဗျားကို ကျုပ်သတ်မယ်ဟု ကြိမ်းမောင်းသွားသည်။

ကျွန်ုပ် သတိထားရမယ်။ သည်ကောင် အောင်မိုးကိုယ်တိုင် ဒုစရိုက်တွေ လုပ်ဆောင်ပြီး သူ့တွင် ဒုစရိုက် အဖော်အပေါင်းတွေ ရှိသည်။

မောင်မောင်တာသည် ၎င်းစာမျက်နှာကို သေချာဖတ်သည်။ နှစ်ခေါက်ပြန်ဖတ်သည်။ ပြီး ၎င်းစာမျက်နှာရေးထားသော နေ့စွဲကိုကြည့်သည်။

ယင်းနေ့စွဲကို ပြန်၍ခန့်မှန်းကြည့်လျှင် မိမိထံသို့ အစ်ကိုလတ် အောင်မိုး ပထမခေါက် အစ်ကိုကြီးမသေမီ ရောက်



လာသော သည်အချိန်ကာလနှင့် ကိုက်ညီနေသည်။ ထိုအခေါက်လာစဉ်က သူ့တွင် ကုန်ပြီ၊ သုခိတာခြံနှင့် တိုက်ကို ပေါင်ထားရသည်။ အစ်ကိုကြီးမြင့်ခိုင်က ကလိမ်ကျပြီး ပစ္စည်းတွေအများကြီး ပိုယူသွားသည်။ ဒါကြောင့် ပေါင်ထားသော ခြံနှင့်တိုက်ရွေးဖို့ အစ်ကိုကြီးမြင့်ခိုင်ထံ သွားတောင်းမည်ဟု ပြောဆိုသွားသည်။

သည့်နောက် မကြာမီပင် အစ်ကိုကြီးမြင့်ခိုင် သေဆုံးကြောင်း သတင်းစာတွင် ပါရှိလာသည်။ အစ်ကိုကြီးမြင့်ခိုင် သေဆုံးပြီး လပင်မကူး၊ ရက်ပိုင်းအတွင်းမှာပင် အစ်ကိုလတ်ကိုအောင်မိုးသည် အကြံအစည်တွေနှင့် မိမိထံ ထပ်မံရောက်လာပြန်သည်။ သားစဉ်မြေးဆက် ခံစားခွင့်ကိစ္စတွေ ပြောခဲ့သည်။ ကိုယ့်ပစ္စည်း ကိုယ်ပြန်၍ ရသလောက်ယူရမည်ဟု မိမိနားဝင်အောင် ပြောခဲ့သည်။

မောင်မောင်တာသည် လွတ်နေသော ကွက်လပ်တစ်ခုကိုဖြည့်ရန် ချက်ချင်း သတိရမိသည်။

အစ်ကိုမြင့်ခိုင်သည် သူ့ကိုယ်သူ သတ်သေမည့်သူ မဟုတ်နိုင်။ မမနွယ်သည် သတ်သူလုံးဝမဖြစ်နိုင်။

ဒေါ်ဒေါ်အေးသည်လည်း မဖြစ်နိုင်။

အစ်ကိုကြီးမြင့်ခိုင်အား သတ်သူသည် အစ်ကိုလတ်ပင် ဖြစ်ရမည်။ အစ်ကိုလတ်သည် ငွေကို အငမ်းမရလိုနေသူဖြစ်သည်။ အစ်ကိုကြီးမြင့်ခိုင်အပေါ်တွင် ကျားနာခဲ ခဲသည်ဖြစ်ရမည်။ မောင်မောင်တာသည် အစ်ကိုကြီးမြင့်ခိုင်၏ နောက်ဆုံးရေးသော စာမျက်နှာကို ဖတ်ကြည့်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက နွယ်နှင့် အကြီးအကျယ် စကားများသည်။ နွယ်သည် ကိုသူရနှင့် ချိတ်မိနေပြီဖြစ်ဟန်တူသည်။

သူတို့ချင်းချင်း စိတ်တူကိုယ်တူ ဝါသနာတူဖြစ်နေသည်။

ယခုဆိုလျှင် နွယ့်အနေနှင့် လင်နှင့်အပျိုဖြစ်နေပေပြီ။

အခြားယောက်ျားတစ်ပါး၏ ရင်ခွင်တွင် နွယ်ပျော်ပိုက်သည်ကို ကျွန်ုပ် လုံးဝမကြည့်ဖြူနိုင်။ နွယ်သည် ကျွန်ုပ်၏ပစ္စည်းများကို လုံးဝမမက်မော။ ကျွန်ုပ်က မီးခံသေတ္တာဖွင့်ပြသည်ကိုပင် နွယ်ကမကြည့်။

သို့သော် ကျွန်ုပ်က နွယ့်ကို သိပ်ချစ်သည်။ နွယ့်ကို ကြိုးနှင့်တုပ်ထားပြီးဖြစ်ဖြစ် ကျွန်ုပ် မျက်စိအောက်တွင် နွယ်ရှိနေလျှင် ကျွန်ုပ် ကျေနပ်သည်။

ညက နွယ့်အား ကျွန်ုပ် နိုင်ငံခြားဆေးကုသွားရာသို့ အတူလိုက်ပါရန် ခေါ်သည်။ ပထမနွယ် ငြင်းသည်။

ကျွန်ုပ် ဇွတ်ပြောသဖြင့် ကျွန်ုပ်နှင့်အတူနိုင်ငံခြားသို့ လိုက်တော့လိုက်မည်။ သို့သော် ရိုက်လက်စ စရန်ငွေယူထားပြီးသော ကားများကို ပြီးအောင်ရိုက်ပေးဦးမည်ဟု ဆိုသည်။



ကျွန်ုပ်က လက်မခံ။ စရန်ယူထားသမျှကို သုံးဆပိုပေးပြီး လျော်ပစ်ရန် ပြောသည်။ ကျွန်ုပ်အနေနှင့် ကိုယ့်ရောဂါနှင့်ကိုယ် နွယ် ကားရိုက်သွားရာသို့ တကောက်ကောက် မလိုက်နိုင်သည်မှာကြာပြီ။ ယခုလည်း ကျွန်ုပ် မပါဘဲ နွယ် သွားရင်း ကိုသူရနှင့် ချိတ်မိသွားပုံရသည်။ ကျွန်ုပ်နှင့် နွယ် လက်မထပ်မီကတည်းက မင်းသား ကိုသူရနှင့် မင်းသမီးနွယ်ကို ပရိသတ်က လိုက်ဖက်လှသည်ဟု ချီးကျူးထားကြသည်။

ယနေ့နံနက် မိုးလင်း၍ ကျွန်ုပ် နိုးသည်နှင့် နွယ်မရှိပါလေတော့။ ကားရိုက်ထွက်သွားပြီဟု သိရသည်။ ၆၉

နွယ်က စရန်ယူပြီးသားကားများကို ပြီးစီးအောင် ဆက်ရိုက်မည်ဆိုခြင်းမှာ ဥပါယ်တံမျဉ်ဖြင့် အချိန်ရရန် ညာဏ်များခြင်း ဖြစ်ရမည်။

ဒါမျိုး မြင့်ခိုင်ကို ဘယ်သူလုပ်၍ ရဖူးလေသနည်း။ မြင့်ခိုင်ကသာ တစ်ပါးသူကို ညာဏ်များခဲ့ဖူးပေါင်း များလှပြီ။ ကျွန်ုပ် တစ်သက်တာကိစ္စမို့ ကျွန်ုပ် နိုင်ငံခြားသို့ ဆေးသွားကုရမည်။ ဤကိစ္စပျက်ကွက်၍ မရ။

နွယ့်ကို ကျွန်ုပ် သိပ်ချစ်သည်။ နွယ်နှင့် ရှင်ကွဲမကွဲလို။ နွယ် သူတစ်ပါးရင်ခွင်သို့ အရောက်မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



နွယ့်ကို ကျွန့်ပ် အသေသတ်ပြီးမှ နိုင်ငံခြား
သွားမည်။ ကျကျနန အကွက်ဆင်ရပေဦးမည်။

"ဘုရား ... ဘုရား ... ဘုရား" မောင်မောင်တာ ဘုရားတ,မိတော့သည်။

အစ်ကိုမြင့်ခိုင်သာ မသေလျှင် အစ်ကိုမြင့်ခိုင်က မမနွယ်ဟာ မတော်တဆ သေဆုံးပုံစံတစ်ခုခုဖြင့် သေစေဦးမှာ ပါလား။ ဘယ်ဘက်ကကြည့်ကြည့် မမနွယ်အတွက် သနားစရာ ပါလား။

မောင်မောင်တာသည် ကိုမြင့်ခိုင်၏ ဒိုင်ယာရီကို ဒေါ်မာန်ဖြင့် မီးခံသေတ္တာထဲ ပစ်သွင်းလိုက်စဉ်မှာပင် အခန်းဝမှ ဒေါ်ဒေါ်အေး၏အသံ ထွက်လာသည်။

"မောင်မောင်တာ အောက်မှာ ဧည့်သည်ရောက်နေတယ်၊ မနက်က မင်းတို့ကို လက်ထပ်ပေးတဲ့ တရားသူကြီး ဦးအောင်သိန်းလေ"

"အေး ... ငါ အောက်မှာ မဟုတ်တော့ပါဘူး၊ အပေါ်ကို တစ်ခါတည်း တက်လာခဲ့တယ်ကွ မင်းမင်း"

ဒေါ်ဒေါ်အေးက မောင်မောင်တာနှင့် ဦးအောင်သိန်း မျက်နှာချင်းဆိုင် တွေ့ပေးပြီးသည်နှင့် နောက်သို့ ပြန်ဆုတ်သွားတော့သည်။

"ဒေါ်ဒေါ်အေး မသွားနဲ့ဦး"

မောင်မောင်တာက လှမ်းအော်လိုက်သဖြင့် ဒေါ်ဒေါ် အေးသည် ကိုအောင်မိုး နောက်တွင် ရပ်မြဲရပ်နေသည်။



"ဟော့ကောင် ... မင်းမင်း၊ ဟဲ ... ဟဲ ... မင်း မဆိုးဘူး ကွ၊ ချက်ချင်း မြင့်ခိုင်ဝ် အိပ်ခန်းထဲက မီးခံ သေတ္တာကို ဖွင့်နိုင်တယ်၊ ဘယ့်နှယ်လဲ ... တွေ့တယ် မဟုတ်လား၊ တို့ညီအစ်ကို သားစဉ်မြေးဆက် ပိုင်ဆိုင်သင့်တဲ့ ရတနာ တွေလေ၊ မင်း အဲဒီလို မီးခံသေတ္တာ ဖွင့်ချိန်ရအောင် ငါ့ တပည့်တစ်ယောက်ကို ရဲကားအတု ရဲယူနီဖောင်းအတုနဲ့ လွှတ်ပြီး မင်းသမီးနွယ်ကို ဒီအိမ်က ခေါ်ထုတ်သွားပေး တာကွ"

"ခင်ဗျား မမနွယ်ကို ဘယ်ခေါ်သွားတာလဲ၊ ဘာတွေ အန္တရာယ်ပြုသေးလဲ"

"အလို ... မင်းမလည်း သံယောဇဉ်လေးနဲ့တောင် ဖြစ်နေ ပါလား၊ အေးပါကွာ ... မင်းဇနီးအတုကို ငါ ဘာအန္တရာယ် မှ မလုပ်ပါဘူး၊ ငါ့တပည့်က သူ့ကို ကားနဲ့ ထောက်ကြန့် နားက ရွှေညောင်ပင်အထိ ခေါ်သွားတယ်၊ အဲဒီရောက် တော့ မင်း မမနွယ် အောက်ဆင်းနေတုန်း ငါ့တပည့်က ကားမောင်းပြီး ထွက်ပြေးသွားမှာပဲ၊ အဲဒီ လမ်းခုလတ်မှာ အငှားကားရဖို့ လွယ်တာမှတ်လို့၊ မင်းမမနွယ် ကသစ်မြိုင် ကို နောက်ထပ် တစ်နာရီအတွင်း ပြန်မရောက်နိုင်ပါဘူး ကွ၊ ကဲ ... မီးခံသေတ္တာထဲက ကျောက်မျက်ရတနာတွေ ထုတ်ယူကွာ။ မင်းနဲ့ ငါ ဝေစုခွဲရမယ်"

"ကျုပ် ဘာဝေစုမှ မလိုချင်တော့ဘူး အစ်ကိုအောင်မိုး"

"ဒါဆို ငါ့ကို အကုန်ပေးလိုက်ပေါ့ကွ၊ ဟဲ ... ဟဲ ... မင်း က ပညာနဲ့ လုပ်စားနိုင်တဲ့လူပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး အစ်ကိုလတ်၊ အစ်ကိုလတ် ကျွန်တော့်ကို မန္တလေးမှာ လာတိုင်ပင်တုန်းက အခုပုံစံမျိုးလုပ်ဖို့ မဟုတ်ဘူး၊ မမနွယ်ကို ကျွန်တော် လက်ထပ်ပြီးတဲ့နောက် လင်မယား ကွာရှင်းရမယ်၊ အဲဒီကွာရှင်းမှ ပစ္စည်းထက်ဝက်စီ ခွဲယူရမယ်၊ ကျွန်တော်က ထက်ဝက် ပစ္စည်းခွဲယူပြီးမှ အစ်ကိုလတ်ကို ပေးဖို့မဟုတ်လား"

"အေး ... အဲဒီတုန်းက အဲဒီလိုလုပ်ရင် ကောင်းတဲ့အခြေအနေကွ၊ အခုအခြေအနေက တစ်မျိုးပြောင်းသွားတယ်၊ ငါ့အဖို့ ရတနာတွေ ရမှီးရင် မိုးကုတ်ကိုတောင် ပြန်နိုင်မယ့်အခြေအနေ မရှိဘူး၊ မိုးကုတ်က ငါ့တပည့်တွေဆီက ငါ့ဆီကို သတင်းပို့ထားတယ်၊ မိုးကုတ်ရဲအဖွဲ့က ငါ့ကို ပိုက်စိပ်တိုက်ပြီး ရှာနေတယ်တဲ့၊ ငါက မင်းဆီက ရတနာတွေ ရတာနဲ့ ဟိုဘက်နိုင်ငံကို ကူးသွားဖို့ အခု ဆုံးဖြတ်ရပြီ၊ ကြာရင် ရဲက ငါ့ကို ကွိခနဲ ဖမ်းမိသွားမယ်ကွ"

"အစ်ကိုလတ်ကို ရဲအဖွဲ့က ဘာလို့ဖမ်းမှာလဲ၊ ဖမ်းစရာ ဘာအကြောင်းရှိသလဲ"

"ဒါတွေက မင်းနဲ့မဆိုင်ပါဘူး၊ မင်းသိဖို့လည်း မလိုပါဘူး မင်းမင်း၊ ငါ့ကို ကျောက်မျက်တချို့သာ ခွဲပေးပါ၊ ဟိုဘက်နိုင်ငံမှာဆို ဈေးကောင်းကောင်းရပြီး ငါ ရပ်တည်သွားနိုင်မှာပါ"

"ကျွန်တော်နဲ့ဆိုင်တယ် အစ်ကိုလတ်၊ ကျွန်တော်သိဖို့လည်း လိုအပ်တယ်၊ ဘာလို့လဲဆိုတော့ ကိုမြင့်ခိုင်ဟာ ကျွန်တော့်ရဲ့အစ်ကိုရင်းခေါက်ခေါက်မို့ပဲ"



"ဘာကွ ... မင်း ဘာတွေပြောနေတာလဲ"

"ကျွန်တော် ပြောနေတာက အစ်ကိုလတ်ဟာ အစ်ကိုကြီးကိုမြင့်ခိုင်ကို သတ်ခဲ့တာကို ပြောနေတာပဲ၊ ခင်ဗျားလူသတ်သမား၊ ခင်ဗျား လူသတ်တရားခံ၊ အစ်ကိုကြီးကိုမြင့်ခိုင်ကို မမနွယ် သတ်တာမဟုတ်ဘူး၊ ခင်ဗျား သတ်တာ၊ ခင်ဗျား သတ်တာ၊ ကျွန်တော် အားလုံးကွင်းဆက်တွေ ရထားပြီ၊ အစ်ကိုကြီးမြင့်ခိုင်ရဲ့ ဒိုင်ယာရီမှာလည်း ခင်ဗျားက သူ့ကိုသတ်လိမ့်မယ်ဆိုတာတွေ နောက်ဆုံးရေးသွားတယ် သိလား"

"ဪ ... ဪ ... ဒီလိုလား၊ ဒါဆိုလည်း ဒီနည်းပဲ ရှိတော့တာပေါ့ကွာ"

အောင်မိုးသည် ခါးကြားထဲမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ကာ မင်းမင်း၏ရင်ဝကို တည့်မတ်စွာ ချိန်လိုက်သည်။

"မင်းလက်ထဲက သော့တွဲနဲ့ မီးခံသေတ္တာကို ပြန်ဖွင့်လိုက်စမ်း၊ ငါ တကယ်ပစ်မှာနော်၊ ငါ့အဖို့ မထူးတော့ဘူး၊ ငါ့ထွက်ပေါက်ဟာ ကျောက်မျက်ရတနာတွေယူပြီး တောလမ်းတောင်လမ်းက ဟိုဘက်ကို ကူးရတော့မယ့် တစ်လမ်းပဲ ရှိတော့တယ်"

"အေးပေါ့ဗျာ ... ခင်ဗျားက လူသတ်ထားဖူးပြီပဲ၊ အခုလည်း သေနတ်ကြီး တကားကားနဲ့ ကျုပ် ကြောက်ရမှာ အမှန်ပဲ၊ ဖွင့်ပေးမယ်၊ မီးခံသေတ္တာကို ကျုပ်ဖွင့်ပေးမယ်၊ စိတ်ချ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါ်ဒေါ်အေး၊ ဟောဒီမီးခံသေတ္တာသော့တွဲကို ကောက်ယူပြေးပေတော့၊ ဒီကလွတ်သွားပြီး ရောက်တဲ့နေရာကနေပြီး ရဲစခန်းကို ဖုန်းဆက်ပေတော့၊ ဦးမင်းနောင်ဆီကို ဖုန်းဆက်ပေတော့၊ ကသစ်မြိုင်မှာ လူသတ်သမား အောင်မိုး ရောက်နေတယ်လို့ပြော"

ပြောရင်းပင် မင်းမင်းသည် မီးခံသေတ္တာသော့ကို မြှောက်၍ အောင်မိုးကိုကျော်ပြီး နောက်တွင်ရပ်နေသော ဒေါ်ဒေါ်အေးဆီသို့ လက်မှန်းတည့်တည့်ဖြင့် ပစ်ပေးလိုက်သည်။

ဒေါ်ဒေါ်အေးက မိအောင်ဖမ်းယူတတ်သည်တော့ မဟုတ်။ သူမရှေ့သို့ ကျလာသော သော့တွဲကို လှစ်ခနဲကောက်ယူကာ တစ်ရှိန်တိုး ထွက်ပြေးတော့သည်။

"ဩော် ... မင်းက ဒီလိုလား၊ ကဲကွာ"

"ဒိုင်း"

သည်လိုလုပ်လိုက်လျှင် သည်လိုအပစ်ခံရမည်မှန်း ကြိုတင်၍ မင်းမင်း တွက်ဆထားသည်မို့ ကိုအောင်မိုးက ကဲကွာဟုအော်ပြီး လက်ကိုဆန့်ထုတ်လာသည်နှင့် အလျားလိုက်မှောက်လှဲချလိုက်သည်။

သို့သော် ကျည်ဆန်သည် မလွတ်ပေ။

မင်းမင်း၏လက်ဝဲဘက် ပခုံးတွင် ကျင်ခနဲ ပူခနဲ မီးစနှင့် အထိုးခံရသလား ထင်ရအောင် နာကျင်စွာ ခံစားလိုက်ရသည်။ နာကျင်မှုကို မင်းမင်း ဦးစားမပေးနိုင်။

အလျားမှောက် လဲကျသည်နှင့် ကိုအောင်မိုး ရပ်နေရာ ခြေ၌နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဖိုက်ဆက်ကာ ရှေ့သို့ဆွဲ



ယူလိုက်သည်နှင့် ကိုအောင်မိုးလည်း ပက်လက်ကြီး လဲကျသွားတော့သည်။

နှစ်ဦးစလုံး ကြမ်းပြင်ပေါ်တွင် ဗလုံးဗထွေး ဖက်တွယ်ရင်း သတ်မှတ်ကြသည်။

မင်းမင်း အဓိကထားသည်မှာ ကိုအောင်မိုး၏ သေနတ်ကိုင်ထားသောလက်ကို မိအောင်ဖမ်းဆုပ်ခြင်း ဖြစ်ပါ၏။

သေနတ်၏မောင်းကွင်းကို လက်ညှိုးသွင်းကွေးထားပြီး သေနတ်ဒင်ကို ဆုပ်ကိုင်ထားသော အောင်မိုး၏လက်ချောင်းလက်ဖမိုး လက်သီးဆုပ်ကို မင်းမင်း ဖမ်းမိပါ၏။ မလွှတ်တမ်း မင်းမင်းသည် သူ၏အင်အားထုတ်၍ ရသမျှနှင့် ဆုပ်ကိုင်ထားသည်။ ပြီး ... သေနတ်ကို အရလုသည်။

"ဒိုင်း"

လုချင်းပူးရင်း လုရင်း နှစ်ယောက်ကြားမှာပင် သေနတ်ကျည်ဆန်တစ်ချက် ပေါက်ကွဲထွက်လာသံ ကြားရသည်။

ချက်ချင်းတော့ ဖောကပ်မွန်ထူနေသည်မို့ ထွက်သွားသော ကျည်ဆန်သည် သူ့ကိုထိသလား ကိုယ့်ကိုထိသလားပင် မဝေခွဲနိုင်ပေ။

သို့သော် ကိုအောင်မိုး၏ လှုပ်ရှားမှု ရုန်းကန်မှု ငြိမ်သက်သွားသည်မို့ ထွက်သွားသော ကျည်ဆန်သည် ကိုအောင်မိုးကို ထိမှန်သည်ဟု မင်းမင်း တွက်မိသည်။

လက်ဝဲဘက်ပခုံးတွင် ထိမှန်ထားသော ဒဏ်ရာကို လက်ယာလက်ဝါးဖြင့်အုပ်ကာ မင်းမင်း မတ်တတ်ရပ်သည်။ ကိုအောင်မိုးကို ငုံ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မိုးမှာ ပက်လက်ကြီး ဖြစ်နေပါ၏။ သူ၏ လက်တွင် သေနတ်ကိုင်ထားလျက်နှင့်ပင် ငြိမ်နေသည်။ ကိုအောင်မိုး၏ လက်ယာဘက်ရင်အုံမှ သွေးများထွက်ပြီး စွန်းထင်းနေသည်ကို တွေ့ရသည်။

နှစ်ယောက်လုရင်း ထွက်သွားသော ကျည်ဆန်သည် ကိုအောင်မိုး၏ လက်ယာရင်အုံကို ထိမှန်သွားသည်ပဲဖြစ်မည်။

မကြာမီအတောအတွင်း မမနွယ် ပြန်ရောက်လာပေတော့မည်။ ဒေါ်ဒေါ်အေးကလည်း ရဲစခန်းသို့ ဖုန်းဆက်မည်မှာ သေချာသောကြောင့် မကြာမီ အတောအတွင်း ရဲတွေလည်းရောက်လာပေတော့မည်။

ယခုကိစ္စတွင် မိမိမှာ တရားသောအပိုင်းမှ ပါဝင်နေသူဖြစ်သည်။

တချို့တလေ ဥပဒေနှင့် ငြိစွန်းသော အချက်များ မိမိတွင် ရှိစေကာမူ ကြီးလေးသောအပြစ် မဟုတ်ပေ။

လူသတ်တရားခံ ကိုအောင်မိုးလည်း ဆေးရုံသို့ပို့ပြီးမှ သေမည် ရှင်မည် ဆုံးဖြတ်ရမည့်အခြေသို့ ရောက်သွားပြီ။

မမနွယ်ကို မောင်မောင်တာ တစ်ဖြစ်လဲ မင်းမင်းသည် ရင်မဆိုင်လိုတော့ပြီ။

မိမိအနေနှင့် မမနွယ်အား အသည်းနှင့်အောင် ချစ်မိနေပြီ ဆိုဦးတော့ မိမိသည် မမနွယ်နှင့် မထိုက်တန်တော့ပြီ။

မင်းမင်းသည် ဒူးထောက်ထိုင်ပြီး ကိုအောင်မိုးကို သေချာကြည့်သည်။ အသက်ရှူနေသေးသည်ကို တွေ့ရသည်။



ဘေးကင်းရန်ကင်း ဖြစ်စေရန် ကိုအောင်မိုးလက်မှ သေနတ်ကိုယူပြီး အိပ်ခန်း၏ထောင့်အဝေးသို့ ကြမ်းပြင်လျှောပြီး တွန်းပို့လိုက်သည်။

ကိုအောင်မိုး အခြေအနေက သတိပြန်ရလာ့လေဦးတော့ သေနတ်ရှိရာသို့ ရောက်အောင်သွားနိုင်မည် မဟုတ်ပေ။

မင်းမင်းသည် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

သူ၏ပခုံးမှ ဒဏ်ရာအခြေအနေကို မင်းမင်း သူ့ဟာသူ သိသည်။ အရိုးကိုလည်းမထိ။ ကျည်ဖူးသည် သူ၏အသားထဲသို့ ဖောက်ဝင်သွားသည်မျိုးလည်း မဟုတ်။ ပခုံးကို ရှပ်ထိသွားခြင်းမျိုးသာ ဖြစ်ရမည်။

သူ့ပိုင် ဇစ်ဆွဲအိတ်ထဲမှ တီရှပ်တစ်ထည် ထုတ်ဝတ်ပြီး ဇစ်ဆွဲအိတ်ကို ဆွဲယူကာ သူ၏ကားဖြူလေးရှိရာသို့ လာခဲ့သည်။

"မောင်မောင်တာ"

"ဗျော် ... ဒေါ်ဒေါ်အေး"

"ရဲစခန်းကို ဒေါ်ဒေါ်အေး ဖုန်းဆက်ပြီးပြီ၊ ဟိုဘက်ခြံကို သွားပြီးဆက်တာ၊ အခု မောင်မောင်တာ ဘယ်သွားမလို့လဲ၊ ဟို လူသတ်သမားကောဟင်"

"လူသတ်သမားအတွက် မပူနဲ့တော့ ဒေါ်ဒေါ်အေး၊ ဒီလူဟာ ဆေးရုံကို အချိန်မီမရောက်ရင် သေသွားနိုင်လောက်တဲ့ အခြေအနေမှာရှိတယ်၊ ကဲ ... ကျွန်တော်သွားမယ်"

"ဘယ်သွားမလို့လဲ မောင်မောင်တာ၊ နွယ် ပြန်လာအောင် စောင့်ဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် အမှန်ဟာ မင်းမင်းပါ၊ အစ်ကိုကြီး ကိုမြင့်ခိုင်ရဲ့ညီအငယ်ဆုံးပါ၊ မမနွယ် လာရင်သာ ပြောပြပါ၊ ကျွန်တော်ဟာ ဒေါင်းယောင်ဆောင်တဲ့ကျီးကန်းငစဉ်းလဲတစ်ကောင်ပါလို့၊ ကျွန်တော့်ကို မမနွယ် ခွင့်မလွှတ်ပါနဲ့လို့၊ ကျွန်တော် မမနွယ်ကို ဘယ်တော့မှ ပြန်ပြီး မျက်နှာချင်း မဆိုင်ရဲတော့ပါဘူးလို့ ပြောလိုက်ပါ ဒေါ်ဒေါ်အေး"

ပြောပြီးသည်နှင့် တစ်ရှိန်ထိုးပင် ကသစ်မြိုင်မှ ကားဖြူလေးကို မောင်းထွက်လာခဲ့လေတော့သည်။

✤ ❍ ✤



၁၂

"အမှုကတော့ အားလုံးပေါ်ပြီပေါ့ မနွယ်၊ အောင်မိုးက ဖြောင့်ချက်ပေးတယ်၊ သူလိုချင်တဲ့ သူရသင့်ရထိုက်တဲ့ အမွေစုထပ်ပြီး ကိုမြင့်ခိုင်ဆီက တောင်းတယ်၊ ကိုမြင့်ခိုင်က တစ်ပြားမှ ထပ်မပေးရုံမကဘူး၊ သူ့ကို နှိမ်နှိမ်ချချနဲ့ ရင့်ရင့်သီးသီးတွေ ပြောလွှတ်လိုက်တယ်၊ ဒီမှာတင် သူဟာ သူ့အစ်ကို ကိုမြင့်ခိုင်ကို အသေသတ်ပစ်ဖို့ ဆုံးဖြတ်တာပဲ ...

"သူတို့က ညီအစ်ကိုရင်းတွေ ဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် သိနေတယ်၊ သူ မကျေမနပ်နဲ့ ကိုမြင့်ခိုင်နဲ့ ရန်ဖြစ်ပြီး ပြန်သွားတဲ့နောက်မှာ သူဟာ ကိုမြင့်ခိုင်ကို သတ်ဖို့ကြံစည်တာပဲ ...

"ကိုမြင့်ခိုင်ဟာ မနက်ပိုင်းမှာ ရေကူးကန်မှာ ဆင်း ရေကူးလေ့ရှိတယ်၊ စိတ်ညစ်နေတာကြောင့်ရော နောက်ကိုက သောက်တတ်တဲ့ အကျင့်ကြောင့်ရော ရေကူးကန်ဆင်းတိုင်း အရက်ပုလင်း စီးကရက်ကို ယူသွားတယ်မှန်း အောင်မိုး

www.burmeseclassic.com

www.burmeseclassic.com



လေ့လာမိတယ်၊ နောက်ပြီး ကိုမြင့်ခိုင် သောက်လေ့ရှိတဲ့ အိပ်ဆေးအမျိုးအစားကို ကိုအောင်မိုး သိထားတယ်၊ အဲဒီ အိပ်ဆေးကို သူ ဝယ်ထားတယ်”

နွယ်သည် ဦးမင်းနောင် ပြောသမျှကို နားထောင်နေပေသည်။ သို့သော် နွယ်၏စိတ်အစဉ်သည် အတော့ဆီသို့သာ ရောက်နေပေသည်။

ဒေါ်ဒေါ်အေး၏ ပြောပြချက်အရ အတာသည် သူ့အစ်ကိုအရင်း အစ်ကိုလတ် ကိုအောင်မိုးနှင့် ရင်ဆိုင်ပြီးပြောခဲ့သော စကားတွေအရ နွယ့်ဘက်မှာ လုံးလုံးရပ်တည်သွားကြောင်း သိရသည်။ ရပ်တည်သည်မှ သေနတ်နှင့် တေ့ထားသည့်ကြားမှ ဒေါ်ဒေါ်အေးထံသို့ မီးခံသေတ္တာသော့ရောက်အောင် ပစ်ပေးပြီး သူ သေနတ်ပစ် ခံလိုက်ရသည်။ အတာ အဏ်ရာရသွားသည်ကို ဒေါ်ဒေါ်အေး မျက်ဝါးထင်ထင် မြင်လိုက်သည်ဟု ဆိုသည်။

“အောင်မိုးက ကသစ်မြိုင်ရဲ့အထာကို သေချာလေ့လာထားတယ်လေ၊ သူက အကြံသမားပေကိုး၊ ဒေါ်ဒေါ်အေး မနက် ဘယ်အချိန်ဈေးသွားတယ်၊ ဘယ်အချိန် ပြန်လာတတ်တယ် စသဖြင့်ပေါ့လေ ...

“ဒေါ်အေးဟာ မနွယ် မနက်ပိုင်း ကားရိုက်ထွက်သွားပြီးတဲ့နောက် ကိုမြင့်ခိုင် ရေကူးကန်ဆင်းတာကို စောင့်ပြီးမှ ဈေးသွားတယ်၊ ကိုမြင့်ခိုင် ရေကူးကန်ဆင်းသွားပြီး သူ ဈေးသွားတဲ့အချိန်မှာ အိမ်တံခါးတွေအားလုံး ပိတ်တယ်၊ ချက်ချတယ်၊ ထွက်ပေါက်ဘာဂျာတံခါးကို သော့ခတ်ပြီးမှ သွားတယ် ...



“အဲဒါ ဒေါ်အေးရဲ့ အင်မတန်စေတနာထားတာနဲ့ ဝီရိယရှိလို့ မနွယ်တို့ သက်သာသွားတာပဲ၊ ပထမ အောင်မိုးက ကိုမြင့်ခိုင် ရေကူးကန်သွားတုန်း ဒေါ်အေး ဈေးသွားတုန်း အလစ် အိမ်ထဲဝင်ပြီး မီးခံသေတ္တာကိုဖွင့်ဖို့ အားသန်တာ၊ အဲဒီနည်းနဲ့ သူ လိုချင်တာရသွားပြီးရင် သူ့နာမည် မဖော်ထုတ်နိုင်အောင် ကိုမြင့်ခိုင်ကို ရေကူးကန်မှာပဲ သေနတ်နဲ့ ပစ်သတ်ပြီး သွားဖို့စီစဉ်တာ၊ ရန်ကုန်မှာ သူ့ကို သိပြီး ဖော်ထုတ်နိုင်တဲ့သူဟာ ကိုမြင့်ခိုင် တစ်ယောက်သာ ရှိတာကိုး၊ မားပြတိုက် လူသတ်သွားတယ် ထင်နိုင်တယ်”

“ဒါပေမဲ့ အဲဒီနည်းက ဒေါ်အေးရဲ့ ဝီရိယနဲ့စေတနာကြောင့် သူ ကြံစည်လို့ မရဘူး၊ နောက်ပြီး ဒီနည်းက ကြမ်းလည်းကြမ်းတယ်၊ လတ်တလော ပစ္စည်းရသွားပေမယ့် မီးခိုးကြွက်လျှောက် နောက်ဆုံး သူ့ဆီကို ရဲစုံထောက်တွေ ခြေရာကောက်နိုင်တယ် ဒါကြောင့် အဲဒီနည်းကြမ်းကို သူ လက်လျှော့တယ် ...

“အခု ကျုပ် ပြောနေတာတွေဟာ အောင်မိုးကို ခွဲစိတ်ပြီးတဲ့နောက် ဖြောင့်ချက်ပေးနိုင်မှ သူ့ဆီကရထားတဲ့ ဖြောင့်ချက်တွေအတိုင်း ပြောပြနေတာပဲ မနွယ်၊ ကျုပ်ရဲ့ ထောက်လှမ်းချက်တွေ၊ စုံစမ်းချက်တွေ၊ လုပ်ဆောင်ချက်တွေကို နောက်မှ ဆက်ပြောပြမယ် ...

“ကိုမြင့်ခိုင် ရေကူးကန်မှာ ရေကူးတာမဟုတ်ဘူး၊ ဓိမ်ခံတာ မနွယ်၊ ပထမကန်ပေါင်ပေါ်မှာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် ရေချိန်ကိုက်မူးအောင် သောက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရေချိန်ကိုက်ပြီဆိုမှ လေသွင်း ရာဘာမွှေ့ရာကြီးပေါ်မှာ စီးကရက်မီးညှိ ပက်လက်လှန်ပြီး လေတိုက်ရာရွေ့နေတဲ့ ရာဘာမွှေ့ရာကြီးကိုစီးတယ်၊ မျက်လုံးစုံမှိတ်ပြီး ငိုမ်ယူတယ်၊ ရေချိန်လေး လျော့သွားတယ်၊ ညှိထားတဲ့စီးကရက်ကုန်သွားတယ်ဆိုရင် ရာဘာမွှေ့ရာကြီးကို ကန်ဘောင်ဆီကို လက်နဲ့ယက်ပြီး ပြန်လာတယ်၊ နောက်ထပ်သောက်တယ်၊ နောက်ထပ် စီးကရက်မီးညှိတယ်၊ လေစုန်ပြန်စီးတယ် ...

"ဒါကိုသိထားတဲ့ အောင်မိုးက ဒေါ်အေး ဈေးသွားတုန်း ခြံထဲကို တိတ်တိတ်ဝင်လာတယ် အသင့်ယူလာတဲ့ အမှုန့်ကြိတ်ထားတဲ့ အိပ်ဆေးတွေကို ကန်ပေါင်ပေါ်မှာရှိနေတဲ့ အရက်ဖန်ခွက်ထဲရော အရက်ပုလင်းထဲကိုရော ထည့်ထားတယ်၊ ကိုမြင့်နိုင်က ထုံးစံအတိုင်း ရေချိန်လျော့သွားလိုက် လာသောက်လိုက်နဲ့ အောင်မိုး ခတ်ထားတဲ့ အိပ်ဆေးတွေကို လွန်လွန်ကဲကဲ သောက်မိတယ်"

"အဲဒီလို လုံးဝပြန်မနိုးဘဲ ရာဘာမွှေ့ရာမျောနေတာကို အောင်မိုးက ပုန်းကွယ်ပြီး စောင့်ကြည့်နေတယ်၊ စိတ်ချရမှ ဆေးပြင်းလိပ်တစ်လိပ်ကို အောင်မိုးက မီးညှိရှူးဖွာတယ်၊ အရှိန်ရသွားတဲ့အခါ ဆေးပြင်းလိပ်မီးဟာ မီးခဲတစ်ခဲလို ဖြစ်လာတယ်၊ အဲ ... ဆေးပေါ့လိပ်၊ စီးကရက်နဲ့ ဆေးပြင်းလိပ် သုံးမျိုးမှာ ဆေးပြင်းလိပ်မီးဟာ မီးခဲလိုကျစ်လျစ်တယ်၊ မီးခဲအားလည်း ပိုကောင်းတယ်၊ ဆေးပေါ့လိပ်မီးဆိုရင် တစ်ခုခုနဲ့ ထိတွေ့ရင် ဖွာဆန်ကြဲကြွေတယ်



စီးကရက်မီးခဲကျတော့ သေးလည်းသေးတယ်၊ တစ်ခုခုနဲ့ ထိမိရင် မီးခဲအသေးလေးလို ကြွေကျသွားပြီး အငြိမ်းမြန်တယ်၊ ဒါကြောင့် အောင်မိုး ဆေးပြင်းလိပ်မီးကိုသုံးတာ၊ ခြံထဲက အဝတ်လှန်းတဲ့ သေးသေးရှည်ရှည်ဖြောင့်ဖြောင့်ဝါးလုံးကိုယူပြီး ဝါးအဖျားထိပ်မှာ ဆေးပြင်လိပ်မီးရဲရဲကို အချွန်ထွက်ထားပြီး ချည်နှောင်လိုက်တယ်၊ အဲဒီနောက် ပုန်းကွယ်ပြီး ဝါးလုံးရှည်နဲ့ ရာဘာမွှေ့ရာဆီရောက်အောင် ဆေးပြင်းလိမ်ဖျားမီးနဲ့ ရာဘာလေသွင်းမွှေ့ရာကို ထိတွေ့လောင်စေတယ်၊ အဲဒီမှာတင် ရာဘာလေသွင်းမွှေ့ရာ ပေါက်ကွဲပြီး ကိုမြင့်နိုင် ရေထဲကျသွားတယ်၊ ရေနစ်တယ်၊ အဲဒါတွေ အားလုံးကို အောင်မိုးက ဒုစရိုက်ဝါရင့်သမားပီပီသ ကိုယ်တွယ်သမျှကို ဆရာဝန်တွေ ခွဲစိတ်ရာမှာစွပ်တဲ့ လက်အိတ်မျိုးစွပ်ပြီး လုပ်ဆောင်သွားတာတဲ့"

"သြော် ... သြော် ... တော်တော့်ကို အကြံကြီးကြီးနဲ့ သဲသဲမဲမဲ လုပ်ဆောင်သွားတာပဲနော်"

"ဟုတ်တယ်၊ အကြံကြီးတာမှ ကိုမြင့်နိုင်ကို သတ်တဲ့နေရာမှာတင် မကဘူး၊ ကိုမြင့်နိုင် သေပြီးတဲ့နောက် မန္တလေးဆီမှာ ကျန်ခဲ့တဲ့ ကျောက်မျက်ရတနာတွေကို ပြန်ရရှိဖို့ လုပ်ဆောင်ကြံစည်မှုက ပညာသားအပြည့်ပဲ မန္တလေး"

ဦးမင်းနောင်က အောင်မိုး၏ ထွက်ဆိုချက်များအရ မန္တလေးဆီမှ ကျောက်မျက်ရတနာများ ပြန်လည်ရရှိရေး ကြိုးစားအားထုတ်ပုံကို မောင်မောင်တာ၏ ဇာတ်လမ်းအပြည့်အစုံနှင့်တကွ ဆက်လက်ရှင်းပြပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မြင့်ခိုင်၊ အောင်မိုး၊ မင်းမင်း ညီအစ်ကိုသုံးယောက်ရဲ့နောက်ဆုံး ကိုမြင့်ခိုင်ကို သတ်တာရော သေပြီးတဲ့နောက် မန္တယ်ဆီက ရလိုမှု ကြိုးစားတာရော အားလုံးပဲ မန္တယ်၊ အဲ ... ကျုပ်ဆီကို ကိုမြင့်ခိုင် သေဆုံးရတာဟာ လူသတ်မှုပါလို့ တိုင်ချက်ဖွင့် အမှုပြန်ဖွင့်တဲ့ တရားလိုဟာ မန္တယ်အနေနဲ့ မောင်မောင်တာလို့သာသိတဲ့ ညီအငယ်ဆုံး မင်းမင်းပဲ"

"အို ..."

နွယ်သည် မျက်ရည်ကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ ငိုချလိုက်တော့သည်။ ငိုသည်မှ သိမ့်သိမ့်ခါအောင် ငိုချလိုက်ပေတော့သည်။

"ဆောရီးပဲ မန္တယ်၊ မောင်မောင်တာခေါ် မင်းမင်းဟာ သူ့အစ်ကိုလတ် အောင်မိုးရဲ့ သွေးဆောင်မှုနောက်ကို လိုက်ပါရင်း သူ့ကိုယ်သူ မောင်မောင်တာ ဘဝကို ခံယူလိုက်ရာတာပါ"

"မင်းမင်းရဲ့စိတ်ဓာတ်က သူ့အစ်ကိုကြီး ကိုမြင့်ခိုင်ကို သတ်ပြီး မန္တယ်က သူ့အစ်ကိုပစ္စည်းတွေ ယူတယ်ဆိုတဲ့ အချက်ကို ယုံကြည်ပြီး သွေးကစကားပြောတဲ့အတိုင်း အောင်မိုး စီစဉ်သမျှ လိုက်နာလုပ်ဆောင်တာပါ၊ ကလဲ့စားချေချင်တဲ့စိတ် သက်သက်ပါ ..."

"ဒါပေမဲ့ မန္တယ်၊ ဒီကောင်လေးက နဂိုစိတ်ဓာတ်အရင်းအခံ မြင့်မြတ်တဲ့ သူငယ်ပဲ၊ သူ မန္တယ်ကို ချဉ်းကပ်ပူးပေါင်းခဲ့တဲ့ တစ်လျှောက်လုံးမှာ မန္တယ်မှာ ဒီလိုမတရား



လောဘမရှိတဲ့စိတ်တွေ အရာရာမှာ မန္တယ် သဘောထားကောင်းတာတွေ၊ သိမ်မွေ့တာတွေ၊ ဣန္ဒြေသိက္ခာရှိတာတွေ တွေ့ရှုံမကဘူး၊ မန္တယ်ကို သူ့ရင်ထဲက နှလုံးထဲက တကယ်ချစ်သွားပုံရတယ်"

"အို ... တော်ပါတော့ ဦးမင်းနောင်ရယ်"

"ဒါက မန္တယ်တို့ရဲ့ နှလုံးသားကိစ္စပါ၊ ကျုပ်ကတော့ ဘေးလူအမြင် အမှုလိုက်ရဲအရာရှိအမြင်နဲ့ မန္တယ်ရဲ့နောက်ဆုံး အဆုံးအဖြတ် မမှားစေချင်ဘဲ စေတနာနဲ့ အမှန်ကို အမှန်အတိုင်း ဖြည့်စွက်ပြောတာပါ ...

"နောက်ဆုံး သူ့အစ်ကိုရဲ့ဒိုင်ယာရီကို သူဖတ်တယ်။ အောင်မိုးက သူ့ကို ဖြားယောင်း သွေးဆောင်ပြောခဲ့စဉ်က စကားတွေဟာ လက်တွေ့ကျတော့ မန္တယ်နဲ့ ဘယ်လိုမှ မအပ်စပ်မှန်းတွေ သိတယ်၊ သူဟာ မန္တယ်ဘက်က လုံးလုံးရပ်တည်ပြီး နောက်ဆုံး ဒေါ်အေးလက်ထဲ သော့တွဲ အရောက်ပို့ပြီး သူ သေနတ်ပစ်ခံလိုက်တယ် မဟုတ်လား"

"အို ... ဦးမင်းနောင်ရယ်၊ နွယ်လေ ... နွယ်"

နွယ် ဆက်ငိုပြန်သည်။ ဦးမင်းနောင်သည် နွယ်အားပါးတရ ငိုသည်အထိ စိတ်ရှည်စွာ စောင့်ပါ၏။

တကယ်တော့ ဤအမှုသည် ယခုကဲ့သို့ မင်းမင်းနှင့် အောင်မိုး ညီအစ်ကိုသတ်ပုတ်ပြီး သေနတ်ဒဏ်ရာဖြင့် အောင်မိုးအား ဖမ်းဆီးလိုက်ခြင်း မဟုတ်လည်း ဦးမင်းနောင် လိုက်လံလျက်ရှိသည်က အောင်မိုးအတွက် လွတ်ပေါက်မရှိတော့ဘဲ ဖမ်းမိမည်ပဲ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းနောင်ထံ မင်းမင်း ရောက်လာပြီး ကိုမြင့်နိုင် သေဆုံးမှုသည် သူ့ကိုယ်သူ သတ်သေခြင်း မဟုတ်နိုင်ပါ။ ကိုမြင့်နိုင်သည် သူ၏အစ်ကိုရင်း အစ်ကိုအကြီးဆုံးပါ။ အစ်ကိုကြီး ကိုမြင့်နိုင်၏ စိတ်ဓာတ်ကို သူတို့ညီအစ်ကိုအရင်း ခေါက်ခေါက်မို့ သိရှိပါသည်။

ကိုမြင့်နိုင်လိုလူသည် ဘယ်အခြေအနေ ဘယ်ဘဝရောက်ရောက် သူ့ကိုယ်သူ သတ်သေမည့်လူစား မဟုတ်ပါ။ ကိုမြင့်နိုင်သည် အသတ်ခံရခြင်းသာ ဖြစ်သည်။ ပြန်လည် စိစစ်စုံစမ်းပေးပါဟု မင်းမင်းက တရားလိုအဖြစ် အမှုပြန်ဖွင့် ကတည်းက ဦးမင်းနောင်သည် အမှုကို အစကပြန်၍ ခြေရာကောက်တော့သည်။

ပထမဆုံး ဦးမင်းနောင်သည် တရားလို၏အမည်၊ နေရပ်၊ အလုပ်အကိုင်တို့ကို ရယူသည်။ တရားလိုနှင့် သေဆုံးသူတော်စပ်ပုံကို မေးမြန်းသည်။

ဤသို့ စတင် စစ်ဆေးကတည်းက ကိုမြင့်နိုင်၊ ကိုအောင်မိုးနှင့် မင်းမင်းသည် မိုးကုတ်မှ ကွယ်လွန်သူ သူဌေးကြီး ဦးဘိုးသင်းနှင့် ဒေါ်နှင်းမယ်၏ သားတွေမှန်း သိခဲ့သည်။

ထို့ကြောင့် မိုးကုတ်ရဲစခန်းသို့ သေဆုံးသူ ကိုမြင့်နိုင်နှင့် သူတို့အကြောင်းအရာတွေကို ရနိုင်သလောက် စုံစမ်းပြီး ပြန်လည်သတင်းပို့ရန် မှာကြားထားသည်။

အမှုကို ပြန်လည် ဆန်းစစ်ရာတွင် ပထမ လက်ဗွေရာယူခဲ့သည်များကို ပြန်စစ်ဆေးသည်။



ပထမလက်ဗွေရာ ရယူခဲ့သည်တို့မှာ အရက်ပုလင်း၊ စီးကရက်ဘူး၊ အရက်ဖန်ခွက်တို့တွင် ယူခဲ့သည်။ အားလုံးလက်ဗွေရာတို့သည် ကိုမြင့်နိုင်၏ လက်ဗွေရာတွေချည်းသာ ဖြစ်ခဲ့သည်။

ဒုတိယအကြိမ်၌မှု သိမ်းဆည်းထားသော ဖန်ခွက်၊ အရက်ပုလင်းတို့၏ အတွင်းပိုင်းကို ထပ်မံ၍ ဓာတုဗေဒနည်းဖြင့် စစ်ဆေးပြန်တော့သည်။ ထိုသို့ ထပ်မံစစ်ဆေးရာတွင် ဖန်ခွက်အတွင်းပိုင်း၊ အရက်ပုလင်းအတွင်းပိုင်းတို့များ၌ အိပ်ဆေးများ ကပ်နေသည်ဟု ဓာတုဗေဒက ဆိုပေသည်။ ယင်းအိပ်ဆေးမှာ ပထမ ကိုမြင့်နိုင် ခန္ဓာကိုယ်ထဲမှ ရရှိသော အိပ်ဆေးအမျိုးအစားနှင့် ထပ်တူဖြစ်ကြောင်း သိရသည်။

ဒါဆိုလျှင် အိပ်ဆေးကို ကိုမြင့်နိုင်က ကိုယ့်ဟာကိုယ် ရောဂါကြောင့်လည်းကောင်း၊ လင်မယား ရန်ဖြစ်၍ စိတ်ညစ်သောကြောင့်လည်းကောင်း သောက်သေသည် မဟုတ်တန်ရာ။ တစ်စုံတစ်ယောက်က ကိုမြင့်နိုင် သောက်မည့် အရက်ထဲ၊ ဖန်ခွက်ထဲတွင် အိပ်ဆေးတွေ ထည့်ထားသောကြောင့်သာဟု တွက်ဆလာနိုင်သည်။

ဤအချက်သည် လူသတ်မှုသို့ ရည်ညွှန်းနိုင်သော အချက်ဖြစ်နေပါ၏။

ဒုတိယစမ်းသပ်ချက်မှာ လေသွင်းမွေ့ရာပေါ်တွင် လူကိုယ်တိုင်တက် ပက်လက်လှန် စီးကရက်သောက်ခြင်းဖြင့် စမ်းသပ်သည်။

ဤတွင် ရာဘာလေသွင်းမွေ့ရာမှာ စီးကရက်မီးကြောင့် ပေါက်ကွဲခြင်း မဖြစ်နိုင်ဘဲ တမင်ရာဘာကို မီးနှင့်တေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပေါက်ကွဲပစ်ခြင်း ဖြစ်သည်ကို တွေ့ရပြန်သည်။ ဤအချက်လည်း လူသတ်မှုကို ရည်ညွှန်းနိုင်သောအချက် ဖြစ်နေပြန်သည်။

ဦးမင်းနောင် စစ်ဆေးပြီးထားသလောက် ကိုမြင့်ခိုင်အား အပြင်လူ သူစိမ်းတစ်ယောက်ယောက်က သတ်ပစ်စေလောက်သော မိုးတစ်ဖ်အကြောင်းအရာမရှိ။

နွယ်က သတ်လေသလား။

ဒါကိုလည်း ပထမအကျော့ကတည်းက စုံစမ်းပြီးသားဖြစ်သည်။ မိုးတစ်ဖ်အရတော့ ကိုမြင့်ခိုင်၏ပစ္စည်းတွေ ဆက်ခံနိုင်စွမ်းကြောင့် သတ်သည်ဟူသော မိုးတစ်ဖ်ရှိသည်။

သို့သော် ရာဘာမွေ့ရာ ပေါက်ကွဲရေနစ်ချိန်တွင် နွယ်သည် ပြင်ပတွင် ဓာတ်ကားရိုက်နေသည့် ခိုင်မာလှသည့် အလီဘိုင်ရှိနေသည်။

နွယ့်ကို လူသတ်တရားခံအဖြစ် ဘေးဖယ်ထားရပြန်သည်။

ဒါဆို ကိုမြင့်ခိုင်အား ဒေါ်အေး သတ်လေသလား။

ဒေါ်အေးအား မိုးတစ်ဖ်ဆွဲကြည့်ရာ၌ ဒေါ်အေးသည် မင်းသမီးနွယ်အား အင်မတန်ချစ်ခင် သံယောဇဉ်ထားသော အမျိုးသမီးကြီးဖြစ်သည်။ ကိုမြင့်ခိုင်အား နွယ်က မချစ်ခင်ဘဲ ပေါင်းသင်းနေသည်ကို မကြည့်ရက်၍လည်းကောင်း၊ ရောဂါသည်ကို ပေါင်းသင်းနေရ၍လည်းကောင်း ကိုမြင့်ခိုင် သေလျှင် နွယ်ဆက်ခံရမည့် ဥစ္စာတွေ နွယ်ရပါစေဟုလည်းကောင်း ကိုမြင့်ခိုင်ကို ဒေါ်အေး သတ်နိုင်စရာရှိသည်။

သို့သော် ...



ဒေါသကြောင့် ရုတ်တရက် ထသတ်သည့် လူသတ်မှုမှလွဲပြီး သွေးအေးအေးနှင့် ကြိုတင်ကြံစည်သတ်သော လူသတ်မှုတွင် လူသတ်တရားခံဆိုသူ၏ စိတ်နေသဘောထား၊ နောက်ကြောင်းရာဇဝင်၊ ဆင်းသက်လာသည့် အမျိုးအနွယ်၊ အကျင့်စာရိတ္တ၊ ပင်ကိုဉာဏ်နှင့် အတွေးအခေါ် အယူအဆတို့ကိုလည်း အမှုလိုက် ရဲအရာရှိ စူးစမ်းရသည်၊ တွေးခေါ်ရသည်။

ဒေါ်အေး အပေါ်တွင် ဦးမင်းနောင် သံသယဖြင့် စောင့်ကြည့်ရင်း နွယ်မရှိစဉ် ရေကူးကန်ဘေးတွင် စေ့စေ့စပ်စပ် ပြန်ရှာသည်။

ဤတွင် အဝတ်တန်း ဝါးလုံးတစ်ခုအား ချုံထဲထိုးထည့်ထားသည်ကို တွေ့ရပြန်သည်။

အဝတ်တန်းဆိုသည်မှာ အဝတ်လှန်းရန် အပေါ်တွင် ရှိနေသင့်ပါလျက် အဘယ်ကြောင့် ချုံထဲသို့ ထားရသနည်းဟု မသင်္ကာစိတ်ဖြင့် ထပ်မံရှာဖွေသောအခါ ဆေးပြင်းလိပ်ကို တွေ့ရပြန်သည်။ ဆေးပြင်းလိပ်မှာ မီးညှိပြီးသား ဖြစ်သော်လည်း လက်တစ်ဆစ်ခန့်သာ နဂိုထက် တိုသွားရုံရှိသေးသည်။

ဦးမင်းနောင် စဉ်းစားသည်။ ကသစ်မြိုင်တွင် နွယ်ဆေးလိပ်မသောက်တတ်။ ဒေါ်အေး ဆေးလိပ်မသောက်တတ်။ ကိုမြင့်ခိုင်သည် တစ်ဘူးလျှင် တစ်ရာဝန်းကျင်ပေးရသော စီးကရက်အကောင်းစားကိုသာ သောက်သည်။ ဤလိုဆေးပြင်းလိပ်အပေါစားကို ကိုမြင့်ခိုင် သောက်မည်မဟုတ်။ ဒါဆိုလျှင် ဤမီးညှိပြီးသား ဆေးပြင်းလိပ်သည် ကသစ်မြိုင်၏ ရေကူးကန်ဝန်းကျင် မြက်ခင်းထဲသို့ ဘာကြောင့်ရောက်ရှိနေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆေးပြင်းလိပ်နှင့် ဝါးလုံးရှည်ကို တွေ့ကတည်းက တစ်စုံတစ်ယောက်သည် ဝါးလုံးထိပ်များတွင် မီးညှိပြီးဆေးပြင်းလိပ် တပ်ဆင်ကာ ရာဘာလေသွင်းမွေ့ရာကို အပေါ်မှလှမ်းထိုးခြင်း ဖြစ်ရမည်ဟု တွက်ဆမိသည်။

တစ်ခါ နွယ် မရှိစဉ်မှာပင် ဒေါ်အေးအား ကိုမြင့်ခိုင် အခန်းတံခါးဖွင့်ခိုင်းပြီး စိတ်ကြိုက် ထပ်မံရှာဖွေရာ ယခင်က မျက်စိလျှမ်းပြီး မတွေ့သော အိပ်ဆေးပုလင်းကို စာရေးစားပွဲ အံဆွဲထဲတွင် တွေ့သဖြင့် သိမ်းယူခဲ့ပြီး စခန်းကျမှ အိပ်ဆေးပုလင်းမှောက်ချပြီး အလုံးရေကို ရေတွက်ရာ အလုံး(၅၀)ဝင်ပုလင်းတွင် အလုံး(၄၆)လုံး ရေတွက်ရရှိသည်။

ကိုမြင့်ခိုင်သည် အိပ်ဆေး(၄)လုံးကိုသာ သောက်ထားသေးသည်။ တစ်ခါလျှင် တစ်လုံးသောက်နှင့် လေးကြိမ်လေးခါသောက်လေသလား။ တစ်ခါလျှင် နှစ်လုံးသောက်ဖြင့် နှစ်ကြိမ်နှစ်ခါပဲ သောက်ရသေးသလား။

ဘာပဲဖြစ်ဖြစ် ဒေါက်တာအောင်ဘန်း ပေးထားသော အိပ်ဆေးပုလင်းထဲမှ အိပ်ဆေးတွေကို လွန်ကဲစွာ သောက်ခြင်း မဟုတ်မှန်း သေချာသွားသည်။

ဒါဆိုလျှင် အိပ်ဆေးပုလင်း သူ့အတိုင်း ကသစ်မြိုင်အိမ်မှာရှိနေခြင်းကြောင့် ဒေါ်အေးက ကိုမြင့်ခိုင်ကို သတ်သည်ဆိုခြင်းကိုလည်း ပယ်ဖျက်ပစ်ရသည်။

ယင်းအခိုက်မှာပင် ...

မိုးကုတ်ရဲအဖွဲ့မှ သတင်းပေးချက်တွေ တစ်သီကြီးရောက်ရှိလာသည်။



ကိုမြင့်ခိုင်၊ ကိုအောင်မိုး၊ မင်းမင်း ညီအစ်ကိုသုံးယောက်အား အကျိုးတော်ဆောင် ဦးဘကလေး ရှေ့မှောက်မှာပင် အမွေခွဲဝေပေးသည့် သတင်း။

ဒုတိယသားဖြစ်သူ ကိုအောင်မိုးသည် မိုးကုတ်တွင် ဂျင်ရှုံးဖဲရှုံးဖြင့် နောက်ဆုံး အမွေရ တိုက်နှင့်ခြံကို ပေါင်ထားသည့် သတင်း။

ကိုအောင်မိုးသည် မိုးကုတ်မှ လွန်ခဲ့သော လေးလကျော်ကပင် ထွက်သွားပြီး ယနေ့တိုင် မိုးကုတ်သို့ ပြန်မရောက်သေးသောသတင်း။

အောင်မိုး တပည့်များမှတစ်ဆင့် စုံစမ်းသိရှိရသည်မှာ ကိုအောင်မိုးသည် ရန်ကုန် ရွှေတောင်ကြားလမ်းရှိ ဦးမြဘူးအိမ်တွင် တည်းခိုလျက်ရှိသည် ဟူသော သတင်းများ ပေးပို့လာသည်။

ဦးမင်းနောင်က မိုးကုတ်ရဲစခန်းအား အောင်မိုးပြန်လာလျှင် အကျယ်ချုပ်သဘော ဖမ်းထားပြီး မိမိထံ ဖုန်းဆက်ရန် ပြန်လည် အကြောင်းကြားထားပေသည်။

“အဲဒါပဲ မနွယ်၊ အောင်မိုးဟာ နဂိုအစီအစဉ်ပြောင်းပြီး မနွယ်နဲ့ မောင်မောင်တာ လက်ထပ်တဲ့နေ့မှာပဲ မနွယ်ကို သူ့တပည့်တစ်ယောက်နဲ့ ရွှေညောင်ပင် ခေါ်သွားတာပဲ၊ သူ အလောတကြီး လုပ်တာဟာ ဒီအတိုင်းနေလည်း ကျုပ်က သူ့ကို လူသတ်တရားခံအဖြစ် ခြေရာပျောက်မိနေတာမို့ ဖမ်းတော့မယ်ဆိုတာ သိလို့ပဲ၊ အဲ ... ဒီအထဲမှာ မောင်မောင်တာခေါ် မင်းမင်း ကိစ္စကတော့ မနွယ်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



ဟာ လိမ်လည်လှည့်ဖြားပြီး လက်ထပ်တဲ့ အပြစ်ရှိနေတယ်၊ ဒါကလည်း မနွယ်က မကျေနပ်လို့ တိုင်ချက်ဖွင့်မှ ကျုပ်တို့က အရေးယူလို့ရမှာပါ၊ ကဲ … ကျုပ်ပြောစရာနဲ့ ပြောချင်တာတွေ ကုန်ပြီ၊ ကျုပ် ပြန်မယ်”

နွယ်သည် ဘာမှပြန်မပြောဘဲ ဆွံ့အ,သူပမာ ဦးမင်းနောင်ကို ငေးကြည့်နေပေသည်။

ဦးမင်းနောင် ထိုင်ရာမှထပြီး သူ၏ဦးထုပ်ကို ဆောင်းလိုက်သည်။

“တကယ်လို့ပေါ့လေ … မနွယ်ဟာ မောင်မောင်တာခေါ် မင်းမင်းရှိရာ မန္တလေးကို လိုက်သွားမယ်ဆိုရင် ဒီအတိုင်းကြီးမသွားနဲ့၊ မနွယ်ကို မြင်တာနဲ့ ဒီချာတိတ် ထွက်ပြေးသွားလိမ့်မယ်၊ သူ နားလည်ထားတယ် သူဟာ ကိုမြင့်နိုင်အသတ်ခံရမှုမှာ တရားလိုအဖြစ်နဲ့ အမှုဖွင့်ထားသူဆိုတော့ ကျုပ်က သူ့ကို အမှုအတွက် မန္တလေးရဲကတစ်ဆင့် ခေါ်ယူလိမ့်မယ်လို့၊ အဲ … မနွယ် သွားရင် ကျုပ်က မန္တလေးရဲစခန်းကို စာတစ်စောင် ရေးပေးလိုက်မယ်၊ အဲဒီ ရဲစခန်းက ပုဂ္ဂိုလ်တစ်ယောက်ယောက်က မင်းမင်းနဲ့ မနွယ် တွေ့နိုင်အောင် ကူညီပါလိမ့်မယ်၊ ကဲ … ဒါပါပဲ မနွယ်”

✤ ۞ ✤



## ၁၃

ဘေးမှန်အရောင်ဖြင့် အထဲကို မမြင်ရသော ရဲကားအပြာတစ်စီးသည် မန္တလေးမြို့ စိန်ပန်းရပ်ထဲသို့ မောင်းလာကာ ကျယ်ဝန်းသပ်ရပ်သော ခြံကြီးတစ်ခြံရှေ့သို့ ရပ်လိုက်သည်။

ရဲကားက ဟွန်းတီးလိုက်ပါ၏။

ခြံထဲရှိ တစ်ထပ်တိုက်လေးထဲမှ လူတစ်ယောက် ထွက်လာသည်။

စွပ်ကျယ်လက်ပြတ်နီရဲရဲကို ဝတ်ဆင်ထားပြီး လက်ဝဲဘက်ပခုံးတွင် ပိတ်တီးဖြူဖြူစည်းထားသည်။

ထိုလူသည် ပိတ်ထားသော ခြံတံခါးမှ အပြင်သို့ လှမ်းကြည့်ရာ ရဲကားအပြာတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။

ရဲကားဖြစ်သဖြင့် ထိုလူက ခြံတံခါးကို ကားဝင်နိုင်အောင် ဖွင့်ပေးသည်။

ရဲကား ခြံထဲသို့ဝင်လာပြီး တစ်ထပ်တိုက်လေး၏ ပေါ်တီကိုအောက်တွင် ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက နောက်မှလိုက်လာသော်လည်း အတွင်း၌ မည်သူမည်ဝါတွေ့မှန်း မမြင်ရသေးပေ။

ထိုလူအနီးသို့ ရောက်လာမှ ရဲကားတံခါး တစ်ဖက်ပွင့်လာကာ ဒုရဲအုပ်ယူနီဖောင်းဖြင့် ရဲအရာရှိတစ်ဦး ဆင်းလာသည်။

"ဟုတ်ပါတယ်"

"ခင်ဗျားနာမည် မင်းမင်းပါနော်"

"ဒါဖြင့် မောင်မောင်တာကော ရှိရဲ့လား"

"ဗျာ"

"မောင်မောင်တာ ရှိရဲ့လားလို့ မေးနေတာလေ၊ မောင်မောင်တာကို တွေ့ချင်တဲ့လူတစ်ယောက် ပါလာလို့"

"တစ်ခါတုန်းက ကျွန်တော့်နာမည်ကို မောင်မောင်တာလို့ ပြောင်းဖူးပါတယ်၊ မောင်မောင်တာ ဆိုတာလည်း ကျွန်တော်ပဲဆိုရင် မမှားပါဘူး"

"ဒါဖြင့် ဒီမှာ မောင်မောင်တာကို တွေ့ချင်တဲ့ဧည့်သည်"

ပြောပြောဆိုဆို ဒုရဲအုပ်က မော်တော်ကားဟိုဘက်မှ တံခါးကို ဖွင့်လိုက်သည်။

အမျိုးသမီး ချောချောလှလှတစ်ဦး ကားပေါ်မှ ညင်သာစွာ ဆင်းလာပါ၏။

"ဟင် ... မမနွယ်"

"ဟုတ်ပါတယ် အတာ၊ မမနွယ်ပါပဲ"

"မမနွယ် လိုက်လာတယ်"

"မြင်တဲ့အတိုင်းပေါ့ အတာ"



ရဲအုပ်က ရယ်ကျဲကျဲနှင့် ကားပေါ်ပြန်တက်သည်။ စက်ပြန်နှိုးက ဘက်ခ်ဂီယာပြန်ထိုးသည်။ ပြီး ဖင်ဆုတ်ခေါင်းကွေ့ဖြင့် မောင်းထွက်သွားလေတော့၏။

နှစ်ယောက်သား တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။ ကြောင်ကြည့်နေကြသည်။

"မင်း ... တော်တော်ဆိုးတယ် အတာ"

"ဟုတ်ပါတယ် မမနွယ်၊ မမနွယ် အပေါ်မှာ ကျွန်တော် တော်တော်ဆိုးပါတယ်၊ ဒေါ်ဒေါ်အေးကိုလည်း ကျွန်တော်ပြောခဲ့ပါတယ်၊ ကျွန်တော်ဟာ ဒေါင်းယောင်ဆောင်ခဲ့တဲ့ ကျီးကန်း ဇေဦးလဲတစ်ကောင်ပါလို့၊ အရာရာမှာ ဖြူစင်သန့်ရှင်းတဲ့ မမနွယ်ကို ကျွန်တော် ဘယ်လိုမှ မျက်နှာချင်းပြန်မဆိုင်ရဲတော့ပါဘူးလို့"

"ဒါဖြင့် အခုကော"

"မမနွယ်က ကျွန်တော့်ကို အပြစ်မယူလို့ လိုက်လာတာမဟုတ်လား၊ ကျွန်တော် အရမ်း အရမ်းကြီးကို ဝမ်းသာတာပေါ့၊ မမနွယ်နဲ့ ခွဲခဲ့တဲ့နေ့ကစပြီး ကျွန်တော့်အသည်းဟာ ထက်ခြမ်းကွဲခဲ့တာပါ မမနွယ်၊ ကျွန်တော်ရင်ထဲနှလုံးထဲက မမနွယ်ကို တကယ့်ကို ယိုစိမ့်လာတဲ့မေတ္တာနဲ့ ချစ်ခဲ့ရိုး အမှန်ပါ၊ ဒါပေမဲ့ ကျွန်တော့်လုပ်ရပ်တွေက မမနွယ်ရဲ့ရင်ထဲကမေတ္တာကို လှည့်ဖြားယူသလို ဖြစ်သွားတာမို့ သိပ်ချစ်တဲ့ မမနွယ်ကိုပြန်ပြီး မျက်နှာချင်းမဆိုင်ရဲလို့ ထွက်ပြေးလာခဲ့တာပါ"

"အတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... မမနွယ်"

"အတာဟာ နဂိုမူလ အရင်းခံကတည်းက ဒေါင်းလေးပါ ကွယ်၊ မင်း ... ဘယ်လောက်ပဲ မင်းကိုယ်မင်း ကျီးကန်းက ဒေါင်းယောင်ဆောင်တယ်ပဲပြောပြော မင်းကို မမနွယ် စတွေ့ကတည်းက မင်းရဲ့စိတ်ဓာတ် မင်းရဲ့အကျင့် မင်းရဲ့ သိက္ခာတွေဟာ စရိုက်မှန်တဲ့ ဒေါင်းလေးမှန်း သိမြင်ပြီး သားပါ၊ တကယ်တော့ အတာဟာ ဒေါင်းယောင်ဆောင်တဲ့ ဒေါင်းလေးပါ"

"အို ... မမနွယ်ရယ်၊ အတာ့အပေါ်မှာ ခွင့်လွှတ်လွန်း အလျှော့ပေးလွန်းပါလားဗျာ"

နှစ်ဦးသား တစ်ဦးကိုတစ်ဦး ပိုက်ထွေးမိကြလေတော့သည်။

**စားကြပါဦးစို့**

**တက္ကသိုလ်တင်မြင့်**

BURMESE CLASSIC .com

www.burmeseclassic.com